## ပါရမီဖြစ်စကား

- ✶ ပါရမီသည် နိမ့်ကျသွားသော စိတ်ကို မြှင့်တင်ပေးရာ ဖြစ်၏။ အယုတ်ကြောင့်ဆုတ်၍ မြုပ်သွားသောဘဝကို ကယ်ဆယ်ရာလည်း ဖြစ်၏။ အလွင့်ကြောင့် အဆင့်မမီဖြစ်နေသော လူကျင့်ကို မြှင့်တင်ပေးရာလည်း ဖြစ်၏။

- ✶ သို့ကြောင့် ရှင်ဖြစ်စေ၊ လူဖြစ်စေ၊ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ကိုယ့်အကြောင်း ကိုယ်သိ၍ ကိုယ့်အရှိ ကိုယ်တည့်ပေးလိုသူတိုင်း ပါရမီ ဆယ်ချက် ဓမ္မနှင့် တွဲဖက်၍ ပွဲထွက်သင့်ကြသည်သာ။

- ✶ ပါရမီဆယ်ချက် ဓူတနှင့် တွဲပြင်၍ ပွဲဝင်သင့်ကြသည်သာ။

ပါရမီဖြစ်စကား ■ မဟာဗောဓိမြိုင်ဆရာတော်

ကျမ်းစာအမှတ် (၃၂)

အနန္တကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသည့်



# ပါရမီဖြစ်စကား

(ပါရမီဘာဝကထာ)

သာသနာ - ၂၅၅၉ ကောဇာ - ၁၃၇၇ ခရစ် - ၂၀၁၅

KoKo Latt(ShweMahar) ဗိသာုးရုပ် ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။

နမော တေ ဗုဒ္ဓ ဝီရတ္ထု

ကျမ်းစာအမှတ်- ၃၂

အနန္တကျေးရွာတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# p:rm[Pss k a;

( ပါရမီ ဘာ၀ ကထာ )

# မာတိကာ


* ကျမ်းဦးနိဒါန်း ၁
* ပါရမီဘာဝကထာ ၁
* မြတ်အောင်ကျင့်မှ မြတ်မည် ၂
* တဏှာကို ဖို့သတ် သတ်၍ အမြတ်တက်ယူခြင်း ၇
* စိတ်ဖြူစင် သူဝင် မည်းညစ်အံ့ ၁၄
* အုပ်စုချင်းပေါင်း တစ်ကြောင်းတည်းလမ်းမှနေ တားကြမည် ၂၂
* အာသဝမှ သြဃသို့ ဖြန့်ကားခြင်း ၂၇
* ပင်လယ်ကူး အထူးတပ်ဖွဲ့ပြင် ၃၀
* ပင်လယ်ကူးသင်္ဘောတည်ဆောက်ခြင်း ၃၃
* ဝိတက်ပင်လယ်ပြင်ကြီး ၃၆
* ခွေးဟောင် ခေါင်းထောင်မကြည့်ဖြစ် ၄၁
* တဏှာညစ် အမြစ်က နုတ်ပစ်အံ့ ၄၆
* တဏှာယုတ် ကိုယ်ထဲက ဆွဲထုတ်အံ့ ၅၀
* ကျောင်းရောက်လျှင် ကျောင်း ၅၅
* လူချင်းမရော တောထုတ်စိန်ခေါ်သည် ၆၅
* တပ်မကြီး ၁၀-ခုဖြင့် တောနင်းဝင်လာသောမာရ်နတ်ကြီး ၆၇
* တောဝကနေ လက်မှတ်စစ်လေသူများ ၇၈
* ကျင့်စဉ်မမီ ခန္တီဖြင့် လည်လေဦး ၈၂
* မှန်ပလ္လင်တည်၍ မှန်စီရွှေချပေးပါ ၈၅
* သစ္စာက အရာမထင် မေတ္တာဆင်၍ ဝင်လေဦး ၉၁
* မေတ္တာဖြင့် သွေးမတိတ် မျက်စိမှိတ်ကျင့်ပေရော့ ၉၉
* သီလသည် ဦးဆောက်ပန်း၊ သီလသည် အလံတော်ကိုင် ၁၁၁
* ကျောက်ဆူးချ သင်္ဘောကဲ့သို့သော အဓိဋ္ဌာန် ၁၀၅
* မိုက်ရူးရဲ ပွဲသွင်းပေးသော ဝီရိယ ၁၁၃
* တယ်တော်တဲ့ ငါပေကိုး ၁၁၆
* မာနထန် မာရ်တပ် ပတ်လှည့်ဝိုင်း ၁၂၁
* ချေးမည်းတို့အတွက် ခဝါဆိုင် ပညာကသာ ပိုင်ပါသည် ၁၂၄
* ဘုန်းရှင်ကံရှင်များ၏တက်လမ်း ၁၃၂
* ဆယ်,ဆယ်ချင်းချွတ် အမည်းက ဖြူဖြူဆွတ် ၁၆၄
* ပါရမီဝန်ထမ်း ရဟန်းက ပုံသေ ၁၈၃
* သုတသာသနာနှင့် ပါရမီဖြစ်စကား ၁၈၉
* ကျမ်းပြီးနိဂုံး ၁၉၄

KoKo Latt(ShweMahar) ဝိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



## ကျမ်းဦးနိဒါန်း

### ပါရမီဘာဝကထာ

**ပရမတ္ထံ ပတ္တံ ကမ္မံ၊ ဒါနာဒိ ဒသဝိဓိယံ၊**
**စာဂ ထာမေန ပူရေတိ၊ တဒေတံ သုဒ္ဓံ သုဒ္ဓတော၊**
**တိဏ္ဏောသိ ဩဃဏ္ဏာ ဝါယံ၊ ယော စ ဏ္ဏတော ပါရ တိတ္ထံ။ ။**

**ယော**- ဗောဓိငါးမျိုး တစ်မျိုးမျိုးသို့ အားကိုးလိုလား အကြွင်သူတော်ကောင်း အစားစားသည်၊ **ပရမတ္ထံ-** မြတ်သောအဖြစ်သို့၊ **ပတ္တံ**-ရောက်စေတတ်သော၊ **ဒါနာဒိ ဒသဝိဓိ** - ဒါန စသည် ဆယ်ပါးပြားသော၊ **ယံ ကမ္မံ** - အကြွင်အမှုကို၊ **စာဂ ထာမေန** - စွန့်လွှတ်အားဖြင့်၊ **ပူရေတိ**-ဖြည့်ကျင့်၍နေ၏။ **ဝါ**-ပြည့်စေ, ရှိစေ၏။

**တဒေတံ**- ထိုအမှုက၊ **သုဒ္ဓံ သုဒ္ဓတော**- စိတ်ကို စင်ကြယ်သည်ထက် စင်ကြယ်စေသောကြောင့်၊ **သော**-စွဲလမ်းရစ်ပတ် အထပ်ထပ်ကို စွန့်လွှတ်ချသွား ထိုလူသားသည်၊ **ဩဃဏ္ဏာ ဝါယံ**- ကာမဘဝါ ဒိဋ္ဌိကာနှင့် အဝိဇ္ဇာဆွယ် မြစ်ပင်လယ်ဝယ်၊ **ဏ္ဏတော**- အလိုချင်း သွယ်ယှက် ဤမှာဘက်မှ၊ **ပါရတိတ္ထံ**- အလိုမသက် ဟိုတစ်ဖက်သို့၊ **တိဏ္ဏော**-ပက်လက်တစ်လီ မှောက်ချီတစ်လှည့် ဇောမိရာလူး အမျိုးမျိုးသော ကူးနည်းတို့ဖြင့် ကူးခပ်နိုင်ခဲ့သည်၊ **အသိ**-ဖြစ်ပြီ။

✶



## မြတ်အောင်ကျင့်မှ မြတ်မည်

အယုတ်မှ အမြတ်သို့ မိမိကိုယ်တိုင် ကယ်ထုတ်လိုသူများသည်လည်းကောင်း၊ ဆင်းရဲမှ ချမ်းသာစစ်သို့ မိမိကိုယ်တိုင် ထွင်းထစ် ပြောင်းလိုသူများသည်လည်းကောင်း. . . ရေတိုက်စားခံရသဖြင့် နိမ့်ကျ ခွက်ဝင်သွားသော ကျင်းချိုင့်များကို ရေတိုက်စားသော်မှ အရည်ပျော်ခြင်း၊ စီးမျောခြင်းအထိ ပါမသွားသော ကျောက်၊ အုတ် စသည်များဖြင့် ဖြည့်ဖို့ ဖို့ရပါသည်ပမာ. . . မိမိစိတ် တစ်ဖက်အာရုံ အများအပြား တိုက်စားခံရရာမှ ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် စသည် အစွဲအငေါ်ပေါ် မတော်ရာ စိတ်ချော်ပါသွားရင်းက စိတ်နိမ့်ပါး၊ အထက်ဆန်လိုရင်းမှ အောက်သို့သာ လန်ကျနေခြင်းများကို. . .

✶ စွဲယူခြင်းနေရာ၌ စွန့်လွှတ်ခြင်း ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် အစားထိုးပေး၍၊

✶ အယုတ်မှအမြတ်သို့ ခန္တီ၊ သစ္စာ၊ မေတ္တာ၊ ဥပေက္ခာတို့ဖြင့် တံတားထိုးပေး၍၊

✶ အမြတ်၏အမြတ်သို့ အဓိဋ္ဌာန်၊ ဝီရိယ၊ ပညာတို့ဖြင့် တိုးမြှင့်ပေး၍ ဖြည့်ဖို့ ဖို့ကြရပါသည်။

ပါရမီဖြစ်ပုံပြ စကားတည်း။

KoKo Latt(ShweMahar) ဓါတ်ပုံ စကင်ဖတ်ပြီး ပြန်လည်ဖော်သည်။



ဤသို့ ပါရမီ အဆင့်ဆင့် ဖြည့်ကျင့်ရပုံများကို ယခင်က **"ပါရမီ ပရိစယ ကထာ"** ဆိုသော နဖူးစီးဖြင့် ရေးခဲ့ဖူး၏။ ထိုသို့ ရေးခဲ့ရာတွင် ထိုစာမူ နိုင်ငံတော်သို့ တင်ပြလေသောအခါ နိုင်ငံတော်မှ တာဝန်ခံဆရာတော်တစ်ပါး က တာဝန်ယူ စိစစ်တော်မူသည်ဆို၏။

ထိုမှ စိစစ်ပြီးသောအခါ. . .

**"ပါရမီပရိစယကထာ** ဆိုတဲ့ ခေါင်းစီးတပ် စကားကလေးကတော့ တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ စကားလုံးလေးပဲ၊ အထဲလှန်လှော ဖတ်ကြည့်တဲ့ အခါကျတော့ ဘာတွေလျှောက်ရေးထားမှန်းလဲ မသိဘူး" ဤ အတိုင်း မှတ်ချက်ချတော်မူသည်ဆို၏။

ချမည်ဆိုလည်း ချစရာပေကိုး။ ငါတို့ ရေးသားချက်များသည် ဆိုင်ရာ ကျမ်းစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် လှန်လှောကူးရေးထားသည်မှ မဟုတ် ဘဲပဲ။ အိမ်ရှင်မများ မီးဖိုချောင်ဝင် ငါးဟင်းချက်သည်ဆိုရာ၌ အနီးဝယ် အဆင်သင့်ထားသော ဆားအိုးမှလည်း နှိုက်ထည့်၏။ ကြက်သွန်ဗန်းများ မှလည်း လှမ်းနှိုက်ထည့်၏။ သည့်အတူ ဆီအိုး၊ နနွင်းအိုး၊ ငရုတ်သီးမှုန့် ဘူး စသည်များမှလည်း တန်ရာတန်ရာ နှိုက်ယူကာ ထည့်သေး၏။ ပြီးသော အခါ ငါးဟင်းတစ်ခွက် ကောင်းကောင်းဖြစ်သွားစေခဲ့ပြီ။ အမည်ခံကား ငါးဟင်း . . . ။

ငါတို့သည်ကား ငါတို့အနီးအပါး လက်လှမ်းမီ စာအုပ်များလည်း မရှိပါ။ ရှိသော်မှ လိုရာရာကုပ် ထုတ်ယူနိုင်စွမ်းသောဉာဏ်လည်း မရှိပါ။ တစ်ဖန် စာတတ်ပေတတ်များအတွက် စာဉာဏ်ပေဉာဏ် ထားပေးခြင်းလည်း မဟုတ်ပါ။

ထိုမှ ပြောင်းပြန် လှန်ပြော ပြောရပါမူ. . . တကယ် အကျွတ်အလွတ် ပေါက် ပြီးမြောက်အောင် အားထုတ်လိုသူများ၊ နိက္ခမပါရမီအဖြစ် တောထွက်



၍ မကျင့်ဖူးသေးသူများ၊ စာပေ ဗဟုသုတ ဟိုကူး သည်ဝှေ့ မလေ့လာဖူး သူများ၊ ဒင်းကလေးတို့ တောအဝင် တောင်အသွင်အပြင်များ သိရန်မျှကို သာ။အသွားနှင့်အတား အားစမ်းကြရာ၌ တောပရိယာယ်အသွယ်သွယ် သိထား ရန်မျှကိုသာ။

တောသည် သူကြီးစိုး၏။ သူဘာလုပ်လုပ် လူတို့ကား ငုတ်တုတ်ခံရုံသာ။

မြို့ရွာသည် လူကြီးစိုး၏။ လူဘာလုပ်လုပ် သူတို့ကား ငုတ်တုတ်ခံရုံသာ။

ယင်းတို့သည် စာကြား၌ စာရင်း တင်မထားသော 'တောငုတ်ကောင်' များဖြစ်ကြပြီး တကယ်ကိုယ်တွေ့ကျင့်မှ ကိုယ်တွေ့ကြုံလာရသော 'ဖော် ကောင်'များတည်း။

ဤ၌ ယင်းအကြောင်းချင်းတများကို မင်္ဂလာအိမ်သွားရာတွင် လမ်း၌ တွေ့ရမြဲသော တံခါးဆီး အတားများကို ကျေရာပေး ပြေအေးစေပြီးမှ မင်္ဂလာ ကောင်၏အခန်း တန်းဝင်ခွင့်ရသည်ပမာ. . . ပါရမီအဆင့်ဆင့် ဖြည့်ကျင့်ရာ ၏ စိတ်လမ်းခရီး၌တွေ့ရတတ်သော အခက်အခဲများကို ဖော်ပြမည်။

သို့ကြောင့်. . .

**'ပါရမီဘာဝကထာ'** (ပါရမီဖြစ် ပုံပြစကား) အမည်တွင်စေပါသည်။

ထိုသို့ ဖော်ပြရာဝယ်. . . **ပါရမီ**ကို **ပါရ** ရှေ့ခံထား၊ **မာ** ဓာတ် ဤပစ္စည်းဖြင့် လုပ်ကြံထားပါ၏။

**မာ**-မာသဒ္ဒါသည်၊ **မာနေ**-မြတ်နိုးခြင်း, နှိုင်းယှဉ်ခြင်း၌၊ **ဘဝတိ**- ဖြစ်၏ ဟု ဖွင့်။

တစ်ဖက်ကမ်းသို့ (ဒါနစသည် ထိုးဝါးထောက်တံကြီးများဖြင့်) ထောက်၍ ထောက်၍ သွားသည် ဆိုသောစကား အရလုထားခြင်းတည်း။

အခြား ဆရာမြတ်တို့ ဖွင့်နည်း များမှာမူကား ပရမနှင့် ဤပစ္စည်းမျှသာ။ ဆိုင်ရာကျမ်းအသီးသီးများ၌လည်း ပရမနှင့် ဤပစ္စည်း ပါရမီသရုပ်ပြီးခြင်း

KoKo Latt(ShweMahar) မိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



မျှသာ။

သို့ကြောင့် . . .

**ပရမာနံ ဘာဝေါ ပါရမီ။**

**ပရမာနံ**- မြင့်မြတ်သူတို့၏၊ **ဘာ ဝေါ**- ဖြစ်ရာဖြစ်ကြောင်းသည် ပါရမီ။

**ပရမာနံ ကမ္မံ ပါရမီ။**

**ပရမာနံ**- မြင့်မြတ်သူတို့၏၊ **ကမ္မံ**- အမှုသည် ပါရမီ။

ဤအတိုင်းလျှင် ဖွင့်ပြတော်မူကြမြဲ ဖြစ်၏။

မှန်၏။ ကောင်း၏။

သို့တိုင်လည်း. . . ဘာ့ကြောင့် မြင့်မြတ်လာရသလဲ ဆိုသော အရင်းမြစ်ကျွတ်ကျန်နေရစ်ခဲ့ပြီ။ မြတ်အောင်မှ မကျင့်သေးဘဲနှင့် အမြတ်မဖြစ်နိုင်စကားလည်း ကားထွက်လာပြန်ပါပြီ။

သို့ကြောင့် ယင်းဆရာမြတ်တို့၏ စကားကို ထောက်ခံသော ဖြည့်ကွက်အဖြစ်ဖြင့် . . . မြင့်မြတ်သူတို့၏ဖြစ်ကြောင်းသည် ယုတ်စွဲကို စွန့်ချ၍ ပစ်လိုက်ခြင်းတည်း။ မြင့်မြတ်သူတို့၏အလုပ်သည် အမြတ်စားတရားများဖြင့် စိတ်ကို ဖို့သိပ်ပေးနေခြင်းတည်း။

ဤအဓိပ္ပာယ်အမြစ်ရင်းများ စင်းစင်းပေါ်လွင်စေရန် ဒါနစသည် ၁၀-ချက်တို့ဖြင့် တစ်ဆင့်ရင့် ရှေ့တစ်ဆင့် တိုးမြှင့်စေကာ ပါရမီ အစဉ်အဆက်တက်ပုံများကို ပြဆိုပါမည်။

ထိုသို့ ပြရာ၌လည်း . . .

(က) တဏှာကို ပစ်မှတ်အရာထားလျက်က တက်နည်း။

(ခ) သဒ္ဓါကို အခြေတည်အရာထားလျက်က တက်နည်း။

ဤသို့လျှင် တက်ရိုးနှစ်ခုဖြင့် အားစုပြပါမည်။

ထိုသို့ပြရာ၌ စာစကားနှင့် ဤအထား အလားမညီဖြစ်နေပါသော် စာကို



လည်း တစ်ဖက်ထား၊ လက်တွေ့ပွဲဝင်လည်း တစ်ဖက်ထား။ ဤဖက် နှစ်ပါးဖြင့် စဉ်းစားပေးကြစေလိုပါသည်။ စာသည် ဟိုရှေးယခင်က ကိုယ်တွေ့၊ ယနေ့နှင့် တစ်ထပ်တည်း အားလုံးမကျနိုင်ပါ။ စာသည် တစ်ဦး တစ်ဦး၏ ကိုယ်တွေ့အားလုံး အားလုံးတို့နှင့် ချွတ်စွပ်တူ မဖြစ်နိုင်ပါ။

တစ်ဖန်လည်း စာဖြင့်ရေးပြထားသော သရက်သီးကို တကယ် ခူးဆွတ်စားရာ၌ ဖန်၊ ချဉ်၊ ချို အရသာ သုံးခု သူ့နေရာနှင့်သူ ခံစားခွင့်ရသည်ပမာ။ စာအနေကား သရက်၊ အရသာကား အဖန်။ အသံထွက်ချင်း အတူဖြစ်မလာ။ စာအနေကား သရက်၊ စားရာ၌ ကား အချဉ်။ သံစဉ်ချင်း အတူဖြစ်မလာ။ စာအနေကား သရက်၊ စားရာ၌ကား အချို။ စာအလို၊ လျှာအလို အတူ ဖြစ်မလာ။ ယင်းတို့ကို ပညာပေါ် ဉာဏ်ဆောင်း အကျင့်လမ်းကြောင်းပေါ် စိတ်ခြေတင်၊ စာတွေ့နှင့်လက်တွေ့ နှစ်ထွေယှဉ်၍ အဖြေဝင်တော်မူကြပါကုန်။

စာရင်းသည် ငွေမဟုတ်၊ သို့သော် ထိုငွေ စာရင်းနှင့်မကင်း။

တစ်ဖန် ငွေသည်လည်း စာရင်း မဟုတ်၊ သို့သော် ထိုစာရင်း ငွေနှင့်ကားမကင်း။

**ပါရမီ ဗီဇ ပြည့်အဝ စီချ စိုက်ပျိုးနိုင်ရမည်။**

၁၃၆၈-ခုနှစ် နယုန်လပြည့်ကျော် ၈-ရက်။
တနင်္ဂနွေနေ့။
အကျွတ်အလွတ်၊ မဟာမြိုင်။

KoKo Latt(ShweMahar) ဓိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



## တဏှာကို ဖို့သတ် သတ်၍ အမြတ် တက်ယူခြင်း

**ဒါနံ သီလဉ္စ နေက္ခမ်၊ ခန္တီ သစ္စေန ပဉ္စကံ၊**
**မေတ္တု ပက္ခော အဓိဋ္ဌာနံ၊ ဝီရိယာ ပညာစ ဒသဓာ။**
**(ကေနိပါတေန၊ ဣမိနာ၊ ဂမ္ဘီရံ န မိနာ မိနာ)**

၁။ **ဒါနံ စ**- စွန့်လွှတ်ခြင်းသည်လည်း၊ **ပါရမီ** - အမြတ်ထွက် ပစ္စည်းတည်း။

**ဣမိနာ ကေနိပါတေန**-စွန့်လွှတ်ခြင်း တည်းဟူသော ဤထိုးဝါးကြီးဖြင့်၊ **မိနာမိနာ**- ထောက်တိုင်း တိုင်းလျက် တိုင်းလျက်က၊ **ဂမ္ဘီရံ** - နက်သေးဟူ၍ လည်းကောင်း၊ **န ဂမ္ဘီရံ**- မနက်တော့ ဟူ၍လည်းကောင်း၊ **ဉတွာ**- ဒိဋ္ဌသိ သိ၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**- ရောက်ခဲ့ရချေပြီ။

၂။ **သီလဉ္စ**-စောင့်စည်းခြင်းသည်လည်း၊ **ပါရမီ**-အမြတ်ထွက် ပစ္စည်းတည်း။

**ဣမိနာ ကေနိပါတေနစ**-စောင့်စည်းခြင်းတည်းဟူသောဤထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ**- ထောက်တိုင်း တိုင်းတွာ အချက်ပြကြည့်လျက်ကသာ၊ **ဂမ္ဘီရံ**-နက်သေး၊ **န ဂမ္ဘီရံ**- မနက်တော့။ **ဣတိ**-ဤသို့၊ **ဉတွာ**-သိ၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**-ရောက်ခဲ့ရချေပြီ။



၃။ **နေက္ခမ်စ**-အာရုံတောမှ ထွက်ခဲ့ခြင်းသည်လည်း၊ **ပါရမီ**- အမြတ်စားတည်း။

**ဣမိနာ ကေနိပါတေနစ**-ကာမဇောရမ္မက်မှ ထွက်ခဲ့ခြင်းတည်းဟူသော ဤထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ**- ထောက်လျက် ထောက်လျက်က၊ **အယဏ္ဏဝါ**-ဤပင်လယ်ကြီးသည်ကား၊ **ဂမ္ဘီရံ**- နက်တုန်းပါပဲကလား၊ **န ဂမ္ဘီရံ**- တိမ်ယောင်ပြလာပြီကပဲ။ **ဣတိ** - ဤသို့၊ **ဉတွာ**- ကိုယ်တိုင်သိ၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**- ရောက်ခဲ့ရချေပြီ။

၄။ **ခန္တီစ**- သည်းခံရခြင်းသည်လည်း၊ **ပါရမီ**- အမြတ်စားတည်း။

**ဣမိနာ ကေနိပါတေနစ**-သည်းခံနိုင်လာခြင်းတည်းဟူသော ဤထိုးဝါးကြီး ဖြင့်လည်း၊ **မိနာ မိနာ**- ခံပြီး ခံပြီးတိုင်းကြည့် ကိုယ်တွင်းသိ သိလျက်က၊ **အယဏ္ဏဝါ**- ဤ ပင်လယ်ကြီးကား၊ **ဂမ္ဘီရံ**-နက်မြဲနက်ဆဲပါပဲကလား၊ **နဂမ္ဘီရံ**- နက်ရာမှ တိမ် တိမ်လာနေပြီပဲ။ **ဣတိ**- ဤသို့၊ **ဉတွာ**- ကိုယ်တိုင် ဝင်ကြည့် ကိုယ်တိုင်သိ သိ၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**- ရောက်ကြရ, ရကြရပေပြီ။

၅။ **ပဉ္စကံ**-ငါးခုမြောက်၊ **သစ္စေနစ**- သစ္စာဆိုခြင်းများသည်လည်း၊ **ပါရမီ**-အမြတ်စားတည်း။

**ဣမိနာ ကေနိပါတေန စ**- သစ္စာထားခြင်း ဟူသော ဤထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ**- ထောက်လျက် ထောက်လျက်က၊ **အယဏ္ဏဝါ**-ဤပင်လယ်ပြင်ကြီးသည်ကား၊ **ဂမ္ဘီရံ**- နက်မြဲ နက်ဆဲပါပဲကလား၊ **န ဂမ္ဘီရံ**- နက်ရာမှ တိမ်တိမ်လာနေပြီပဲ။ **ဣတိ**- ဤသို့၊ **ဉတွာ**- ဆင်ခြင်ဉာဏ်သွင်း၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**- ရောက်ကြရချေပြီ။

၆။ **မေတ္တာ စ**- သူ, ကိုယ်အကြား တန်းတူထားရခြင်းသည်လည်း၊ **ပါရမီ**- အမြတ်စားတည်း။

**ဤမိနာ ကေနိပါတေန စ**-ကိုယ်ချင်းစာသွင်း ဤတန်းတူထားခြင်း ထိုးဝါးထောက်တံကြီးဖြင့်လည်း၊ **မိနာ မိနာ**- ထောက်၍ ထောက်၍၊ **အယက္ကဝါ** - ဤပင်လယ်ကြီးသည်ကား၊ **ဂမ္ဘီရံ**- နက်မြဲ၊ န **ဂမ္ဘီရံ**- နက်ရာမှ တိမ် တိမ်လာပြီ။ **ဣတိ**-ဤသို့၊ **ဥတ္တာ**-ဆင်ခြင် ဉာဏ်သွင်းလျက်က၊ **ပရမတ္ထံ**-အမြတ်သို့၊ **ပတ္တံ**- ရောက်ကြရချေပြီ။

၇။ **ဥပေက္ခာ စ**- မဖြူ၊ မတု၊ မမူ တော့ခြင်းသည်လည်း၊ **ပါရမီ**- အမြတ်စားတည်း။

**ဤမိနာ ကေနိပါတေနစ**- ရင်ဆိုင်မရှု မမူတော့ခြင်း ဟူသော ဤ ထိုးဝါးထောက်တံကြီးဖြင့်လည်း၊ **မိနာ မိနာ**- ထောက်တိုင်း တိုင်းထွာလျက်က၊ **အယက္ကဝါ**- ဤပင်လယ်ကြီးသည်ကား၊ **ဂမ္ဘီရံ** - နက်မြဲ၊ **န ဂမ္ဘီရံ**- နက်ရာမှ တိမ် တိမ်လာပြီ။ **ဣတိ**- ဤသို့ **ဥတ္တာ**- အတွင်းသိ သိ၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**-ရောက်ကြရချေပြီ။

၈။ **အဓိဋ္ဌာနံ စ**- မယိုင်မလဲ ခိုင်မြဲကျင့် ကျင့်ရခြင်းသည်လည်း၊ **ပါရမီ**- အမြတ်စားတည်း။

**ဤမိနာ ကေနိပါတေန စ**- မယိုင်မလဲ ခိုင်မြဲသော ဤ အဓိဋ္ဌာန် ထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ**- ထောက်တိုင်း တိုင်းထွာလျက်က၊ **အယက္ကဝါ**-ဤပင်လယ်ကြီးသည်ကား၊ **ဂမ္ဘီရံ**- ရေဟုန်မို့မောက် ပို၍တောင် နက်စောက် လာပါပကောလား၊ **န ဂမ္ဘီရံ**- ဒီရေဟုန်ကျ တိမ်ယောင်ပြနေပါပကောလား။ **ဣတိ**- ဤသို့၊ **ဥတ္တာ**-ကိုယ်တွင်းအရှိ ဆင်ခြင်ဉာဏ်ဖြင့် သိ၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**-ရောက်ကြရချေပြီ။



၉။ **ဝီရိယာစ**- တည်ကြည်ရဲရင့် စိတ်စွမ်းရည်မြှင့်ခြင်းသည်လည်း၊ **ပါရမီ**- အမြတ်စားတည်း။

**ဤမိနာ ကေနိပါတေနစ**-ဤထိုးဝါးထောက်တံကြီး ဖြင့်လည်း၊ **မိနာ မိနာ**-တစ်ဖက်ကမ်းပြေး နီးအဝေးကို မျှော်တွေး ဖောက်ဌေ့ထောက်၍ ထောက်၍ ကြည့်လျက်က၊ **အယက္ကဝါ**-ဤပင်လယ်ပြင်ကြီးသည်ကား၊ **ဂမ္ဘီရံ**-ရေလုံး ကမ်းရိုက် အသံကြီးများတောင် ဟီးတိုက်နေပါပေါ့ကလား၊ **န ဂမ္ဘီရံ** - လှိုင်းပြင်ငြိမ်သက် သိပ်မလှုပ်ယှက်တော့ပါကလား။ **ဣတိဥတ္တာ**- ဤသည့် ဉာဏ်ပင်း စိတ်ဝယ်သွင်း၍၊ **ပရမတ္ထံ**- အမြတ်သို့ **ပတ္တံ**- ရောက်ကြရချေပြီ။

၁၀။ **ပညာ စ**-သတိသွင်းသိ ဉာဏ်သွင်းသိဖြင့် အရှိကို အရှိအတိုင်း သိခြင်းသည်လည်း၊ **ပါရမီ**- အမြတ်စားတည်း။

**ဤမိနာ ကေနိပါတေနစ** - ဤထိုးဝါးထောက်တံကြီးဖြင့်လည်း၊ **မိနာ မိနာ**-ထောက်ကြည့် တိုင်းထွာ ပိုင်းကာ ပိုင်းကာ ခွာလျက်ကပင်၊ **အယက္ကဝါ**- ဤပင်လယ်ပြင်ကြီးသည်ကား၊ **ဂမ္ဘီရံ**- နက်သယောင် ထင်ရ ရေနည်ထနေခြင်းမျှပါကလား၊ **န ဂမ္ဘီရံ**- နက်ယောင်မပြ ရေအနည်ကျနေပါပေါ့ကလား။ **ဣတိ ဥတ္တာ**- ဤနှယ် အထင်းသား ဉာဏ်ဝင်စား၍၊ **ပရမတ္ထံ**- အမြတ်သို့၊ **ပတ္တံ**- ရောက်ရချေပြီ။ **ဣတိ**- ဤသို့၊ **ပါရမီယာနိ**-ပါရမီတော်တို့သည်၊ **ဒသဓာ**- ဆယ်ပါးအပြား ရှိပါကုန်၏။

အထက်ပါ ၁၀-ပါးတို့သည် ဩဃကို ဖြတ်ကျော်ကူးခပ်လိုသူများ၏ ကိရိယာတန်ဆာပလာများ ဖြစ်ကြ၏။ ဩဃကိုကျော်ဖြတ်တိုင်း ယင်း ၁၀-ပါး လက်ယှက်ခင်း စိတ်ဖဝါးချနင်းလျက်က တစ်ဖက်လွန်မြောက်ကြရ၏။

တစ်ခု,ဟာ တစ်ခါလွဲမည်၊ တစ်ခု အားနည်းလည်း တစ်ဖက်လဲ ဖြစ်သွား

မည်။ သို့ကြောင့် ထိုဆယ်မျိုးသော ပါရမီဖြစ် လက်နက်များကို . . .

ခွဲစိတ်ကုပါရဂူကြီးသည် လူနာ၏ ဝမ်းထားအိမ် ချိန်ဆလျက်က ပထမ ထက်သောဓားကြမ်း၊ ထို့နောက် ထက်သောဓားလတ်၊ ထို့နောက် ထက်သော ဓားငယ် အသွယ်သွယ်တို့ဖြင့် အပေါ်ယံ အိမ်မှသည် အတွင်းထား အိမ်တိုင် အောင် အဆင့်ဆင့် ခွဲစိတ်ကုသဘိသို့ ဤပါရမီများကို အသုံးချသင့်၏။

တစ်ဖန် ဓာတ်ခွဲခန်းနေ စမ်းသပ်ပါရဂူသည် မိမိသို့ လာရောက်အပ်နှံ ထားသော ဓာတ်ကိန်းသိုက်များအပေါ် ပထမ အကြမ်းစား မှန်ဘီလူးဖြင့်၊ ထို့နောက် သည့်ထက်သည်နုသော၊ ပို၍နုသော၊ ပို၍လည်း နက်သောနေရာ များရှိ ဓာတ်သတ္တိ အရှိသဘာဝများကို ထွင်းမြင် မြင်စေနိုင်သော စွမ်းအား ကောင်း မှန်ဘီလူးအဆင့်ဆင့်တို့ဖြင့် တိုးမြှင့်ကြည့်ရဘိသို့ ဤ၌လည်း အသုံးချသင့်၏။

ဤနည်းဖြင့် ယုတ်ညံ့စိတ်မှ မြင့်မြတ်စိတ်သို့ ကူးဝင်သွားစေကာ ယုတ် ညံ့သောဘဝမှ မြင့်မြတ်ဘဝ ရစေကြရပါမည်။

ဤနည်းဖြင့်ပင် မည်းညစ်စိတ်မှ ဖြူစင်စိတ်သို့ ပြောင်းလဲသွားစေကာ မည်းညစ်သောဘဝမျိုးမှ ဖြူစင်သော ဘဝမျိုးသို့ တိုးဝင်စေကြရပါမည်။

ဤနည်းဖြင့်ပင် လူ၌ရှိအပ်သော လူဖြစ်စိတ်ကို ဖော်ထုတ်ပေးကာ အောက်တန်းစားဘဝများစွာတို့မှ ကပ်ပါ ပါလာကြသော မျိုးကိန်း အနုသယ များနှင့် မိုးမျှော်ညာဉ် မြေဝင်စရိုက်ဆိုးများကို ဖယ်ရှားသုတ်သင် ပေးကြရ ပါမည်။

ယင်းတို့ကို ဤပါရမီလက်နက်များမှတစ်ပါး အခြားမတတ်နိုင်။ ပါရမီ သည် ကမ်းတက်တပ်သားများအတွက် မရှိမဖြစ်သော လက်နက်ထူး။

ထိုစဉ် ပါရမီ ၁၀-ချက် ထိုလက်နက်တို့ကို လက်ယှတ်ထိုး လက်ချိုးရေ တွက်ပြရာ၌. . . ငါတို့သည်ကား ပါရမီဖြစ်သင်တန်း အစမ်းပြောပြပေးနေ



သော အလုပ်သင်ဆရာ။ သင်စာရှုသူကား ပါရမီဓလေ့ စာတွေ့ လေ့လာ နေသော သုတေသီဆရာ။

သို့ဖြစ်ရာ. . . ဤမှနေ နောက်ပိုင်းတစ်လျှောက်လုံး သင့်အား တိုင်တည်လျက်က ရေးပြနေပါအံ့။ 'ဓမ္မေသက' အမည်တပ်၍ သင့်အား ငါတို့ခေါ်ပါအံ့။ ဓမ္မေသကဟူသည် . . .

**ဓမ္မံ**- သဘောတရားရေးရာ အဖြာဖြာကို၊

**သေကော**- ရှာမှီးနေသူ။

**ဓမ္မေသကော**- တရားအထား စာတွေ့၊ လက်တွေ့အားဖြင့် လေ့လာ လိုက်စားနေသူဟူ၏။

ဤသည်ကိုရည်ညွှန်း၍ ငါတို့က သင့်အား 'ဓမ္မေသက' ဟူ၍ အမည် တပ်ခေါ်လိုက်ရာ သင်ကလည်း စာမျက်နှာပြင်ဝယ် 'ဓမ္မေသက' ထင်နေသည် ကို တွေ့သည်နှင့် . . .

'သြော် . . . ငါ့ကို လှမ်းခေါ်နေသည်ပါတကား'

ဤအတွေး ဤအသိ စိတ်၌ရိပ်မိကာ သင့်စိတ် ထားသင့်ရာနေရာသို့ အသင့်ပြင်ထားပါလေ။ သင်နှင့်ငါ စာမျက်နှာမှာ မျက်နှာချင်းဆိုင် ပါရမီ ရေးရာများ တိုင်ပင်ကြပါစို့။

✶

**ဓမ္မေသက** . . .

အယုတ်မှအမြတ်သို့ ကူးပေးရာ၌လည်းကောင်း၊ အမည်းမှအဖြူသို့ ပြောင်းပေးရာ၌လည်းကောင်း စိတ်ကို နိမ့်ကျစေတတ်၊ မည်းညစ် တတ်သော. . .

(က) တဏှာ၊ မာန၊ ဒိဋ္ဌိနှင့် ထိနမိဒ္ဓတို့ကိုလည်း အမြစ်ဖြတ်တောက်ချခဲ့ ရမည်။

(ခ) ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ကိုလည်း ဖြတ်တား တားခဲ့ရဦးမည်။

(ဂ) မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာတို့ကိုလည်း မြှုပ်ထားခဲ့ရဦးမည်။

ယင်းတို့သည် လူဖြစ်စိတ်ကို ဖုံးအုပ်ထားကြသော ကိလေသာတရားကိုယ်များ။

**ဓမ္မေသက. . .**

နောက်တစ်မျိုး တိုးသိစေလိုသေးသည်မှာ. . .

ကာမရာဂ၊ ဗျာပါဒ၊ ဘဝ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ၊ ဣဿာ၊ မစ္ဆရိယ၊ သီလဗ္ဗတပရာမာသ ဤဆယ်ပါးတို့ကိုလည်း လက်လှန်ထားခဲ့ရဦးမည်။ ယင်းတို့သည်လည်း လူဖြစ်စိတ်ကို ကပ်ယှဉ်နေကြသော သံယောဇဉ် တရားကိုယ်များ။

**ဓမ္မေသက. . .**

ယနေ့သည် မနေ့ကကဲ့သို့ ပါဠိစကား နားမဝင်ကြတော့ရာ. . .

သင်သည်လည်း ပါဠိဖြစ်စကား နာကြားနေရပါက တောကြားက မြန်မာကုလားဟောသောတရား နာကြားနေရပါသည်ပမာ ဘာကို ဘယ်လိုမှန်းသိမည်မထင်။

သို့ကြောင့် လူနှင့်လည်းမကင်း၊ လူဖြစ်စာရင်းထဲလည်း သွင်းမရသော ထိုကိလေသာ သံယောဇဉ်တရားကိုယ်များကို မြန်မာ့နား၊ မြန်မာစကားဖြင့်ပင် သီးခြားပြောကြားပါဦးအံ့။

✶



## စိတ်ဖြူစင် သူ့ဝင် မည်းညစ်အံ့

**ဓမ္မေသက. . .**

(က) တဏှာ ဆိုသည်မှာ အာရုံပြကို သဘောကျသဖြင့် နှစ်သက်စွဲလမ်းခြင်းပင်ဖြစ်ရာ သင်ဖြစ်နေကျ. . .

လိုချင် နှစ်သက်စိတ်အားလုံး ဤ၌ အကျုံးဝင်၏။

လိုလားခြင်း ကာမလည်း ဤ၌ပင် သွင်းယူရ၏။

တပ်မက်ခြင်း ရာဂလည်း ဤ၌ပင် သွင်းယူရ၏။

အလိုကျခြင်း လောဘလည်း ဤ၌ပင် သွင်းယူရ၏။

ပြင်းစွာတပ်မက်ခြင်း ဆန္ဒရမ္မက်လည်း ဤ၌ပင် သွင်းယူရ၏။

ယင်းတို့သည် အလိုကျခြင်း၊ နှစ်သက်စွဲလမ်းခြင်း တဏှာ၏အသင်းအပင်းများချည်း ဖြစ်ကြ၏။ အနုံ၊ အရင့် ခွဲလိုသဖြင့်လည်းကောင်း၊ ဝေနေယျ၏အလို အကြိုက်လိုက်သဖြင့်လည်းကောင်း အမည်အမျိုးမျိုးတို့ဖြင့် ဟောကြားထားသော်လည်း တရားကိုယ်မှာ လိုချင်ခြင်းပင်။

**ဓမ္မေသက . . .**

သင်သည် တစ်ဖက် အာရုံပြကို ကြည့်မိရာ၊ ကြားမိရာ၊ နမ်းမိရာ၊ စားမိရာ၊ ထိတွေ့မိရာ၊ စိတ်ကူးကြည့်မိရာမှ သူ့အား လိုလားနှစ်သက်စိတ် (လိုချင်

တပ်မက်စိတ်) ဖြစ်ပါအံ့။

ထိုအခါ သူ့အား မြတ်နိုးခြင်းဆိုသော မာနစိတ် အဆိပ်တက်လာပြီ။

မာနသည် သင်ဖြစ်နေကျ မြတ်နိုးစိတ်၏အမည်။

မာနသည် မြတ်နိုးမိရာမှ ထောင်လွှားတက်ကြွ မက်စိတ်ထလာခြင်း။

မာနသည် အာရုံချင်းဆိုင် ယှဉ်ပြိုင်လိုခြင်း။

**ဓမ္မသက. . .**

တစ်ဖက်အာရုံခင် မြင်,တန်းတန်းစွဲ တွဲသူနှင့်ယှဉ် မာနဝင်လာသော အခါ မရမနေကြိုးစားလိုခြင်း၊ ငါပိုင်သိမ်းပိုက်လိုခြင်းများ အာရုံစွဲ၏အခဲ အကြီး၊ အသေးလိုက်လျက်က ဖြစ်လာတတ်ကြ၏။ ယင်းကား ဒိဋ္ဌိ။

ဤဒိဋ္ဌိသည်လည်း  သင်ဖြစ်နေကျပင်။

ထိုဒိဋ္ဌိသည် ငါ၊ သူ အမြင်မှားခြင်းလျှင် အရင်းခံရှိ၏။

ထိုဒိဋ္ဌိသည် ငါကောင်းပြီးရောဖြင့် မိုက်မှားခြင်းသို့ ထိုးဝင်လေ့ရှိ၏။

ထိုဒိဋ္ဌိသည် အခြား အမှားကျင့်သုံးမှုဆိုင်ရာများကိုလည်း တာဝန်ခံသေး ၏။

**ဓမ္မသက. . .**

ဤဆိုခဲ့ပြီး တဏှာ၊ မာန၊ ဒိဋ္ဌိ (လိုချင်ခြင်း၊ မြတ်နိုးခြင်း၊ သိမ်းပိုက်လိုခြင်း) သုံးမျိုးတို့သည် ကွင်းဆက်မကင်းကြ။ တဏှာသည်ကား အရင်းမူလ။

**၁။** ထိုစဉ် ကိုယ့်ကိုယ်ကို ငါ အစွဲထင်လျှင် ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း၊ မြတ်နိုးခြင်း မာနက စိတ်ဝယ်နေရာယူပြမည်။ တကယ်မှာ ‘ငါ’ မရှိ။ ခန္ဓာရှိ ရုပ်နှင့်နာမ်တို့ အပေးအယူလုပ်၍ လှုပ်ရှားပြနေခြင်းသာ။ သို့ပါလျက် ထိုရုပ်၊ နာမ်တို့ကို ‘ငါ’ လုပ်နေသည်မှာ အထင်ကြီးရာမှ မြတ်နိုး၊ မြတ်နိုးရာမှ အားကိုး နေခြင်းကြောင့် ဆိုသည်ကို သင့်ကိုယ်သင် ပြန်လည် စဉ်းစားကြည့်သိနိုင်၏။

**၂။** တစ်ဖက်ကို ‘ငါ့ပစ္စည်း’ အစွဲ ထင်လျှင် ကိုယ်လိုချင်ရာ အာရုံထား



ဝတ္ထုသို့ စိတ်ပြေးဝင်ပြမည်။ တကယ်မှာ သူမရှိ။ သူလည်းပဲ သူ့ခန္ဓာရှိ ရုပ်နှင့်နာမ်တို့ အပြန်အလှန် အပေးအယူလုပ်၍ လှုပ်ရှားပြသနေခြင်းမျှသာ။ သို့ပါလျက် သူ့အား ‘ငါ့ပစ္စည်း’ ဆိုနေသည်မှာ လိုချင်ခြင်း  တဏှာကြောင့်ပင်။ အတူနေ ကြွက်နှင့် အိမ်အောက်ထား ဝက်တွင် ဝက်ကိုသာ ‘ငါ့ဝက်’ပြောသည် ကို ထောက်ကြည့် သိနိုင်၏။

**၃။** ထိုတစ်ဖက်ကို ‘ငါပိုင်’ အစွဲ ထင်လျှင် ကိုယ်လိုချင်ရာ အာရုံဝတ္ထုနှင့် ကိုယ် အတူထားသိုပြမည်။ တကယ်မှာ သူသည် သူ့သဘာဝ သူပြနေတတ်ပြီး ငါသည်လည်း ငါ့သဘာဝ ငါပြနေတတ်၏။ သူသည်လည်း သူ့ဉာဉ် ဝါသနာ အရ ပြသခွင့်ရပြီး ငါသည်လည်း ငါ့ဉာဉ် ဝါသနာအရ ဇ, ပြနေရ၏။

သူသည်လည်း သူ့ကံပစ်ချရာအတိုင်း ဤဌလာနေရပြီး သူ့ကံငြိမ်း သူလိုရာ သူတိမ်းသွားမည်။ ငါသည်လည်း ငါ့ကံပစ်ချရာဘဝဖြစ်လာပြီး ငါ့ ကံငြိမ်း ငါတိမ်းညွတ်ရာ ငါသွားမည်။

မျဉ်းပြိုင်နှစ်ခုထက် တက်လျှောက်နေသူချင်း ဘယ်သူ့ဘယ်သူမှ မပိုင်ပါ။ သို့ပါလျက် သူ့ကို ငါပိုင် လုပ်နေသည်မှာ သူ့ပြကွက် ငါ့အား တင်ဆက် ပြသနေသည် ထင်သောကြောင့်။

**ဓမ္မသက. . .**

ဤဆိုခဲ့ပြီး ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် ဆိုသော သင့်၌ ‘ငါ’ အစွဲအထင် သုံးခုသည် အာရုံတွေ့ လွှေ့ယူရာတိုင်းတို့၌ အတိုင်အဖောက်ညီသော အတွဲ ပင်။ ယင်းကို ကြိုက်စိတ်ဖြင့် တစ်ဖက်အာရုံရှင်  သင်ချိတ်နေရာ၌  သတိပြု ကြည့် သိရ၏။ သို့ကြောင့် ယင်းတဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အုပ်စုတစ်စု ဖွဲ့ရ၏။ အသွင်တူ အိမ်သူဖြစ်ပမာ။

တစ်ဖန် ထိုအုပ်စုနောက်မှ လိုက်နေသည်မှာ . . .

(က) ထိုအုပ်စုလုပ်ရပ်ကြောင့်  အသေးငယ်ဆုံးတို့ဖြင့် ဖွဲ့စည်းထားသော

ခန္ဓာပေါင်း အပူ၊ အပုပ်၊ အထောင်းခံရသောအခါ . . .၊

(ခ) ဆန့်ကျင်ဘက်အုပ်စု၏ လုပ်ရပ်ကြောင့် ကိုယ်မှာရှိသော ခန္ဓာပေါင်း အားလုံးညောင်းကျသွားသောအခါ . . .၊

(ဂ) ကြားနေအုပ်စု၏ လုပ်ရပ်ကြောင့် ကိုယ်မှာရှိသော ခန္ဓာပေါင်း သွေးစည်းနှောင်းလာသောအခါ . . .

**ထိန**- စိတ်မခိုင်ခံ့ ထိုင်းမှိုင်း ပျင်းရိခြင်းက ဖြန့်ဝင်လာချေပြီ။

**မိဒ္ဓ**- စိတ်တွဲဖက်များလည်း မခိုင်ခံ့ ငိုက်မျဉ်းခြင်းက ခြေဆန့်လာချေပြီ။

တစ်နေကုန် အတွင်းပူ၊ အပြင်ပူများနှင့်ထိခိုက်မိလာသောခန္ဓာ တစ်ည လုံးလုံး တုံးလုံးပက်လက်လှဲ အနားပေးရမြဲကား ဤထိနမိဒ္ဓ ပါဠိသွား၏ ပြကွက်များ။

သင် အသက်ရှိသရွေ့ ညစဉ် အသုံးပြုနေသော သဘာဝတရား သင့်၌ အထင်အရှား။

**ဓမ္မေသက** . . .

ဤအိပ်စက်အနားယူလိုခြင်း၊ လဲလျောင်းခြင်း နှစ်ပါးတို့သည်လည်း အိပ်ချင်ပြီဆိုသော လိုချင်ခြင်း၏အသင်းအပင်းများပင် ဖြစ်ခြင်းကြောင့် ဤလောဘအုပ်စုတွင်း သွင်းပေးထားရသည်။

အားလုံးခြုံလိုက်သော် ထိုငါးပါးစုတို့သည် . . . တစ်ဖက်အာရုံ သင်း၏ ပုံကိုသော်လည်းကောင်း၊ ပုံပြအမူရာထားများကိုသော်လည်းကောင်း နှစ်သက်စွဲလမ်းမိရာမှ မိမိစိတ် ငန်းဖမ်းခံရလေသောအခါ စိတ်အလို ကိုယ်ဝင်ပေးရပြီ။ ယင်းမှာ. . .

"ငါသည် သူ့အား ငါပိုင်အဖြစ် အပြီးအပိုင် သိမ်းပိုက်လိုက်သည်။ ထာဝရ။"

"ငါသည် သူ့ကို ငါကိုင်အဖြစ် ခဏ ထိန်းသိမ်းထားလိုက်သည်။



ခဏသုံး။"

ယင်းတို့သည် အသေးအဖွဲလေးများကအစ အကြီးအမားကြီးများတိုင် တစ်ဖက်အာရုံကို အလိုဖြင့် ချိုင်ယူတိုင်း ယင်းတို့က စိတ်သို့ပူးဝင်၍ သင့်ကိုယ်ကို လိုက်ပွဲဖြစ်စေချေရာ. . .

ကြင်နာခြင်းမှ ကြင်ကိုင်ပွဲ မှန်သမျှ သူတို့လက်ချက်ချည်းသာ။

တပ်မက်ခြင်းမှ မက်ပြိုင်ပွဲ မှန်သမျှလည်း သူတို့လက်ရာချည်းသာ။

စိတ်ကိုအလိုသွင်း၍ ကိုယ် ကိုယ်ချင်း ရင်းပွဲမှန်သမျှ သူတို့မပါ ပွဲမပြီးပါ။

သို့ဖြင့် တစ်နေကုန်ဆုံ ပုံတိုက်တိုက် သူရောကိုယ်ပါ နွမ်းဟိုက် သွားစေပြီ။သို့နှင့် တစ်ညလုံးလုံး မျက်စိမှိတ် သူရောကိုယ်ပါ အိပ်ပေးကြရသည်။

**ဓမ္မေသက**. . .

တဏှာခွင်ဝင် ကြိုက်အုပ်စု၏စကား ဤမျှဆို သင်နားလည်လောက်ပြီ။

**ဓမ္မေသက**. . .

(ခ) အကြိုက်၏ ဆန့်ကျင်ဘက်က ဘာလဲမေးသော် 'မကြိုက်' ဟူ၍ပင် ဖြေရပါမည်။ ဤ"မကြိုက်ခြင်း" သဘာဝတရားသည်. . . တစ်ဖက်အာရုံနှင့် မိမိစိတ် သဘောချင်း မတူလျှင်လည်း 'မကြိုက်' ဝင်လာတတ်၏။ မိမိနှင့် သဘောတူအာရုံ စုံမက်နေစဉ် အဖျက်ခံရလျှင်လည်း 'မကြိုက်' ဝင်လာတတ်၏။ မိမိ၏သဘောတူအာရုံ ပုံပျက်သွားသောအခါတွင်လည်း 'မကြိုက်' ဝင်လာတတ်၏။ သို့ကြောင့် ဤ 'မကြိုက်'သည် အကြိုက်၏ဆန့်ကျင်ဘက်။ သို့မဟုတ် အကြိုက်နှင့် ယှဉ်ဝင်လာသော အကြိုက်၏ဖွားဖက်။

**ဓမ္မေသက**. . .

ထိုမကြိုက်တရားကို ပါဠိလို **'ဒေါသ'** ခေါ်၏။ တစ်ဖက်သား ပြစ်မှား

တတ်သောကြောင့်။ ထိုဒေါသသည် အလိုမပြ အကြိုက်မကျရာများ၌ ဖြစ်တတ်ရာ. . .

မိမိအောက်ကို သဝန်တိုစိတ်ဖြင့် မကျေမချမ်းဖြစ်နေစဉ် **ဣဿာ** အမည်တွင်၏။

မိမိအထက်ကို မနာလိုစိတ်ဖြင့် မကျေမချမ်းဖြစ်နေစဉ် **မစ္ဆရိယ** အမည်ခံယူရ၏။

မိမိကိုယ်မိမိ နောင်တပူပန်စိတ်ဖြင့် မကျေမချမ်းဖြစ်နေစဉ် **ကုက္ကုစ္စ** အမည်ပေးခံရ၏။

ထိုသုံးပါးစလုံး ဒေါသ (ပြစ်မှားလိုခြင်း)နှင့် အရင်းဖြတ်၊ အဖျားဖြတ်များချည်းသာ။ ယင်းတို့သည် လောဘ တဏှာကဲ့သို့ အတူတွဲမနေတတ်ကြ။

သဝန်တိုစိတ်ဖြစ်နေစဉ် ဒေါသ နှင့် ဣဿာတို့သာ ပါ၏။ အခြားမပါလာ။ မနာလိုစိတ်ဖြစ်နေလျှင် ဒေါသ နှင့် မစ္ဆရိယတို့သာ ပါ၏။ အခြားမပါလာ။ နောင်တစိတ်ဖြစ်နေလျှင် ဒေါသ နှင့် ကုက္ကုစ္စတို့သာ ပါ၏။ အခြားမပါလာ။ တာဝန်ကျအတွဲနှင့် ကင်းစောင့်တာဝန်ယူထားကြသူများ ပမာ။

**ဓမ္မေသက. . .**

သင့်အတွက် ဒေါသခွင်ဝင် မုန်းအုပ်စုတို့စကား ဤမျှဆို သင်နားလည်လောက်ပြီ။

**ဓမ္မေသက. . .**

(ဂ) ထိုကြိုက်၊ မကြိုက်တို့နှင့် အရောတဝင် ဆက်ဆံနိုင်သူမှာ မောဟ တစ်ခုသာ။ 'မောဟ' ဆိုသော ထိုပါဠိစကား၏သဘောထားမှာ. . . မည်သည့်အာရုံနှင့်မျှ မတွေ့ဖြစ်မိ၊ ငေးတိတိ အသိသည်လည်း မောဟ။ အာရုံမိပြန်ကလည်း အတွင်းထိ မဝင်မိ၊ သညာဖြင့် ပြင်ပမှ သိနေခြင်း ကလည်း မောဟ။ ပြင်ပမျှ သိနေရာမှပင် မကောင်းနှင့်အကောင်း ပြောင်းပြန်ထင်



ထင်နေခြင်းကလည်း မောဟ။ ခွေးသည် ရွှေနှင့်မစင် အတူ မြင်ရာ၌ မစင်ပေါင်း အကောင်းထင် စိတ်ကူးထင်နေပုံမျိုး။

**ဓမ္မေသက. . .**

မောဟမေ့မှား ထိုသဘာဝအထား တရားများကား သင်နှင့်အကျွမ်းဝင်ပြီးသား။

ထိုမောဟမှပင်. . .

သူတော်ကောင်း မကြိုက်သောအလုပ် ပြုလုပ်ရမည်ကို ရှက်ရကောင်းမှန်း မသိတတ်မှုက **အဟိရိက**။

မိမိကိုယ်တိုင် နောင်ရော အခုပါ ခံရဦးမည်ကို ကြောက်ရကောင်းမှန်း မသိတတ်မှုက **အနောတ္တပ္ပ**။

သွေးပူလှန့်သဖြင့် ပျံ့ကြွသွားသော မိမိစိတ် ဘာနှင့်မှ မချိတ်မိရာမှ မသိတတ်မှုက **ဥဒ္ဓစ္စ**။

အာရုံတည့်ကို မိမိရရ မဖမ်းနိုင်သဖြင့် ချီတုံချတုံဖြစ်နေရာမှ မသိတတ်မှုက **ဝိစိကိစ္ဆာ**။

ထိုလေးပါးစလုံး မောဟ (အာရုံမှန်ကို ကလန်ကဆန်လုပ်တတ်ခြင်း)၏ အသင်းအပင်းများချည်း ဖြစ်ကြ၏။ ထိုလေးပါးလည်း တစ်ပါးနှင့်တစ်ပါး မရောနှောကြ။

**ဓမ္မေသက. . .**

ထိုလေးပါးတို့သည်လည်း သင် နေ့စဉ်သုံး စိတ်ကြား၌ ပါပြီးသားချည်းသာ။

ထိုလေးပါးတို့တွင်. . . မရှက်မကြောက်စိတ်သည် တော်သလင်းခွေးတို့၏ အကျင့်မျိုးကြား အကျင့်တိုးဝင်သွားရာ၌ ထင်ရှား၏။ ပျံ့စိတ်သည် အာရုံဟောင်း၊ သစ် ကြား ကိုယ်ကြိုက်အာရုံတစ်ပါး ရှာဖွေနေရာမျိုး၌

ထင်ရှားဧ။ တွေစိတ်သည် ကြိုက်နှင့်မကြိုက် အတိုက်အခံလုပ်နေကြရာ၌ ထင်ရှားဧ။ မယုံ သင် တစ်နေ့ကုန် အလုပ်လုပ်နေစဉ် စစ်ကြည့် သိနိုင်ဧ။

ထိုလေးပါး မောဟ၏အမှန်ကို ဖုံး၍ မမှန်အသုံးချခိုင်းရာ၌ အကူထိုး ပံ့ပိုးသမားများချည်းသာ။

**ဓမ္မသက**. . .

မောဟခွင်ဝင် မေ့အုပ်စုတို့စကား ဤမျှဆို သင် နားလည်လောက်ပြီ။

✶



## အုပ်စုချင်းပေါင်း တစ်ကြောင်းတည်းလမ်းမှနေ တားကြမည်

**ဓမ္မသက** . . .

ထိုဆိုခဲ့ပြီး သုံးအုပ်စု တစ်ဆယ့်လေးမျိုးသော အယုတ်ထား သဘာဝ တရားဆိုးတို့သည် အောက်ပြည်သုံး ထုံးစံ၏ အသုံးတော်ခံများ ဖြစ်ခြင်း ကြောင့် အောက်တန်းစားတရားများ ဆိုရဧ။ ဤတရားများကိုပွား အောက်ပြည်သို့သာ လားစေခြင်းကြောင့်လည်း အောက်တန်းစားတရား ဆိုရဧ။

ယင်းတို့သည်. . . လူ့စိတ်ကိုဖုံး၍ လူညွှန့်ကိုလည်း တုံးစေကြပါကုန်ဧ။ သည်မျှမကသေး လူ၌ရှိအပ်သော လူစိတ်မှန်အား ဖျူစင်နေပါက မည်းညစ် အောင်လည်း ပြုလုပ်ပေးကြဧ။ မြင့်မြတ်နေသူဖြစ်က ယုတ်ညံ့အဖြစ်သို့ လည်း တွန်းပို့ပေးနေကြပါဧ။

**ဓမ္မသက**. . .

ထိုတစ်ဆယ့်လေးပါးတို့တွင် . . .

(က) လောဘအုပ်စုမှ အရင်းခံ လောဘနှင့် မာန၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ (ငါးပါး)၊

( ခ ) ဒေါသအုပ်စုမှ အရင်းခံ ဒေါသ (တစ်ပါး)၊

( ဂ ) မောဟအုပ်စုမှ အရင်းခံ မောဟ နှင့် အဟိရိက၊ အနောတ္တပ္ပ၊ ဝိစိကိစ္ဆာ

(လေးပါး)၊

ပေါင်း ၁၀-ပါး။

ထို ၁၀-ပါး သင့်စိတ်သို့ ပူးဝင် ခိုကပ်လာသောအခါ အပူးခံ ထိုသင့်စိတ်ကလေးသည် ဖြူစင်နေရာမှ မည်းညစ်သွားသောကြောင့် ထို ၁၀-ပါး ကိလေသာ အမည်ရပြန်၏။ အေးချမ်းနေရာမှ ပူပန်သွားသောကြောင့်လည်း ထို ၁၀-ပါး ကိလေသာ အမည်ခံယူရ၏။

တစ်ဖန် ကိလေသာအညစ်မှ သံယောဇဉ် ဖြစ်စေလိုသောအခါ . . . လောဘအုပ်စုမှ ထိန၊ မိဒ္ဓ နှစ်ပါးကို လောဘထဲ၌ပင် ပြန်သွင်းပေး။ မောဟအုပ်စုမှ အဟိရိက၊ အနောတ္တပ္ပတို့ကိုလည်း မောဟထဲ ပြန်သွင်းပေး။ ထိုအခါ ၁၀-ပါးမှ ၆-ပါးမျှသာ ကျန်စေပါတော့မည်။

တစ်ဖန် ထိုအထဲမှ လောဘတွင် . . .

(က) ကာမအာရုံခင် လောဘကိုကား 'ကာမရာဂ' အမည်သစ် ထပ်မံပေး။

( ခ ) ဘဝ ဖြစ်စဉ်ခင် လောဘကိုကား 'ဘဝရာဂ' အမည်သစ်တင်ခဲ့ပေးကာ တစ်ပါးတိုးပေးပါ။

ဒိဋ္ဌိတွင်လည်း . . .

(က) သာမန်အမြင်မှားမှုကို ဒိဋ္ဌိ ဟူ၍ပင် အမည်ပေး။

( ခ) ဘာသာရေး အယူသီးမှု အမြင်ကိုကား သီလဗ္ဗတပရာမာသ အမည် တင်ခဲ့ပေးကာ တစ်ပါးတိုးပေးပါ။

တစ်ဖန်  ဒေါသထဲကိုလည်း ဣဿာ၊ မစ္ဆရိယ နှစ်ပါးတိုး ပေးပါ။

ထိုအခါ ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ သီလဗ္ဗတပရာမာသ၊ အဝိဇ္ဇာ . . . ပေါင်း ၁၀-ပါး ဖြစ်လာပြန်သည်။

ထို ၁၀-ပါးတို့ သင့်စိတ်၌ ပူးဝင်လာပါက သံယောဇဉ် ဆိုရပြန်၏။



**ခမွေ့သက**. . .

ဤအားလုံးတို့သည် ဆိုခဲ့ပြီးသော ၁၄-မျိုးတို့၏ လှည့်ကွက်များချည်းသာ ဖြစ်ကြ၏။ တစ်နေရာ တစ်ခါနာမည်ပြောင်းဖြင့် သောင်းကျန်းကြပါကုန်၏။ သို့ကြောင့် ယင်းတို့ကို . . . အပြစ်မဲ့စိတ်အား အပြစ်သို့ ကျရောက်စေတတ်သောကြောင့် အကုသိုလ်ဟူ၍လည်း ဆိုရ၏။ အကောင်းခင်စိတ်မျိုးကို အဆိုးကြား ထိုးပို့တတ်သောကြောင့်လည်း အကုသိုလ် ဆိုရပြန်၏။

**ခမွေ့သက**. . .

ဆိုခဲ့ပြီးသော ကိလေသာ သံယောဇဉ်တရားကိုယ်များသည် . . .

အပြစ်နှင့်တကွ မကောင်းကျိုး ထိုးပို့တတ်၏။ သို့ကြောင့် အကုသိုလ်။

စိတ်ကို ပူပန်စေတတ်၊ နှိပ်စက်တတ်၏။ သို့ကြောင့် ကိလေသာ။

စိတ်သို့ ပူးဝင်ကာ လိုရာရာ ဖန်တီးယူတတ်ကြ၏။ သို့ကြောင့် သံယောဇဉ်။

ဤအမည်ပေါက် အယုတ်တရား ထိုတစ်ဆယ့်လေးပါးတို့တွင် . . . **မောဟသည်** အမှန်ကိုဖုံး အမှားဘက် စည်းရုံးပေးတတ်သောကြောင့် ခေါင်းဆောင်။ **တဏှာသည်** စိတ်အား အကြိုက် ရှာဖွေပေးစားတတ်သောကြောင့် စိတ်မိခင်။ ထိုနှစ်ခုတို့သည်သာ အခရာ၊ ထို နှစ်ခုတို့သည်သာ အညာ ဆိုရမည်။

မသိ၍ ကြိုက်မိခဲ့ပါသည်၊ အကြိုက်မိ မသိ ပြန်ဖြစ်ရပါသည်။ ထိုစဉ်အကြိုက်မိချိန် ကြိုက်သွေး ကလိ နှလုံးသွေးအနီရောင်ထည့်ပေးထားခံရသောကြောင့် ဘာကိုမှ မဆင်ခြင်နိုင်စေခြင်းဖြင့် မသိက ဖုံးဖိပေးထားလိုက်ပါပြီ။ ထိုအခါ . . . မသိ၍ကြိုက်၊ ကြိုက်၍မသိ ဘာဖြစ်ဖြစ်သို့ စိတ်ဦးလှည့်ပေးလိမ့်မည်။ ကျန်ဒေါသနှင့်အားလုံးတို့ကား ဆိုင်ရာကြုံမှ ခုန်လိုက်လိုက်ခွင့်ရကြခြင်းဖြစ်ရာ ဤ၌ စာဖွဲ့မဆိုလောက်တော့ပါ။

**ဓမ္မသက. . .**

တစ်ဖန် ထိုမသိနှင့် အကြိုက် စိတ်အလိုက် နှစ်ပါးတွင်လည်း . . . မသိသည် လွန်ကျူးသူ ကာယကံရှင် မဟုတ်။ ကာယကံရှင်အကြိုက် လွန်ကျူးနေရာ၌ ဖုံးကွယ်ပေးထားခြင်းမျှသာ ဖြစ်သဖြင့် သီးခြား အရေးမယူလောက်ပါ။ သို့ကြောင့် . . .

(က) အကုသိုလ် ၁၄-ပါးတို့၏ အဓိက တရားခံသည် တဏှာ။

( ခ ) ကိလေသာတရားကိုယ် ၁၀-ပါးတို့၏ အဓိက လက်သည် သည်လည်း တဏှာ။

( ဂ ) သံယောဇဉ် တရားကိုယ် ၁၀-ပါးတို့၏ အဓိကဇာတ်ကောင်သည်လည်း တဏှာပင်။

**ဓမ္မသက. . .**

သင့်အား မြင့်မြတ်ရာမှ ယုတ်နိမ့်ရာသို့ အဆင့်ချနေခြင်းသည် သည်တဏှာ။ သင့်အား ဖြူစင်ခြင်းမှ မည်းညစ်ခြင်းသို့ ပြောင်းလဲပေးနေသည်မှာ သည်တဏှာ။ တဏှာသည် ဗိသုကာ လက်သမား။ တဏှာသည် မျက်လှည့်သမား။

သို့ကြောင့် ယနေ့ ပါရမီလမ်းသို့ အဆင့်ဆင့် လှမ်းထွက်လိုသူ သင့်အဖို့. . . သင့်၌ လက်သပ်မွေးထားသော အကြိုက်ကလေးကို ဖယ်ရှားသုတ်သင်ဝံ့မှသာ အတားကင်းရှား ဖြူစင်မြင့်မြတ်သောနေရာသို့ သင်သွားခွင့်သာမည် ဆိုသည်ကို သင် ယတိပြတ် ဆုံးဖြတ်ချက်ချ။

အကုသိုလ်၊ ကိလေသာ၊ သံယောဇဉ် . . . ယင်းတို့ကြောင့် ဖြစ်ပွားရသော မကောင်းကျင့် ဒုစရိုက်များ။ ထိုအားလုံး ဤတဏှာ၏လက်ချက်ချည်း ဆိုသည်ကိုလည်း သင်ဆုံးဖြတ်ချက်ချ။ ထိုအားလုံး ဤတဏှာ၏ ဇာတ်ကောင်ချည်း ဆိုသည်ကိုလည်း သင် ဆုံးဖြတ်ချက်ချ။



တဏှာသည် လောကကို ဖန်တီး၏။ တဏှာသည် လောကကိုင်၏။

ရှိရှိသမျှ အရာအားလုံး တဏှာ၏ အလိုသို့သာ လိုက်ပါနေကြရ၏။

ဤဘုရားစကား နားဝယ်ထား၍ တဏှာဖယ်ရှားရေး သင် ကြိုးစားလိုက်ပါလေ။

✶

## အာသဝမှ သြဃသို့ ဖြန့်ကားခြင်း

**ဓမ္မေသက . . .**

စိတ်နိမ့်၊ စိတ်ချို့ကို ဖွံ့သိပ်ပေး၍ စိတ်မြင့်၊ စိတ်မောက်သို့ ရောက်လိုသူ တစ်ယောက်အဖို့ တဏှာမျှင် စိတ်သို့ ပူးယှဉ်ဝင်ခွင့်မရရန် တားမြစ်ရမည် ဆိုသည်ကို သင်သိလောက်ပြီ။ တဏှာအလို စိတ်ကလိုက်၊ စိတ်အလို ကိုယ်ကလိုက်ဖြင့် စိတ်ဖြစ်စဉ် အမျှင်တန်းကြီးလည်း မြင့်ရာမှ နိမ့်ရာဘက် ယက်ဆင်း ဆင်းသွားရာ ခန္ဓာရှိ သွေးအားလုံးလည်း အတွင်းမှ အပြင်သို့ ထွက် စီးလျက်ထင်းလင်းဆင်းသွားရာ . . . တစ်ခါပြီးတစ်ခါ သင့်တစ်ဘဝ တွင်ပင် ဘယ်နှစ်ခါရှိပြီနည်း။

မျက်စိမှ၊ နားမှသည် တံခါးပေါက်များ အားလုံးဖွင့်၊ အဆင့်ဆင့် သင် စိတ်လွှင့်ခဲ့ရပြီ။ ကိုယ်ရှိ သွေးများလည်း နှလုံး သွေးမှတစ်ဆင့် အစုန်၊ အဆန်ဖွင့် သင်ပျက်လွှင့်ခဲ့ရပြီ။ သွေးတောင်း၍စိတ်လှုပ်ရှား၊ စိတ်လှုပ်ရှား၍သွေးသားဆူ တစ်နေ့ တစ်နေ့ သူတို့၏ အပေးအယူကား ပြီးသွားပြီ၊ တော်ပြီ သင့်၌ မရှိခဲ့ပြီ။

ထိုစဉ် တဏှာကြောင့် စိတ်ယိုစီးမှုကြီးသည် လေးမျိုးဖြာထွက်လာ၏။



၁။ တဏှာက ကာမဂုဏ် စုံမက်ခြင်းကလည်း အစရှိ အနောင်နောင်ယိမ်း လက်စမသိမ်း။

၂။ တဏှာက ဘဝဘုံ စုံမက်ခြင်းကလည်း အစရှိ အနောင်နောင်ယိမ်း လက်စမသိမ်း။

၃။ ဒိဋ္ဌိက အပိုင်ထင် ခင်မက်ခြင်းကလည်း အစရှိ အနောင်နောင်ယိမ်း ထိန်းမရတော့ပါ။

၄။ အဝိဇ္ဇာက အမှန်ထင် အမှားတွင် ခင်မက်ခြင်းကလည်း အစရှိ အနောင် နောင်ယိမ်း ထိန်းမရကြတော့ပါ။

ထိုလေးပါးတို့ စီးဆင်းရာနောက် ကိလေသာအုပ်စုဝင် ကျန်အားလုံးများ လည်း ရေစီးကမ်းပြိုပမာ အားလုံးလည်း မျောပါသွားကြပြီ။

ယင်းတို့သည် နွေခေါင်ခေါင် မိုးရွာပေးရသည့်ပမာ ပြည့်သည်၊ ဝသည် မရှိ။ စိုသည်၊ ပြည်သည် မရှိ။ အခြောက်တိုက် အာရုံနောက်လိုက် မိနေကြရ သည်သာ။

**ဓမ္မေသက. . .**

ထိုစိတ်ယိုစီးကြောင်း ၄-ကြောင်းသည် တဏှာနှင့်အဝိဇ္ဇာမှ ထွက်ကျ လာကြသော စီးကြောင်းပြင်ကျယ်ကြီးများ ပင်ဖြစ်ကြရာ . . . ကာမ၊ ဘဝ၊ ဒိဋ္ဌိ ထိုသုံးခု တဏှာ စီရင်စုချည်း ဖြစ်ကြ၏။ အဝိဇ္ဇာတစ်ခုလည်း တဏှာ ၏စီရင်စု မှီ၍ ဖြစ်ပွားလာရ၏။ လိုချင်ရာမှ ဘာဆိုဘာမျှ မသိ။ ဘာဖြစ်ဖြစ်ထဲ ဆင်းမိသွားသောအခါ အဝိဇ္ဇာစီးကြောင်းကြီးလည်း အရာထင်ရတော့၏။

ယနေ့ ဝက်သားကြိုက်သူ ထိုဝက်သားဟင်း၌ တစ်ဖတ်ပြီး တစ်ဖတ်, တစ်ထပ်ပြီးတစ်ထပ် စားပြီးခဲ့သည့်ပွဲများကား ဘယ်လောက်နည်း။ နောင် နောင် စားသုံးဦးမည့် ပွဲပေါင်းကား ဘယ်လောက်နည်း။ သူတစ်ဖက်သား ကျွေးမွေးသည်ကို စားခဲ့မိသည့် ပွဲပေါင်းကား ဘယ်လောက်နည်း။သူတစ်ဖက်

သားအား မိမိကျွေးမွေးခဲ့သည့် ပွဲပေါင်းများကား ဘယ်လောက်နည်း။ စစ်ကြည့် ရှေ့မမြင်၊ နောက်မမြင်၊ ဘေးနှစ်ဖက်လည်းမမြင်။ သင့်စိတ် ဝက်ပင်လယ်ပြင်ကြီးထဲ ရောက်နေပြီ။

ယင်းနှင့်အတူ ဝက်သား စားဖြစ်နေမိခြင်းဘဝ၊ ဝက်သား အမြင်ဒိဋ္ဌိ၊ ဝက်အကြောင်း, မိမိအကြောင်း အတွင်းသိ မသိသော အဝိဇ္ဇာများလည်း ပူးတွဲပါလျက်ကသာ။

သို့ဖြင့် လူတစ်သက် အာရုံငါးကွက် တစ်ကွက် တစ်ကွက်လျှင် အကြိမ်မနည်းကြတော့ပါ။ အာရုံတစ်ကွက် တစ်ကွက်၌ပင် အချိပေါင်း ဘယ်လောက်ဘယ်လောက်ဟူ၍ မသိနိုင်ကြတော့ပါ။ သည်လောက်ဆို သင် ကူးခပ်ရမည့် ပင်လယ် သင့်အဖို့ အသိအမြင် ကျယ်လောက်ပြီ။

✶



## ပင်လယ်ကူး အထူးတပ်ဖွဲ့ပြင်

**မမွေ့သက. . .**

ပါရမီ ၁၀-ချက် ထိုလက်နက်တို့သည် ဆိုခဲ့ပြီး အာသဝါပြင်ကျယ် စိတ်ပင်လယ်ကို ကျော်ဖြတ်ကြရာ၌ လှော်တက်အရာလည်း ဝင်၏။ ထိုးဝါးထောက်တံအရာလည်း ဝင်၏။

သို့တစေလည်း . . . ထိုလက်နက်များကား ကိုင်တွယ်သူမရှိက အသက်မဝင်။ ကိုင်တွယ်သူရှိမှသာ သက်ဝင်လှုပ်ရှား သတ္တိစွမ်းပကား ပြတတ်ကြရာ ဤ၌ ကိုင်တွယ် အသုံးချပေးမည့်သူ လိုအပ်လာချေပြီ။ ထိုစဉ် . . . အယုတ်စုများ၌ တဏှာသည် ဦးဆောင်ဖြစ်သည်အတိုင်း . . . အမြတ်စုများ၌ကား သဒ္ဓါသည် ဦးဆောင်လမ်းပြ ထားရမြဲသာ။

လောက၏အမြတ်ဆုံးတရားသည် ယုံကြည်ချက်။

ဘာမဆို ယုံကြည်ချက်ပြင်း ပေါက်မြောက်လိုရာအခင်း လမ်းရှင်းပေးပြီးသားသာ။

**မမွေ့သက**. . .

သို့ကြောင့် ဤအမြတ်တရားအားလုံးတို့ကို သဒ္ဓါက ဦးဆောင်မည်။ ထို့နောက် အာတာပီ၊ သမ္ပဇာနော၊ သတိမာ ဆိုသော ဘုရားလမ်းညွှန်ချက်အတိုင်း . . . ယုံကြည်ရာမှ ရဲတင်းလာသော အာတာပီ ဝီရိယအထား

စိတ်ဝယ်နားမည်။ ရဲတင်းရာမှ သတိဝင်လာသော အပ္ပမာဒ သတိအထား စိတ်ဝယ်နားမည်။ မှတ်ချက်ယူရာမှ အသိဝင်လာသော ဝိဇ္ဇာသိအထား စိတ်ဝယ်နားမည်။ ယင်းတို့နောက်၌ကား ဗောဓိပက္ခိယတရား ၃၇-ပါး အားလုံး နားခိုလာကြမည်။

**ဓမ္မေသက . . .**

တကယ့်ပွဲဝင်အဖြစ်ဖြင့် အတား ဖြတ်တောက်ရာ၏ ပါရမီဆယ်ချက် ထက်မြက်သောလက်နက်တို့ကို ကိုင်စေရာ၌ ဝီရိယ၊ သတိ၊ အသိ ဤသုံးပါး တို့သာ ဖြစ်သည်။ ထိုသုံးပါးတို့ဖြင့်ပင် အားလုံးပြီးစီးသည်။

ထိုစဉ် စိတ်နှင့်အာရုံအထိ သတိက မှတ်ချက်ယူပေးနေ၏။ ထိုသို့ ယူပေးနေရာ၌. . . သတိ၏ရှေ့နောက်မှနေ ကြောင့်ကြထားစိတ်၊ ဝီရိယ အကူထားရမည်။ သတိ၏မှတ်ချက်အရှိ အနီးကပ်သိ၊ အဝေးနေသိဖြင့် အသိ က အားဖြည့်ပေးရမည်။ ထိုသို့သာ ထို သတိ၊ ဝီရိယ၊ အသိ သုံးခု ရဲသုံးဘော် အဖြစ် စုစည်းတိုက်ပွဲ ဝင်နေကြပါမူ. . .

(က) သတိပဋ္ဌာန်လေးပါးမှသည် ဗိုလ် ဣန္ဒြေများ၌ရှိသော သတိများ၊ မဂ္ဂင်၌ ရှိသောသတိ၊ ဗောဇ္ဈင်၌ရှိသောသတိ၊ အားလုံး ဤသတိ၏ လက် အောက်၌ ရောက်ရှိလာနေကြပြီ။

(ခ) တစ်ဖန် သမ္မပဓာန်လေးပါးမှသည် ဣဒ္ဓိပါဒ်၌ရှိသော ဆန္ဒ၊ ဝီရိယနှင့် ဗိုလ်၊ ဣန္ဒြေတို့၌ရှိကြသော ဝီရိယများ၊ မဂ္ဂင်, ဗောဇ္ဈင်တို့၌ရှိကြသော ဝီရိယများလည်း ဤဝီရိယနှင့် အတူပါသွားကြပြီ။

(ဂ) တစ်ဖန်လည်း စိတ္တ၊ ဝီမံသမှသည် ကျန်အားလုံး ဤအသိ၏အစည်း အရုံးထဲ၌ လုံးဝင်လာကြပြီ။

ဗောဓိပက္ခိယတရားများ ဘာကျန်နေရစ်သည်မရှိ၊ အားလုံးအပြည့်။

အမြတ်စုထား တရားအားလုံး ဘာမှလိုလေသေးမရှိ၊ အားလုံးအပြည့်။



သို့ကြောင့် သတိ၊ ဝီရိယ၊ အသိ ဤသုံးပါးတို့သည် မြတ်စု အားလုံးတို့၏ ရှေ့သွား။ ရှေ့တန်းတပ်မမျုးကြီး သုံးပါးအဖြစ် သင်တစ်ထစ်ချ မှတ်ခဲ့ပါလေ။ သို့မဟုတ် ပင်လယ်ကူးသင်္ဘောကြီး၏ မာလိန်မှူး နှင့် လက်ထောက်ကြီးများ။

✶

## ပင်လယ်ကူးသင်္ဘောတည်ဆောက်ခြင်း

**ဓမ္မသက. . .**

သင်သည် . . . အာသဝပင်လယ်ကူးရန် ပြင်ဆင်ရာ၌ . . . ရုပ်၊ နာမ် နှစ်ရပ် တို့ဖြင့် ဖွဲ့စပ်ထားသော သင့်ခန္ဓာအိမ်ကြီးကား သင်္ဘောအရာထား။ သင့်ခန္ဓာအိမ် ဝမ်းတွင်းရှိ ကလီစာများကား သင်္ဘော၏ စက်အစိတ်အပိုင်းများ။ တွင်း၊ ပြင်နှစ်ရပ်ရှိ အကြည်ဓာတ် ၆-မျိုးကား ပြင်ပ အချက်ပြကိရိယာများ။ အတွင်းနေ လေ၊ မီး နှစ်ရပ်တို့ကား စက်လည်ပတ်စေရာ မီးအားပမာ။ အတွင်းနေ ရေ၊ မြေ နှစ်ရပ်တို့ကား မီး၏ လောင်စာ စက်ဆီအရာ။ ဝင်၊ ထွက်လေ နှစ်ရပ်တို့ကား သင်္ဘောစက်ခေါင်းတိုင်မှထွက်သော မီးခိုးအလား။

ထိုသို့ သင်တည်ဆောက်ထားပြီးသော် သတိသည် တက်မ၊ ဝီရိယ,အသိ တို့ကား ထိုတက်မအား လှုပ်ရှားပေးမည့် ကြိုးထိန်းနှစ်ပင် အရာတင်၍ သတိမှဖြစ်သော မှတ်သိစိတ်ကား မာလိန်မှူးအရာမှနေကာ ခန္ဓာအိမ်ကို ခုတ်မောင်းပေးမည်။ သတိနှင့်ထပ်ဆင့် အောက်မေ့စိတ်ကား လက်ထောက်အရာမှနေကာ အားပေးကူညီမည်။ သတိရှေ့၊ နောက်ရှိ ဝီရိယ ကြောင့်ကြသိ အထောက်ကား စက်ပြင်မှူးချုပ် အရာမှနေကာ ပံ့ပိုးမည်။



ဤ၌ သတိ၊ ဝီရိယ၊ အသိ မူလသုံးမျိုးက တစ်တွဲ၊ သည့်နောက်မှတ်ရာမှ သိသော မှတ်သိ၊ ကြောင့်ကြသိ၊ ဉာဏ်သိက တစ်တွဲ မှတ်လေ . . . ။

**ဓမ္မသက. . .**

သတိ၊ အသိ၊ ဝီရိယဆိုသော ထို သုံးဦးတို့ သင့်စွဲစိတ်ပေါ်မှ ဖြတ်ကျော်၍ အထဲစိတ်သို့အပေါက် ခုတ်မောင်းရာ၌ ဗောဓိပက္ခိယ အားလုံးလည်း ပါပြီး ဖြစ်နေပေလိမ့်မည်။ အမြတ်တရား၏ အရိုက်အရာအားလုံးလည်း ပါပြီး ဖြစ်နေပေလိမ့်မည်။

ဘယ်အရာတော့ဖြင့်ပါလာသည်၊ ဘယ်အရာကား လိုနေသေး တွေးစရာမရှိ။ သူ့နေရာ၊ သူ့အလှည့်ရောက် ကူထောက်မည်သာ ဖြစ်သဖြင့် ဆစ်ကြည့်နေစရာမလို။ သတိသည် သူ့အသင်းအပင်းအားလုံး စည်းရုံးသိမ်းသွင်းလျက်က ခရီးဆက်လေ့ရှိ၍။ ဝီရိယသည်လည်း သူ့စာရင်းဝင်အားလုံး ခွင်နှင့်ကပ် စပ်လျက်က ခရီးဆက်လေ့ရှိ၍။ အသိသည်လည်း ကျန်သမျှအားလုံး ဉာဏ်လွှာဖြင့် ပေါင်းရုံးကာ သုံးလျက်က ခရီးဆက်လေ့ရှိ၍။

**ဓမ္မသက. . .**

သင့်ထံနေ ကိလေသာ၊ သံယောဇဉ်၊ တရားကိုယ် ထိုထို အကုသိုလ်တရားများသည် အလေ့ကျပေါက်မျိုးပမာ သင့်ဉာဉ်၌ဝင်၍ ဉာဉ်သွေးအကြိုက် အလိုက်ပေးရင်းက သင့်၌ စွဲထင်းစိတ် ဖြစ်ပွင့်လာလေ့ရှိချေရာ သင့် သင်္ဘောကြီး ဖြတ်ကျော်ခုတ်မောင်းရမည့် ခရီးအကျယ်အဝန်းသည် သင့်စွဲစိတ်၏အပြေးအတိုင်းလျှင် အရာကျယ်၏။ အစွဲဉာဉ်၏ အစွဲအမြင်အတိုင်းလည်း အရာကျယ်၏။ ထိုအစွဲ၊ ထိုဉာဉ်များအတိုင်း ခွက်ဝင်နိမ့်ကျသွားသော သင့်ထံရှိ လူ့အသိဉာဏ်၏ အတိမ်အနက်အတိုင်းလည်း ရေစူးရှိ၏။

ထိုစဉ် အစွဲတို့သည် ဆယ်မျိုးသော ကိလေသာ၊ ဆယ်ဖြာသော သံယောဇဉ်များအတိုင်း လှိုင်းထန်၍နေချေရာ သင့်လက်သုံး အပ္ပမာဒ 'သတိ' ကလည်း ပါရမီဆယ်ချက်တို့ဖြင့် တွဲဖက်လျက်က ဖြတ်ဝင်ပေးရမည်။ သင့်အစွဲ အားလုံးတို့၏ ထိပ်သီးသည် တဏှာ၊ သင့်ပါရမီတို့၏ဦးစီးက သတိ။ သို့ဖြစ်ရာ တဏှာညဉ့် အခင်တွေး သတိက ဖြတ်ကျော်ပေးရမည်။

ဤသို့ တဏှာနှင့် အပေါင်းပါတို့သည် သင့်ရှိ အမှတ်မဲ့စိတ်ကို သူတို့ လိုသလို ကိုင်သုံးခဲ့ပြီးကြပြီ။ သတိနှင့် အပေါင်းပါတို့သည်ကား ယခု အမှတ်ဖွဲ့စိတ်ဖြင့် ထိုအစွဲများကို ဖြတ်ခွဲထားခဲ့ကြရမည်။

ထိုစဉ် တဏှာနှင့် အပေါင်းပါကား အတား၊ သတိနှင့်အပေါင်းပါတို့ကား အသွား။ တဏှာနှင့် အပေါင်းပါကား ရေလက်ကြား၊ သတိနှင့်အပေါင်းပါတို့ကား သင်္ဘောကြီးသမား။

✶



## ဝိတက်ပင်လယ်ပြင်ကြီး

**ဓမ္မေသက. . .**

သူဌေးကြီးအမည်သည် ရွှေ၊ ငွေ၊ ဓန၊ ပြင်ပ အခြံရံတို့က မြှောက်စားထားသော အမည်။ ထိုအရံပစ္စည်းများသည် မာန်သွေး အတွေးကြီး ကာမအာရုံထဲ သွေးစည်းစေရန် ဖြစ်သည်။

သူဌေးသည် အတွေးပင်လယ် ဝိတက်ပြင်ကျယ်ကြီးထဲမှာ နေရ၏။ ဆင်းရဲသားသည် တွေးစရာမရှိ ပေးစရာမရှိ အကြံအဖန် တုံးတိ။ သို့ကြောင့် တွေးစရာကိစ္စ၊ ပစ္စည်းဓနတို့ အမြှောက်၊ အချခံနေရသော သူဌေးကြီးမှာသာ ရှိတတ်ရာ . . .

**ကာမဝိတက်**- ရပြီးကျ ခင်၊ မြင်ရာကျ လို၊ ထိုသူဌေးကြီး၌ စိတ်တွေးများပြို ဆင်းနေချေပြီ။

**ဗျာပါဒဝိတက်**-လက်ရကျ စိတ်မချ၊ မရသေးက အားမလိုအားမရ ထိုအတွေးများလည်း ပြိုကျနေချေပြီ။

**ဝိဟိံသဝိတက်**-အပြိုင်တွေ့ ညှဉ်းကြံကြံ၊ အပိုင်တွေ့ ကမြင်းကြံကြံ ထိုအတွေးများလည်း လျှံနေချေပြီ။

ထိုသူဌေး ဓနငွေကြေး အခြေပေးတို့ အခြောက်အလှန့်များကြောင့်

ကာမတဏှာ၌ ဆာလောင်ပြင်း၊ စိတ်အကြံ ကမြင်းဖြင့် လိပ်ပြာမသန့် ဖြစ်တော့သည်။ ဘဝတဏှာ၌ ဆာလောင်ပြင်း စိတ်အကြံ ကမြင်းဖြင့် တဟင်းဟင်းပင်ဖြစ်တော့သည်။ ထိုထက် အရပိုရာ၌ အာသာပြင်း စိတ်အကြံ ကမြင်းဖြင့် ပျက်ယွင်းနေတော့သည်။

ထိုသူဌေးကြီး စားလျှင်လည်း ထိုအတွေးက မရပ်၊ ဝိတက်နတ် ဖမ်းစားခံနေရရှာပြီ။ သွားလျှင်လည်း ထိုအတွေးက မရပ်၊ ဝိတက်ဘီလူး ပူးဝင်ခံနေရရှာပြီ။ အိပ်သော်မှ ထိုအတွေးက မရပ်၊ ဝိတက်စုန်းမ အပြုစားခံနေရပြီ။

ထိုကိစ္စ ကောင်းမှုပျိုး ကောင်းမျိုး ကောင်းပင် စိုက်ချစဉ်ကာလတုန်းက သတိ၊ အသိ အထွတ်တပ်ထားသော ဉာဏ်အမြင် မဝင်ဆံ့ခဲ့သူများ ပို၍ပင် အတွေး ကစားခံရမည်။

**ဓမ္မသက. . .**

အလိုတွေးတို့ ထိုသို့ အရေးဆိုနေပါသည်ကို သင့်ဘက်က ကြိုဆိုကာ တွေးချည်း တွေးပေးနေပါသော် . . . အစွဲညဉ်က မြင်တိုင်း၊ ကြားတိုင်းလျှင် ကြိုက်ပွဲချည်း ပြင်ပေးနေတော့မည်။ အစွဲကျင့်ကလည်း မြင်တိုင်း၊ ကြားတိုင်းလျှင် စိတ်တွင်းပိုး ထိုးကျင့် ကျင့်နေပေတော့မည်။ အစွဲနာကလည်း မြင်တိုင်း၊ ကြားတိုင်းလျှင် အနာပြ ဆေးဝါးကုဖို့ ဆန္ဒပြနေပေတော့မည်။ ကြာသော် လူကြား မသွားရဲလောက်အောင်ပင် ထိုညဉ်၊ စရိုက်၊ ဝါသနာများက ထကြွနှိုးဆော်နေသည်ကို ခံရမည်။ အာရုံတိုက်သမားများ မိမိရှေ့ ဖြတ်သွားသည်ကိုလျှင် မကြည့်ရဲ ဖြစ်လာမည်။

ထိုစဉ် စည်းစိမ်က လူကို မြှောက်၊ လူ့နောက်ကစိတ်က ကစား အပြစ်ကား များလာပြီ။ စည်းစိမ်က လူကိုစီး၊ လူမီးက တစ်ဖက်ရှို့ နောင် တစ်ဖန် လူဖြစ်ဖို့ပင် မလွယ်ပြီ။ အစွဲက စည်းစိမ်ကပ်၊ စိတ်မှတ်က ကိုယ်ကိုနှိုး နောင်တစ်ဖန် လူးလျှင် လူး, ရူးလျှင်ရူး။



**ဓမ္မသက. . .**

သင်က ငွေကြေးကို ကိုင်သုံး တော်သေး၏။ ငွေကြေးများက သင့်ကို ကိုင်သုံးနေသော်ကား သင် လူလုံးမလှ ဖြစ်တော့မည်။

ထိုအရေး သဒ္ဓါသွေးပါသူများကသာ ပြေးသိကြသည်။

ထိုအရေး တဏှာသွေး ပါသူများကား လူးမြဲလူး၊ ရူးမြဲရူးကြမည်။

ထိုအခါ ထို သဒ္ဓါပါလူသား သင် ဖြစ်နေသည် ဆိုပါစို့။ ထိုသင် မိမိပိုင်ထင်ရသော လက်ဝယ်နား အငှားပစ္စည်းများကို တဏှာ၏လောင်စာအဖြစ်မှ ရုပ်သိမ်းပြီး ပညာ၏လောင်စာအဖြစ် ပြောင်းလဲသုံးရန် ရည်သန်၍ . . .

ဒါန- မိမိလက်ဝယ်ရှိ ပစ္စည်းများကို စွန့်၍၊

ပါရမီ- ငါ့ပစ္စည်း ဆိုသော အစွဲကိုလည်း လွှတ်လိုက်တော့သည်။

**ဓမ္မသက. . .**

ဒါနသည် ငါ့လိုပင် သူများလည်းပဲ (သူလည်းပဲ) ကောင်းစားပါစေတော့ ဆိုသော ‘မျှစိတ်’ မေတ္တာရှင်တိုင်း မိမိ လက်ဝယ်ရှိ ပစ္စည်းကို သူတစ်ဖက်သို့ ကျွေးပါသည်၊ ပေးပါသည်၊ ကမ်းပါသည်၊ စွန့်လွှတ်ပါသည်ဖြင့် ပေးလှူမြဲပင်ဖြစ်ရာ . . .

သားသမီးများကို မိမိနှင့် မျှစိတ်ထားကာ ရှာဖွေပေးကျွေးနေရှာသော ခွေးမကြီးသည်လည်း အလှူ့အမကြီးပင်။ သားသမီးများကို မိမိနှင့် မျှစိတ်ထားကာ ဘေးရန်မှ ကာကွယ်စောင့်ရှောက်ပေးနေရှာသော ကြက်မကြီးသည်လည်း အလှူ့အမကြီးပင်။

သာမန် ပေးရုံ၊ ကမ်းရုံ၊ ကျွေးရုံ၊ မွေးရုံကား မေတ္တာရှင်အားလုံးလည်း ဖြစ်၏။ မိတ်ဖြစ်ဆွေဖြစ်သမားများလည်း ဖြစ်၏။ အဝါအကြွား အပျော်သမားလည်းဖြစ်၏။ ထိုအဖြစ်ကား ဒါန၏ အစွန့်မျှသာဖြစ်၏။ ပါရမီသို့ကား မဝင်လေ။

ပါရမီကား ဖြူစင်မြင့်မြတ်ရာသို့ ထိုးပို့ပေးနိုင်စွမ်းသော ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည်ဆိုသည့် မှိုသုံးချက် ဖျက်ဆီးပစ်နိုင်ခဲ့မှသာ ဖြစ်နိုင်သည်။စွန့်ဆဲ ပစ္စည်းမှီ၍ ယိုစီးကျနေသော တဏှာ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာများ ပိတ်ထားခဲ့မှသာ ဖြစ်နိုင်သည်။

ထိုပါရမီကား အပြစ်ရှိ, အပြစ်မဲ့ကို လည်းကောင်း၊ အကျိုးရှိ, အကျိုးမဲ့ ကိုလည်းကောင်း ခွဲသိ သိတတ်နိုင်သော လူသားစင်စစ်၏ လူ့အရင်းအမြစ် ချရာ ကိရိယာဖြစ်ခြင်းကြောင့်. . .

ကံမှာ ဉာဏ်အဖော်ပါသော လူသားမှသာ တတ်နိုင်၏။

ကံမှာ ဈာန်အဖော်ပါသော လူသားမှသာ တတ်နိုင်၏။

တိရစ္ဆာန်ဉာဉ် ပလပ်ခဲ့၍ လူ့ဉာဉ် တပ်ဆင်နိုင်သူမှသာ တတ်နိုင်၏။

**ဓမ္မေသက. . .**

သည်သို့ဖြစ်လိုလျှင် ဤသို့ပြုကျင့်ရမည်ကိုလည်း သင်သတိပြုပါလေ။

ယင်းမှာ . . .

(က) သောမနစိတ် - ကိလေသာ အနည်အမှုန်မပါ၊ သောက်ရေကြည်ပမာ စိတ်မျိုး သင်ထားပေးပါ။

ငါ၊ အလှူပစ္စည်း၊ အလှူခံပုဂ္ဂိုလ်တို့မှ လိုက်လာမည့် ယိုပေါက်တို့ကို ဟန့်တားခဲ့ခြင်းပင်။

(ခ) ဉာဏ်သွင်းစိတ် - မျက်မြင်ပြောင်းလဲနေခြင်းများကို အရင်းခံ၍ ဖြစ်,ပျက် ဉာဏ် သင်ဝင်ဆံ့ပေးထားပါ။

ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်တို့ကို မှီ၍ဖြစ်သော ဒိဋ္ဌိ၊ တဏှာကို အမြစ်ဖြတ်ထား ခဲ့ခြင်းပင်။

(ဂ) ထက်လွန့်စိတ် - သူတစ်ပါးတိုက်တွန်းခြင်းကင်း မိမိစွန့်လိုစိတ် သင် ပြင်းပြင်းထားပေးပါ။



အစွဲဉာဉ် မဝင်သာချိန် အသုံးချ လူ့ဉာဉ်ကို အထက်သို့ တွန်းတင် ထိုးပို့လိုက်ခြင်းပင်။

တိဟိတ်ပုဂ္ဂိုလ်တို့ ပြုမြဲသော ဤစိတ်ထားသုံးပါးတို့ဖြင့် ပစ္စည်းလည်းစွန့်၊ အစွဲလည်းလွတ် ဒါနမျိုး သင်ပြုကျင့်တတ်ပါသော် . . .

ဒါနက အမြင့်နှင့်အမြတ် တာဝန်ခံပေးတော့သည်။

ပါရမီက ဖြူစင်ခြင်းကို ထောက်ခံပေးတော့သည်။

ထို သောမနဉာဏ်သွင်း စိတ်ဖြစ်ရန်မှာ . . . ဝီရိယတရားက ကြောင့်ကြ စိုက်အားဖြင့် သတိအာရုံထား မမှားရန် ပိုးညှပ်ပေးခြင်း၊ ထိုသတိကလည်း အမှတ်မလွတ်ခြင်း၊ အသိသွင်းပေးထားခြင်းများဖြင့် ယင်းဒါနကို ထိုးဝါး အရာထား ကိုင်ကစားပေးနေတတ်ရမည်။ သို့မှသာ သောမနဉာဏ်သွင်းစိတ် ဖြစ်မည်ဆိုသည်ကို သင် မမေ့လေနှင့်ဦး။

✶

## ခွေးဟောင် ခေါင်းထောင်မကြည့်ဖြစ်

**ဓမ္မေသက. . .**

အသိမြဲ၊ ဝီရိယကဲ၊ သတိ အမြဲစွဲ ထိုသုံးပါးတို့ဖြင့် ဒါနတစ်ခု ပြုမိလေတိုင်း သင့်၌ ကိုယ်စွဲစွန့်နှင့်စိတ်စွဲလွှတ် နှစ်ခု တစ်ထပ်တည်း ကျသွားပါသော်. . . အလှူတစ်လှူပြီး သင့်၌ ခေါင်းမီးတောက်တစ်ချက် လျော့ပါးစေမည်။ အလှူကြီး တစ်ချီပေး သင့်၌ ခေါင်းအေးစိတ်ဖြောင့် တဏှာအရောင့်နည်းသွားစေမည်။ ထိုအလှူက အတွေ့ကိုလည်း ပလပ်၊ အတွေးကိုလည်း အဆက်ဖြတ်ပေးသောကြောင့်။

ထိုစဉ် ပစ္စည်းစွန့်ချလိုက်ခြင်းက အတွေ့ပလပ်နေခြင်း၊ ငါ့ပစ္စည်း မဟုတ်တော့ဟူ၍ ဆင်ခြင်ဉာဏ်သွင်းပေးခြင်းက အတွေး အဆက်ဖြတ်ချပေးလိုက်ခြင်း။

**ဓမ္မေသက. . .**

ထိုသို့ ဖြစ်ရန်မှာ သတိ၊ ဝီရိယ၊ အသိ သုံးချက်မိဖို့ လိုသည်။ ထိုသုံးချက်လှည့် ဆက်မိနေစေခြင်းဖြင့် စွန့်လွှတ်စိတ် အကျိတ်အခဲ အမြဲတည်လာမှသာ အစွဲချုပ်ခြင်းသို့ ရောက်စေမည်။ အစွဲချုပ်မှလည်း ကိုယ်မလှုပ်ယှက် စိတ်အေးသက်ကို ရစေမည်။



ချုပ်အောင်လှူမှ ချုပ်ရာသို့ ရောက်သည်ကို သတိပြု။

ချုပ်အောင်မလှူတတ်က အလှုပ်၏ အခြောက် အနှောက်ခံရမည်ကိုလည်း သိနှင့်ထား။

**ဓမ္မေသက. . .**

သင်၏လှူစဉ်ကာလရှိစိတ်ကို ဆိုခဲ့ပြီး သောမနစိတ်၊ ဉာဏ်ယှဉ်စိတ်၊ ထက်စိတ်များအဖြစ် အပ္ပမာဒသတိက စီရင် ပြင်ဆင်ပေးလိုက်နိုင်မှသာ. . .

**စာဂေါ**- အငြိအကပ် အားလုံးကိုချွတ် လွတ်လွတ်ကြီး စွန့်ကြဲခွင့်ရတော့သည်။

**ပဋိနိဿဂ္ဂေါ**-ရှေ့အလားအလာ ကိုလည်း ဘာဆိုဘာမျှ အတွယ်ရှာမနေတော့။

**မုတ္တိ**-စွန့်ပြီးဝတ္ထု မိမိစိတ်နှင့်အလွတ်ကြီး ဖြစ်နေပြီပေါ့။

**အနာလယော**-စောင့်စား မျှော်လင့် ရေမျှောခန်း လမ်းဖွင့်မနေတော့ပါ။

ထိုအခါ သင့်အလှူ ဤလေးချက်တို့နှင့်အညီ ဖြစ်သွားစေပါပြီ။ ထိုသို့ ဖြစ်ရန်ကလည်း အပြောလွယ်၏။ အကျင့်ခက်၏။

တဏှာ၊ မာန၊ ဒိဋ္ဌိ (ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည်)တို့ဖြင့် အစွဲကြီးစွဲ အတွဲကြီးတွဲထားပါသည်ကို စိတ်မှခွာချပစ်ရသည်မှာ အလျော့စားသမားဆိုက မတတ်နိုင်။

ဤ၌ **သောမနစိတ်**-သောက်ရေကြည်သို့ ဖြစ်ရန်မှာ သမာဓိဉာဏ်အလွန်သန်မှ။ **ဉာဏ်ယှဉ်စိတ်**-ဖြစ်ရိပ်၊ ပျက်ရိပ်မြင်ရန်မှာ လက္ခဏာဉာဏ်အလွန်သန်မှ၊ **အတွန်းလွတ်စိတ်**-ကိုယ့်အသိနှင့် ကိုယ်ပြုရန်မှာ သဒ္ဓါအခံအလွန်သန်မှ။ ဤ မှ သုံးချက် စိတ်အား သံမှိုနှက်သည်သို့ တစ်ခဲနက် တည်နေမှသာ သင်တတ်နိုင်ပါမည်။

တဏှာသည် ကာမပိုင်လင်၊ ကာမပိုင်မယားပမာ ပဋိသန္ဓေယူရန် အာရုံပြုစမှ သေသည့်တိုင် အတူသွား၊ အတူစား၊ အတူအိပ်ခဲ့ကြသော တရားဝင်နေရာမှာ ရှိနေသည်။

သတိဉာဏ်များသည်ကား အမြှောင်ထား တိတ်တခိုးများပမာ ပဋိသန္ဓေယူစဉ်ကလည်း မပါခဲ့ပါ။ မွေးစကလည်း မပါခဲ့ပါ။ ကာလသားသမီးအရွယ်ဝင်လာသော်မှ မပါကြသေးပါ။ လူ့စဉ်တုန်းကအရွယ်နှင့် ထပ်မိချိန်လောက်ကျမှသာ ထိုလူ့စဉ်တုန်းက သန့်စိတ်၊ သိစိတ်၊ ထက်စိတ်ထား အလားကောင်းပါမှ အကူဝင်လာတတ်ပါသည်။

သို့ကြောင့် ထိုသတိဉာဏ်များ . . . လူ့စဉ်စိတ်နှင့်တွဲ တဏှာကွယ်ရာတွင် ထဲထဲဝင်ဝင်ပေါင်း၊ လူ့ပြီးနောက် တဏှာအရောက် ကြက်ပျောက်၊ ငှက်ပျောက်ပျောက်။ ဤနည်းအတိုင်းလျှင် သင့်ထံရှိ စိတ်ယှဉ်ဉာဏ်သည် အမြှောင်ဘဝနေပေးရတော့ရာ ထိုသင်ကား ခွေးဟောင်တိုင်း ခေါင်းထောင်ထကြည့်ခြင်းမှ မလွတ်တတ်ပြီ။ ပစ္စည်းအတွဲဖြုတ် အစွဲပါပြုတ်မသွားသောကြောင့်။ သည်အထဲ အလှူပွဲဝင်လာသူများကပါ ကဲကြဦးမည်ဆိုလျှင် တဏှာခို ယိုစီးကြောင်း လှူစဉ်၊ လှူပြီးနောက်လည်း ချောင်းမြောင်းပေါက်ပင်လယ်လွန်အထိ သင်ရောက်ဦးတော့မည်။

ထိုစဉ် 'သည်က အလှူ့အမကြီးတို့များ ကံကောင်းလိုက်တာ၊ စိတ်ရောက်ရာကံမြောက် နတ်ပြည် နတ်လမ်း ဖောက်ပဲ' ဤကား ဝင်ဝင်ချင်း နှုတ်ခွန်းဆက်စကား။ အလှူရှင်ချထားသော တဏှာမာန်အား ကောက်ယူ ပြန်ပေးနေကြခြင်းသာ။

တစ်ဖန် အလှူရှင်တို့ ကျွေးမွေးပါသည်ကို စားသုံးပြီး ပြန်မည်ရှိသော အခါတွင်လည်း 'အလှူ့ဒကာကြီး ပြန်ဦးမယ်နော၊ သည်က အလှူ့အမကြီးလည်း ပြန်ဦးမယ်နော။ နောင်လည်းပဲ ကျွေးလည်းကျွေးနိုင်ကြပါစေ၊ မွေး



လည်းမွေးနိုင်ကြပါစေ' ဤကား အထွက်နှုတ်ခွန်းဆက် စကား။ အလှူရှင်၏ ဝင့်တက်လာသော တဏှာ ပွင့်၊ ပင့် ပေးထားခဲ့ကြလေပြီ။

ဤသို့ဖြင့် သဒ္ဓါ၏ယုံကြည်ချက် ဘာကို ဘယ်လို တွဲဖက်ရမည်ဟု ကွဲပြားစွာ အသိမရှိသေးသော ထိုအလှူ့ရှင် သဒ္ဓါနေရာ လိုလားနှစ်သက်ခြင်း တဏှာက အစားဝင်လာပြီ။

အသိဉာဏ်လက်နက် အဖြစ်က ဘယ်လို၊ အပျက်က ဘယ်လောက် ဖောက်မကြည့်နိုင်ရှာသေးသော ထိုအလှူ့ရှင် အသိပညာနေရာ မြင်ကွင်းပတ် အမှတ်သညာက နေရာဝင်ယူလာပြီ။

သတိလက်နက် ထားလိုရာဘက် မျဉ်းအစက်ချ ထွက်နည်းပမာ မဆက်တတ်ရှာသေးသော ထိုအလှူ့ရှင် သတိနေရာ မေ့မေ့မက်မက် အဝိဇ္ဇာက သူ့နေရာသူ ပြန်ယူသွားပြီ။

ဝီရိယလက်နက်ကလည်း ဓမ္မ၊ ပညာတို့ဘက် ထောက်ခံအားပေးရမည့် အစား ကာမ၊ သညာတို့ဘက်ကပင် ဘေးညှပ်ဝင် ကာမရေယာဉ်၏ ကမ်းနှစ်ဖက် အရာသို့ ဝင်သွားတော့ပြီ။ မနူးမနပ်တောမှဆိုး တောကျွမ်းကျင် သောဆင်အုပ်ကြီးနှင့် တိုးမိသွားပြီပမာ။

**ဓမ္မေသက. . .**

ဒါနသည် ပြုကျင့်တတ်သူများအတွက် ရင်ဝစူး ဓားလက်နက်ကို ဆွဲထုတ်ပစ်သော ကိရိယာ ဖြစ်နေသော်လည်း မပြုကျင့်တတ်သူများအတွက် မှာမူကား မရောက်သေးသောဓား ရင်ကော့ခံနေပါသည် အလားပင်။

ထိုစဉ် အရင်ဘဝက မလှူမိလို့ သည်ဘဝ ဆင်းရဲနေတာ၊ သည်ဘဝက လှူ နောင်ကျ ချမ်းသာမှာ သေချာပြီ။ ဤကား မရောက်သေးသောဓား၊ ရင်ကော့ခံနေသော သင့်ရင်တွင်းဖြစ် စကားလုံးများတည်း။

**ဓမ္မသက. . .**

ဒါနသည် လှူတတ်သူများအတွက် မိမိအသက်ကာကွယ်ရာ လက်နက်ကောင်း ဖြစ်နေတတ်ပြီး၊ မလှူတတ် သူများအတွက်မှာမူကား မိမိ ကိုယ်မိမိ သေကြောင်းကြံရာ၏လက်နက် ဖြစ်သွားပြီ။

ထိုစဉ် ဒါနနောက် ဒိဋ္ဌိ၊ တဏှာတို့ ဝင်ရောက်နေက သင်ကား ပြိတ္တာတံခါးပေါက် ဝင်ရောက်ပေးရဦးတော့မည်။ ဒါနနောက် အားမလိုအားမရ စိတ်နှောက်က သင်ကား ငရဲတံခါးပေါက် ဝင်ရောက်ပေးရဦးတော့မည်။ ဒါနနောက် ဘာသိဘာသာစိတ် မွှေနှောက်က သင်ကား ကြက်သိ၊ ကြက်စွဲ၊ ကြက်ထဲရောက်ရဦးတော့မည်။

ထိုအခါ သင့်ထံရှိ ဒါနစေတနာ၏ လူဖြစ်၊ နတ်ဖြစ်တို့အကြား ထိုအလေ့ကျပေါက် ကိလေသာများက ဖြတ်သွား၊ ဖြတ်လာ၊ ဖြတ်ဝင်နေတော့ရာ တရားလည်း ဘဝအခြားခံရ၊ အလားလည်း ဘဝအခြားခံရ။ ထို သင်ကား သံသရာရှည်လျားလျားကြီး သွားရပေဦးတော့မည်။ တစ်ဘဝ တစ်သက်ကျနှုန်းဖြင့် အစွဲဖြင့် ဘဝပတ်၊ အစွဲဖြင့်ပင် ကိုယ့်ဘဝကိုယ် သတ်သေပေးရပေဦးတော့မည်။ ယင်းကား ဒါနကြောင့် မဟုတ်။ သင် ဒါန အကိုင်မတတ်ခြင်းကြောင့်သာ။

ဤလောက်ဆို ပါရမီ မြောက်၊ မမြောက်တို့အကြောင်း သင် ကောင်းကောင်းကြီး သိနိုင်လောက်ပေပြီ။

✶



## ၁။ တဏှာညစ် အမြစ်က နုတ်ပစ်အံ့

**ဓမ္မသက. . .**

သင့်အတွက် တဏှာကို အဆုံးစီရင်ရာ ပါရမီစဉ်ခရီး ဤမှနေ အပြီးဆက်ကြစို့။ ဒါနသည် မိမိအနီးနေ ဓန၊ ရွှေ ငွေ ထိုအခြံအရံတွေကို. . .

ကာမ ရာဂ သံယောဇဉ်နှင့် သင့်စိတ် ယှဉ်နေသဖြင့် မစင်သည်များ စွန့်ချပစ်နေရာ။ မာန သံယောဇဉ်နှင့် သင့်စိတ် ယှဉ်နေသဖြင့် မစင်သည်များ စွန့်ချပစ်နေရာ။ ဒိဋ္ဌိ သံယောဇဉ်နှင့် သင့်စိတ် ယှဉ်နေသဖြင့် မစင်သည်များ စွန့်ချပစ်နေရာ။ သို့ကြောင့် ဒါနသည် ငါ၊ ငါ့ ပစ္စည်း၊ ငါပိုင်သည် အစွဲကပ်ထပ်မျော မျောနေခြင်းများ ခွာချရာဒေသ။

သည့်အတူ သင့်ရှိ စောင့်စည်းခြင်း သီလသည်လည်း ငါ၊ ငါ့ကိုယ်၊ ငါပိုင်သည် အစွဲခွာချရာဒေသ။

**ဓမ္မသက. . .**

ထို သင့်အစွဲများကလည်း မီးခြစ်ကလေးတစ်လုံး ဆိုင်မှ သင်ဝယ်ယူခဲ့ရာ၌လည်း ငါ၊ ငါ့မီးခြစ်၊ ငါပိုင်သည် ပါစမြဲ။ ဆေးလိပ်ကလေးတစ်လိပ် ဆိုင်မှ သင်ဝယ်ယူခဲ့ရာ၌လည်း ငါ၊ ငါ့ဆေးလိပ်၊ ငါပိုင်သည် ပါစမြဲဖြစ်ရာ ဘာမဆို လိုချင်ရာမှန်သမျှ သူတို့ပါသည်ချည်းသာ။ သို့ကြောင့် လိုချင်သိမ်း သိမ်းထား

မိခဲ့သော သက်ရှိ၊ သက်မဲ့ ပစ္စည်းအားလုံးတို့၌ပင် လိုချင်ကိန်းများလည်း ကိန်းနေတော့ရာ . . .

မြင်မိသည်နှင့် ထိုသုံးမျိုး သူတိုး၊ ကိုယ်တိုး တိုးဝင်လာနေပြီ။

ကြားမိသည်နှင့် ထိုသုံးမျိုး သူတိုး၊ ကိုယ်တိုး တိုးဝင်လာကြပြီ။

နမ်းမိသည်နှင့် ထိုသုံးမျိုး သူတိုး၊ ကိုယ်တိုး တိုးဝင်လာကြပြီ။

အရသာခံမိသည်နှင့် ထိုသုံးမျိုး သူတိုး၊ ကိုယ်တိုး တိုးဝင်လာကြပြီ။

ထိတွေ့ဖြစ်သည်နှင့် ထိုသုံးမျိုး သူတိုး၊ ကိုယ်တိုး တိုးဝင်လာကြပြီ။

စိတ်ကူးယဉ်ကြည့်မိသည်နှင့် ထိုသုံးမျိုး သူတိုး၊ ကိုယ်တိုး တိုးဝင်လာကြပြီ။

"အင်း ငါ့စိတ်များလည်း သူတို့ကလည်းယှဉ်၊ အများကလည်းဝင် မစင်တော့ပါကလား။"

"အင်း ငါ့ကိုယ်မှာလည်း သူတို့ကြောင့်လည်း ပေလူး၊ အများကြောင့်လည်းပဲ ပေလူး မစင်ဘူးကြီးပါပဲကလား။"

သို့ကလို ပစ္စည်းမင်ကြောင့်ဖြစ်သော မစင်စိတ် သင်ရိပ်မိလာသောအခါ လူမစင်ကား လူမမြင်ရာ ကွယ်စွန့်ထုံး ရှိသော်လည်း ဤစိတ်မစင်ကား ထိုသို့မဟုတ်၊ ပြောင်းပြန်။

သင် ထိုစိတ်မစင် စွန့်ချပစ်လိုလျှင် သင်ကား ဗုဒ္ဓဘာသာပီပီ ဘုန်းကြီးရဟန်းများလည်း မစင်ပုံ ပင့်ပြရပေလိမ့်ဦးမည်။ ဆွေစုံ၊ မျိုးစုံတို့အားလည်း မစင်ပုံ ဖိတ်ကြား ပြသရပေလိမ့်ဦးမည်။ မိတ်ဆွေ အပေါင်းအသင်း ရောင်းရင်းများအားလည်း မစင်ပုံ ဖိတ်ကြား ပြသရပေလိမ့်ဦးမည်။ မစင်မစွန့်ခင်ကပုံနှင့် မစင်စွန့်ချပြီးနောက်ပုံ ဆုံ၍ ကြည့်ရှုကြရန်ပင်။ အဝင်တုန်းက ခေါင်းမြီးခြုံ ဝင်လာသည်များ အထွက် အားလုံးလှစ် ပစ်ချပြရန်ပင်။



**ခမ္မေသက. . .**

သင် ထိုထို ပရိသတ် ဗိုလ်ပုံရှေ့ ခြေတွေ့၊ လက်တွေ့ မစင်များ စွန့်ချနေစဉ် အတွင်းလည်း . . .

ငါသည် ငါမဟုတ်။ နာမ်, ရုပ်နှစ်ပါးတို့၏အလုပ်မျှသာ ဟူ၍ ညှစ်အားပေးရသေး၏။ အများသည်လည်း သူများမဟုတ်။ နာမ်, ရုပ်နှစ်ပါးတို့မျှသာ ဟူ၍ ညှစ်အားပေးရသေး၏။ ပစ္စည်းများသည်လည်း ပစ္စည်းမဟုတ်။ အဋ္ဌကလာပ်ရုပ်မျှသာ ဟူ၍ ညှစ်အားပေးရသေး၏။ ဉာဏ်မသန်ခင် လက္ခဏာတင် စိတ်ကူးဉာဏ်ဖြင့်ပင် စရန်တင်ပေးနေခြင်း ဖြစ်သည်။

အလှူပွဲကြီးများ စ,ရာမှဆုံးသွား ပြီ။ သို့သော် ပြီးသောအဆုံးကား မဟုတ်ချေသေး။ အားလုံးတို့ကလည်း သာစုသံ မိုးလျှံအထိ ခေါ်အော်ပြီး ပြန်သွားကြလေပြီ။ သို့သော် သာစုနောက်(အကောင်း နောက်) အကောင်း မရောက်လာချေသေး။

ရောက်လာ ကျန်ခဲ့သည်များမှာကား . . . အလှူကြီးဖြစ်ခဲ့လျှင် ဇာတ်၊ အငြိမ့်၊ ဆိုင်းများ၏ အသံဗလံများ စိတ်ဝယ်ကျန်နေခဲ့ပြီ။ ကြိတ်တိုးမစဲ တစ်ခဲနက်သော လူလုံးလူအုပ်ကြီး၏မြင်ကွင်းများ စိတ်ဝယ် ကျန်နေခဲ့ပြီ။ အလှူလုတ်,သေး ပိစိကွေးများ၌ပင် သတိအလစ် ညစ်ဝင်လာသည်များ ကျန်နေခဲ့သေး၏။

ယင်းအတိတ်အရိပ်တို့၏ အသုံးတော်ခံနေကြသည်များကို စားမြုံ့ပြန်စား၍မှ အားမရသေး၊ ထိုစဉ်ရှိ ပွဲတွင်းဆီသို့ စိတ်ကူးရောက်သွားပြန်ရာ ဟာသောနေရာမြင် 'ဟင်' ဖြစ်ရပြန်ပြီ။ လွန်သောနေရာကလှုပ် 'အွန်' လုပ်ပြရပြန်ပြီ။ မျှသောနေရာကဖမ်း 'အဟမ်း'အော်ပေးလိုက်ရပြန်ပြီ။ ထိုသည့်သင် ပွဲပြီးသော်မှ မီးမသေသေးပါတကား။

သင်သည် ထိုပွဲ အမှီပြု၍ တဏှာမာန်၊ ဒိဋ္ဌိမာန်များ လန်ကွာကျလျှင်ကျ၊

မကျတောင် အားပါးကျဲသွားစေရမည့်အစား ယခုကား ထိုသို့ မဟုတ်ခဲ့ပါပြီ။ သင့်၌ သူတို့ မပါးရှားသည့်အပြင် သင့်ရှိ တဏှာမာန်၊ ဒိဋ္ဌိမာန်တို့နောက် ဒေါသမာန်ကပါ အကူအထောက် ရောက်လာနေပြီ။ ယင်းကား မခံချင်စိတ်၊ မကျေချမ်းစိတ်၊ အားမလိုအားမရစိတ်များ အဆိပ်ဖြစ် ကျန်နေရစ်ခဲ့ကြခြင်းပင်။

တစ်ဖန် တဏှာမာန်၊ ဒိဋ္ဌိမာန်တို့နောက် မောဟအုပ်စုလည်း အကူရောက်လာနေပြီ။ ယင်းကား ဘယ်သူ၊ ဘယ်ဝါ၊ ဘာဘာညာညာဆိုသော သညာသိ အဝိဇ္ဇာစိတ်များက လွှမ်းနာကျအဖြစ် ညစ်ဝင်လာခြင်းပင်။ ပျံ့လွင့်ပူပန်စိတ်၊ ချီတုံချတုံစိတ်၊ တွေဝေးစိတ်များ ပန်းနာကျအဖြစ် ညစ်ဝင်လာခြင်းပင်။

သို့ကြောင့် သင့်အလှူကား ၁၀-သိန်းကုန်ဖြစ်ခဲ့လျှင် သင်သည် အကုသိုလ်ကို ငွေ ၁၀-သိန်းပေး ဝယ်လိုက်ရသည်နှင့် မထူးပြီ။ သင့်အလှူကား လူစည်ကားဖြစ်ခဲ့လျှင် သင့်ဖို့ ပရိသတ်များက ကိလေသာ သံယောဇဉ်များ အကူထားခဲ့သည်နှင့် မခြားပြီ။ အင်း. . . သည်အတိုင်းဆို သင့်အဖို့ ဖွပ်သထက်ညစ်၊ အသစ်ကျပ်ချွတ် ဖြစ်ဖို့ကား မလွယ်ပြီ။

အလှူမှဖြစ်သော တဏှာ၊ ပစ္စည်းသွား အငြိုးထားနေသောကြောင့်။

ဤကား ဒါနလက်နက်ဖြင့် ထုသတ်သော်မှ တဏှာမသေ၊ ပေခံနေပုံ သရုပ်ပြပင်။

✶



## ၂။ တဏှာယုတ် ကိုယ်ထဲက ဆွဲထုတ်အံ့

**ဓမ္မသက. . .**

ဒါနသည် သူတစ်ဖက်သားများနှင့် ဆက်ဆံရသည်ကတစ်ကြောင်း၊ အာရုံအမျိုးမျိုးတို့အကြား စိတ်ထားပေးနေရသည်ကတစ်ကြောင်း၊ ပြင်ပနေ ဝတ္ထုပစ္စည်းများလောက်သာ ပေးစွန့်နေရသည်က တစ်ကြောင်း၊ ထို အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့် တဏှာလက်ငုတ် အမြစ်မပြုတ်ခဲ့သည်ကို သင်အသိ ဖြစ်ခဲ့ချေပြီ။ သတိဦးဆောင်သော သူကောင်းပြုများ၏ အစွမ်းအစ အရာမထင်ခဲ့ကြသည်များကိုလည်း သင်အသိပင် ဖြစ်ခဲ့ချေပြီ။

ထို့ကြောင့် တဏှာကို ဖြုတ်လိုသော သင်. . . ထိုတဏှာသို့ အစာသွင်းပေးနေသော အာရုံငါးသင်းတို့ကို ဖြတ်ချပစ်မှ တော်ချေမည်။ ယင်းမှာ တဏှာပင် ရှင်စေကြောင်း အာရုံငါးသင်းတို့က ရေလောင်းပေးနေကြခြင်းကြောင့်။

**ဓမ္မသက. . .**

ထို အာရုံငါးသင်းကို သင် ဟန့်တားပိတ်ပင်လိုရာ၌ ဒါနသည် အရာမဝင်၊ သီလဖြင့် စောင့်စည်းပိတ်ဆို့ထားနိုင်မှသာ ထိုအာရုံများ သင့်စိတ်တံခါး

အသွားမကျွံ ရှိချေမည်။

ထိုသည့်အကြောင်း ကောင်းကောင်းကြီးသိလာသော ပါရမီ ရှာဖွေရေးသမား သင်သည်. . . ယနေ့ သီလကား အခြေခံ၊ ဒါနကိုကား အရံဖြင့် တဏှာကို တန်ပြန်ထိုးစစ်ဆင်လိုက်ပြီ။

✶ သီလသည် နတ်ပြည်တက်ရာ၏ တံခါးပေါက် ဆိုသည်ကို မမေ့နှင့်။

✶ သီလသည် နိဗ္ဗာန်ပြည်ဝင်ရာ၏မုခ်ဦး ဆိုသည်ကိုလည်း မမေ့လေနှင့်။

**မမွေ့သက. . .**

ဤ၌ နောက်ကြောင်းပြန် တစ်ဖန် စကားလွှဲ ဆွဲလိုသေးသည်မှာ . . .

✶ ဒါနသည် ယုတ်ညံ့ညဉ်ဖြစ်သော တစ်ကိုယ်ကောင်းဆန်မှုကို တော်လှန်ရာ လက်နက်။

✶ သီလသည် ယုတ်ညံ့ကျင့်ဖြစ်သော တစ်ကိုယ်ကောင်းဆန်မှုကို တားမြစ်ရာလက်နက်။

သို့ ဆိုသော်လည်း . . . သင့်ဒါနပြုစိတ်ကလည်း မိရိုးဖလာညဉ် အသွင်ဆောင်နေပြန်၊ စိတ်ယှဉ်သမား ကိုယ်ချင်းစာပွား တန်းတူထား ကရုဏာ၊ မေတ္တာ နှစ်ပါးတို့ကလည်း အားအင်ချည့်နဲ့ဆဲ ဖြစ်နေ. . .၊ သို့ကြောင့်လျှင် ပွဲမစခင် သင်အကြဲ ဝင်စဉ်ကပင် တဏှာဆွဲရာပါ၊ တဏှာ ဆာရာ ရှာဖွေပေးခြင်းဖြင့် အလှူကြီး,သေး သင်ပေးခဲ့ရရာ . . .

သင် ပွဲဝင်သည်နှင့် ပွဲဆင်သူများ၏အာရုံကြား တဏှာကား ရေပန်းစား ပြနေပြီ။ သင် ပွဲဝင်သည်နှင့် ပွဲပြင်ပစ္စည်းများ၏အာရုံကြား တဏှာကား နေရာယူထားပြီးပြီ။ သင် ပွဲဝင်သည်နှင့် ပွဲရှင် မိမိ၏ ငါ, သူ မြင်အကြား တဏှာကား ပိုင်ရှင်အဖြစ် ကြွားနေပြီ။

ထိုအခါ အောက် အောက်ပြည် သင် အနေကြာခဲ့စဉ်များကပင် အသားကျကျ နေရာရနေပြီးသွားကြသော ညဉ်များတွင် . . . သင်သည်



လောဘညဉ် အမြင်ရှိသူဖြစ်က လိုလားစရာမျှသာသိ၊ ကာမ ပီတိ အရည်လှည့်ခံနေရပြီ။ သင်သည် ဒေါသညဉ် အမြင်ရှိသူဖြစ်က မကျေချမ်းစရာမျှကြည့်၊ ဒေါသမချိ အရည်လှည့်ခံနေရပြီ။ သင်သည် မောဟညဉ် အဝင်ခံထားသူဆိုကလည်း အများလှည့်ရာမျှကြည့် မောဟဂတိ အရည်လှည့်ခံနေရပြီ။

သင့်ထံရှိ ထိုညဉ်ကမှ ထိုအမြင် မြင်နေမိပါသော် သင့်အကျင့်များကလည်း. . . ရာဂစရိုက်ရှင်ဆိုက လိုလားရာ၌သာလှည့်၊ လိုလားခြင်းကိုသာ ဖြည့်ကျင့်ပေးနေရော့မည်။ ဒေါသစရိုက်ရှင်ဆိုက မလိုလားရာ၌သာဖိ၊ မလိုလားခြင်းမျှသာ ဖြည့်ကျင့်နေပေရော့မည်။ မောဟစရိုက်ရှင်ဆိုကလည်း မေ့မက်ခြင်းနှင့်သာထိ၊ မသိခြင်းမျှသာ ဖြည့်ကျင့်နေပေရော့မည်။

ထိုစဉ် ဘဝအဆက်ဆက် သူ့ လက်ရာမပျက် တွဲဖက်လိုက်ပါလာသော အနုသယကိလေသာဖြစ်ပိုး ဝါသနာဆိုးများကလည်း ယိုကြောင်းကြီး လေးကြောင်းအတိုင်း (ကာမ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ) သင့် စိတ်ခရီးလမ်း တစ်လျှောက်သို့ တောက်လျှောက် လိုက်ပါနေတော့မည်သာ။

**မမွေ့သက. . .**

တစ်ချီကောင်း၊ တစ်ပွဲကောင်း ဒါနဖြင့် တဏှာမောင်းနှင်နည်းကား. . . တောင်ပေါ်ကျမိုးနှင့်အတူ ဒလဟော ထိုးဆင်းလာနေသော တောင်ကျရေများကို သင်သည် တောင်ခြေရှိ မြောင်းထိပ်ဝမှနေ တူးရွင်းငန်းပြားလေး ဖြင့် တာတမံဆည်းတားပေးထားမိရာ . . . ထိုစဉ် ရေထိုးဆင်းအားနှင့် သင့် ခုခံအား ဘယ်လိုမှ မမျှတတော့သောကြောင့် တစ်ခဏမျှတန့် ပြီး လန့်ဆင်း အတင်းထိုးဆင်းသွားပါသည့်ပမာ . . . သင် ဒါနပြုနေချိန် ခေတ္တမျှ တဏှာ အောင့်ပြီး ဆောင့်ဆင်း ဆင်းချလာကြတော့သည်သာ။ သင့်၌ သတိ အုပ်စု၏ ညဏ်ပင်းအား နည်းပါးနေပါက တဏှာအစွဲမီး ပို၍ပင် အားကြီးလာပေဦး တော့မည်။

**ဓမ္မေသက. . .**

နောက်တစ်ကြောင်းမှာ . . . သင့်၌ တဏှာသည် လည်းကောင်း၊ သူ့နောက်လိုက် မာန၊ ဒိဋ္ဌိများ သည်လည်းကောင်း၊ သူတို့ခြေရာလိုက် နင်းနေကြသော ဒေါသအုပ်စုဝင်, မောဟအုပ်စုဝင်များသည်လည်းကောင်း သင့်စိတ်ကိုကြိုးကိုင်နေရာ ဝင်၍ သူတို့အကြိုက် စိတ်လိုက်ပါစေသော စိတ်မှီများချည်း ဖြစ်ရကား. . .

စိတ်ဖြစ်လျှင် သူတို့လိုက်ဖြစ်ပြီး စိတ်တို့ကို အညစ်အယွင်း သူတို့သွင်းပေးနေကြရာ. . .၊ တစ်ဖန် စိတ်ချုပ်လျှင် သူတို့အလုပ်သိမ်း၊ အနုသယအဖြစ် သူတို့က ငုပ်ကိန်းကိန်းနေကြရာ. . .၊ တစ်ဖန်လည်း စိတ်အာရုံပြုရာ ဝတ္ထုကြား သူတို့ပါ အတူသွား လိုက်လံခံစားနေကြရာ. . .

သင်သည် ထိုစိတ်မှ ထွက်လာသော စိတ်ဖြစ်တဏှာကို မဆိုင်တစ်ဖက် ဝတ္ထုပစ္စည်းသက်သက်ချည်း လက်လွှတ်မိနေခြင်းကြောင့် သင်၏ဒါနဖြင့် တဏှာဖြုတ်ခြင်းသည် အနာတခြား ဆေးတလွဲပမာသာ။

“ရေကြောင့်ဖြစ်သော ရွှံ့ညွှန်ပေကျံလျှင် ထိုရေဖြင့်သာ ဆေးကြောမှ ကွာကျရာသည်။” “စိတ်ကြောင့်ဖြစ်သော ကိလေသာပေကျံမှုကိုလည်း ထိုစိတ်ဖြင့်ပင် ဆေးကြောပစ်မှ ကွာကျရာသည်။ ”ထိုဘုရားစကား နားဝယ်ထား၊ ဤ၌ နယ်စားပယ်စားထား၊ သင်ဝင်ရမည်မှာ ဒါနနယ်မှ သီလနယ်သို့သာ သို့မဟုတ် ဒါနဖြင့် မနိုင်သည့်တဏှာ သီလဖြင့် လဲကိုင်ပေးဖို့သာ။

**ဓမ္မေသက. . .**

တစ်ဖန် တစ်မျိုး တိုးသိစေချင်သေးသည်မှာ. . .

ဒါနပြုလည်း အပ္ပမာဒ ဆိုသော ထိုသတိ စိတ်တွင်းမကွာ ရှိရမြဲ။

သီလဆောက်တည်လည်း အပ္ပမာဒ ဆိုသော ထိုသတိ စိတ်တွင်းမကွာ ရှိရမြဲ။ သည့်အတူ. . . အယုတ်တရားတို့ကို ဖယ်ရှား၍ အမြတ်တရားတို့ချည်း စိတ်၌ ကိန်းစေရာ၏ လက်နက်ကောင်းများ ဖြစ်ကြလေသော နိက္ခမ၊



ခန္တီ၊ သစ္စာ စသည် နောက်ဝင်ဆက်ခံကြရမည့် ပါရမီဖြည့်ကိရိယာများ အားလုံးတို့၌လည်း အပ္ပမာဒ ဆိုသော ထိုသတိ စိတ်တွင်းမကွာ ပါရှိနေရမည်သာ။ ထိုစဉ် . . .

သတိဦးဆောင်သော် ဝီရိယ အသိများလည်း ခေါင်းမရှောင်သာ။

သတိဦးစီးက ဗောဓိပက္ခိယအားလုံးလည်း စုစည်းပြီးသားသာ။

ဘုရားတရားတော် “တစ်နွယ်ငင် တစ်စင်ပါ။” “တစ်ခါဆွတ် တစ်ပြွတ်လုံးပြုတ်” ပမာသာ . . . ။

**ဓမ္မေသက . . .**

သင်သည် ရှိရှိသမျှ ဖြည့်သင့်၊ ပြည့်သင့်ကြသော ပါရမီအားလုံး သတိဖြင့် စည်းရုံးရာ၌ သမထလမ်းရိုး လေးဆယ်မျိုးတို့တွင် တစ်မျိုးတစ်မျိုး မိမိအလျောက ဖြည့်စမ်းခဲ့ဖူးသော ပါရမီနှီးရာကို စိတ်ခေါင်းထိုးခံလျက်က . . .

ဤသတိဖြင့် ဓမ္မံ သရဏံ ဂစ္ဆာမိ ပါရမီ အရည်ပြည့်ရမြဲ။

ဤသတိဖြင့် အာရုံခံပြောင်းလဲ ပါရမီ ဦးခေါင်းတွဲ လဲပေးရမြဲ။

ဤသတိဖြင့်ပင် အယုတ်ကိန်း တစ်စတစ်စသိမ်း အမြတ်ကိန်းသို့ ယိမ်းပေးရမြဲ။

သို့ကြောင့် သင် ပါရမီစခန်း တန်းမြင့်ဘက် တက်လှမ်းရာ၌ သင် သတိထားရမည်မှာ . . .

သင် ဘယ်လိုဒါနပြုပြု၊ သတိထုံ သရဏဂုံပါမှ ပါရမီသို့ လှံ့ခွင့်ရမည်ကို သတိပြု။ သင် ဘယ်သီလ တည်တည်၊ သတိထုံ သရဏဂုံပါမှ ပါရမီဘုံ ခိုလှုံခွင့်ရမည်ကို သတိပြု။ သင် ဘယ်အဆင့်တက်တက်၊ သတိထုံ သရဏဂုံ မပျက်မှ ရှေ့ခရီး ဆက်ခွင့်ရမည်ကို သတိပြု။

**ဓမ္မေသက. . .**

ဤဆိုခဲ့ပြီးသော နောက်ကြောင်း၊ ရှေ့ကြောင်းများကို စုပေါင်း၍ သင်

သည် တစ်ကြောင်းတည်းသော ပါရမီခရီးသို့ ဖြည့်ရင်းတက်၊ တက်ရင်းဖြည့် တစ်လှည့်စီ ဉာဏ်ရည်လှည့် သွားလိုရာတွင် အပ္ပမာသတိ လုံးဝမကင်း ရသည်ကို သင် သဘောပေါက်ခဲ့ရမည်။ ပေါက်သည့်အလျောက်လည်း နွား ကျောင်းသား စားကျက်ကောင်း ထိန်းကျောင်းပေးထားပမာ အမြတ်သို့ နွှယ်ရာ သရဏဂုံတစ်ခုခု သင့်စိတ်အာရုံပြုစေလျက်က ထိုသရဏဂုံ စားကျက်ကောင်း ထိုသတိက ထိုစိတ် ထိန်းကျောင်း ခိုင်းပေရော့ ဓမ္မေသက။

## ကျောင်းရောက်လျှင် ကျောင်း

**ဓမ္မေသက. . .**

သင်တို့၊ ငါတို့၏ ဗုဒ္ဓဘာသာ ဓလေ့ကား ဥပုသ်နေ့မို့ ကျောင်းသွား သည် ဆိုချေရာ . . . ဥပုသ်သည် မိမိစိတ် အာရုံတို့နောက် ပါမသွားရန် သတိဖြင့် ထိန်းကျောင်းထားခြင်း။ ကျောင်းသည် အာရုံမြတ်သုံးခု စုဝေးရာဖြစ်သဖြင့် ထိုအာရုံကောင်း၌ စိတ်ကျောင်းအလုပ် လုပ်နေခြင်း။ ဤ အဓိကကျသော ဓလေ့နှစ်ခု သင်လက်မလွှတ်မိစေနှင့်။

သို့ကြောင့် ယနေ့ သင့်ဥပုသ်နေ့၏ တစ်နေ့လုံးလုံး၊ တစ်ညလုံးလုံးတို့၌ ပင် . . . ဘုရားဂုဏ်အာရုံဆောင်း မိမိစိတ် တွေးခြင်း၊ ပြေးခြင်းမရှိအောင် သတိဖြင့် ကျောင်းလေ. . .။ တရားဂုဏ် အာရုံပေါင်း မိမိစိတ် တွေခြင်း၊ ဝေခြင်း ကင်းအောင် သတိဖြင့် ကျောင်းလေ. . .။ သံဃာ့ဂုဏ် အာရုံ တောင်း မိမိစိတ် မက်ခြင်း၊ ငေးခြင်း ကင်းအောင် သတိဖြင့် ကျောင်းလေ။

**ဓမ္မေသက. . .**

သတိဖြင့် သရဏဂုံသုံးခု တစ်ခုခု သင်ရှုကြည့်နေခြင်းသည် သင့်စိတ် ဖြူစင်လာအောင် လေ့ကျင့်နေခြင်းဖြစ်သဖြင့် သီလသိက္ခာ မည်၏။ သင့်စိတ် စိတ်မြတ်ဖြစ်လာအောင် သိမ်းသွင်းနေခြင်းဖြစ်သဖြင့်လည်း သီလသိက္ခာ



မည်၏။

သူပြီးလျှင် ယူပြီး သိက္ခာအားလုံးပင် အကုန်ပါ၏။

သူမပြီးလျှင် ယူပြီးလည်း ဖြူစင်သည်မဆိုသာ။

သို့ကြောင့် **ဒါနမှ ဒါနသုဒ္ဓိ**- ရိုးရိုးဒါနမှ စင်ကြယ်ဒါနဖြစ်စေလိုလျှင် သူ့အကူခေါ်။ **သီလမှ သီလသုဒ္ဓိ**- ရိုးရိုးသီလမှ စင်ကြယ်သီလ ဖြစ်စေလို လျှင် သူ့အကူခေါ်။ **အခြားပါရမီမှ ပါရမီသုဒ္ဓိ**- ရိုးရိုးပြည့်မှ စင်ကြယ်ပြည့် ဖြစ်စေလိုလျှင်လည်း သူ့အကူခေါ်။ သူဆိုသည်မှာ သတိထုံ သရဏဂုံတည် သီလသိက္ခာပင်။

သို့တိုင်လည်း ရေးပြသည်ကသာ လွယ်၏။ တကယ် ပွဲတွေ့ဝင်ရာ၌ကား ဆင်မည်းတူ ဆင်ဖြူဖြစ်အောင် ခဝါဆိုင် အပ်နှံရပါသည်ပမာ . . . ဘယ် ကမ္ဘာက စတင်ခဲ့မှန်းလည်း မသိရသော သင့်ညဉ်စရိုက်များ။ ဘဝ ဘယ်လောက် အရေအတွက်ထိ စိတ်အား တူးဖြိုခဲ့မိသည်ကိုလည်း သင် မသိရသော ထိုညဉ်ဟောင်း၊ စရိုက်ဟောင်းများကို သတိဖြင့် သင်ကျောင်း ပေးနေရသည်မှာ ဆင်မည်းတူ ဆင်ဖြူ လုပ်ပေးနေရသည်ထက်လည်း ခက်ခဲ လှစွာ၏။ နှစ်သိန်းလေးသောင်း ထုထည်ပမာဏရှိသော ဤမဟာပထဝီ မြေကြီး ပြောင်းပြန်လှန်ပေးနေရသည်ထက်လည်း ခက်ခဲလှစွာ၏။ အလို လိုက်ပြီးမယား စည်းကမ်းပြန်ထားပေးနေရသည်ထက်လည်း စွာသေး၏။ အလိုလိုက်ပြီး တစ်ဦးတည်းသား စည်းကမ်းပြန်ထားပေးနေရသည်ထက် လည်း စွာပြန်သေး၏။

သို့ကြောင့်ထင်၏။

သီလလေ့ကျင့်ခန်းဝင် ဥပုသ်ခွင်သို့ သင်ဝင်မှ မဝင်ရသေး၊ ဥပုသ်နံနက် အရုဏ်တက်၏ ဆွမ်းချက်ချိန်ရောက်သည် ဆိုလျှင်ပင် . . . ကျောင်းကျလျှင် အများနှင့်လုံး စားသုံးရမည်ဖြစ်ရာ သူများနှင့်မတူ ရှက်စရာကြီးအတွေးက

သင်က မတတ်နိုင်သူဖြစ်နေသော် ရှေ့ပြေးလှူ့ဆော်ခံရမည်။ သင်က တတ်နိုင်သူဖြစ်နေခဲ့သော် ငါလုပ် သူများထက်သာမှ အတွေးက နှိုးဆွခံရမည်။ သို့ကြောင့် သာမန်နေ့များထက် ယနေ့ အစားအသောက်များ အကောင်းလည်းပို၊ အဆောင်းလည်းပိုလာစေခဲ့ပြီ။ ဟင်းမျိုးလည်း ကောင်း၊ ဆီ စသည်များလည်း ခါတိုင်းထက် ဆောင်းပိုးပေးနေခြင်းများပင်။

ထိုစဉ်တွင် . . .

သင့်၌ ကိုယ်ကြိုက်ရွေးဆည်၍ ချက်ပြုတ်နေခြင်း တဏှာ။

သင့်၌ ကိုယ်ကြိုက်အတိုင်း မွမ်းမံပေးနေခြင်း တဏှာ။

သင့်၌ ကိုယ်ကြိုက်ရာဘက် အရည်အချင်း အရေအတွက် စွက်ဖက်နေခြင်း တဏှာ။ ထိုတဏှာ ဤတဏှာများက စိတ်ရှေ့မှနေ စီမံပေးနေခြင်းများကို သင်ခံယူလိုက်ရပြီကော။

တစ်ဖန် အချိန်ကျပြီ။ ဥပုသ်ကျောင်းသို့ သွားကြမည်။

ထိုစဉ်တွင်လည်း . . . သင်သည် သာမန်နေ့များသုံး အဝတ်အစားများကို ခွာချထားခဲ့ပြီး သစ်လွင်တောက်ပလှသော အဝတ်အစား၊ ကိုယ်ကြိုက်နှင့် အကိုက် လိုက်ဖက်သော အဆင်အသွေး၊ ကြေးထိုက်၍ အများကြိုက်စေသည့် အသားများ တဏှာရွေးဆင်ပေးတိုင်း သင် ဝတ်စားသွားရပြန်၏။

တစ်ဖန်လည်း ဥပုသ်ကျောင်း စုပေါင်းမိကြပြီ။

ထိုစဉ်တွင်လည်း တောခလေ့၏ လှေ့ထုံးအရ ပြောကြည့်ရအောင်။

သင်သည် ဥပုသ်တောင်းရာ၏ ဆွမ်းခံတောင်းထဲလည်း ဆွမ်းဆန်များ အလုအယက်စုပေါင်းထည့်ဝင်နေ၏။ ဥပုသ်တောင်းရာ၏ ဆွမ်းဟင်းပွဲထဲလည်း ဆွမ်းဟင်းများ အားကျမခံ အပြန်ပြန်အလှန်လှန် အလျှံပယ် ထည့်၏။ ထို့နောက် ဆရာ ဘုန်းကြီးပင့်၊ သရဏဂုံ သီလခံယူ၊ ဘုရားအား ဆွမ်းခဲဖွယ်များ အာရုံထားကပ်သည့်နောက် ဆုတောင်းခြင်း၊ သီလတရား နာကြား



ခြင်းများဖြင့် သင်အဆုံးသတ်၏။

သင်၏ ထိုဥပုသ်တောင်းခံပွဲ တစ်ပွဲလုံး၌ပင်. . .

'တိသရဏ ဂမနံ ပရိပုဏ္ဏံ' ဆရာက၊

'အာမဘန္တေပါ အရှင်ဘုရား' ဥပုသ်သည်များက (သင်က)၊

ဆိုလိုသည်မှာ ယူပြီးဖြစ်နေသော သရဏဂုံသုံးပါး အပေါက်အကြားမထင် ထက်ဝန်းကျင် နှံ့စပ်နေသည်အထိ ပြည့်စုံကြ ဟူ၍ပင်။ ထိုအခါ . . .

'အာမ . . . အရှင်ဘုရား သတိပေးသောအတိုင်း မဆိုင်းမကြာ ယခုပင် လိုက်နာကြပါတော့မည်ပါဘုရား'

သင်ရော အများပါ ဝန်ခံလိုက်မိပြီ။ တစ်ဖန် အားလုံး ပြီးစီးချိန်တွင်လည်း

'တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာ ဂတံ ဥပေါသထသီလံ၊

သာဓုကံ ကတွာ ဓမ္မံ အပ္ပမာဒေန သမ္ပာဒေထ' ဆရာက၊

'အာမဘန္တေပါ အရှင်ဘုရား' ဥပုသ်သည်များက (သင်က)၊

ဤ၌ ဆိုလိုသည်မှာ. . . သရဏဂုံသုံးပါး ရှေ့၌အခံထား၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်တော်သီလကိုတော့ဖြင့် ကောင်းမွန်စွာခံယူပြီးကြပြီ။ ပြီးလျှင် . . .

'တရားမမေ့ လူ့အာရုံမှန်အလေ့နှင့် ပြည့်စုံကြပစေဦး'

ထိုအခါလည်း. . .

'အာမ . . . အရှင်ဘုရား သတိပေးသောအတိုင်း မဆိုင်းမကြာ ယခုပင် လိုက်နာကြပါတော့မည်ပါ ဘုရား'

ဟူ၍ သင်ရော အများပါ စကားကတိ တုံ့စွက် ဝန်ခံချက်ပေးလိုက်မိကြပြီ။

ထို့နောက် ဆရာဘုန်းကြီး ဥပုသ်ဆောင်ဇရပ်မှ ပြန်ကြွသွားသည်နှင့် တစ်ပြိုင်နက် တောခိုတော်လှန်ရေးသမားများ စစ်ရေးပြပွဲ ပြီးစီးသည်နှင့်

ကိုယ့်နေရာကိုယ် အစုလိုက် ပြန်သူပြန်၊ ကျန်သူကျန်ဖြင့် ထရံမှာ လက်နက်ချိတ် ဆေးလိပ်အတွင်ဖွာသူကဖွာ၊ ရေနွေး အတွင်သောက်သူကသောက်၊ တစ်ယောက်တစ်ပေါက် ငြင်းသူကငြင်း၊ ပျင်းပွဲ ဖျင်းပွဲ အတင်းပွဲများ ဆင်ယင်ကျင်းပနေကြပါသည်ပမာ . . .

နေ့တိုင်း၌ . . . ငါနှင့် ငါ့မိသားစုတို့၏ စားဝတ်နေရေး အရေးသုံးပါး ငါကြိုးစားမှဖြစ်မည်ဆိုသော မိစ္ဆာပညာမဂ္ဂင် စိတ်ခြေတော်တင်လျက်က လည်းကောင်း၊ ဘယ်နေရာ ဘာကို ဘယ်လို ဆိုသော မိစ္ဆာသမာဓိခွင် စိတ်စျာန်ဝင်လျက်က လည်းကောင်း၊ သူ့ရှိအတွဲ ကိုယ့်ရှိအထဲ ဘယ်လို နည်းဖြင့်လဲလဲ ဆိုသော မိစ္ဆာအကျင့် ကံစုံဝင့်လျက်က လည်းကောင်း၊ သူ၊ သူ့ပစ္စည်း၊ သူပိုင်သည်မှသည် ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် အဖြစ်သို့ ကာမစနစ် စိတ်အား အညစ်အပေခံလျက်က လုပ်ကွက်ဖော်နေကြရသဖြင့် . . .

အတွေးပိုဆို ဘာကိုမှမငံ့လင့်ဘဲ ဤကျင့်ဆဲ မိစ္ဆာအကျင့်၌ပင် စိတ်ဝင်စားခဲ့ပြီ။ အပြောပိုဆို ဘာကိုမှမဆက်ဘဲ ဤကျင့်ဆဲမိစ္ဆာအကျင့်၌ပင် နှုတ်ထွက်နေရပြီ။ အလုပ်ပိုဆို ဘာကိုမှပွဲမထုတ်ဘဲ ဤကျင့်ဆဲမိစ္ဆာအကျင့်၌ပင် လုပ်ကွက်ဖော်နေကြရပြီ။

သို့ဖြစ်ရာ အလုပ်ခွင်ထား အများကြား နေသော်မှလည်း တစ်ယောက်တည်းအလား စိတ်ရောကိုယ်ပါ တပိုတပါး ခါတိုင်းနေ့ မသွားအားခဲ့ကြပါ။ ယနေ့တော့ဖြင့်ကား ဥပုသ်နေ့၊ အားလုံး အားကြပြီ။ ယနေ့တော့ဖြင့် ကျောင်းသွားနေ့ အားလုံး ဆုံမိ၊ တွေ့မိနေကြပြီ။ ယနေ့တော့ဖြင့် သတင်းစုံစကား အားလုံးထံမှ ကြားခွင့်၊ နာခွင့် ရထားကြပြီ။ ယနေ့ ထိုအခွင့်အရေးများကို မည်သူကမျှလည်း အပိတ်အပင်မရှိ မည်သူကမျှလည်း မပေးမရှိ။ သို့ကြောင့် ထိုဆရာဘုန်းကြီး ပြန်ကြွသွားသောအချိန် . . . ပါးစပ်ကွန္ဒြေမရ၊ တစ်ယောက်ပြီး တစ်ယောက် စကားလုံးများ ကောက်စားကြပြီ။



ထိုစဉ် ရွာအကြောင်း အရပ်ကြောင်းလည်းပါ၏။ အလုပ်အကြောင်း အကိုင်အကြောင်းလည်းပါ၏။ ရာသီဥတုအခြေအနေ၊ တိုင်းပြည် အခြေအနေလည်းပါ၏။ ကမ္ဘာ့အခြေအနေပင် မလွတ်တတ်။ ထို့နောက် သားရေး၊ သမီးရေး အကြောင်းများထဲ ဝင်သွားကြပြန်၏။ အမြင်ချင်း တူနေလျှင် လုဝင်လုပြော၊ မတူသော် အငြင်းပွား၊ ပြောပြီးတိုင်း တဟားဟား။

သို့နှင့်ပင် စားချိန်ကျ ဝိုင်းဖွဲ့စား၊ စားရင်း စကားပွားကြရသည်သာ။ သို့နှင့်ပင် စားပြီး အနားယူ၊ ဟိုက ရှူရှူ, သည်ကရှူရှူ အသက်ရှူပြင်းကြပြီသာ။ သို့နှင့်ပင် အိပ်ရာမှနိုး အချိန်မကုန်တတ်သေး။ ပုတီးတစ်ဖက်၊ စကားတစ်ဖက်ဖြင့် ကျောင်းစားကျက် စိတ်လွှတ်လျက် သီလဆက်ခဲ့ကြပြီ။

ထိုစဉ် . . . အကယ်တိတိ မိရိုးဖလာမှ စင်ခွဲ ကိုယ်ပိုင်ဗုဒ္ဓဘာသာဝင်ပွဲကျင်းပလိုသော အမျိုးကောင်းသား (အမျိုးကောင်းသမီး) သင် ဖြစ်နေခဲ့ပါမူ . . . ထိုထိုအုပ်စုကို ရှောင်ရှား၊ မိမိ တစ်ဦးတည်း ချောင်ရှိရာခိုနားလျက်က . . .

(က) တစ်ပတ်လုံးလုံး ကာမနှင့်ပေါင်း, မကောင်းညစ် ညစ်ပေလာသော ငါ့စိတ်၊

( ခ ) တစ်ပတ်လုံးလုံး ကာမချင်းဖက်, သွေးပျက်လာသော ငါ၏ကိုယ်. . .၊

ယနေ့ တစ်ရက်တည်းဖြင့်ပင် အညစ်များ အားနည်းအောင် ဖြတ်တောက်ချထားခဲ့တော့မည်။ ယနေ့ တစ်နေ့တည်းဖြင့်ပင် ရှေ့ဖြစ်နှင့် နောက်ဖြစ် အားချင်းလွဲ ကင်းစဲသွားစေ့မည်။

ဤကောင်းမွန် မှန်ကန်သော အတွေးဉာဏ်များဖြင့် သင်သည် သင့်စိတ်ကို . . . စိတ်အတွေးက ပြင်ပမီ ဟို,သည် မပေးသာအောင် သတိချင်းစပ်၍ အသိ ကပ်ပေးထားလိုက်ပြီ။ စိတ်အကြံက အတွင်းလည် ဟို,သည်လှန် မကြံသာရအောင် သတိချင်းစပ်၍ အသိအသိချင်းပါ ထပ်ပေးထားလိုက်ပြီ။

ထိုစဉ်. . .

သင်၏စိတ်ထားက ဓမ္မအာရုံ၊

သင်၏နှုတ်ပွားက ဓမ္မသရဏဂုံ၊

သင့်ကိုယ်ထားကလည်း တစ်ယောက်ထီးတည်း။

**ဓမ္မေသက. . .**

တကယ်သွားလိုသော ထိုသင် သူကောင်း၏ အသွားသင်စ ထိုကာလဝယ် ပုရွက်အုံ တုတ်ထိုးမိသည်ပမာ . . . ယခင်က မတွေးမိသည်များကပင် ရုတ်တရက်ဖွား လွှားခနဲ ဝင်လာတတ်ကြချေ၏။ ယခင်က မတွေ့မိသည်များကပင် ယခုဝင် နောင်အတွက် ပြင်ဆင် ပေးလာတတ်ကြချေ၏။သတိပီလေ၊ အာရုံပလီလေလည်း ဖြစ်လာတတ်ကြ၏။ အသိတည်လေ၊ အာရုံပီလေလည်း ဖြစ်လာတတ်ကြသေး၏။ နှိုက်နှိုက်ချွတ်ချွတ် အတွေးများ အထိအသိရောက်သွားတတ်ကြ၏။

ထိုဖြစ်ရပ်များသည် . . .

(က) အိပ်ပျော်နေသော သင့်အနုသယဇုတ် သတိခလုတ်တိုက်မိခြင်းကြောင့်လည်း ဖြစ်တန်ရာ၏။

( ခ ) သမားရိုးကျ သွားလာနေကြသော သင့်အစွဲသိများ အလန့်တကြားပြေးသွားခြင်းလည်း ဖြစ်တန်ရာ၏။

အနီးကပ်ဆုံး ဖြစ်နိုင်သည်မှာ . . .

၁။ သတိသည် အတွင်းဇုတ်ကို ဆွဲနုတ် နှဲချွတ်တတ်သော သတ္တိစွမ်း ရှိ၏။

၂။ သတိသည် အသေးအမွှားလေးများကိုလျှင် အကြီးအမားထိ ချဲ့ထွင်ပြတတ်သော အစွမ်းရှိ၏။

၃။ သတိသည် စိတ်နှင့်အစွဲ အထဲ၌ တွဲနေသည်ကို ဆွဲဖြပေးနိုင်စွမ်းလည်း ရှိ၏။



ထိုသတိကြောင့် သင့်ထံရှိ စိတ်အမှောင့် ရောင့်တက်လာခြင်း၊ စိတ်အမျိုးမျိုး နိုးထလာခြင်း၊ စိတ်မခန့် လန့်ပျံ့ပျံ့ခြင်းများပင်။

ယင်းသဘောကို အသွားသင်စ သင် သူကောင်းအဖို့ နားမလည်တတ်သေး။ သို့ကြောင့် အပျံ့ကို ချုပ်ဖမ်းလည်း သင်ဖမ်းနေဦးတော့မည်။ အဇုတ်၏အလှုပ်ကို ကုပ်ဖျင်လည်း သင်ဖျင်ပေးနေဦးတော့မည်။ ဤနေရာ အသွားသင်စ သင့်အဖို့ လိုက်နာရမည်မှာ သင်ပွဲကြည့်တုန်းက နမူနာကိုယူကာ ဘာတွေ့တွေ့ စိတ်သတိမရွှေ့ သင် လေ့ကြည့်ကြည့်ပေးနေတတ်ရမည်။ ဘယ်ရောက်ရောက် သူပြရာနောက် သတိကြိုးခေါက်ကိုင်၍ သင် တောက်လျှောက် လိုက်ကြည့်ရမည်။

စိတ်ချုပ်တည်းထားခြင်း၊ သူ့ပြပွဲ စိတ်မျက်နှာလွှဲထားခြင်း သင်မပြုအပ်။

စိတ်မှင်သက်မိနေခြင်း၊ မကျေချမ်းစိတ် အဝင်ခံခြင်းများလည်း သင့်၌ မရှိအပ်။

**ဓမ္မေသက. . .**

ဤနေရာ၌ အထူး အရေးကြီးသည်မှာ. . .

သတိ၏ရှေ့ပြေး နောက်ပါ ငယ်ကျွန်ပမာသော ဝီရိယအမည်တွင် ရဲတင်းစိတ်၏ ဝင်ရဲသည်၊ ထွက်ရဲသည်များ (မည်မျှ အမြင်ရှုပ်ရှုပ်) အလုပ်မပျက်ဖို့ပင်။

သတိနှင့်ဖဝါးထပ်မကွာ ဇနီးအရာပမာသော သမ္ပဇာန အမည်ပေါက် အသိကလည်း ကွဲပြားသိဖြင့် အတည့်ကြည့် အရှိ၊ အရှိအတိုင်း သိသိနေဖို့ပင်။

ကွဲရိုင်းဖမ်းပွဲ၊ လက်ဝှေ့ပွဲ သတ္တိခဲများသာ ကြည့်ရဲ ဝင်ရဲသည်ကို သတိရှိ။

လူချင်းသတ်ပွဲ၊ စစ်တိုက်ပွဲ သတ္တိခဲများသာ ဝင်နွှဲရဲသည်ကို သတိရှိ။

**ဓမ္မသက. . .**

သင့်၌ ရဲစွမ်းသတ္တိ အဘယ်မျှရှိ ရှိ သင်တိုက်ပွဲခွင် မဝင်ဘူးသေးသည်က တစ်ကြောင်း၊ သင့်သတ္တိက သဒ္ဓါအား မဖက်, ပင်ကိုညဉ် ရဲတင်းချက်ဖြစ်နေသည်ကတစ်ကြောင်း၊ အစွဲတို့၏ တောစဉ် သင် တောမဝင်ဘူးသေးသည်က တစ်ကြောင်း တို့ကြောင့် သမထရိုး လေးဆယ်မျိုးထဲမှ တစ်မျိုးမျိုး လက်ကိုင်ထား သင်သရဏ ဂုံပွားနေစဉ် ရိုင်းလွန်းနေသေးသော သင့်စိတ် . . . အသစ်နောက် လိုက်ပြေးလျှင် ပြေး, မပြေး အဟောင်းပြန်တွေးတွေးပေနေပေလိမ့်မည်။ တွေးခဲ့၊ ပြေးခဲ့ရာမှအစွဲ စိတ်နှင့် တတွဲတွဲလည်း တွဲပြနေပေလိမ့်မည်။ မိမိကိုယ်တိုင်ကလည်း အတွေး အပေးထင် စိတ်ကူး တပြင်ပြင်လည်း ရှိနေပေလိမ့်မည်။

ထိုအသွားသင်သမား သင်ကား ခွေးပါ ညှော်မလှပမာ . . . ဘယ်နေရာသွားသွား မိမိနဂိုညဉ်ထားများက တံခါးငါးပေါက်တို့မှထွက် မြင်မြင်သမျှ, ကြားကြားသမျှတို့နှင့် မိတ်ဖက်နေတော့ရာ . . . ဘယ်သူနှင့် တွေ့တွေ့၊ တွေ့မှမတွေ့ရသေး အာရုံပေး ပြေးကြိုနေတော့ရာ . . . သင်၏ သိက္ခာတင် သီလကား စင်ကြယ်ခြင်းအစား စင်လွင့်ထဲရောက်သွားခဲ့ရပြီ။

ထိုအခါ ကိုယ်၊ နှုတ်နှစ်ပါး တံခါး မပျက်ယွင်းသေးက သီလကား ရ၏၊ စိတ်တံခါးရွက် အထားပျက်နေခြင်းကြောင့် ပါရမီကား ဆက်မရသေးချေ။

ဒါနကျင့် ကျင့်ရင်းက အာရုံသို့ အလိုနည်းလာမှ ပါရမီ။

သီလကျင့် ကျင့်ရင်းက အာရုံသို့ အလိုနည်းလာမှ ပါရမီ။

**ဓမ္မသက. . .**

ဤ၌ သင့်စိတ် အလိုနည်း,မနည်း စနည်းနာနည်းများမှာ . . .

အတွေးဖြစ်ခဲ့သော် အတိတ်က အကြိုက်ဆုံး၊ အမုန်းဆုံး နေရာလေး စိတ်ပြေးတွေ့ပေးလိုက်ပါ။ ထိုစဉ်. . . ရာဂမာန်ဝင် စိတ်အစဉ် ထကြွ လာ၊



မလာ သတိပြုကြည့်။ အကယ်တိတိ ထကြွလာသော်မှ ယခင်နှင့်ယခု တူ၊ မတူ ရှုကြည့်ပေးလေ။ ဒေါသမာန်ဝင် စိတ်အစဉ် “ဇ” ပြ၊ မပြ အာရုံချကြည့်။ အကယ်တိတိ “ဇ” ပြလာသော်မှ ယခုနှင့် ယခင် အားချင်း ယှဉ်ကြည့်လေ။ အကယ်တိတိ အတွေ့ ဖြစ်နေပါသော်. . . ဖြစ်နေကျ ကြိုက်စိတ်များ တဖွားဖွား ထွားလာ၊ မလာ အကဲပါပါစစ်ကြည့်။ ဝင်လာနေကျ မုန်းစိတ်များ လွှားခနဲဆင် ဝင်လာ၊ မလာ အညှာမိမိ ကြည့်ပေး။

ဤ၌ အသွားသင်စ ပါရမီစခန်းဝင်သမားများသို့ . . . အများအားဖြင့် ဖြစ်တတ်ကြသည်မှာ အတွင်းထား ညဉ်၊စရိုက်၊ ဝါသနာများက အားများဆဲ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ မခံရဘူးသေးသော သတိ၏အထိုး အရိုးထိ လာခြင်းကြောင့်လည်းကောင်း . . . နွားသားစားဖူးသူ နွားမြင်တိုင်း လက်ညှိုး ထိုးပြနေပါသည်ပမာ . . . တွေ့သမျှ အာရုံစဉ် ယခင်ကထက်ပင် ခုံမင်နေတတ်လှချေသည်။ တွေးသမျှ အာရုံမျှင် ယခင်ကထက်ပင် စိတ်ကူးယဉ် နေတတ်လှချေသည်။

ယင်းမှာ တဏှာက ဖွားပေးထားသော လူသားက တဏှာက ကျွေးနေ မွေးနေပါသည်ကို ခေါင်းခါမိသဖြင့်၊ တဏှာဖိ သဖြင့် အငြိပေါ်လာခြင်းပင်။ တဏှာက ဆွ၍ ‘ဇ’ ပြခံနေရခြင်းများပင်။

အယုတ်တကာ့ အယုတ်ဆုံးတို့တွင် တဏှာသည် အစွာဆုံး။

အရှုပ်တကာ့ အရှုပ်ဆုံးတို့တွင် အဝိဇ္ဇာသည် အစွာဆုံး။

ထို ရင့်မကြီး အဝိဇ္ဇာ၊ တဏှာများနှင့် ဤအလုပ်သင် သင် အသွားသမား၊ ဤ၌ ပွဲကြီးပွဲကောင်းဆိုကမမှား။

✶

## ၃။ လူချင်းမရော တောထုတ်စိန်ခေါ်သည်

**ဓမ္မသက** . . .

သင့်၌ ဒါနပွဲပေါင်းလည်း များလှပြီ . . .။ သို့တိုင်လည်း ရှိရင်းစွဲ ရာဂတဏှာ၊ ဒေါသတဏှာ စသည်များကား ပါးမသွားသည့်အပြင် ပွားသည်ထက်ပင် ပွားလာနေချေသေးတော့သည်။

သင့်၌ သီလပွဲပေါင်းလည်း များခဲ့ပြီ . . .။ သို့တိုင်လည်း အစွဲနာ တဏှာတွဲကား ခွဲမသွားသည့်အပြင် ပို၍ပင်မြဲ ပို၍လည်း ပြွတ်တွဲ တွဲလာ နေချေသေးတော့သည်။

ယင်းကား သတိ အသစ်ပေါင်းကြောင့် တဏှာအဟောင်း ခေါင်းထောင် ထလာခြင်းပင်။ ဓမ္မအာရုံထိများကြောင့် ကာမ အာရုံ အငြိတက် အသက်ဝင် လာခြင်းပင်။

**ဓမ္မသက** . . .

သည့်အတိုင်းဆို သင့်အဖို့ အာရုံတူ၊ ဝတ္ထုတူတို့၏ရှေ့ သင့်စိတ် အတွေ့ခံပေး၍ မဖြစ်တော့ပြီ။ လူချင်းမတွေ့၊ အာရုံတွေ့ မရောသော တော တရားနှင့်ရောမှ ဖြစ်တော့မည်။



**ဓမ္မသက** . . .

နိက္ခမအတွက် တောထွက်ရာ၌လည်း . . .

(က) ရွာနေစဉ် တဏှာမနိုင်သဖြင့် ထိုတဏှာကိုင်ရန် လူက တဏှာကို တော ထုတ်သတ်ခြင်း။

(ခ) ရွာနေစဉ် လူကိုမနိုင်သဖြင့် ထိုလူကိုင် တဏှာကပင် လူအား တော ထုတ်ညှဉ်းခြင်း။

ဤသို့လျှင် တောထုတ်ရိုး နှစ်မျိုး ရှိနေချေ၏။

ထိုစဉ် လူထူထူ သူပေါပေါ အာရုံကြောထဲ၌ သင်နေစဉ် သီလ၏ အာရုံ စောင့်စည်းစိတ်ကလည်း ကာမဂုဏ် အာရုံဆိတ်ခြင်းကို အလိုရှိနေ၏။ ကာမ၏ အာရုံလိုက်စားစိတ်ကလည်း ကာမဂုဏ် အာရုံကျင်းရာသို့ သွားလို ၏။

သို့ကြောင့် စောင့်စည်းစိတ်နှင့် လိုက်စားလိုစိတ် အကြိတ်အနယ်ဖြစ်၍ နေတော့ရာ လိုက်စားလိုစိတ် တဏှာကလည်း သည်လူ အရင်ကဆို ငါက ကြံဖန်ပေးလိုက်တိုင်း မဆိုင်းဘဲ သွားရောက်ပြီး ငါကြိုက် အာရုံတို့ကို လိုက်လံ ခံစားပေးခဲ့၏။ ယခုသော် နှိုးပေးလည်း မထ၊ ဆွပေးလည်း မပြေး၊ ငေးတေး တေးလုပ်နေတော့၏။

နေပါစေဦး၊ နေပါစေဦး။ သည်လူတော့ အာရုံမဲ့တော တစ်ယောက် တည်း လောပေးပြီး ညဉ်သွေး၊ စရိုက်သွေးများကိုထိုး မရိုးမရွဖြစ်လာအောင် လုပ်ပြလိုက်စမ်းမယ်။

ဤကား တဏှာက သင့်အား ကြိမ်းဝါးကာ တောထုတ်လိုက်ခြင်းပင်။

တစ်ဖန် သင်ကလည်း သင့်၌ သီလမဖြူစင်သေးသည်ကို အာရုံဝင်စား လျက်က . . . ကြည့်စမ်း သည်တဏှာ ငါ သီလထိန်းမှ ကတိမ်းကပါး လိုက်စ နေပြန်တယ်။ ဒါ လူထူထူ သူရှုပ်ရှုပ်ကို ခြေကုပ်ယူပြီး ငါ့တန်ပြန် နေတာပဲ။

ရှိစေတော့၊ ရှိစေတော့။ ဒင်းတော့လား အာရုံဆိတ်ရာ တိတ်တိတ် ခေါ်၊ အာရုံမျှော်သည်နှင့် ပိတ်သတ်သတ်။ ဒင်း အာရုံ ငတ်ငတ်ပြတ်ပြတ်နှင့် မတ်တတ်သေစေရမယ်။

ဤကား သင်က တဏှာအား ကြိမ်းဝါးကာ တောထုတ်လာခဲ့ခြင်းပင်။

**ဓမ္မေသက** . . .

ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ပမာ . . . လူမရော သူမရောသော တောလယ်မှာ သင်နှင့် တဏှာ စိန်ခေါ်ပွဲ ဖြစ်လာပြီ။ ထိုစဉ် သင့်အဖို့ ပေနိုင်မှ ရာဇာ၊ အကင်းအညှာ အထာပေါက်မှ ဘိသိက်မြှောက်၊ ထိရောက်သော အင်အားသုံးမှ လူလုံးလှမည်ကို သင်သတိပြုလေ။

သည်နေရာ သတိသည် သင့် လက်နက်၊ သရဏဂုံသည် သင့်ကျည်ဆန်၊ အသေခံရဲခြင်းသည် သင့်သတ္တိ၊ ဤအင်အားသုံးပါး သင်ပွဲတွေ့သုံးစစ်ကစားနိုင်မှသာ အသေခံတပ်သားအဖြစ်မှ အောင်ပွဲရတပ်သားအဖြစ်သို့ သင်ရောက်မည်ကို သင်သဘောပေါက်လေ။

## တပ်မကြီး ၁၀–စုဖြင့် တောနင်းဝင်လာသော မာရ်နတ်ကြီး

**ဓမ္မေသက** . . .

မာရ (မာရ်) သည် လူသတ်သမား၏အမည်။

ယင်းသည် ဒေဝပုတ္တမာရ်၊ ကိလေသာမာရ် စသည် မာရ်ငါးမျိုး ကွဲနေချေရာ တဏှာနှင့် သင်၏ ဤတောထုတ်ပွဲ၌ကား ကိလေသာမာရ်သည် အဓိကနေရာမှနေ၍ တာဝန်ယူသည်။ ဒေဝပုတ္တမာရ်ကား ဒုတိယလိုက်သည်။

ထိုစဉ် ပါရမီအဆင့် ရင့်အောင်ကျင့်ဆဲ၌ ကိလေသာမာရ်က တားဆီးမည်။ ပါရမီအရင့် ပွင့်အောင် ကျင့်ဆဲ၌ကား ဒေဝပုတ္တမာရ်က ဝင်လုမည်။



သည်သို့ မာရခေါ် ပါရမီယူ လူသတ်သမား ကိလေသာ ဒေဝပုတ္တနှစ်ပါး တောဝင်သူနှင့် တောကစားလေ့ရှိကြရာ . . . တောသည် သူတို့ကြီးစိုးသော နေရာ ဖြစ်နေသည်အတိုင်း သူတို့သည် တောခြောက်ခြင်းဖြင့် ပြင်ပမှနေ တောဝင်သမားကိုလှန့်မည်။ စွဲစိတ်သည်လည်း တဏှာကြီးစိုးသော နေရာဖြစ်နေသည်အတိုင်း စိတ်ချောက်ချားခြင်းဖြင့် ခန္ဓာ့အတွင်းဝင်ကာ တောဝင်သမားကို မိမိစိတ်ကလည်း စစ်ကစားမည်။ သို့ဖြစ်ရာ . . .

၁။ ပထမတပ်မက သူ့ဆိုင်ရာ ကာမအာရုံကို ဂုဏ်တင်ပေးကာ ဝေဒနာကို အသက်သွင်းပေးကြမည်။ ယင်းသည် ဌာနေ ကတည်းက တွဲပါလာပြီး ဖြစ်ခဲ့ပြီ။

၂။ ဒုတိယတပ်မက ဓမ္မအာရုံအတွေ့ မမွေ့ချင်အောင် ဖြစ်ပေါ် လာစေကာ. . . ဌာနေတုန်းက ရပြီးသား စျာန်များဆိုက စျာန်အင်္ဂါများ ကတိမ်းကပါး ဖြစ်သွားစေတော့သည်။ ဌာနေတုန်းက ရပြီးသား ဉာဏ်များဆိုကလည်း ဉာဏ်အပွင့်များ ကစဥ့်ကလျားဖြစ်သွားစေတော့သည်။

တောအရှိန်၏ဖိအား၊ သတိထားအား ပြားပြားဝပ် ကျသွားခြင်းကြောင့်ပင်။ ဤတပ်မနှစ်ခုအကြား ရောက်ရှိသွားသော သင့်စိတ်ကလေးမှာ ဌာနေမှာတုန်းက တွေ့၍သာစားသည်ဆိုသော တရုတ်ပဲငါးပိလေးကိုပင် ဤ၌အထူးတလည် သတိရနေပေရော့မည်။ အစားအသောက် ပြတ်လပ်လေတွေ့ပြီး၊ ကြုံပြီးသော အစားအစာမျိုးစုံတို့ကို အထူးသတိရလေလည်း ဖြစ်လာပေဦးတော့မည်။ ထိုစဉ် တဏှာကား ကဲ. . . ငါမပြောလား ဘယ့်နှယ့်ရှိစဖြင့် သင့်အား ထေ့ပြုံးပြုံးပြလျက်ကသာ။

အကယ်တိတိ . . . တောဝင်သမား သင်သည် အရသာခင်မျှမက လူခင်၊ ပစ္စည်းခင်အထိ အငြိပွားခဲ့ဖူးသူ ဖြစ်နေခဲ့ပါလျှင် သူ့မမြင်ရမှ သူနှင့်

တွေ့လိုစိတ်များ တဖွားဖွားထကြွလာပေဦးရော့မည်။ သူ့အတွက် ပြောစရာ၊ မှာစရာစကားများကလည်း စိတ်ပါးစပ်ဖျား တွားဝင်လာဦးတော့မည်။ ထိုအခါ တဏှာကား ကဲ. . . ငါမပြောလား ဘယ့်နှယ်ရှိစဖြင့် သင့်အား ထေ့ပြုံးပြုံး ရှုံးကြွေး ချေလျက်ကသာ။

သည့်အတူ ဥာနေတုန်းက အသုံးမဝင်သဖြင့် မေ့ချင်ချင်ဖြစ်နေသော ပစ္စည်းများကလည်း ယခုသော် သူပါ သည်နေရာ အသုံးတည့်ပေ့ါဖြင့် အတွေးဝင်လာရော့မည်။ သူပါ သည်နေရာ စိတ်ချရသည်ဖြင့်လည်း စိတ်မှတ်ချက် ချနေပေဦးတော့မည်။ ထိုအခါ တဏှာကား ကဲ. . . ငါ မပြော လား ဘယ့်နှယ်ရှိစဖြင့် သင့်ဘေးမှာနေ သင့်အား တို့လျက်၊ စလျက်ကသာ။

သည်အခါ ကာမကြောင့် မအီမသာဖြစ်လာသော သင့်စိတ် ဓမ္မဘက် မျက်ရိပ်မပြတော့ပြီ။ ဓမ္မအပေါ် မမွေ့ လိုခြင်း၊ မေ့လိုခြင်းတို့ဖြင့် သင့်စိတ် အလုပ်မဆင်းတော့ပြီ။

ဓမ္မအလေ့ မမွေ့လိုသော သင် တောဝင်သမား . . . သူတို့၏ စစ် ပရိယာယ်ဖြစ်သော တောခြောက်ခြင်းကိုလည်း စင်းစင်းခံယူရပါမည်။ တဏှာ၏စစ်ပရိယာယ်ဖြစ်သော စိတ်ချောက်ချားခြင်းကိုလည်း စင်းစင်း ခံယူ ရပါတော့မည်။

ရံတစ်ခါ လူအုပ်ကြီးတက်လာဟန် အသံကြောင့် မျက်စိများပင် မမှိတ် ရဲပါ။ ရံတစ်ခါ ဟိုမှ၊ သည်မှ အရောင်များ လက်ခနဲ လက်ခနဲတို့ကြောင့် မျက်စိများပင် မမှိတ်ရဲပါ။ ရံတစ်ခါ လူအုပ်ကြီး ငြာသံပေး ပြေးလာနေ သည်ကြောင့် ထ၍ပင်ပြေးရမတတ် ဖြစ်ပါသည်။

အချို့ သည်မှာတွင် တပ်ခေါက် ပြန်လာခဲ့ကြရပြီး တဏှာ၏အလိုကျ တဏှာ့သုံ့ပန်းဘဝဖြင့်ပင် ဥာနေပြန်လည်ကာ ဝပ်ကျင်းဝပ်၊ ကာမအနှပ် ခံကြ ရရှာသည်။ အချို့ကား တော၌ပင် မထူးဇာတ်ခင်းကာ တဏှာအတွက်



ပွဲတော်အုပ် ဆက်သွင်းပေးနေရရှာတော့သည်။

အကယ်တိတိ . . . ပေနိုင်လွန်းသဖြင့် သူတို့၏ကစားကွက် ကိုယ်နှင့် မပတ်သက်သလို နေပြပါမူ သူတို့သည် ကြောက်မှသာ ခြောက်သော အခြောက်တိုက်သမားမျှသာ ဖြစ်ကြချေရာ . . . သည်က မမှုလျှင် သူတို့က လည်း မတုတော့ပါ။ သည်က မယောင်လျှင် သူတို့ကလည်း လက်ရှောင် တော့ပြီသာ။

ထိုသို့ သူတို့နှင့်သင်ကင်းသွားသော်မှလည်း မိမိအတွက် ရသမျှအချိန် ကြွေ့ရစွာ အသုံးမချနိုင်သေးခြင်းကြောင့် စိတ်ဂနာမငြိမ် မမိရာ လိုက်လံချိန် နေတတ်ပြန်ပါသည်။ သည်အခါ . . .

**၃။** တတိယမြောက်တပ်မ စိတ်ကစား အစားတောင်း ဆာလောင်ခြင်းက ခေါင်းထိုးဝင်လာပါတော့သည်။

ယင်းမှာ ဝမ်းဟာလာသဖြင့် ဆာလောင်ခြင်း၊ စိတ်ပင်ပန်းလာသဖြင့် ဆာလောင်ခြင်း၊ စားလိုရာ စားခွင့်မရသဖြင့် ဆာလောင်ခြင်း၊ ဤဆာလောင် ခြင်းများက တတိယတပ်မကြီးတစ်ဖွဲ့အဖြစ် ဖွဲ့စည်းကာ သင်တောဝင်သမား အား ဆီးတားနှောင့်ယှက်ကြပါတော့မည်။ အတွေးများလေ ဆာလေ၊ စိတ် ကစားလေ ပိုပြင်းလေလေပင်။

သင် ပေနိုင်လျှင်ပေ၊ မပေနိုင် ထေဖို့ရာသာကြံပေရော့။

**ဓမ္မသက** . . .

သင် ပေနိုင်သည်ပဲ ထားဦး။ တစ်ဖက်က ကာမကို သတိဖြင့် ပိတ်ဆို့ပြီး နောက် သည်ဘက်က ကျင့်လက်စ ဓမ္မမှာ စရဏကသာ ဖွံ့ဖြိုး၊ ဝိဇ္ဇာကား ရှေ့တိုးမလာသော် . . .

“ဟာကွာ . . . တစ်ခါလာ မဲပြာပုဆိုး၊ တောရောက်လာ တရားက ဘာမှလဲ မတိုးဘူး။ ”

"ဟာကွာ. . . ရွာတုန်းက ဓမ္မ စိုသလောက်၊ ခုများဖြင့် ဓမ္မ ခြောက်လိုက်ထာ။" ဤ သင့်အတွေးများက သင့်အား ပြောသံပေး၍ အရေးဆိုနေကြတော့ရာ . . .

**၄။** သင့်မှာ မပျင်းချင်ဘဲနှင့် ပျင်း၊ မဖျင်းချင်ဘဲနှင့်လည်း ဖျင်းရပေဦးတော့မည်။ ထိုစဉ်. . . အပျင်းကား သဒ္ဓါသွေးကို အတွေးက ဘေးဖယ်ထားလိုက်သောကြောင့် အဖျင်းမှာ ဝီရိယဖဝါးကို အတွေးက ရှေ့မှနေ ကြားထိုးခံထားလိုက်သောကြောင့်။

**ဓမ္မသက . . .**

ရှိရှိသမျှ ရန်ဘက်အားလုံးတို့တွင် အတွေးရန်သည် ဘေးရန်ထက် အကြောက်ရဆုံး။ ရှိရှိသမျှ အကြံပေးအားလုံးတို့တွင် အတွေး၏ အကြံပေးသည် ဘေးရှိ အကြံပေးထက် အားကိုးစရာ အကောင်းဆုံး။

ဘာ့ကြောင့် သင်မေးသော် . . .

အတွေးတွင် ကောင်းရိပ်၊ ဆိုးရိပ်၊ ကုသိုလ်ဖြစ်၊ အကုသိုလ်ဖြစ် စေတသိက်အားလုံး အလိပ်လိုက် အလိပ်လိုက် လိုက်၍ တစ်ဖက်နှင့် ချိန်ကိုက်ပေးနေပြခြင်းကြောင့်။

သို့ကြောင့် ကြောက်စရာရှိ ကိုယ့်အတွေးက အလှန့်ဖြင့် နှုတ်ခမ်းသတ် မရှိ ခြေဆန့်ပြနေခြင်းက အခြားထက် ပို၍ ကြောက်စရာကောင်း၏။ ပုန်းစရာမရှိလောက်အောင်ပင် လက်သံပြောင်၏။

ကြိုက်စရာရှိ ကိုယ့်အတွေးက ဘေးကလာ ပေးသော ကြိုက်စရာများ ထက် လက်ဆံရှည်၏။ ခဏနေပါဦး ယူပေးပါ့မယ် စကားကိုပင် ပယ်အချ ခံရသေး၏။

**ဓမ္မသက . . .**

သို့ကြောင့် သင်၏တောဝင်သွေး အတွေးမပါမှ အရေးသာမည်ကို သတိ



ပြုလေ။ သင်ကသာ အတွေးလက်မခံ၊ ဘေးဘက်က ရန်ကား ဟန်ပင် ပြသလိမ့်မည်မဟုတ်။ ဧည့်သည်တို့မည်သည် အိမ်ရှင် တံခါးဖွင့်ပေးမှသာ ဝင်ခွင့်ရသည်ကိုး။

အကယ်တိတိ . . .

သင်က အတွေးကို အပေးလာသူထင်ပြီး သူမလာ ကိုယ်ကပင် မျှော်ကြို ကြို၊ သူလာသော် ကိုယ်ကလည်း ဖော်ဖော်ရွေရွေ အတွေးပို ပေးမိ မှားနေပါက အပျင်းက ဆင်းသက်လာသည်က အဖျင်း။

တစ်ဖန်

**၅။** အဖျင်းက ဆင်းသက်လာသည့် အိပ်စက်ခြင်းကာမက သင့်ထိပ်ထက် တက်ရပ်ပြလာတော့သည်။

"အင်း . . . ဘာမှအချိုးမပြောင်း အိပ်တာကမှကောင်းထင်ရဲ့"ဖြင့်။

"အင်း . . . အိပ်လိုက်မှ အားပြည့် ခါးချိလည်း သက်သာလာမှာ"ဖြင့်။

**ဓမ္မသက . . .**

သင်၏ဓမ္မအလုပ် လုပ်လိုခြင်း စေတနာ၊ ဆန္ဒများဘက် အမှတ်-၅ ထိန မိဒ္ဓ တပ်မကြီး ချီတက်လာနေကြပြီကော။

မာရ်မင်း၏တပ်မကြီးများဆို၍ ရုပ်ပြအမိန့်ခံ ကိုယ်ထင်ရန်များမဟုတ် ကြ။ သင့်စိတ်သို့ အမြဲကပ်နေကြသော အကုသိုလ်စေတသိက်များ၏ အရိပ်ကျမှုသာ။

သို့ကြောင့် ဤဆိုပြီး, ဆိုအံ့ မာရ်တပ်မကြီး ဆယ်တပ်တို့သည် လည်းကောင်း၊ ပူးတွဲပါ ကာမစ္ဆန္ဒ စသည် အဆီးသမား အတား ငါးဦးတို့သည် လည်းကောင်း၊ စိတ်ကပ် အကုသိုလ်များ ဖြစ်ကြလေသော လောဘ၊ ဒေါသ၊ မောဟ တပ်ပေါင်းစုကြီး၏ ရှေ့ပြေးတိုက်ကင်း အသေခံအသင်း နှစ်သင်း ဖြစ်နေသည်ကို သင်ကြိုတင်သဘောပေါက်ထားလေဦး။

**ခမွေ့သက**. . .

သင်သည် တရားအားထုတ်မလို့ တောဝင်လာပါသည် ကြွေးကြော်ပြီး. . .

၁။ ကာမအာရုံများအပေါ် ခင်မင်မှု အားကြီးနေမိခြင်းကြောင့် လည်းကောင်း၊

၂။ အာရုံရှင်များအပေါ် ခင်မင်မှု အားကြီးနေမိခြင်းကြောင့် လည်းကောင်း၊

**မှတ်ချက်။** ။ တောနေစရို အာရုံသည် အစာမလုံလောက်ခြင်း၊ ကျောင်းမလုံ လောက်ခြင်း နှစ်မျိုးသာရှိတတ်ကြသဖြင့် အာရုံရှင်ဆိုသည်မှာလည်း ယင်း ဝတ္ထုနှစ်ပါးမျှသာ ဖြစ်တတ်သည်။

၃။ ကိုယ့်ကိုယ်ကိုပင် ခင်မင်မှု (ညှာတာမှု) အားကြီးနေမိခြင်းကြောင့် လည်းကောင်း၊

၄။ အအိပ်အစက် မက်နေမိခြင်းကြောင့် လည်းကောင်း၊

ထိုစဉ် . . . ကျင့်စိတ်ကို လိုစိတ်က ပိတ်တား တားထားလေသောအခါ၊ ကျင့်စိတ်ကို ဖင့်စိတ်(မမွေ့စိတ်)က ပိတ်တား တားထားလေသောအခါ၊ ကျင့်စိတ်ကို ဆာစိတ်က ပိတ်တား တားထားလေသောအခါ၊ ကျင့်စိတ်ကို ပျင်းစိတ်က ပိတ်တား တားထားလေသောအခါ၊ တစ်ဖန် . . . ကျင့်စိတ်ကို အိပ်ချင်စိတ်က ထိပ်တက်၍ ပိတ်လျက် ကာဆီးနေသောအခါ တောခွင်အဝင်ဝ၌သာ ခြေချစ ဖြစ်နေသော ထိုသည့်သင်. . . ဗိုလ်များကလည်း မအား၊ အသွား ဈာန်အင်္ဂါများကလည်း ခါးပြတ်နေသေးချိန်ဖြစ်သဖြင့် . . .

၆။ သည်အချိန် ထစ်ခနဲဆို တွေးစိတ်က ခြောက်၊ သစ်ရွက်ကြွေကျသည်ကိုပင် ခြေသံထင် ကြောက်နေတော့မည်။ ထစ်ခနဲဆို တွေးစိတ်က ဖန်ဆင်းပြနေ့ခင်း၌ပင် အရိပ်မည်းကြီးများက တစ္ဆေကဲ့သို့ ပြသနေကြတော့သည်။



**ခမွေ့သက** . . .

ထိုကြောက်လန့်ခြင်းကို သင့်စိတ်က အဓိကနေရာမှနေ တာဝန်ယူပေးနေသည်။ ခြောက်လှန့်ခြင်းကိုလည်း သင့်တွေးစိတ်ကပင် အဓိကနေရာမှနေ တာဝန်ယူပေးနေသည်။ အခြားဘေးရန်များကား ဘေးမှနေ ရံပေးထားရုံမှတစ်ပါး သင့်အား တာဝန်မယူနိုင်။

ဤ၌ သင်သတိထားသင့်သောအရာတစ်ခု အားလုံးစု၍ မှတ်ချက်ပြုထားခဲ့ချင်သေး၏။ ယင်းမှာ အခြောက်အလှန့်သမားများ၏ ငယ်စာရင်းပြောပြလိုခြင်းပင်။ ထိုစဉ် . . .

၁။ ကိုယ့်မပျော်စိတ်က ဟိတ်ခတ်၍ ခြောက်လှန့်ခြင်း၊

၂။ ဌာနေများ အခြေပျက် အနေခက်သဖြင့် ခြောက်လှန့်ခြင်း၊

၃။ နောက်ကြောင်းမကင်း နောက်ကြောင်းစာရင်းကိုင်က ဒိုင်လုပ်၍ ခြောက်လှန့်ခြင်း၊

၄။ မိမိကို စောင့်ရှောက်နေသူကလည်း မိမိအရည်အချင်း စမ်းသပ်လိုခြင်းရှိသဖြင့် ခြောက်လှန့်ခြင်း။

**ခမွေ့သက** . . .

တောဝပေါက် အခြောက်ခံရခြင်းမှာ ဤလေးမျိုး တစ်မျိုးမျိုးကြောင့်ပင်။ ထို့ထက်လည်း မပို၊ ထိုအောက်လည်း မလျော့။ ထိုစဉ် . . .

**ခမွေ့သက** . . .

ကိုယ့်မပျော်စိတ်က ခြောက်တတ်ပုံကား အထက်ကဆိုပြီး စကားဖြင့်ပင် နားလည်လောက်ပြီ။

ဤ၌ကား တော၊ တောင်၊ မြေ အမြဲနေသည့် ဌာနေများ၏ ခြောက်လှန့်ပုံကစ၍ပြောပြမည်။

သူတို့သည် ဘူတရုပ် ထိန်စေသည့် သင့်သီလ၏အရှိန်ကို မခံနိုင်ကြ

ပါ။ သူတို့သည် သင်ရှုလက်စ ဓမ္မသတ္တိဂုဏ်၏ အထုံအရှိန်ကို မခံနိုင်ကြပါ။ ဘုရားလက်ထက်က တောကြီးဝင် ရဟန်းငါးရာကိုရှုပါ။ ထိုအခါ သူတို့၏ လွတ်လပ်ရေး အဆုံးရှုံးမခံနိုင်ကြသောကြောင့် သူတို့၏ လွတ်လပ်ခြင်းကို မေတ္တာဖြင့် လွတ်လပ်ရေး ကြေညာမပေးခြင်းကြောင့်လည်း သင့်ကို အလိုမရှိကြပါ။ သူတို့ရှိနေကြပါသည်ကို သင်က အသိမှတ်မပြုသောကြောင့်လည်း သင့်ကို အလိုမရှိကြပါ။ အလိုမရှိ အာခံ ရွာပြန်ပို့ရန်သာ ရှိတော့သည်။

ထိုအခါ သင့်တွေးစိတ်ကို အရာရှိခန့်၍ သင့်အား ခြောက်လှန့် ခိုင်းကြပါတော့မည်။

နောက်တစ်ခု နောက်ကြောင်းမကောင်းတို့၏ ခြောက်လှန့်ခြင်း။

ဤ၌ ပြောစရာတစ်ဖုံ ကြုံလာပြီ။

ယင်းကား နောက်ကြောင်းမကောင်းဆိုသည်မှာ သိုက်နှင့်မကောင်းသည်ကို ရည်ညွှန်းရာ. . . သိုက်သည် မိမိ မိမိတို့ ခင်မင်စွဲလန်းရာ ငွေ သို့မဟုတ် ရွှေ စသည်များ မြှုပ်နှံထားရာဒေသတစ်ခု ဖြစ်၏။ ထိုနေရာသို့ အလှည့်ကျ စောင့်ပေးနေရသူများကား သိုက်စောင့် သို့မဟုတ် ဥစ္စာစောင့်များ ဖြစ်ကြ၏။

ယင်းကို စာပေများ၌ ပြိတ္တာဟူ၍သုံးနှုန်း၏။ ပြိတ္တာဆိုသည်ကား သေသည်၏ အခြားမဲ့၌ မိမိ ခင်မင်စွဲလမ်းရာ သား၊ သမီး၊ ဇနီး စသည်များမှနေ အိုးအိမ်စသည် များပြားလှစွာသော ခင်ဘုတ်များကို သိမ်းကျုံးပါဝင်စေ၏။

ဤသိုက်၌ကား ရွှေငွေရတနာ ခင်မင်ရာတစ်ခုကိုသာ သီးခြားပြု၏။ သို့ကြောင့် ပြိတ္တာနှင့် သိုက်စောင့်သည် သစ်ပင်နှင့် သစ်ငုတ်ပမာ ဆင်၏။ သစ်ပင်ကို ပြောခွင့်ရလျှင် သစ်ငုတ်ကိုလည်း ပြောခွင့်ရသင့်၏။ သို့စဉ်လျက် စာပေ၌မပါသော သိုက်အကြောင်း (ဥစ္စာစောင့်အကြောင်း) ပါလာသော် လက်မခံနိုင်ဆိုသော တစ်ယူပိတ်ဉာဏ်သည် တစ်ဖက်သတ် ဆန်လွန်းနေပြီ



ဆိုရမည်။

ဤနေရာ၌ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးကား ငါတို့ကဲ့သို့ ဒွဲ(တွဲ)ဖြင့် ထိုး၍ ဒွဲ(တွဲ)အတိုင်းစကားမပျိုးဘဲ “သူတို့က” “သူတို့က”ဖြင့်သာ ပြီးပြေစေ၏။

“သူတို့က” ဆိုတာလည်း  သိုက်စောင့်များပါပဲ။

ပြိတ္တာဆိုတာလည်း သိုက်စောင့်များပါပဲ။

ဝက်သားဟင်း၊ ကြက်သားဟင်း မပြောလို၍ မံသဟင်းပြောပြတိုင်းသည်နှင့် ဘာမှမခြားနား။

ပြောစရာအတွက် ရှေ့ဆက်ကြဦးစို့။

**ဓမ္မေသက . . .**

၁။ သင်သည် သိုက်ထွက်လူသားလည်း ဖြစ်နေမည်။

၂။ ထိုင်ထွက်၊ ရပ်ထွက် ထွက်ခွင့်ရသူမဟုတ်။ အိပ်ထွက်ဖြင့် ထွက်လာခဲ့ရသူလည်းဖြစ်မည်။

၃။ သစ္စာကျိန်စာဆို၍ နဂိုနေရာမှန် ပြန်လာပါမည်ဟူ၍ ကတိခံခဲ့သူလည်း ဖြစ်နေမည်။

ထိုသုံးချက်နှင့်ပတ်သက်နေပါက သင့်အား အချိန်စေ့ ဂတိနိမိတ်ဝှေ့၍ လှေခေါ် မရမည်ကိုလည်း စိုးရိမ်သည်။ လှေခေါ် ၍လာ သူတို့ထက် အရှိန်ပါဝါ အာဏာသာမည်ကိုလည်း ထိတ်လန့်သည်။ ယခု သင် သိက္ခာရှိန် ထက်လာပါက သူတို့မသက်သာမည်ကိုကား ပို၍ပင် တုန်လှုပ်နေကြပြီ။

ထိုအခါ သင့်အတွေးစိတ်ကို ကိုယ်စားလှယ်ခန့်၍ လှန့်ကြတော့မည်မှာ ဓမ္မတာ။ သင့်စိတ် ခြောက်၍ သင်ကြောက် သူတို့ နောက်ထပ် ခလောက်မည်မှာလည်း ဧကန်သာ။

နောက်တစ်မျိုး မိမိအား စောင့်ကြပ်နေသူများက သွေးတိုးစမ်းခြင်း။

ယင်းကိစ္စကား အဓိဋ္ဌာန်ကာလပိုင်းများ၌ ပို၍ ရင်ဆိုင်ရတတ်၏။ ယင်းမှာ . . .

(က) သင်သည် သင့်စကားသင် ဘယ်လောက် ရိုသေသနည်း။

(ခ) သင်သည် ကျင့်ဆဲတရားတော်၏ ဂုဏ်သတ္တိအပေါ် ဘယ်လောက် ယုံကြည်သနည်း။

(ဂ) သင်သည် ဘုရားစကား၊ ဆရာသမားများ၏စကား ဘယ်လောက် နားဝယ်ထားသနည်း။

ဤသုံးချက် မှတ်ချက်ယူရန် ဖြစ်သည်။

စောင့်ဖမ်းဖမ်း စမ်းတတ်သော နေရာမျိုးမှာ အဓိဋ္ဌာန်ကာလ၏ သုံးချိုး ချိုး နှစ်ချိုးအထိ ခရီးရောက်လာစဉ်မျိုး၌ပင်၊ စမ်းကြည့်ကြည့် ကလိတတ်သောအရာမျိုးကား . . . ထိုင်လက်စ အချိန်ဝယ် အထိုင်မဖျက်လျှင် မဖြစ်နိုင်လောက်သည့် အရေးပေါ်ကိစ္စကြီးများလည်း ဖြစ်နိုင်သည်။ အဓိဋ္ဌာန်ကာလ အကြား မသွား မဖြစ်နိုင်လောက်သည့် နောက်ပိုး အရေးပေါ်ကြီးများလည်း ပေါ်ပေါ်လာနိုင်သည်။ ထိုအချိန်မျိုးဝယ် . . . မျက်စိမှိတ်၍ အဓိဋ္ဌာန်ကို သာဖက် အားလုံး ပြေညက်မည်။ အကယ်တိတိ. . . တစ်ဖက်ငဲ့ကွက်လျက် အဓိဋ္ဌာန်ဖျက် အားလုံးပင် အခက်တွေ့တော့သည်။

သည်သို့သော ခွေးဖြူ တောမတိုးမျိုးကို နောင်သောအခါ မည်သို့ပင် အဓိဋ္ဌာန်ပွဲတိုးနေစေ မည်သူကမျှ ယုံတော့မည် မဟုတ်ချေ။

**ဓမ္မေသက . . .**

ဤဆိုခဲ့ပြီး ခြောက်လေးလုံးတို့သည်. . . သင့်စိတ် တရား၌မမွေ့ခြင်း၊ ပျင်းရိခြင်း၊ ဆာလောင်ခြင်း၊ ထိုင်းမှိုင်းခြင်း များကို ခြေကုပ်ယူ၍ တစ်ဖက်ဆူ အကူဝင်လာခြင်းများပင် ဖြစ်ကြရာ သင့်အဖို့ တောဝင်စမုဆိုး တောမကျွမ်း သေးက ဆင်ထိုး၍ အသေဆိုးဝင်တော့သည်ပမာလည်း ဖြစ်လာတတ်စွာ၏။



သို့တည်းမဟုတ် တောဝင်စမုဆိုး တောအဝင် စိုင်သင်အပြ ယူခွင့်ရသောကြောင့် တောလည်းကျွမ်း၊ တောကောင်ကိုလည်း ထမ်းပြန်ပမာလည်း ဖြစ်လာတတ်စွာ၏။

အရေးကြီးဆုံးမှာ . . . သီလကို အခြေယူ၍ သင် ပေပေတေတေ နေပြတတ်ဖို့သာ။ ထိုပေပေတေ လူလေလူလွင့်သာ အမည်ခံခွင့်ရှိသည် မဟုတ်။ ထိုပေပေတေအမည်သည် လူလေးနှင့်လူမြင့်လည်း ခံခွင့်ရှိသည်သာ။

## တောဝကနေ လက်မှတ်စစ်လေသူများ

**ဓမ္မေသက . . .**

ဆိုခဲ့ပြီးသော အာရုံမင်မှ ကြောက်စိတ်ဝင်အထိ တပ်မခြောက်မျိုးတို့သည် တောဝင်စများကို တောဝမှနေ ဆီးကြိုနေသည်များ ဖြစ်ကြသည်။

သင့်နောက်၌ ဗိုလ်ငါးပါး ဖဝါးထပ် လိုက်၊ မလိုက် ဆီးကြိုနိုက်ကြည့် နေခြင်းများ ဖြစ်ကြ၏။ သင့်လက်၌ ဈာန်အင်္ဂါ ငါးပါးပြည့် ရှိ၊ မရှိလည်း ဆုပ်ကြည့်၊ ဖြန့်ကြည့် နေကြ၏။

သင့်နောက်၌ ဗိုလ်မပါ လိုရာသွားခွင့်ပြုလိမ့်မည် မဟုတ်ချေ။ သင့်လက်၌ ဈာန်အင်္ဂါ မပြည့်ဝ နေလိုရာဒေသ နေခွင့်ရမည်လည်း မဟုတ်ချေ။

**ဓမ္မေသက . . .**

ထို ဗိုလ်နှင့် ဤ ဈာန်အင်္ဂါများသည် ပါရမီစခန်း မည်သည့်လမ်းကပန်းတက်တက် သူတို့မပါ အဆင့်မတက်။

ပါရမီသည် သူတို့တက်ရာလမ်း၊ သူတို့သွားရာစခန်း။

ဗိုလ်နှင့် ဈာန်များကား စိတ်မည်းတူ ဖြူအောင် လေ့ကျင့်ပေးမည့် အမှုထမ်း။

**မမွေသက . . .**

ထိုသို့ ဗိုလ်နှင့် ဈာန် ပါရမီ၌ အခြေခံရမည်ဖြစ်ရာ. . .

၁။ သဒ္ဓါအား အလွန်ကောင်းမှ ဝိတက်ဈာန် နေရာမှန်ရသည်။

၂။ စိတ် ဝီရိယကောင်းမှ ဝိစာရဈာန် ကပ်ယူ သုံးသပ်ပုံ နေရာမှန်သည်။

၃။ သတိအား ပြည့်မှလည်း ပီတိဈာန် အရည်လျှံကာ တက်သာသည်။

၄။ သမာဓိ အားရှိမှလည်း သုခဈာန် ဟန်ဟန်ပန်ပန် ဖြစ်လာမည်။

၅။ ပညာ အခြေပါမှလည်း ဧကဂ္ဂတာဈာန် ရွှေရတနာ ပန်ရသည်။

တစ်ဖန် ဈာန်ဖြင့်ခံ ဗိုလ်တို့ကို ဝေဖန်ရပါမူ . . .

၁။ ဝိတက်ဈာန်က အာရုံတစ်ခု ထင်သည်ထက်ထင်စွာ ပြုစုပေးမှ သဒ္ဓါက ဗိုလ်အရာခံရမည်။

၂။ ဝိစာရက အထင်မှအထင်း အလင်းအထိ ဖြည့်စွက်ပေးမှ စိတ်၊ ဝီရိယ ဗိုလ်အရာရမည်။

၃။ ပီတိက အလုပ်အပေါ် နှစ်သက်အားရ သဘောကျလာမှ သတိလည်း ဗိုလ်အရာရှိ ဖြစ်လာမည်။

၄။ သုခက ကိုယ်ချမ်း၊ စိတ်အေး လုပ်ကွက်နှင့် အလုပ်သမား အားပေးနေမှ သမာဓိလည်း ဗိုလ်နေရာရှိမည်။

၅။ ဧကဂ္ဂတာက တစ်ခုဆိုတစ်ခု အထိုင်ချ၍ ရှုပေးနေမှလည်း ပညာမှာ ဗိုလ်အရာ ခံယူရရှိမည်။

ဗိုလ်ဆိုသည်က စိတ်တန်ခိုး စိတ်သတ္တိများ၏အား။

ဈာန်ဆိုသည်က စိတ်မည်းတူ ဖြူအောင် ချေးချွတ်ပေးသော ကိရိယာ။

သို့ကြောင့် ဈာန်နိုးမှ ဗိုလ်ဖြစ်မည်။ ဗိုလ် ရှေ့တက်မှလည်း ဈာန်အဂ်ါ ထက်မြက်မည်ဆိုသော ဈာန်နှင့်ဗိုလ်တို့၏ အပေးအယူကို သင် ကြည်ဖြူစွာ လက်ခံပါလေ မမွေသက။



**မမွေသက . . .**

သင်သည် ဤဆိုခဲ့ပြီးသော ဗိုလ်နှင့်ဈာန်တို့ကို အခြေခံ၍ တောအခြေလူမှန် နေရာမှန်ရရန် တောဝမှနေကာ ဆီးကြိုစစ်မေးနေကြသည့် အထက်ပါ တပ်မကြီး ခြောက်မျိုးတို့ အပေါ် အမြောက်မိုးကြီးရွာချရန် သင် ကြိုးစားရတော့မည်။

ထိုသို့ ကြိုးစားရာတွင် . . .

၁။ သီလသည် သင့်သက်တော်စောင့်များကဲ့သို့ သဘောထား မွေးစားလေ။ ရဟန်းဖြစ်က ရဟန်းသီလ စိတ်မညှိုး ကိုယ်မဖောက် နှုတ်မပေါက်အောင် စောင့်ရှောက်။

လူဖြစ်က လူ့သီလ စိတ်မညှိုး ကိုယ်မယိမ်း နှုတ်ပါငြိမ်းအောင် ထိန်းသိမ်း။

၂။ တစ်ဖန် ဂုဏ်တော်နှင့် မေတ္တာကို အိတ်ဆောင်လက်နက်ကဲ့သို့ သင် အားကိုး။

၃။ ကျင့်မြဲကျင့်စဉ်ကိုကား ကွင်းလယ်တွင် တိုက်ပွဲဝင်နေသော လက်နက်ကြီး၊ သေး စုံများကဲ့သို့ မနေမနား စိတ်စားကျက် မပျက်အောင်ထား ပွားများ။

၄။ သတိ၊ ဝီရိယ၊ အသိ၊ သိက္ခာတို့ကိုကား သင်နှင့်အတူ တိုက်ပွဲဝင် ရဲသုံးဘော်လို လက်ကိုင်ထား။

**မမွေသက . . .**

ထိုကျင့်စဉ်ထဲ၌ ဈာန်များရော ဗိုလ်များပါ ပါဝင်တိုက်ခိုက်ပေးနေကြသည်ကိုလည်း သင်သတိပြုခဲ့ဦး။ သို့မှသာ သင်၏ တောဘက်ထွက်လာခြင်းသည် တဏှာက တောထုတ်၍မဟုတ်၊ သင်၏ကိုယ်ပိုင်အလုပ် ဖြစ်လာပေတော့အံ့။ တဏှာက သင့်ကို သတ်ရန်အလှည့်မဟုတ်။ သင်ကသာ တဏှာကို သတ်ရန် အလှည့် ဖြစ်လာပေတော့အံ့။

**ဓမ္မသက . . .**

တောပရိယာယ်သည် ဆင်ထက်အရာကျယ်၏။

ဆင်က ဆင်ကြုံကြုံ၍ တောဝင်မုဆိုးကို သတ်ဖို့ ကြံစည်ရာ၌ သူတစ်ကောင်တည်းရှိ မောဟထိန်းအောက်က ဆင်ဉာဏ်တစ်ခုမျှသာ သူ့၌ အဖော်ပါ၏။

တောက တောဟိတ်ဆင်၍ တောဝင်ကို သတ်ဖို့ (ဖျက်ဆီးဖို့) ကြံရာ၌ကား . . . သူတွင်မက အများလည်းပါ၏။ မောဟအသုတ်ချည်းမဟုတ်၊ ကျန်အသုတ်များလည်း ပါ၏။ သို့ကြောင့် . . . ထိုသင်သည် စစ်မြေပြင်ရောက်နေသော စစ်သား ကောင်းတစ်ယောက်ပမာ စားစား သွားသွား နားနားနေနေ စိတ်ကိုကား မည်သည့်ကာလမျှ အနားမပေးလေနှင့်။

သတိကို ကင်းစောင့်နေရာထား၍စား။

ဝီရိယကို ကတုတ်ကျင်းတူးနေရာထား၍စား။

အသိကို ရန်သူအကဲခတ်သမားနေရာထား၍စား။

သည့်အတူ သွားရာ၊ နားနေရာများ၌လည်း သူတို့နှင့်စိတ် အမြဲတွဲချိတ်ထား။

စစ်မြေပြင်ရောက် စစ်သားကောင်းတစ်ယောက်သည် မျက်စိကိုလည်း အမြဲဖွင့်ထား၏။ နားကလည်း အမြဲစွင့်ထား၏။ ခြေသွားများကလည်း ဖွဖွနင်း သတိအမြဲသွင်းထည့်ထား၏။ လက်ညှိုးများကလည်း လက်နက်၏ခလုတ်ထဲ အမြဲ သွင်းလျှိုပေးထား၏။ လက်နက်ကလည်း အသင့်ကျည်ထိုး၊ အသင့်ပြောင်းလှည့် ရန်သူဘက် အမြဲချိန်ထား၏။ စစ်မြေပြင်သည် အသက်ချင်းလဲရမည့်နေရာ ဖြစ်နေခြင်းကြောင့် ဆိုသည်ကို သင်သတိပြု။

တောမကျွမ်း တောဖမ်းခံရမည်။

ငပေငတေမပါ တောခါ ခံရပေဦးမည်။

✶



## ၄။ ကျင့်စဉ်မမီ စနိ္ဓပြင့် လည်လေဦး

**ဓမ္မသက . . .**

လူလောက၌ပင် နယ်ကူးမည့်ကြံ နယ်ခံ၏ဒဏ်က ကံထပ်ပေးသေး၏။ ရဟန်းလောက၌ပင် နယ်ကူးခံ နယ်ခံ၏ဒဏ်က ကံထပ်ပေးသေး၏။

မမြင်ရရာ ထိုနယ်ခံနှင့် တောဝင်ရန် ကြံသော သင် နယ်ဖန်သမားတို့၌လည်း သူတို့သည် . . . လာပစေ၊ နေပေါ့ဖြင့် လွယ်လွယ်လက်လျှော့သူများ မဟုတ်ကြ။ သူတို့သည် . . . အကောင်းလာပေး ကျွေးသမျှ စားမည်ဖြင့် လွယ်လွယ်လက်ခံကြမည်လည်း မဟုတ်ကြ။

သို့ကြောင့် . . . တောနှင့်သင် အကျွမ်းမဝင်ခင် ဤအဝင်အစတွင် သင်က သူတို့အမွှေ ပေကျင့်နေက ပေပွင့်ကို နုတ်လွှင့်ပစ်ကြမည်သာ။ သင်က သူတို့အပေ ပြန်တေက သင့်တေကွက် ဖျက်ပစ်ကြမည်သာ။

ရံတစ်ခါ . . . သည်နေရာ သင့်နေရာမဟုတ်၊ ကြာကြာနေ သင့်အသက် သေနိုင်သည် အိပ်မက်ပေးကြမည်။ ရံတစ်ခါ သည်ဒေသ သင်တရားမရသည့်အပြင် သင့်အတွက် အသက်အန္တရာယ် ဖြစ်နိုင်သည် အိပ်မက်ပေးကြမည်။

ထိုအခါ သင်အဖို့ . . . ဘာမှ မတုံ့မပြန် ငုံ့ခံဖို့သာ ပြင်လေတော့။ နှုတ်က

ဘာမှ ပြန်မဖွင့်၊ အကျင့်ဖြင့်သာ စစ်လမ်းဖွင့်ပေရော့။ ထိုအခါမျိုးများဝယ် နေပုံကြီးက သစ်ရွက်ခြောက် ကောက်ပုံထားသလိုပဲဖြင့်လည်း တို့ကြ၊ စ,ကြပေဦးမည်။အဓိပ္ပာယ်မရှိ အလကား အချိန်ဖြုန်းပြနေတာပဲဖြင့်လည်း တို့ကြ၊ စ,ကြပေဦးမည်။ ရံတစ်ခါ အိပ်မက်၊ ရံတစ်ခါ မှေးခနဲအသွား မကြားတကြား။

သို့တစေလည်း . . . သင့်စိတ်တံခါး ဖွင့်မပေးက သူတို့ မည်သည့် အန္တရာယ်မျှ မပေးနိုင်ကြပါ။ သင့်သီလကား အကျင့်ကြား ဖွံ့ထွားလာနေပြီ။ သင့်သီလကား သင့်အကျင့်နှင့်အတူ ဖြူသည်ထက် ဖြူလာနေပြီ။ အကျင့် ကျင့်နေသူ၌ သီလသည် ရပ်တန့် ကျန်မနေခဲ့တတ်။ အကျင့် ကျင့်နေသူ၌ သမာဓိလည်း ငြိမ်ကျန်မနေခဲ့တတ်။ အကျင့် ကျင့်နေသူ၌ ပညာသည်လည်း ထိမ်ကျန်မနေခဲ့တတ်။ မပြည့်သေး၍သာ မသိသေး ဖြစ်နေ၏။ ပြည့်သိ ရတော့သည်သာ။

**ခမ္မေသက. . .**

ထိုသို့ သူတို့လုပ်သမျှကံ သင် ငုံ့ခံနေတော့သဖြင့် သူတို့ကား လက်လှန် သွားကြလေဦးမည် မဟုတ်။

ထိုစဉ် ရံတစ်ခါ အရိပ်အယောင်ပြများဖြင့် ဆင့်ကဲလာကြလေဦးမည်။ ရံတစ်ခါ လူသံများ ညံဟည်းစွာဖြင့် ဆင့်ကဲလာကြလေဦးမည်။ ရံတစ်ခါ မကောင်းသောအနံ့အသက်ဖြင့် ဆင့်ကဲလာကြလေဦးမည်။

အကြွေးမကင်း သူများ စာရင်းအရှင်းခံကြရမည့်ပွဲ။

အောင်ချက်ပိုင်မည့်သူများ အကိုင်ခံကြရမည့်ပွဲ။

**ခမ္မေသက. . .**

သင့်စိတ်သို့ သည်မှာတွင် သတ္တမမြောက် မာရ်တပ်မကြီး အားပြည့် မာန်ပြည့်ဖြင့် ဝင်လာပေတော့မည်။ ယင်းကား သည်အတိုင်းဆို သည်နေရာ ငါဆက်နေ၍ ဖြစ်ပါ့မလား။ ငါ့အကျင့်ကများ မှားနေရော့သလား။ ဤ



ချီတုံချတုံ အလေးမသမား ပုံပြ၊ ဝိစိကိစ္ဆာအတွေးများက ဝင်ချလာ ခြင်းပင်။

**ခမ္မေသက . . .**

သင့်၌ အတွေးယိုင်ကိုင်မည့်သူများက ထိုင်စောင့်နေကြလေရဲ့။

အချို့က စိတ်စိတ်ချင်းပင်း အတွေးများ၌ သပ်သွင်းပေးရန်ကို။

အချို့က စိတ်စိတ်ချင်းကိုင် အယိုင်ဘက် ဖြိုင်ဖြိုင် အတွေးဆက်ရန်ကို။

ထိုအခါ အမှတ်ကင်းအတွေးများက တသီတတန်းကြီး တန်းဝင်လာ ကြတော့သည်။

တော်ပါတော့ဆိုလေ၊ ပိုကဲလေ။ စဲပါတော့ ဆိုလေ၊ ပိုသွက်လေ။ ကြာသော် မျက်စိမှိတ်ရန်ပင် ဝန်လေး၊ တရားထိုင်ဖို့လည်း ခွင့်မပေးတော့။ လှော်ရင်းက တက်ပျောက်၊ လှေခွက်ချည်း လှိုင်းထက်ရောက်နေပမာ။

ခန္တီလက်နက် ဗိုလ်နှင့်စျာန်မထက်မြက် မောင်းလက်ပဲ့နိုင်သည်။

✶

## ၅။ မှန်ပလ္လင်တည်၍ မှန်စီရွှေချပေးပါ

**ဓမ္မသက . . .**

လက်နက်သည် သတ္တဝါကို သေစေနိုင်၏။ ဆိုသော်မှလည်း လေးခွဖြင့် ဆင်ကိုပစ်ခတ်ပါက သေဖို့နေနေသာသာ အယားပင် မပြေပေါင်ပမာ. . . ခန္တီလက်နက်ကလည်း အလောင်းတော်တကာ သူတော်စွာများ ကိုင်သုံးသွားကြသော ကိုယ်တွေ့ပွဲဝင် လက်နက်ကောင်းပင် ဖြစ်၏။ သို့တစေလည်း ထိုခန္တီလက်နက်ကို သိဒ္ဓိတင် အသက်သွင်းပေးရသည့် သီလသိက္ခာက ရိုးငုတ်ကနေ အတက်မပေါက် အဓိသီလ၊ မဂ်သီလ ထိုနှစ်မျိုး တစ်မျိုး တစ်မျိုးထဲအထိ ခရီးမရောက်သေးက ထိုခန္တီလက်နက် မာရ်တပ်ကို မချေဖျက်နိုင်။

ထိုအခါ ခန္တီထက် စွာသော သစ္စာလက်နက်ဖြင့် ရှေ့ထွက် တိုက်ခိုက်ပေးရသည်။ ခန္တီကား ငုတ်တုတ်ခံဖြစ်နေ၍ သစ္စာလောက် အခြေမခိုင်။ သစ္စာကား အကျင့်မှ ထုတ်လုပ်ပေးထား၍ ခန္တီထက် အခြေခိုင်မည်။

**ဓမ္မသက. . .**

သင့်၌ တဏှာခံ မာရ်ကပ် သင့်စိတ်နှင့်သင့်ကိုယ်သို့ ရစ်ပတ်ခံနေရသော ဤအချိန်မျိုးဝယ် သစ္စာကိုင် တိုင်တည်ခြင်းမှတစ်ပါး အခြားမတတ်နိုင်။



သစ္စာသည် မိမိတည်ဆောက်ဆဲသီလကို လက်ညှိုးထိုး၍ မိုးကို တိုင်တည်ခြင်း။

သစ္စာသည် မိမိကျင့်ဆဲအကျင့်ကို လက်ညှိုးထိုး မိုးတိုင်တည်ခြင်း။

သစ္စာသည် မိမိ၏ ပြောသလို လုပ်နေသည်ကို လက်ညှိုးထိုး မိုးတိုင်တည်ခြင်း။

ထိုအခါ သင့်အနီးအပါးကနေ မျက်ခြည်မပြတ် စောင့်ကြပ်နေသူများ ကြားနိုင်ကြသည်ဖြစ်ရာ. . .၊ သင့်အနီးဝင် သင့်ကျင့်စဉ်၌ စျာန်ဝင်နေသူများလည်း မြင်နိုင်ကြသည်ဖြစ်ရာ သင့်သစ္စာစကား အများထောက်ခံ၊ မာရ်တပ်ကြီး နောက်ဆုတ်ပြန်ရမည်သာ။

တရားပြိုင်အမှုတစ်ခု တစ်ဖက်နှင့်တစ်ဖက် အနိုင်လုကြရာ၌ သက်သေခိုင်မာစွာပြနိုင်သူက အနိုင်ရခြင်းသည် ထုံးစံ။

**ဓမ္မသက. . .**

သင်၏ ကိုယ်ကိုယ်တိုင် ကျင့်ဆဲ ဓမ္မကိုကိုင်၍ ဤတိုင်တည်မှုသည် အမှန်ကျင့်ကို အမှန်ပြော ပြော၍ တောနှင်ခြင်း ဖြစ်သော်လည်း . . . ကဏှဒီပါယနဇာတ်လာ ကဏှဒီပါရသေ့နှင့် သူကြွယ်လင်မယားတို့ ဆိုသော သစ္စာမျိုးဖြင့် ဤ၌ တောမတိုးနိုင်။

ဘာ့ကြောင့်မေးသော် . . .

ရသေ့၏ 'ငါသည် ဤနေရာ၌ ရသေ့စိတ်ဖြင့် ၇-ရက်သာ ပျော်ပါ၏' အမှန်စကားသည် လည်းကောင်း၊ သူကြွယ်၏ 'ငါသည် ရသေ့အပေါ်၌ ၇-ရက်သာ စေတနာရှိခဲ့ပါ၏' အမှန်စကားသည် လည်းကောင်း၊ သူကြွယ်မ၏ 'ငါသည် ဤသူကြွယ်ကို မချစ်ပါ၊ မိဘပေးစား၍သာ ယူရပါ၏' အမှန်စကားသည်လည်းကောင်း. . . ယင်းသစ္စာထား စကားများသည် အမှန်သစ္စာတရားလေးပါးတို့တွင် လောကီသစ္စာ၊ ပယ်သစ္စာ အရာဝင်သောဒုက္ခနှင့်

သမုဒယတို့၏ နယ်ခံပယ်ခံ အမှန်စကားများ ဖြစ်နေခြင်းကြောင့်။

ထိုသစ္စာမျိုးနှင့် ဤနေရာပွဲတိုးမိချေသော် မာရ်တပ်မများသို့ ရိက္ခာဆက်ကြေးပေးသည်နှင့် တူနေတော့ရာ. . . ထိုမာရ်တပ်ကား နောက်မဆုတ်သေး။ တစ်ဖန် ထိုသစ္စာမျိုးသည် မာရ်တပ်မကြီး တံခါးဝ ထမင်းထုပ် ပစ်ချပေးနေသည်နှင့်တူနေတော့ရာ. . . ထိုမာရ်တပ်ကား ရှေ့တိုး၍ပင် လာပေလိမ့်ဦးတော့မည်သာ။

**ဓမ္မေသက. . .**

သင် ရပ်တည်နေသော ဤနေရာသည် သစ္စာနှင့် မပြီးစီး၊ ပါရမီအထိ ခရီးဆက်ရမည် ဖြစ်သောကြောင့် ထို သင်ဆိုသော သစ္စာသည် . . .

မဂ္ဂသစ္စာ ထိုက်သော ကျင့်ပွားခြင်းများဖြင့်သာ သစ္စာထားသင့်သည်။

နိရောဓသစ္စာထိုက်သော အဖတ်တင် ဉာဏ်ပွင့်များဖြင့်သာ သစ္စာထားသင့်သည်။

သင်၏ပွားသစ္စာ၊ ဆိုက်သစ္စာဖြစ်သော အကျင့်၊ အပွင့်ကြားက ဤသစ္စာထားသည်သာ မာရ်တပ်ကြောက်သော "မျောက် ငါးပိတို့နည်း" ဖြစ်ခြင်းကြောင့် မာရ်တပ်လည်း နောက်ဆုတ်၊ သင့်အလုပ်လည်း ဒေါက်ဖြုတ်မခံရရှိချေမည်။

သို့ကြောင့် တောအခြေ မြေနင်း၊ နိက္ခမ မြစ်ရင်း သင်ချဉ်းကပ်စရှိ ဤသစ္စာဆို အတားရှင်း မာရ်တပ်များ တရားသဖြင့် ရှင်းရာ၌ ပါရမီ ဖြစ်မလာသော လောကီသစ္စာထားဖြင့် သင် စကားမဆိုလေနှင့်။ ပါရမီ အဆစ်ပါသော မဂ္ဂသစ္စာများဖြင့်သာ သင် စကားဆိုပါလေ။

သို့တစေလည်း . . .

**ဓမ္မေသက. . .**

သင် ပွားလက်စ သင့်မဂ္ဂသစ္စာက ဝါယမဘီးကလည်း မှန်မှန်မတွန်းသေး၊ သတိဘီးကလည်း မှန်မှန်မမှတ်သေး၊ သမာဓိဘီးကလည်း မှန်မှန်မကပ်သေး၊ ဤ မှန်သေး သုံးချက်တို့ကြောင့် ပညာမဂ္ဂင်စက် နှစ်ပါးကလည်း မှန်မှန်မမြင်၊ မှန်မှန်မကပ်၊ ပြတ်တစ်လှည့်, ကပ်တစ်လှည့်ဖြင့်ပင် လိမ့်နေဦးမည်။



တစ်ဖန်. . . ပြော၊ ကျင့်၊ တွေး ဆိုသော သီလမဂ္ဂင်စက် သုံးပါးတို့ကလည်း သမ္မာခံ အမှန်များ မစို့မပို့မျှ အပြန်အသွားလုပ်နေကြ ဦးမည်။ ထိုစဉ်သင့်ရှိ မဂ္ဂမှ မဂ္ဂင်များ ရှစ်စိတ် တစ်ပတ် မပတ်မိခင်ဖြစ်နေခြင်းကြောင့်သင့်၌ . . .

(က) ရိုးရိုးသီလမှ အဓိသီလ သို့မဟုတ် သီလဝိသုဒ္ဓိသို့ မလှည့်မိသေး။

(ခ) ရိုးရိုးသမာဓိမှ အဓိစိတ္တ သို့မဟုတ် စိတ္တဝိသုဒ္ဓိသို့ မလှည့်မိသေး။

(ဂ) ရိုးရိုးပညာမှ အဓိပညာ သို့မဟုတ် ဒိဋ္ဌိဝိသုဒ္ဓိသို့ မလှည့်မိသေး။

သို့ကြောင့် သင်ဆိုသော သင့်သစ္စာ၊ မာရ်တပ်သားများ၌ ခြစ်ရာ၊ ကုတ်ရာပင် ထင်လေဦးမည် မဟုတ်ချေသေး။

သို့ကြောင့် မကြောက်ပေါင် နောင်ပြောင်ဦးမကွယ့် တူတူတူဖြင့် ထိုမာရ်တပ်များက ဆူပူသောင်းကျန်းပြနေကြဦးမည်။ မမယ်ခလေး ကျယ်လူကြီးများ ကျီစယ်ပေးနေသည့်ပမာ . . .

အလုပ်ဖြစ် သစ္စာဆို ဆိုသလောက် ခရီးမရောက်လာသေး။

ဓမ္မေသက. . .

ဤအခါမျိုးများ၌လည်း သင့်၌ ဝေဝါးတပ်မ စခန်းချနေကြဦးမည်။

ယင်းမှာ "ငါ့အကျင့်ကများ မှားနေလို့လား။" "ငါ သည်နေရာ ဆက်နေလို့ ဖြစ်မှဖြစ်ပါတော့မလား"ဟူ၍. . .။

**ဓမ္မေသက. . .**

သင်တွေ့နေရသော ဤတော လောကခံသည် သင့်ထံရှိ ကျင့်ဆဲသိက္ခာ

သို့မဟုတ် တောဝင်စိတ်စိမ်းများနှင့် နှိုင်းဆသော်. . . တောဆင်ကြီးကို လေးခွနှင့်လှမ်းပစ်ခတ်သလောက်သာ ထိရောက်သေးသည်။ တောကြွက်အုပ် မွေးကင်းစ ကြောင်ကုတ်သလောက်သာ ထိရောက်သေးသည်။

**ဓမ္မေသက. . .**

ထို ထိရောက်ခြင်းကို သင် အလကား မမှတ်လေနှင့်။ အကြီးကြီးဖြစ်လာသည်မှန်သမျှ အသေးလေးချင်းက စ,ရသည်ကို သင် သတိပြု။

သို့တစေလည်း မရောက်ဘူးသေးသော လမ်းနှင့်စခန်း ကိုယ်ချည်းလှမ်းဝင်ရာ၌ လမ်းက ဘယ်လောက်ပင် တည့်နေနေ လေလားစိတ်ကား ဝေစမြဲ။ စခန်းတွင်း ဘယ်လောက်ပင် ချဉ်းမိနေနေ လေလားစိတ်ကား ထိပ်ပေါက်စမြဲ။ ယင်းမှာ မာရ်ဆယ်တပ်မတွင် တစ်ခုအဝင်အပါဖြစ်သော ဝိစိကိစ္ဆာ မောဟအမည်ခံ သူလျှို ဒလန်၊ ပဉ္စမံ တပ်သားများ၏ စိတ်ဓာတ်စစ်ဆင်ရေးများပင်။

ပဉ္စမံတပ်မသည် တစ်ဖက်သတင်းနှင့် မြင်ကွင်းကိုလည်း ကပ်ချဉ်းယူလေ့ရှိ၏။ ပဉ္စမံတပ်မသည် တစ်ဖက်စိတ်ထားများ ကစားလာအောင်လည်း ကောလာဟလ ဖြန့်ပေးသေး၏။

**ဓမ္မေသက. . .**

သင့်၌ 'လေလား' လှိုင်းက ဘယ်လောက်ပုတ်ပုတ်၊ အလုပ်ကား မပျက်လုပ်နေ၏။ သင့်၌ ဝေဝါးစိတ်က ဘယ်လောက်ပင် ထိပ်နှက်နှက်၊ ကျင့်မြဲအကျင့်၌ စိတ်မပျက်ခဲ့။ သို့ကြောင့် သင့်၌ ကိန်းတည်နေသော ဓမ္မဓာတ်မဂ္ဂင်တစ်ပတ် ပတ်မိဖို့ ထပ်ကိန်း တည်ပေးနေသည်ကို သင်သတိပြု။

လေချင်လေ၊ လားချင်လား၊ တရားကျင့် အဆင့် မပျက်စေနှင့်။

ဝေချင်ဝေ၊ ဝါးချင်ဝါး သွားလမ်းမြင့် အဖွင့် မပျက်စေနှင့်။

ထိုနှင့်အတူ . . .



အကြံမှန်၊ အပြောမှန်၊ အကျင့်မှန်၊ သမ္မာသစ္စာဉာဏ် အခံရှိရမည်။

အချိန်မှန်၊ အာရုံမှန်၊ နေရာမှန် သစ္စာထိုက်မည့် ဓမ္မကံ အခံရှိရမည်။

ထိုအခါ မှားသူနှင့် မှန်သူ တွေ့စတွင် အမှားဘက်က နေရာယူထားသော်မှလည်း ရေရှည်ကျလျှင်ကား အမှန်ကသာ နေရာမှန် ဆက်ခံရပါသည်ပမာ . . .၊ အရပ်သမားနှင့် အသွားသမား တစ်နေ့တခြား ကွဲပြားသွားပမာ. .၊ သူ့အတားနှင့် သင့်အသွား ဓမ္မဓာတ်ကပင် ခွဲခြားပေးလိမ့်မည် ဧကန်။

✶

## ၆။ သစ္စာက အရာမထင် မေတ္တာဆင်၍ ဝင်လေဦး

**ဓမ္မသက . . .**

သစ္စာလက်နက်သည် ကျင့်ဆဲ သိက္ခာခေတ်၊ ဓမ္မခေတ်များကို သက်သေခံအရာထား၍ ဆိုရသောအရာဖြစ်သောကြောင့် . . . ရွံ့စေးလုံးကို ပုလင်းကွဲကပ်၍ ပစ်ခတ်ရသော လက်နက်မျိုးပမာ . . . နောက်ခံ သိက္ခာခေတ်အား ပြင်းလည်းပြင်းသလောက်လျှင် ထက်ရှ၏။ နောက်ခံ သိက္ခာခေတ်က အားပျော့လည်း ပျော့သလောက်လျှင် ထက်ရှ၏။

သို့ကြောင့် အားပြင်းဒဏ်ကိုလည်း တစ်ဖက်မခံနိုင်၊ အားပျော့ဒဏ်ကိုလည်း တစ်ဖက်မခံနိုင်။ သို့ဖြစ်ရာ သင်ဆိုသော သစ္စာစကားကြောင့် တစ်ဖက်နား ကြားပြင်းကတ် ဖြစ်လာပေရော့မည်။ သင့်အသံ သူခံပြင်း သင့်သို့ တန်ပြန်ညှင်းရန် ကွင်းဆင်းလာကြမည်။

သို့ကြောင့် ပုရွက်အုံတုတ်ထိုး ပုရွက်ဆိုးများ ရိုးရွရိုးရွထလာကြပြီပမာ အာရုံ၊ အိပ်မက် ၊အမြင်၊ အကြား ဤလေးမျိုးသော လှန့်ခြောက်လက်နက်များက ခါတိုင်းထက်ပြင်း ခါတိုင်းထက်လည်း ထင်းထင်းထင်ပြလာပေရော့မည်။

ထိုစဉ် စိတ်ညှို့ဖြင့် အာရုံပြ အာရုံပြုကြည့်တိုင်း မြင်ခွင့်ရနေတတ်သည်။



အိပ်မက်ဖြင့် အာရုံပေး၊ စိတ်ဝင်စားက တစ်မျိုးပြီးတစ်မျိုး တိုးပေးနေတတ်သည်။ အမြင်အကြားထိ ပေးခွင့်ရက နိုးချိန်အပြည့် မကြည့်တိုင်းမြင် မဆင်ခြင်လည်း ကြားနေရတတ်သည်။

ထိုအားလုံးတို့ဖြင့် သင့်အား တန်ပြန်ထိုးနှက်ရာ၌ သင့်နောက်ဝယ် ငဲ့စရာ မိဘ၊ ဆရာများရှိနေက ထိုမိဘ၊ ထိုဆရာများ ဒုက္ခရောက်နေကြောင်း သတင်းမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သည့်အတူ အစွဲဆုံး၊ အငြိဆုံးသော တပည့်ဒကာများ၏ သတင်းများလည်း ဖြစ်နိုင်သည်။ တာဝန်ခံထားမိသော (ကတိထားမိသော) နောင်ရေးတာဝန်များလည်း ဖြစ်နိုင်သည်။ ခြုံလိုက်သော် သံယောဇဉ်မကင်း တဏှာစရန်သွင်းထားသည့် နောက်ကြောင်းများချည်းပင်။

တစ်ဖန် . . . နောက်တစ်ခုက သင့်လက်ရှိနေရာ ၊ နောက်တစ်ခုက သင့်ကျင့်ဆဲအကျင့် ဤလက်ငင်းအကြောင်းများဖြင့်လည်း လွဲနေပြီ၊ မမှန်သေးဆိုသော လမ်းလွဲလမ်းခွဲများ ပေးတတ်ကြသေး၏။ တွေးမိသမျှသာ ရေးပြနိုင်၏။ သည်မျှမက . . .။

**ဓမ္မသက . . .**

သင့်အဖို့ သည်ခေတ်တွင်း သည်မြစ်ကျဉ်းဝယ် လည်စင်းခံပေးရုံမှ တစ်ပါး အခြားလမ်း မရှိတော့ပါ။ ယင်းမှာ သစ္စာတက်ကို ဂုက်၊ မေတ္တာတက်ဖြင့် ထွက်လျှော်ပေးဖို့ပင်။

မေတ္တာသည် သူနှင့်ကိုယ် တန်းတူထား နေရာပြောင်း၍ စိတ်ထားပေးလိုက်ခြင်း။

မေတ္တာသည် သူနှင့်ကိုယ် တစ်သားတည်းထား အေးစိတ်ပွား၍ သူ့အားသွင်းပေးထားလိုက်ခြင်း။

**ဓမ္မသက. . .**

(က) မေတ္တာသည် အလျား၊ အနံ မရှိသော်လည်း အသွား၊ အပြန်ကား

ရှိ၏ဆိုသောစကား သင်ကြားဖူးပြီးသား။

(ခ) မေတ္တာသည် ရန်သူလည်း ကြိုက်၊ မိတ်ဆွေလည်းကြိုက်၊ မိမိကိုယ်တိုင်လည်း နှစ်ခြိုက်သောတရား ဆိုသည့်စကား သင်ကြားဖူးပြီးသား။

တစ်ဖန်လည်း . . .

(ဂ) ခတ်ကကူးသည်၊ နတ်ကပူးသည်၊ ဇာတ်ကရှူးသည်၊ မြတ်မှ ထူးသည် ဆိုသည့်စကား သင်ကြားဖူးပြီးသား။

ဤ၌ ထိုစကားသုံးလုံး အကျဉ်းရုံး၍ပြရပါသော် . . .

**ဓမ္မေသက . . .**

ခတ်သဘာဝတို့၏ ဒြပ်မဲ့ အခိုးသတ္တိ အရှိန်လှိုင်းသည် လေကိုမှီ၍လည်ပတ်သောအရာမျိုးမဟုတ်ပဲ၊ အိမ်ရှေ့မဏ္ဍပ်ထိုး ဖျိုးဖျစ်၍ ကျွေးမွေးနေသော အလှူ့ရှင်မျိုးနှင့်သာတူ၏။ ဆေးလွယ်အိတ်တစ်လုံးဖြင့် တစ်ရွာဝင်တစ်ရွာထွက် ပင့်လာသမျှ လူမကျန်းများအသက်ကို အိမ်တိုင်ရာရောက် လိုက်လံကုသပေးနေသော ဆေးဆရာနှင့်လည်းတူ၏။

တစ်ဖန်လည်း ခတ်သဘာဝတို့၏ ဒြပ်မဲ့ အခိုးသတ္တိ ထိုအရှိန်လှိုင်းသည် . . . နေ၊ လတို့သည် သူသွားရာလမ်းတစ်လျှောက် သူ့အောက်သို့ဝင်သူမှန်သမျှအား သူ့၌ရှိသောခတ်သက် ကူးဆက်ပေးသွားသည့်ပမာဆင်၏။

ခတ်မီးခြစ်၏ကျောက်နှင့်ဘီး ခတ်ရာအကြားမှ ဖွားလွင့်ထွက်လာသော လျှပ်စီးမီးပွင့်လေးများသည် ခတ်တူခိုးတို့ စိုးမိုးသော မီးစာ သို့မဟုတ် မီး၏အစာဖြစ်သော ချည်မျှင်မြိတ်ဆာလေးများ၏ အနီးအပါးရောက်သော် ရုတ်တရက်ကူးလျှောက် ဟုပ်ခနဲ ထတောက်သည့်ပမာနှင့်လည်းဆင်၏။

**ဓမ္မေသက. . .**

သင့်ထံရှိ သိက္ခာဝင်သီလဖြင့် စုစည်း ထုတ်လုပ်ထားသော မေတ္တာ



ခတ်တို့၏အရှိန်လှိုင်းများကလည်း မျှစိတ်ထား၍ တရားလက်ကိုင်ရှိသောသူများ၏ စိတ်မှန်သမျှတွေ့ ခိုဝင်လေ့ရှိ၏။ ထိုအခါ သင့်မေတ္တာသည် အလှူ့ရှင်၊ ဆေးသမားနေရာ ဝင်ယူပေး လိမ့်မည်။

တစ်ဖန် ရိုင်းစိတ်ပွားပြီး တရားမဲ့နေသူများ၏ စိတ်များတွေ့လည်း ခိုဝင်လေ့ရှိ၏။ ထိုအခါ သင့်မေတ္တာသည် ဘီးကျောက်ကြားမှ ဖွားလာသော မီးနေရာ ဝင်ယူပေးလိမ့်မည်။

**ဓမ္မေသက. . .**

ဤနေရာ မေတ္တာခတ်သက်တို့၏ သတ္တိကူးပုံ သင့်အား စကားလက်ဆုံ ပါးလိုသည်မှာ . . .

"ဩော် . . . ငါလည်းပဲ . . . ငါ့နေရာ သူတစိမ်းဝင် သူစိမ်းသွင်ပြင် ဆက်ဆံမှာပဲ။ ငါသာဆို သူ့ထက်တောင် ပိုဆိုးနေလေဦးတော့မည်။ သူလည်းပဲ သူ့နေရာ ငါအဝင် ငါ့လိုပဲ မြင်နေရှာမှာပဲ။"

သင် သည်သို့သော မျှစိတ်အတွေး ရှေ့ပြေးဝင်ပေးထားပါလေ။ သည့်နောက် . . .

"ဩော် . . . ငါလည်းပဲ . . . ငါ့ထံလာသောဧည့်က ငါ့စိတ်ချမ်းသာရေး ဝင်ရောက်အကူညီပေးသော် ကျေးဇူးတင်မိမှာ အမှန်ပေပဲ။ သူလည်းပဲ သူ့စိတ်ချမ်းသာစေရေး ငါဝင် အကူအညီပေးနေသော် ကျေးဇူးမတင်သော်မှ ကျေနပ်မှုပြမည်ကား အမှန်။"

သင် သည်သို့သော မျှမေတ္တာ အတွေးကိုလည်း နောက်ထောက်ဝင်ကူ ထားပါလေ။

သည့်နောက်တွင်ကား သူတို့အပေါ် တကယ်ချမ်းသာစေ့ချင်သော စေတနာ ထိပ်ဖူးတပ် မေတ္တာခတ်ဖြင့်. . . အဝေး၊ အနီးတို့ဆီသို့ ချိန်ရွယ်၍လည်းကောင်း . . .၊ မြင်အပ်ရာ၊ မမြင်အပ်ရာဆီများသို့ ချိန်ရွယ်၍ လည်း

ကြသော အကြိုက်တွေ့ ချစ်လေ့ရှိသော ရာဂစာတ်အားများကသော်လည်း ကောင်း၊ အကြိုက်တုံး မုန်းလေ့ရှိသော ဒေါသစာတ်အားများကသော်လည်း ကောင်း ထိုင်မည့်ကြံ့ ကံပေါ်၊ ကျော်မည်လုပ် အထုပ်ပုတ်ပြတို့ဖြင့် တို့,စ,နေ ကြပါသည်ကိုလည်း အရက်ကြားတောင်ကဇွန်းကြီးရေ တစ်စက်ကျသွားသည့် ပမာ ထိုရာဂခိုး၊ ဒေါသခိုးများ အငြိုးပြယ် မိမိစိတ် အကြည်နယ်သို့ ထွက်ခွင့် ရတော့သည်။

**မေတ္တာသည် မိမိကိုယ်တိုင်လည်း နှစ်ခြိုက် သွေးအကြည်ဆိုက် စေသောတရား။**

**ဓမ္မေသက. . .**

သင်၏ တောစပ်အဝင် ဤနေရာတွင်ကား . . . မိတ်မဆန် ရန်မဖက် ငြေ့သည်နှင့် အိမ်ရှင်တို့၏ စာတ်မဆက်သေးခြင်းက အဓိကဖြစ်နေ၏။ သို့ကြောင့် သူတို့ကိုသာ ၀-ကွက် နူသြဒိဿစက် ဖြန့်ကြက်လေ။

ထိုအခါ သင့်ဝမ်းတွင်းပါ ကြောက်စိတ်က အရိပ်ထွက်ပြနေခြင်းကြောင့် လည်းကောင်း၊ သင့် မွေးရာပါ မကျေချမ်းစိတ်က အရိပ်ထွက်ပြနေသေးခြင်း ကြောင့် လည်းကောင်း ၊ ပုရွက်အုံတုတ်ထိုး ပုရွက်မိုးကြီး တစ်ခဲနက် သွန်းဖြိုး လာတော့သည်ပမာ . . . အာရုံအိပ်မက်နှင့် အကြားအမြင်များ ပို၍ပင် ထင်ရှားလာဦးတော့မည်။

ထိုအခါမျိုးများ၌လည်း “ငါနေတာ နေရာများ မှားနေလို့လေလား” “ငါ့အကျင့်၊ ငါ့သီလကများ အားနည်းနေလို့လေလား” ဤဝိစိကိစ္ဆာ မာရ်တပ်မ ကလည်း စစ်ရေးပြနေပေဦးတော့မည်။

တစ်ဖန်လည်း အနာပေါ် ဆေးစက်ကျ တည့်နေက ထိုအနာ အုံကြွပြ လာသည့်ပမာ သူတို့ သန္တာန်၌ဖြစ်နေသော မိမိတို့နေရာ ဗိမာန်၌ ခင်မင်မှု အားကြီးနေသော ရာဂအနာ၊ သင့်အပေါ်၌ မကျေချမ်းစိတ် အားကြီး



ကောင်း. . . ၊ အဝေရာ အစချီ မေတ္တာပို့ဖြင့်လည်း မေတ္တာပို့ပါလေ။ ဒုက္ခာ မုစ္စန္တု ကရုဏာပို့ဖြင့်လည်း မေတ္တာပို့ပေးပါလေ။ ယထာလဒ္ဓနှင့် မုဒိတာ ပို့နည်းဖြင့်လည်း မေတ္တာပို့ပေးပါလေ။ ကမ္မသကာ ဥပေက္ခာပို့ဖြင့်လည်း မေတ္တာပို့ပေးပါလေ။

ထိုသို့ သင်ပို့လွှတ်ရာ၌ . . . ရံတစ်ခါ တည့်တည့်ချိန်ဖြင့် ငြိမ်ခံနေ သည်များသို့ သီးခြားပို့ရမည်။ ရံတစ်ခါ ဖြန့်ရမ်းနည်းဖြင့် ယောက်ယက် ခတ်များထဲ ကြဲပို့ပို့ရမည်။

ထိုအခါ . . . သောက်ရေသန့်ဆိုလျှင် ရေငတ်နေသူ မည်သူမဆို လက်ကမ်း၍ ကြိုနေပါသည်ပမာ မည်မျှ အာဃာတထန်သော ရန်သူပင် ဖြစ်ပါစေ အခဲကျေ အပူအေး ခွင့်လွှတ်တေးလေး ဆိုပေးလာသည်သာ။

မေတ္တာသည် ရန်သူလည်းကြိုက် သွေးအကြည်ဆိုက်သောတရား။

တစ်ဖန် မိမိနှင့်သံယောဇဉ်မကင်း အနီးနေ၊ အဝေးနေ ထိုအပေါင်း အသင်းများဆီက “ခမျာ အဆင်မှပြေရဲ့လား” အတွေးဖြင့် ခေါ်လိုက်သော စိုးရိမ်စာတ်လှိုင်းများ၊“ခမျာ တို့မှ သတိရသေးရဲ့လား”အတွေးဖြင့် မျှော်နေ သော ရစ်ကြိုးစာတ်လှိုင်းများ၊ ထိုထိုစာတ်လှိုင်းများ မိမိ၏ မေတ္တာစာတ်လှိုင်း နှင့် အာရုံချင်းကူး ပူးမိသွားသောအခါ အားချည့်ကို အားရှိက မျိုသည်ဆိုသော နိယာမအတိုင်းလည်းကောင်း၊ ပျံ့ကျဲအားကို စုစည်းအားက ပတ်သည်ဆို သော အစဉ်အလာအတိုင်း လည်းကောင်း၊ အားချည့်အပူစာတ်ကို အားရှိ အအေးစာတ်က သတ်သည်ဆိုသော ဓမ္မတာအတိုင်း လည်းကောင်း၊ ထို အားလုံး မိမိ၏မေတ္တာစာတ်၌ပင် လမ်းဆုံးသွားစေပြီ။

**မေတ္တာသည် မိတ်ဆွေလည်းကြိုက် သွေးအကြည်ဆိုက်သော တရား။**

တစ်ဖန်လည်းမိမိ၌လည်း ငုတ်ကောင်အဖြစ် ခေါင်းမြီးခြုံလိုက်ပါနေ

နေသော ဒေါသအနာ ထိုအနာများအပေါ်သို့ သင့်မေတ္တာဓာတ်သက် ဓာတ်အစက်ချနည်းဖြင့် ကျသက်သွားသောအခါ အနာတုန်သလောက် စိတ်ခုန်ဟင်းပေါင်းစုံသွားကြတော့မည်။ ဆေးတည့်သလောက် အနာပိ ကိုယ်များပါအိကျသွားကြတော့မည်။ ပူအေး ချမ်းတုန် မေတ္တာနှင့် အနာဂုဏ်များကလည်း ဆုံထွက်လာကြတော့မည်။

ဤအခါမျိုးများ၌လည်း တစ်တောလုံး သရောဖောက် သင့်၌ တောခြောက်ခံရဦးတော့မည်။ တစ်တောလုံး တောဖုံးချက် အုန်းအုန်းကျွက်ကျွက်လည်း ဖြစ်လာဦးတော့မည်။ ယင်းမှာ သင့်မေတ္တာမကြိုက်၍ မဟုတ်၊ မေတ္တာဓာတ် ခိုက်သွားခြင်းမျှသာ။ သင့်ကို ရန်ဘက်ဟူ၍ ကြေညာနေသည်မဟုတ်။ သူတို့၌ မေတ္တာလှိုင်း ပုတ်နေခြင်းမျှသာ။

သို့တစေလည်း မဝင်ဘူးသေးသောတော အစမ်းသဘောဝင်လာသော ထိုသည့်သင်. . . ခင်းထားပြီးသောတောလမ်း အစမ်းဝင်လာသော ထိုသည့်သင်. . . ဖြစ်မှဖြစ်ပါ့မလား၊ ရှေ့တိုး ပိုများ ဆိုးနေမလား ဆိုသော လားကြီးကျောပိုး လျက်က ရှေ့တိုးလည်း အခက်၊ နောက်ဆုတ်လည်း အခက်၊ ဤခက် နှစ်ခက်တို့၏လက် သင့် ကျင့်သက် ဝ-ကွက်အပ်လိုက်ရပြီ။

ထိုသို့ပင် သင့်တွေးစိတ်၏ အဖျက်ကြောင့် သင်အခက်ကြုံနေသော်မှလည်း သင် ကျင့်လက်စ အကျင့်ကား တစ်စတစ်စ အညွန့်တက် အရင့်ဘက်ထွက်လာနေချေပြီ။ သင် တည်လက်စ အတည်ကလည်း ခဏတည်မှ အညွန့်တက် အကြာတည်ဘက် ဆက်လာနေပြီ။ သင် သိလက်စအသိများကလည်း သညာသိမှ အညွန့်တက် ပညာသိဘက် သွက်လာနေပြီ။

သို့ကြောင့် သင် မတိုးချင်လည်း သူတို့က (သိက္ခာတို့က) မတိုးဘဲမနေ၊ သင် နောက် ဆုတ်ချင်သော်မှလည်း သူတို့က (သိက္ခာတို့က)နောက်ဆုတ်လိမ့်မည်မဟုတ်။ အစွဲသိနှင့် အထဲသိ ပွဲညို၍မရသောနေရာပင်။ သင့်အတ္တ



သဘောနှင့် ဓမ္မ၏ အနတ္တ သဘော စကားပြောနေသောနေရာပင် . . . ။

ထိုစဉ် နောက်မှ အရှိန်ဖြင့် လိုက်လာသော ဓာတ်ဖြူတို့၏ ဆောင့်တိုးတိုး အကူကြောင့် အတွေးကပေးသော ထိုအခက် ဖြစ်ချင်ရာဖြစ်ဖြင့် မပတ်သက်စွာ နေပြလိုက်တော့သည်။

✶

## ၇။ မေတ္တာဖြင့် သွေးမတိတ် မျက်စိမှိတ် ကျင့်ပေရော့

**မမွေ့သက. . .**

အပူဟပ်ကို ယပ်ခတ်ပေးသောလေကို လူတိုင်းကြိုက်ပါသည် ဆိုသော်မှလည်း နွေခေါင်ခေါင် ကျပ်တည်းပြင်အတွင်းမှ တောပြင်းခတ်လာသည့် လေပူမျိုးကိုကား မည်သူမျှ ကျော်ထိုးမခံနိုင်ပမာ . . . မေတ္တာကို လူတိုင်းကြိုက်ပါသည် ဆိုသော်လည်း ကြောက်၍ပို့ရသော မေတ္တာ၊ မကျေမချမ်းလမ်းမှ တန်းထွက်လာသော မေတ္တာမျိုးကိုကား မည်သူမျှ ကျော်ပိုး ခံလိမ့်မည်မဟုတ်ချေ။

ထိုအခါ အတုံ့ကံ အပြန်ထွက် ကိုယ့်ဘက်သို့ အခက်ပြန်ကြုံ စေတော့ရာ. . . သင့်မှာ ကောင်းမရှု၊ ဆိုးမရှု ဥပေက္ခာပြုရုံသာရှိတော့သည်။ သင့်မှာ မြင်လိုမြင်၊ ကြားလိုကြား သူတို့အကြား စိတ်မသွားဖို့သာရှိတော့သည်။ သင့်မှာ အိပ်မက်အာရုံ ဘာနှင့်ပင်ကြုံကြုံ မတုံ့မပြန် ငုံ့ခံဖို့သာရှိတော့သည်။ အကန်း၊ အဆွံ့ ၊ အပင်း သည်နေရာ ခင်းကျင်းပြသသင့်သည်။ အမြင် အထင်ဘာဝင်ဝင် သင် အကန်းကြီးလိုသာ ပြင်ဆင်နေပေရော့။ အကြားတခြား ဘာစကားသွင်းသွင်း သင် နားပင်းကြီးလိုသာ ပြင်နေပေရော့။ သင့်အတွေးသူ့အမေး ဘာအရေးကလွန့်လွန့် သင်နှုတ်ဆွံ့တစ်ဦးလိုသာ ပြင်နေပေရော့။



ထိုအခါ သင့်အား . . .

"သစ်ရွက်ခြောက် ကောက်ပုံထားရသလိုပဲ . . ."

ဤလိုလည်း တို့ကြ၊ စကြပေဦးတော့မည်။ တောင့်ထား မလှုပ်နဲ့။

"သစ်ငုတ် အဝတ်ပတ်ပေးထားရတာနဲ့ ဘာမှလဲမထူးပေါင်. . ."

ဤလို လည်း တို့ကြ၊ စကြပေဦးတော့မည်။ ငြိမ်ငြိမ်နေ အပေ မဖျက်နဲ့။

"ကျောက်တုံး ထုံးသုတ်ပြီး ကိုးကွယ်ရတာကမှ ဟုတ်တုတ်တုတ် ရှိသေး . . ."

ဤလိုလည်း တို့ကြ၊ စကြပေဦးတော့မည်။ မတုံ့နဲ့ ငုံ့ခံ။

**မမွေ့သက. . .**

သင်၏ ပါရမီလက်သင်စ လမ်းဝ၌ကျင့်သုံးရမည့် ဤဥပေက္ခာသည် သဘာဝတွင်းထွက်ပစ္စည်းမျိုး မဟုတ်။ လုပ်ယူရသော ဥပေက္ခာမျိုးမျှဖြစ်ရာ. . . မသိကျိုးကျွန်မွေး မောဟသွေးနှင့် အပေးအယူမကင်း။ သို့ကြောင့် စတုတ္ထစျာန်ရှိ ဥပေက္ခာမျိုးသို့ ဧကဂ္ဂတာ တစ်ခုတည်းချည်း ဖွံ့ဖြိုးနေဦးမည် မဟုတ်။ သင်္ခါရုပေက္ခာဉာဏ်ရှိ ဥပေက္ခာမျိုးသို့ မပြင်ဘဲနှင့် ဝင်နေသည့် အရာမျိုးလည်းမဟုတ်။

ထိုမှပြန်၍ လှန်ပြောလိုသည်မှာ ဤဥပေက္ခာသည် ငတေကိုင်၊ ငပေကိုင်၊ တေတေပေပေသမား၏ လက်သုံးဥပေက္ခာမျှသာ။

**မမွေ့သက. . .**

ဤနေရာတွင် အခြောက်ဖြင့် ချောက်ကျနေအောင်လည်း ပြုလုပ်တတ်ကြ၏။ အမြှောက်ဖြင့် ချောက်ကျအောင်လည်း ပြုလုပ်တတ်ကြ၏။ သင့်ဘက်က မထုံတက်သေး မသိကျိုးကျွန် ဘက်ပေးဖြင့် စစ်ရေးပြဖို့သာလို၏။ မြှုံနိုင်လျှင် ငတေမှော်အောင်မည်။ ထုံနိုင်လျှင် ငပေမှော်အောင်မည်။

သို့တစေလည်း . . . တစ်ဖက်၏ အတို့အစများအပေါ် မြုံတေတေ

ထုံပေပေတို့ဖြင့် ငုံ့ခံနိုင်ကောင်း ခံနိုင်မည်။ မိမိရှိ ရှေ့စိတ်၊ နောက်စိတ်က လိုက်လံ တို့စနေကြသည်ကိုကား ခံနိုင်ဦးမည် မဟုတ်ချေ။

ထိုစဉ် . . .

ရှေ့စိတ်က "ဆက်မကွာ"၊ နောက်စိတ်က "ဆက်ပိုခက်မှာပေါ့။"

တစ်ဖန် . . .

"ဘယ်လိုလုပ်လုပ် ငုံ့ခံမဟေ့" ရှေ့စိတ်က၊ "ခံမှန်းသိ သည့်ထက် ပိုဖျက်တော့ အခက်လား" နောက်စိတ်က။

လက်ရှိဝင် သဒ္ဓါဆန္ဒပင်း ဉာဉ်စိတ်ကို မွေးရာပါ တဏှာဘယသွင်း ဉာဉ်စိတ်က လိုက်လံခြေချိတ်နေခြင်း၏ သရုပ်ပင်။

ဤ၌ ကိုယ့်ကိုယ်ကို ညှာတာလိုခြင်းက အနုသယပါ တဏှာ၏ ဟန်ရေးပြအမူအရာ၊ သူတစ်ဖက် ကြောက်လိုခြင်းက အနုသယပါ ဘယ၏ ဟန်ရေးပြအမူအရာ ။ သို့ဖြင့်ပင် အချို့ငတေမှော်၊ ငပေမှော် မအောင်ကြ။ တဏှာတပ်မကြီးအောက် လက်မြှောက်ဝင်သွားကြရရှာသည်။ သို့ပန်းပါ လာသောထိုးစစ် ပုံမှန်ထက် အထိနာသည်။

### သီလသည် ဦးဆောက်ပန်း၊ သီလသည် အလံတော်ကိုင်

**ဓမ္မသက. . .**

သည်နေရာ တစ်ခါထစ် သင်နှင့်ငါ ဆွေးနွေးဖြစ်ကြဦးစို့ရဲ့။

ပါရမီသည် စိတ်မည်းတူ အဖြူဖြစ်အောင်လုပ်ရသောအလုပ်။

ပါရမီသည် စိတ်ဖြူအလံလွှင့်၍ အမြင့်မှအမြတ်သို့ ချီတက်ရသော အလုပ်။

ထိုသို့ သင်ပြုလုပ်ခဲ့ရာတွင် သီလသည် ပါရမီအားလုံးတို့၏ ရှေ့ဆုံးမှ နေရာယူပေးရသည့် အလံကိုင်ပင်။



မှတ်ချက်။ ။ ဦးဆောက်ပန်းသည် ရှေးခေတ် စစ်တိုက်ကြရာတွင် တပ်မကြီး၏ရှေ့ဆုံးမှနေ မိမိ၏ဦးထိပ်တွင် ခေါင်ရန်းပန်းတစ်ပွင့် ပန်ဆင်ပြီး တက်ပြသော အသေခံသူရဲကောင်းဖြစ်ရာ ဤမှာခေတ်ရှိ တပ်ဦးအလံကိုင်နှင့် အလားတူသည်။

သို့ကြောင့် ဤသီလကိုလည်း ပါရမီအားလုံးတို့ရှေ့က အလံကိုင်ဆိုရမည်။ သီလမပါသောခန္တီသည် ပါရမီအထိ စစ်မချီနိုင်ပါ။ သီလမပါသော သစ္စာ၊ မေတ္တာများသည် ပါရမီခေတ် လှစ်မဝင်သာ။ သီလမပါသော ဥပေက္ခာသည် ပါရမီထူးသို့ ကူးမဝင်သာ။

ထိုစဉ် သီလ၊ သစ္စာ၊ ခန္တီ၊ မေတ္တာ ထိုလေးဖြာတို့သည် မကွေမကွာ ပါရမည့် ပါရမီဖြည့်ဖက် လေးဦးအရာဝင်နေသည်ကို သင် သတိပြုရပါမည်။ ဥပေက္ခာကား ထိုလေးမျိုး ပြီးဆေးထိုးပေးသည့်ဆရာအဖြစ် သင်မှတ်ပါ။

ဤ၌ ပန်းပဲဖိုပိုင်ရှင်၏ အလုပ်နှင့်သရုပ် ယှဉ်ပြော ပြောရပါမူ ခန္တီ၊ သစ္စာ၊ မေတ္တာတို့ကား သံသုံးမျိုးစပ်ထားသည်နှင့်တူသည်။ သီလကား ပန်းပဲဆရာကိုင် လက်နက်ကိရိယာနှင့်တူသည်။ ဥပေက္ခာကား ဆေးသား တင်ပေးသည့် ရေခွက်နှင့်တူသည်။ တွေ့ကြုံရင်ဆိုင်နေရသည့် အရာများကား မီးဖိုကြီးနှင့်တူသည်။

ထိုစဉ် သုံးမျိုးစပ်ပြီး အရည်ကျို ပုံလောင်းထားသည့် သံပြားကြီးကို ရဲရဲတောက်ဖိုခွင်ထဲ ထိုးနှစ်သွင်းပေးထားကာ မီးနှင့်တွဲ၍ သံပြားကြီး ရဲရဲတက်ကျက်လာစေပြီ။ ယင်းကို ဖိုထဲမှနုတ်၍ ပေပေါ်တင် တူဖြင့်ထု၍ ဓားပုံစံဖော်ပေးလိုက်သည်။ လိုသလို ပုံပေါ်မလာသေးသမျှ ဖိုထဲသွင်း မီးပြင်းထိုးပေးနေလေဦး။ လိုသလို ပုံပေါ်မလာသေးသမျှ ပေပေါ်တင် တူဖြင့် တွင်တွင်ထုလေဦး။ ပုံလည်းပေါ်ပြီ။ မီးလည်းကျက်ပြီ။ ဓားတစ်လက် ထက်ဖို့သာ လိုတော့သည်။

ထိုအခါ ဖိုတွင်းမီးပေး၊ တူထုပေးပြီးသည်နှင့် အနီးရှိရေခွက်အတွင်းသို့ ထိုးနှစ်သွင်းပေးကာ ဆေးသားတက်စေရပါတော့သည်။ ထိုသည့်ဓားလောင်း သွေးပေးတိုင်း ဓားကောင်းဖြစ်လာရတော့သည်ပမာ . . .

**ဓမ္မေသက. . .**

သင်၏ကျင့်ဆဲသော သင့်ထံရှိ ခန္တိ၊ သစ္စာ၊ မေတ္တာတို့ကိုလည်း အကျင့် (သီလ)ဖြင့်ပင် ခွင့်လွှတ်စိတ်ပေါ်သည်အထိ ခံနိုင်အောင် ကြိုးစားလေ။ အကျင့်(သီလ)ဖြင့်ပင် သစ္စာထိုက်သည်အထိ ရင့်ကျက်လာအောင် ကြိုးစားလေ။ အကျင့် (သီလ)ဖြင့်ပင် ဓာတ်ကူးဝင်သည်အထိ အရှိန်ပြင်းအောင် ကြိုးစားလေ။ ခံနိုင်ပြီ၊ ရင့်ပြီ၊ ပြင်းလာပြီ ဆိုပါသော် . . . ထိုသုံးမျိုးတို့ကို တွဲဖက်ဥပေက္ခာဖြင့် ဆေးသားတက်အောင် ကြိုးစားလေ။ ထုပေ နာပေ (ထုပေနဘေ)ခံနိုင်လာခြင်းက ဆေးသားတက် သရုပ်ပြ။ အပူတော၊ အအေးတော ပေ၍ ခံနိုင်လာခြင်းက ဆေးသားတက် သင်္ကေတ။

**ဓမ္မေသက. . .**

သင်သည် ထိုဆိုခဲ့ပြီးသောအတိုင်း သီလကို ဆင့်အဖြစ်တန်း၊ ခန္တီ၊ သစ္စာ၊ မေတ္တာသုံးပါးနှင့် ဤဥပေက္ခာတို့ကို ကြမ်းအဖြစ်ခင်း၍ ပါရမီတွင်း နင်းသွားဆဲတွင် . . . အခဲမကျေ ရန်ဘက် အလောင်းတော်နှင့် စိဥ္စမာနတို့ အတွဲမျိုးကလည်း ပွဲတိုးလာနေပြီ။ အစွဲမပြေ မိတ်ဖက် အလောင်းတော်နှင့် ယသော်တို့ အတွဲမျိုးကလည်း ပွဲတိုးလာနေသည်။ အထဲကြေ အနေခက် အလောင်းတော်နှင့် မာရ်နတ်တို့ အတွဲမျိုးကလည်း ပွဲတိုးနေကြဆဲ။

သို့ကြောင့် သင်ဥပေက္ခာပြုလည်း သူတို့က အန်တုမြဲ အန်တုနေကြမည်။ သင်ကိုယ်တိုင်ကလည်း ပြင်ပကိုသာ ဥပေက္ခာ၊ အတွင်းအတွင်းချင်းမှာ မနေသာရှိလေဦးမည်။

ထိုအခါ ထိုသည့်သင် . . .



(က) ကျင့်ချိန်ကလည်း မမှန်။ လိပ်ပြိုင် ယုန်ကဲ့သို့ ပြေးတစ်တန်၊ မှေးတစ်တန်ဖြစ်မည်ကေန်။

(ခ) အာရုံယူကလည်း မမှန်။ ဓမ္မရှု၊ ကာမရှု ဘောလုံးသင်း ဗိုလ်လုဘိသို့ ဖြစ်နေမည်ကေန်။

(ဂ) အကျင့်ကလည်း မမှန်။ ကျင့်နည်းအမျိုးမျိုးလှန် ကုလားဖန်ထိုးနေမည်ကေန်။

ဝိစိကိစ္ဆာ ဒလန်တပ်၏ သပ်လျှိုသွင်း ကောလာဟလ လေလား သတင်းများကြောင့် . . .။

**ဓမ္မေသက. . .**

နာမ်လောက ထူပြောသော တောပရိယာယ် သင်နားမလည်သေးသမျှ မုဆိုးအသားကျဘဝ သင်မရနိုင်သေး။ တောနှင့်လည်းမကျွမ်း၊ သူတို့နှင့်လည်း မကျွမ်းသေးသမျှ မိတ်ဖြစ်လက်ကမ်း သူတို့ပေးသောသဒ္ဒါပန်း သင်မဆင်မြန်းနိုင်သေး။ သို့ကြောင့် သင့်နိက္ခမ အထိုင်ချဖို့လိုသေး။

✶

## ၈။ ကျောက်ဆူးချ သင်္ဘောကဲ့သို့သော အဓိဋ္ဌာန်

**မမွေ့သက. . .**

အဓိဋ္ဌာန်ဆိုသည်မှာ အလွန်ကိုကျူး အထူးအထိ စိတ်(ကိုယ်) ရပ်တည်ထားခြင်းပင်။ သမာဓိ ဧကဂ္ဂတာမျိုးကား မဟုတ်။ အချိန်စည်းရိုးတွင်း စိတ်နှင့်ကိုယ် ထိုးသွင်း၍ သတိဖြင့် နွားကျောင်းသလို ကျောင်းနေခြင်းမျှသာ။

အာရုံကို ချည်တိုင်အဖြစ်ထား၊ ထိုအာရုံနှင့် ဤစိတ်တို့အကြား သတိဖြင့် ဆက်သွယ်ပေးထားခြင်းမျှသာ။ ကျင့်နည်းကို နွားကျောင်းသားကိုင်တုတ်အဖြစ်ထား၊ စိတ်အာရုံစားကျက်မှ ပြေးမထွက်သာအောင် တည်းပေးထားခြင်းမျှသာ။

**မမွေ့သက. . .**

သင်သည် နေရာမှန်၊ အချိန်မှန်၊ အကျင့်မှန်တို့ဖြင့် အဓိဋ္ဌာန်တင်ဝင်ရာ၌ . . . ငါသည် ဤနေရာ ဤအချိန်တွင် ဤအကျင့်ဖြင့် စခန်းဝင်ပါအံ့။

ထိုအတောအတွင်း တောမီးကြီးလောင်လိုကလောင် ငါကား မထပြီ။ ထိုအတောအတွင်း ရန်သူအမျိုးမျိုး တိုးလိုရာက လာတိုး ငါကား မထပြီ။ ထိုအတောအတွင်း အရေးပေါ်ကိစ္စ ဘယ်လိုပင်ပေါ်ပေါ် ငါကား မထပြီ။ ဤသို့လည်း စိတ်အကြံထုတ် နှုတ်ကဖွင့် လက်အုပ်ချီလျက်ဖြင့် ဘုရားရှေ့



သင်အဓိဋ္ဌာန်တင်ရမည်။ သင်တင်ထားသည့်အတိုင်းလည်း ပြောသလိုသရုပ်အဟုတ်လုပ်ပြနိုင်ရဦးမည်။ တိုက်ပွဲကြီး စစ်ချိန်ခွင်လျှာ ညီနေသဖြင့် ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်လာသည့်အချိန် အသေခံတပ်သား ရွေး၍ တာဝန်ပေးလိုက်ပြီ ပမာဆင်၏။

ထိုစဉ် အချို့ နေရာနှင့် အချိန်သည် ကွင်းလပ် နေပြင်းလည်း ဖြစ်ကောင်းဖြစ်နေမည်။ အချို့ နေရာက ပုရွက်ဆိတ်များ ကျင်းဖွဲ့နေရာ ဖြစ်ကောင်း ဖြစ်နေမည်။ အချို့နေရာနှင့် အချိန်က မိုးသည်းကွင်းပြင်လည်း ဖြစ်ကောင်း ဖြစ်နေမည်။ သည်မျှမကသေး. . . ရွှေတိဂုံကဲ့သို့သော တန်ခိုးကြီးဘုရား လူသူမျိုးစုံ စည်ကားနေရာ၌ မိမိထိုင်ချိန် မိမိထိုင်မည့်နေရာတွင် မဖွယ်မရာ စုံတွဲများက မိမိအလျင်နေရာယူ၍ လာတွေ့နေသည်များပင် ရှိကောင်း ရှိနေမည်။

မည်သို့သောအခက်က မည်သို့ပင် လက်ယှက်ထိုး စီးမိုးနေနေ ကိုယ့်အဓိဋ္ဌာန်စကား ကိုယ်မဖျက်လေနှင့်။ (ကိုယ့်စကားကိုယ်ကြားပါစေ) အဓိဋ္ဌာန်မဖျက်က တွေ့သမျှအခက် အလိုလိုပင် ပြယ်ပျက်သွားလေ့ရှိသည်။ ကိုယ့်အဓိဋ္ဌာန်ကိုယ်လုပ် အခက် ရုပ်၊ မရုပ်ကား ကိုယ့်အလုပ်မဟုတ်။ အကယ်တိတိ အဓိဋ္ဌာန်ဖျက်၍ အခက် အဖက်လုပ်မိခဲ့သော်. . . နောင်အဓိဋ္ဌာန် ဘယ်လောက်တင်တင် သင့်စကား အများနားမဝင်တော့ပြီ၊ စိတ်ချ။

အဓိဋ္ဌာန်ဆိုတာ အလွန်ကိုကျူး အထူးထိ ရပ်တည်ရမည်ကို အထူးသတိပြု။

**မမွေ့သက. . .**

သင် ထိုစကားနားဝင် အဓိဋ္ဌာန်တင်ထားသောအတိုင်း ပေပေ တေတေ လုပ် စုတ်စုတ်ပြတ်ပြတ်ကျင့် ဝင့်ဝင့်ထည်ထည်ထမ်း စခန်းဝင်နေပြီ ဆိုပါတော့ . . .။ ထိုအခါ သင့်နောက်က လားအုပ်ကြီး ဝင်ချလာတော့မည်။

ယင်းကား . . .

"ငါ့အဓိဋ္ဌာန် အကျင့်က ကိုယ့်ကိုယ်ကိုညှဉ်းတဲ့ (အတ္တ ကိလမထ) အကျင့်များ ဖြစ်နေမလားဘဲ။"

"ဘုရားက မလျော့လွန်းစေနဲ့၊ မတင်းလွန်းစေနဲ့ မိန့်ထားတာ။ ငါ့ အကျင့်က တင်းလွန်းများ နေမလား။"

**ဓမ္မေသက. . .**

သင့်စိတ်ဝယ် ဤသို့ဤနှယ်သော လားသေး၊ လားကြီး အသွယ်သွယ် တို့သည် ကျင့်လိုစိတ်က ရှေ့သယ်လေ စွဲစိတ်က နောက်ကနေ လွှဲဖယ် ပစ်လေဖြင့် အဓိဋ္ဌာန်တစ်ထစ်တိုး လားဘက်ကလည်း တစ်မျိုးဝင်နှောက် နေမည်သာ။

ထိုစဉ် မယောင်နှင့် ယောင် ချောင်ကျသွားတတ်သည်။ မစောင်နှင့် စောင် ထောင်ကျသွားတတ်သည်။ မကြောင်နှင့် ကြောင် မှောင်ကျသွားတတ် သည်။ ယင်းမှာ. . . လျှော့ဦးမှလေလားဖြင့် သူ့လားနောက် ကိုယ့်လား ယောင်ပါသွားခြင်းပင်။ ဖျက်ရဲဖျက်စမ်းကြည့်ပေ့ါဖြင့် သူ့အထောင် ကိုယ်က ပြန်ရန်စောင် ထားခြင်းပင်။ သူ့အိပ်မက်အတိုင်းဆို ကိုယ်တင်းနေပြီပေ့ါဖြင့် အတွေးခေါင် သွေးကြောင်သွားခြင်းပင်။

**ဓမ္မေသက. . .**

တောသည် သူတို့ကြီးစိုး၏။ သူတို့သည် နမ်လောကသားများ ဖြစ်ကြ ၏။ သို့ကြောင့် သူတို့သည် သင့်မနောတွင်း နက်သည်ထက်နက်၊ ကျယ်သည် ထက်ကျယ် သည်အထိလည်း ဆင်းတူးနိုင်စွမ်းရှိကြ၏။ နောက်သည်ထက် နောက် ပေါက်သည်ထက်ပေါက် သည်အထိလည်း ကလိနိုင်စွမ်း ရှိကြ၏။ သင်အထင်ကပ်က တစ်ဖြုတ်စ၊ နှစ်ဖြုတ်စ ယုံလောက်အောင် လက်တွေ့ပြ၍ လည်း တွန်းချတတ်ကြသေး၏။



ဤ၌ သင့်သတိသည် သက်စောင့်လက်နက်ဖြစ်သည်ကို သင်သတိပြု ရမည်။ ဤသတိဖြင့်ပင် မိမိ၏စိတ် အိပ်သည်အထိ သိပ်ပေးနေရမည်။ ဤ သတိဖြင့်ပင် သူတစ်ဖက်အဖျက် အက်ကြောင်းရာပေး၍ ဆက်စပ်ကြည့် တတ်ရမည်။

**ဓမ္မေသက. . .**

သင့်ထံသို့ တစ်ဖက်ကပို့သည့်အရာသည် အိပ်မက်ပဲ ဆိုပါတော့. . .

ထိုအိပ်မက်ကို သင်နိုးထချိန်ကာလ သတိအခံဖြင့် ဉာဏ်ဝင်ကြည့် လိုက်ပါ။

ထိုအခါ . . .

၁။ အချို့အိပ်မက်က စိတ်အစွဲကြောင့်ဆိုသည်ကို အတပ်သိနိုင်သည်။ သင့်စိတ်သည် နေ့စဉ် သတိက စုစည်းပေးနေသဖြင့် စည်းလုံး၏။ ငြိမ်သက် ၏။ အေးလျက်ကတွဲ အခဲဖြစ်လာနေ၏။

ထိုစဉ် . . . လိုစိတ်ကြောင့်ဖြစ်သော တစ်ချက်အတွေးလေးကလည်း အိပ်မက်၌ ကိုယ်ထင်ပြနေတတ်သည်။ မလိုစိတ်ဖြင့် တွေးမိသော အတွေး ငယ်လေးကလည်း အိပ်မက်ထဲ ဓားဆွဲလာနေ၏။ ယင်းကို သင်၏ ယခင် ရက်၊ ယခင့်ယခင်ရက်များက စိတ်သွားလမ်း တန်းစီခိုင်းပြီးကာ လိုက်လံ စစ်ဆေးကြည့်။ အစွဲတရားခံ မိတော့သည်သာ။

၂။ နောက်တစ်မျိုးက သွေးလေချောက်ချားနေ၍ မြင်မက်နေခြင်းပင်။

**ဓမ္မေသက . . .**

ထိုအိပ်မက်မျိုးကျ မည်သို့မျှ ဆက်စပ်ကြည့်၍ မရတတ်။ ယင်း အိပ်မက်မျိုး ဆောင်းတွင်းကာလ၌လည်း မက်တတ်၏။ ဆီး၊ ဝမ်းများ ထွက်သင့်ကာလ ထွက်ခွင့်မရဖြစ်နေစဉ်လည်း မက်တတ်၏။ ဘဝအထိ နာလာသဖြင့် စိတ်မသက်မသာချိန်တွင်လည်း မက်တတ်၏။ ထိုအိပ်မက်

များသည် သင် အရေးယူပေး၍မရသော အိပ်မက်များ ဆိုရမည်။

၃။ နောက်တစ်မျိုးက ရှေ့ပြေး နောက်ထိုး ပျိုးပေးသည့် ကောက်ချက်ချ (နိမိတ်ပြ) အိပ်မက်။

**ဓမ္မေသက** . . .

သည်အိပ်မက်မျိုးက ဘုရားအဆုံးအမ အသုံးချနေသူများအတွက် ရှေ့ဆက်ရမည့်လမ်း တန်းပေးသော အိပ်မက်ဖြစ်ရာ . . .

ရံတစ်ခါ မိမိ ယမန်နေ့က ကျင့်ခဲ့သည့် မှားကွက်ကို ထောက်ပြလေ့ရှိ၏။ ရံတစ်ခါ မိမိ နက်ဖြန် ဆန်တက်ရမည့် ကျင့်ကွက်ကို ထောက်ပြ၏။ ရံတစ်ခါ တစ်ဖက်ခြေထိုးကွက် ချိုးဖျက်တတ်ရန် ဖန်ပေးသည်လည်း ဖြစ်နေတတ်၏။

**ဓမ္မေသက**. . .

သည်အိပ်မက်မျိုးများကျ ဆက်စပ်၍လည်းရ၏။ ထင်းထင်းထင်ထင်လည်း မြင်တွေ့ခွင့်ရ၏။ သင်၏နောက်က အာရုံထားများနှင့်လည်း တခြားစီဖြစ်နေ၏။ သမ္မာနတ်တို့ ပတ်စာကပ်ပေးသော ပတ်မကြီး ဆိုရမည်။

**ဓမ္မေသက**. . .

ရံတစ်ခါ သင့်အား မြင်အာရုံ၊ ကြားအာရုံများဖြင့်လည်း တို့ကစားကြသေး၏။ ဤ၌လည်း မကျွမ်းဘဲတန်းယုံ သူတို့ပြသမျှ ပြောသမျှ အဟောဝတနှင့်ချည်း ပုံမိခဲ့လျှင် ယုံလောက်အောင်ထွက် မက်လောက်အောင်ပြ၊ အယုံလွန် ဖြင့် အလွန်ယုံဘက် စိတ်မှင်သက်သည်နှင့် တစ်ဖက်မှောက် ချောက်ချပစ်တတ်လှချေ၏။

ဤ၌ အစစ်နှင့် အတု သင်ခွဲရှုတတ်ရန် အကြံပေးခဲ့ဦးမည်။



**ဓမ္မေသက**. . .

သင် အဓိဋ္ဌာန်ဖြင့် အကျင့်ခန်းဝယ် အထိုင်ချ ကျင့်နည်းမှန် တစ်မျိုးမျိုးနှင့် ကြိုးစားပြနေစဉ် သင့်နောက်သို့ အမြဲလိုက်လံ စောင့်ရှောက်နေသူ၏ ပုံသဏ္ဌာန်က သင့်ရှေ့လာပြနေပြီ၊ ပြောနေပြီ ဆိုပါတော့. . .။ ထိုစဉ် ဟုတ်ပြီ၊ နိပ်ပြီဖြင့် ချက်ချင်းဖမ်း တန်းတန်းစွဲ သင်အကဲမကြီးလေနှင့်ဦး။ အစစ် ဟုတ်၊ မဟုတ် (ရွှေမှတ်တင်ကြည့်နည်းအတိုင်း) ကောဋ္ဌာသကို ဘုတ်ဖွဲ့ပေးကာ အစစ်ခိုင်းပါလေ။

ယင်းမှာ . . . ထိုထင်ပြပုံရိပ်ကို ဆံပင်များမှနေ သူတစ်ကိုယ်လုံးရှိ အစိတ်အပိုင်းအားလုံး တစ်ခုစီတစ်ခုစီ အကွက်ပေါ်သည်အထိ ရှုကြည့်ပေးလိုက်ခြင်းပင်။ ထိုအခါ အစစ်ဖြစ်ခဲ့မူ ပုံမပျက် ထင်မြဲ မြင်မြဲအတိုင်း မြင်လျက်ပင်ရှိလိမ့်မည်။ အတုဖြစ်ခဲ့မူ ထိုပုံပျက် သူ့နဂိုပုံအတိုင်း ထွက်ရှိလာတော့သည်။

**ဓမ္မေသက** . . .

အကယ်တိတိ . . . သင့်ခန္ဓာအိမ်အတွင်း သူတို့ ဝင်ရောက်မချဉ်းစေလိုလျှင်လည်း ဤ ကောဋ္ဌာသရှုနည်းကိုလျှင် သင့်ကိုယ်သင် တစ်ခုစီတစ်စိတ်စီရှု၊ နောက်ဆုံး အရိုးစုမျှ ကျန်သည်အထိ မြင်အောင်ရှုလေ။ သို့မဟုတ် ကိုယ်ကောင်မဲ့အထိ ရှု။ တစ်ဖန်. . . အသုဘဆယ်မျိုး . . . သေစမှနေ အရိုးစုမျှအထိ မြင်အောင်လည်းရှုလေ။

**ဓမ္မေသက** . . .

ကောဋ္ဌာသ၊ အသုဘ ဤနှစ်မျိုးတို့သည် တစ်ဖက်စမ်းသပ်ရာ၊ မိမိကိုယ်ကို ကာကွယ်ရာတို့၌ အစွမ်းထက်လက်နက်များပင်။

**ဓမ္မေသက** . . .

ထိုသို့ ရှုနိုင်သည်အထိ သင့်လက်ကိုင် သတိ၊ အသိတို့ အင်အား ပြည့်နေချေသော် သင့်ခန္ဓာတွင်း မည်သူမျှ ဝင်မချဉ်းနိုင်။ သူ့ခန္ဓာ အမြစ်အရင်းလည်း

မည်သူမျှ ဝှက်ထားခြင်းမပြုနိုင်။ ဤသည်မှာ အမြင်၊ အကြားဖြင့် လာရောက်တွေ့ဆုံစဉ် အစစ်နှင့် အတု ကွဲသိစေသော မှတ်တင်နည်းပင် ဖြစ်တော့သည်။

တောပရိယာယ် အလွန်ကြွယ် ကွယ်နိုင်လွန်းမှ အလောင်းလှ၏။

**ဓမ္မေသက. . .**

နောက်တစ်ခုမှာ အိပ်မက်စကား၊ ကြားစကားတို့၏ အထားအသိုများ အကြောင်းပင်။ ယင်းမှာ သူတို့ ပြောစကား၌ သည်လိုကျင့်လျှင် သည်လောက်အထိ ပွင့်လိမ့်မည်၊ သည်လိုမျိုးကျ သည်လောက်အထိ အကျိုးရနိုင်သည်၊ သည်လိုကျင့်ကွက်က သည်လောက် သည်လောက်အထိ ထက်မြက်၏ စသည်ဖြင့် မြှောက်စကား၊ ဖြားယောင်းစကား၊ ဆွယ်စကားများ ပါနေခဲ့သော် အထူးသတိပြုပါလေတော့။

သင် ကြိုက်၍လိုက် ခိုက်ပြီ။ သင် ပိုက်တိုး သားကောင်ဖြစ်တော့သည်။

**ဓမ္မေသက . . .**

အာရုံဖြင့် ဆွဲဆောင်ခြင်းကား သင့်စိတ် တစ်ခုခု၌ အာရုံဝင်စားနေခြင်းပင်။ များသောအားဖြင့် နေရာနှင့်ပတ်သက်၍ စိတ်ကစားနေခြင်း ဖြစ်တော့သည်။ ရံတစ်ခါ သွားလိုသော နေရာတစ်ခုပေါ်လာပြီး စိတ်ကစားနေ၏။ ရံတစ်ခါ နေမြဲနေရာ၌ ခွာလိုစိတ်အားကြီးလာပြီး စိတ်ကစားနေတတ်လှ၏။ ထိုအခါမျိုးတွင်လည်း သတိဖြင့် ဆင်ခြင်၊ မေတ္တာဖြင့် ခွင်ရိုက်၊ သွား သင့်, မသွားသင့် ဉာဏ်ဝင်ပြီး ချင့်တိုက်ပေးလေ။

ဆိုခဲ့ပြီး အိပ်မက်၊ အမြင်၊ အကြား အာရုံထားများ၌ ချုပ်၍ဆိုရသော် ဘာနှင့်လာတိုက်တိုက် ဘုရား အဆုံးအမနှင့် ကိုက်၊ မကိုက် တိုက်ကြည့်နိုင်ရသည်။ ဘာနှင့်လာတိုက်တိုက် သဘာဝဓမ္မနှင့် ကိုက်၊ မကိုက် တိုက်ကြည့်နိုင်ရသည်။

ဗုဒ္ဓ၊ ဓမ္မနှင့် ကိုက်နေက မျက်စိမှိတ်၍သာ လိုက်ပေရော့ ဓမ္မေသက။



ဗုဒ္ဓ၊ ဓမ္မနှင့် တခြားဖြစ် သတိရေစစ်ဖြင့် စစ်၍စစ်၍ တိုက်ပေရော့ ဓမ္မေသက။

**ဓမ္မေသက . . .**

သင်သည် အတားနှင့်မာရ်တပ်မတို့၏အကြား ဥပေက္ခာပါရမီဖြင့် စိတ်မည်းတူ ဖြူအောင် ဖွပ်မထားနိုင်သောကြောင့် အဓိဋ္ဌာန်ဘက် ထွက်ခဲ့ရပြီ။ တစ်ဖန် တောအိမ်ရှင်တို့၏အနှောက် ဥပေက္ခာဖြင့် မထိုးဖောက်နိုင်သောကြောင့် အဓိဋ္ဌာန်ဘက် ဆက်လျှောက်ခဲ့ရပြီ။

သို့တစေလည်း အဓိဋ္ဌာန်သည် ကိုယ့်ကိုယ်ကို ညှာတာခြင်းမရှိသော အကျင့်ဖြစ်နေသည်။ အဓိဋ္ဌာန်သည် ကိုယ့်စိတ်ကို အလိုမလိုက်သောအကျင့် ဖြစ်နေသည်။ ထိုအခါ ထိုသည့်သင် မရဲဘဲ ကျွဲလှည်းစီးပမာ ဖြစ်လာတော့ရာ စိတ်ဂနာမငြိမ် ကိုယ်ကန္ဒြေမရ ဖြင့် အဓိဋ္ဌာန်လည်း မဖျက်ဝံ့၊ ရှေ့ကိုလည်း မဆက်ဝံ့ အရှုံ့ဝင်တတ်သည်။ ဤသည်မှာ သင့်ကိုယ်သင် ခင်မင်မှု အားကြီးခြင်းဆိုသော ဘဝရာဂမြစ်ဆုံပေါ်က ထိုင်၍ ဝိစိကိစ္ဆာတပ်မကြီးက ကိုင်လှုပ်နေခြင်းပင်။

ထိုစဉ် အဓိဋ္ဌာန် မဖျက်သဖြင့် ကုသိုလ် ကား ရ၏။ စိတ်မဖြူ အပူတက်နေခြင်းကြောင့်ကား ပါရမီဖြစ်မလာ။

✶

## ၉။ မိုက်ရှူးရဲ ပွဲသွင်းပေးသော ဝီရိယ

**ဓမ္မသက. . .**

ဝီရိယသည် စိတ်ရဲတင်းခြင်း၏အမည်ပင် ဖြစ်ချေရာ . . . သင်၏ အဓိဋ္ဌာန်အလွန့် ရှိနေသောစိတ်ကို ဤဝီရိယဖြင့်ပင် ရဲဆေးတင်ပေးရမည်။

ထိုစဉ် ကိုယ်ကိုကား အဓိဋ္ဌာန်ချိန်မပျက် ဆက်စေခြင်းဖြင့် ဝီရိယက ဝင်ကူမည်။ စိတ်ကိုကား ဆင်နားရွက် ဒူးတိုက်ပေးသော ကြောင့်ကြစိုက်ခြင်းဖြင့် ဝီရိယ ဝင်ကူမည်။ ယင်းကို ယာယိက ဝီရိယ၊ စေတသိက ဝီရိယ ဟူ၍ သမုတ်ရသည်။

**ဓမ္မသက. . .**

ဆိုခဲ့ပြီး အဓိဋ္ဌာန်ပါရမီသည် လည်းကောင်း၊ ဤဝီရိယပါရမီသည် လည်းကောင်း . . . ထိုနှစ်မျိုးလုံးတို့သည် သင့်လက်ကိုင် ဗိုလ်နှင့်စျာန်တို့က ဗိုလ်ညွှန့်နှင့်စျာန် အတက်ပွဲများချည်း ဖြစ်နေကြသဖြင့် အတားကိုလည်း မကျော်ရဲ၊ မာရ်တပ်မများ၏အပစ်အခတ်ကိုလည်း ခေါင်းမဖော်ရဲချိန် မော်တာ၊ အမြောက်စသည် အကူပစ်လက်နက်ကြီးများက ဝင်ရောက်ချေမှုန်းပေးနေကြရ ပါသည်ပမာ . . . စိတ်မည်းတူ ဖြူမလာသည့်အပြင် ပူ၍ပင် လာနေချိန်မျိုး



များတွင် အကူဝင်ပေးနေကြရသော အကြီးစားအဓိဋ္ဌာန်နှင့် ဝီရိယများဟူ၍ သင် မှတ်ပါလေ။ သို့မဟုတ် စိတ် မိုက်ရှူးရဲစိတ် မွေးပေးပြီး သွေးကို သံပတ်တင်းပေးသည့် ပါရမီဖြစ် အပြင်းစားလက်နက်ကြီး နှစ်လက်။

**ဓမ္မသက. . .**

ဤဝီရိယပါရမီသည် တစ်ဖက် ဝိစိကိစ္ဆာမာရ်တပ်မကြီး၏ စိတ်ဓာတ် စစ်ဆင်ရေးများကြောင့် မိမိစိတ် ဖြောင့်ဖြောင့်မသွားရဲ ဖြစ်နေသည်ကို ဗိန်းဗောင်းတီး၍ မောင်းနှင်ပေးခြင်းဖြစ်ရာ မိုက်ရှူးရဲလေးများ၏ ဓာတ်ကြမ်း တိုက်ပွဲပမာ ဆင်၏။ သို့ကြောင့် မိုက်ရှူးရဲဆိုသော ထိုစကား ကာလသားလေး များသာ မဟုတ်၊ နေရာတကာ ပွဲထုတ်၍ရသည်။

စီးပွားရေးနယ်ပယ်၌ ထူးချွန်လိုသလား၊ ဤမိုက်ရှူးရဲစိတ် လက်သပ်မွေး ကျွေးထား။ လောကီရေးနယ်ပယ် ခြယ်လှယ်လိုသလား၊ ဤမိုက်ရှူးရဲသွေး မွေး ကျွေးထား။ ပါရမီနယ်ပယ် တွင်ကျယ်လိုသလား၊ ဤမိုက်ရှူးရဲသွေး မွေး ကျွေးထား။ စင်စစ် တစ်ဖက်၏အရှိ ဇကန်ဇကေ မသိ၊ အတည့်ကြည့်နိုင်ခွင့် လည်း မရှိသေးချိန်၏ ဤကာလအားလုံး ဤမိုက်ရှူးရဲ ဝီရိယသုံးကား မသုံးမဖြစ်သော ထိုးဖောက်ကျည်တစ်လုံး။

**ဓမ္မသက. . .**

သင်၏ ပါရမီအခြေ ဤနယ်မြေသည် ဝိစိကိစ္ဆာနှင့်ဝီရိယ ဘတစ်ပြန် ကျားတစ်ပြန် သတ်ပုတ်ကြရမည့် နေရာပင်။

ထိုစဉ် ဝိစိကိစ္ဆာသည် အတားငါးပါးတွင် တစ်ပါးအပါအဝင်ဖြင့် စစ်ဆင် မည်။ မာရ်ဆယ်တပ်မတွင်လည်း တစ်တပ်အပါအဝင်ဖြင့် စစ်ပြင်မည်။ သံယောဇဉ် ကိလေသာတို့တွင်လည်း တစ်ခွင်အဖြစ်ဖြင့် ခံစစ်ပြင်ထားသည်။ သို့ကြောင့် ယင်းဝိစိကိစ္ဆာကား လေးဘွဲ့ရ စစ်သူရဲကောင်း။

သင် ထိုဝိစိကိစ္ဆာကို မခန့်လေးစား မလုပ်နှင့်။ သင် ထိုဝိစိကိစ္ဆာကို

ပေ့ါသေးသေးမထင်လေနှင့်။ သင့်စိတ်အတွေးကြား သူ့ လား သွင်းပေးထားနိုင်ခြင်းကပင် သူ့အစွမ်း။

**မမွေ့သက. . .**

သင်သည် လားနှောက်၍ ကမောက်ကမ ကလော့ကလန် ဖြစ်နေသော သင့်စိတ်ကို ကိုယ်ဖြစ် ဝီရိယဖြင့်ကြိတ်၊ စိတ်ဖြစ် ဝီရိယဖြင့် ပြင်းပြင်း သိပ်ပေးလေ။ ကိုယ်ထိုင်က ဝီရိယ၊ စိတ်ကိုင်က ပါရမီ ဘယ်, ညာချီ၍ ပြည်တည်ပေးလေ။

သတိလျော့၍ စိတ်ဆော့လာလျှင် ကြောင့်ကြထားဝီရိယက စိုက်ပေးထားလိုက်။ အသိနည်း၍ စိတ်ပျင်းတွဲလာလျှင် ကိုယ်ကိုင်ဝီရိယက အားစိုက်ပေး။ စိတ်မငြိမ်လျှင် ဖိ၊ စိတ်ငြိမ်နေချိန်တွန်း၊ ဝီရိယဖြင့် အဓိဋ္ဌာန်ကို မွန်းလေ။

**မမွေ့သက. . .**

သင် သည်သို့သာ ဝီရိယနှစ်မျိုး ရှေ့၊ နောက်,ဘယ်၊ ညာ မိုး၍ စိတ်ကို ပျိုးထောင်ပေးနေလျှင် . . . ထိုစိတ် စက္ကန့်မှ မိနစ်အထိ အတွေးတိတ်သွားလိမ့်မည်။ ထိုစိတ် တစ်မိနစ်မှ ဆယ်ဂဏန်းအတွင်းထိ အတွေးတိတ်ဆိတ်သွားလိမ့်မည်။ ဆယ်မိနစ်အရောက် မဟုတ်၊ ငါးမိနစ်ကျော်ကျော်အထိ အတွေးတိတ်ဆိတ်သွားတော့လျှင်ပင် . . .

ကိုယ့်စိတ်နှင့်ကိုယ် နေခွင့်ရသောသုခ ထိုစိတ် ခံစားခွင့်ရသွားပြီ။

ကိုယ်မှဖြစ်သောသုခ၊ သူပေး လူပေးသုခနှင့် မလဲနိုင်တော့ပြီ။

**မမွေ့သက. . .**

သင့်၌ ဝီရိယကူသဖြင့် အဓိဋ္ဌာန်လည်း အလံတလူလူဖြစ်၊ တစ်ဖန် အဓိဋ္ဌာန်နောက်က လိုက်သဖြင့် ဝီရိယကလည်း ရဲရဲတင်းတင်းတိုက်။ သို့ကြောင့် သင့်စိတ်သင် အစိုးတရ ဖြစ်လာပေရော့မည်။ အစိုးတရ ဖြစ်လာသော သင့်စိတ် အမဲလိပ်များ အရိပ်မထိုး ဖြစ်လာပေရော့မည်။



ထိုအခါ သင့်အဓိဋ္ဌာန်အာရုံယူ၍ သင်လိုသလို သစ္စာဆို၍ ရနိုင်ပြီ စိတ်တန်ခိုး၊ စိတ်သတ္တိ အာဏာရှိ ဖြစ်လာခြင်းကြောင့် သင်ဆိုသော သစ္စာ၌ သင်လိုသောအရာ အဆစ်ပါလာနေချေပြီ။ သင့် သီလ၊ အဓိဋ္ဌာန်၊ ဝီရိယတို့ကြောင့် အဖြူရောင်ပြလာခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

✶

## တယ်တော်တဲ့ ငါပေကိုး

**မမွေ့သက. . .**

သင့်၌ ပါရမီဖြစ်အလုပ်ကလည်း ကိုးခုအထိ ပွဲထုတ်ခဲ့ပြီးပြီ။

သင် ကျော်ဖြတ်ခဲ့ရသော တပ်မကလည်း ခုနစ်ခုမြောက်ပင် ဖြစ်ခဲ့ပြီ။

ထိုအချိန် သင့်စိတ် အမည်းရိပ် ကင်းဆိတ်စပြုလာနေခြင်းကိုမှီ၍ တောအိမ်ရှင်တို့၏ ကြည်ဖြူခြင်းကိုဦးစွာ ခံယူခွင့်ရတော့သည်။ ယင်းမှာ. . .

"သူ လူမည်းမဟုတ်၊ လူဖြူပေပဲ။"

"သူ တို့ကို အနှောင့်အယှက်ပေးမယ့်သူမဟုတ်၊ ကူညီမယ့်သူပေပဲ။"

ဤမှတ်ချက်ချများဖြင့် သင့်အပေါ် အမျှော်ကြီး မျှော်လာကြခြင်းပင်။

**မမွေ့သက. . .**

သင့်မှာ လူချစ်တော့ တစ်ထုပ်မိ၊ နတ်ချစ်လျှင် တစ်အုပ်လုံး မိတတ်သည်၊ သတိထား။

အကြောင်းမှာ အိမ်ရှင်ကောင်း ရောင်းပန်းလှဖြစ်လာသော သင့်အတွက် သူတို့သည် ကောင်းသတင်းအစားစား လူအုပ်ကြား သွင်းထားပေးတတ်ကြလိမ့်မည်။ သူတို့သည် သင့်ပုံတူလုပ် ဟိုနယ်ဒီနယ်သို့ သွားရောက်သရုပ်ဆောင်ပြပေးကြလိမ့်မည်။

ထိုအခါ ခြေထိုး လေးယောက် သင့်ထံမှောက်သို့ အခစား ရောက်လာကြပေရော့မည်။ ယင်းကား. . . လူရှုပ်ခြင်း၊ လာဘ်ပေါခြင်း၊ ကျော်စောခြင်း အခြွေအရံများလာခြင်းများပင်။

**ခမ္မေသက. . .**

ထိုလေးမျိုးတို့သည် မာရ်မင်း၏စေတမန်များ ဖြစ်ကြ၏။ မာရ်မင်းကြီး စေခိုင်းချက်အရ သင့်ထံမှောက် ဝင်ရောက်ခစားသူများ ဖြစ်ကြ၏။

ထိုလေးမျိုးတို့သည် သင့်ခြေလှမ်းမမှန်စေဖို့ သင့်သွားလမ်းရှေ့က ခြေထိုးခံပြီး သင့်အား လဲကျသွားအောင် ပြုလုပ်ပေးကြမည့် အမြောက်ကိုင် သမားများ ဖြစ်ကြ၏။ ထိုလေးမျိုးတို့တွင် . . .

**(က)** လူသားများကလည်း ကာမလူသား၊ လိုလားခြင်းကို အရင်းတည်၍ သင့်ထံမှ ပျံ့လွင့်လာသောသတင်းသို့ ပြုံဝင်လာကြသူများ ဖြစ်ကြ၏။ ထိုသူများထဲတွင် သင့်သီလဂုဏ် အာရုံပြု၍ ကြည်ညိုတတ်သူများကား မဖြစ်စလောက်သာပါ၏။ သင့်အကျင့် အတုယူ၍ ကိုယ်တိုင် ဝင်ကျင့်လိုသူများကလည်း မပြောပ လောက်။

**(ခ)** လာဘ်ကလည်း ကာမအသုံးအဆောင်များ ယနေ့ခေတ်၏ ကာမအာရုံ ခံစားလိုသူများအတွက် အထိမိဆုံး၊ အကောင်းဆုံး၊ အသက်သာဆုံးကိုသာ သူ့ထက်ငါ တီထွင်ထုတ်လုပ်ပေးထားကြရာ ထိုလာဘ်ဖြင့် သင့်ထံလာ ကပ်ရောက်သူများလည်း သူတို့အကြိုက်ဆုံး၊ သူတို့နှစ်သက်အမြတ်နိုးဆုံး သော ပစ္စည်းများဖြင့် သင့်အား ပူဇော်ကြ၏။

ထိုစဉ် သင့်သန္တာန်ရှိ ကာမအနာဆွေးများက အဖေးတက် အမြေးယှက် ကာစမ္ပျှသာရှိသေးရာ ဆန်းသစ်သော ထိုလာဘ်တို့၏ အတို့အဆွကြောင့် သင့်အနာ ပြန်လည်ထလာပေရော့မည်။

**(ဂ)** ကျော်စောသတင်းကလည်း ကာမကျော်စောသတင်း၊ ကောလာဟလ



သတင်းများသည် များသောအားဖြင့် ပုဂ္ဂိုလ်၏အစွမ်းပြသတင်းကသာ များပြား၏။

"ဘယ်မှာ ဘာက ဘယ်လိုကြီးတဲ့" . . . စသည်၊ "ဘယ်မှာကျတော့ ဘာက ဘယ်လောက်အထိတောင် တွေ့ခဲ့ကြရသတဲ့" . . . စသည်။

**(ဃ)** တစ်ဖန် လာရောက်ခိုလှုံသူ အခြွေအရံများကလည်း ကာမအပျိုရံ၊ လူပျိုရံများ။

တစ်ဖွဲ့သုံး တစ်ထုံးသွင်း အစည်းအရုံးဝင် အသင်းဖြစ်ပေါ်လာတိုင်း အခွင့်အရေးမက် စိတ်ကလက်သူများကသာ ရှေ့တန်းတက် ထွက်လာလေ့ ရှိကြ၏။ အဆန်းဖြစ် အသစ်ကြိုက်သူများလည်း တစ်တပ်တစ်အား ပါဝင် လှုပ်ရှားလာတတ်ကြ၏။ တည်ငြိမ်ရင့်ကျက်သူများကား အခြေနေအရပ်ရပ် အကဲဖြတ်ဆဲ ဖြစ်နေကြသဖြင့် ရုတ်တရက် ထိုးဝင်မလာတတ်ကြ။ လူအုပ်ထဲ ဖြိုဝင်လေ့လည်း မရှိကြ။

သို့ဖြစ်ရာ ပုဂ္ဂိုလ်တစ်ဦး၏သမားဂုဏ်ပြ ဤကောလာဟလသတင်း ပျံ့နှံ့ပွဲ ကျင်းရာ၌လည်း ရှေ့တန်းမှ ဝင်လာနေကြသော ထိုအခြွေအရံများ သည်လည်း. . . ပရိသတ်တော လာဘ်ကြော၌သာ မေးတင်နေတတ်ကြ သည်။ သူကျင့်သလို ငါလည်းကျင့်၊ သူ ပွင့်ရာနောက် ငါလည်းပဲ ဆင့်၍ ကူလျှောက်မည် . . . သည်သို့သော အခြွေအရံတစ်ရာရောက် တစ်ယောက် ပါမလာတတ်။

သို့ကြောင့် . . .

**ခမ္မေသက. . .**

ကျင့်ဆဲ၊ ဖြည့်ဆဲ၊ ထည့်ရဆဲသော သင့်ဆီ ချီ၍လာနေကြသည့် လူအုပ်၊ လာဘ်ထုပ်၊ ကျော်စောအရပ်နှင့် ထိုရံရွေတော် အဖက်လုပ်လာသူများသည် ကြားခံ ခြေထိုးများချည်းဖြစ်သည်ကို သင်သတိပြုလေ။

လူရှုပ်လာဘ်ပေါ၊ ကျော်စောခြွေရံ
ဤလေးတန် ကြားခံခြေထိုးများ။
အကျင့်ပေါက်ပြဲ သွားလမ်းလွဲ
လဲကျတတ်သည် သတိထား။

**ဓမ္မသက** . . .

သည်မှာတွင် သင်အမြောက်ကြီး သုံးလက်အကြောင်း ကောင်းကောင်းကြီး လေ့လာထားဖို့ လိုပေသေး၏။ ယင်းမှာ. . .

၁။ လူအမြောက် - ထူးလာသော် တော်ကောက် ဘိသိက်မြှောက်တတ်ကြသည်။

၂။ နတ်အမြောက်- လူဖြူလျှင် နတ်ချစ်၊ ပတ်ရစ် ရစ်၍ ပစ်မြှောက်တတ်ကြသည်။

၃။ ဓာတ်အမြောက်- မိမိရှိ သိက္ခာဓာတ်၊ ဓမ္မဓာတ်ကလည်း မိမိ စိတ်ကို မြှောက်ပေးတတ်သည်။

**ဓမ္မသက**. . .

ဤအမြောက်သုံးလက် တစ်လက် တစ်လက်တို့ရှိ ကျည်သုံးတောင့်တို့ကလည်း ပစ်မှတ်သို့ ချိန်ရွယ်ကာ အသင့် စောင့်နေကြပြန်သေးသည်။ ယင်းကား . . .

ပထမ- အာဏာ။ ဘာမဆို ပြောလိုရာပြော ဟောခနဲ ချက်ချင်း စီးဆင်းလာစေသည်။

ဒုတိယ- ငွေကြေးဓန။ အရှိန်ကြီးသလောက် ဘုန်းပေါက် ဒီရေများသို့ ရောက်လာနေကြသည်။

တတိယ-မ။ ကြွေးမကင်းသော ယမင်းနတ် အလိုတော်သွင်း၍ချဉ်းကပ်လာချေပြီ။



ထိုစဉ်. . . အမြောက်သမားများကား ကျည်သုံးတောင့် ကိုယ်စီကိုင်ဖြင့် သင့်အား ဝိုင်းပြီးသား ဖြစ်နေကြပြီ။ သင့်မှာကား ‘တယ်ဟုတ်ပါလား’ဖြင့် အောင်ပွဲခံအလား ဝင့်ကြွားလာနေပြီ။ ဤသည်မှာ ရှစ်ခုမြောက် မာနခေါ် မာရ်တပ်မကြီး သင့်သို့ ထိုးဖောက်ဝင်လာခြင်းပင်။

**ဓမ္မသက**. . .

မာနသည် ပထမ အထင်ကြီးခြင်း၊ မြတ်နိုးခြင်းဖြင့် စိတ်ကို ရင်းသွင်းသည်။ သည့်နောက် မောက်မာခြင်း၊ ထောင်လွှားတက်ကြွခြင်းဖြင့် စိတ်ကို နင်းခြေမည်။ မာန်ဝင်လျှင် အမှန်မမြင်ရတတ်။ မာန်ထောင်လွှား၊ အမှားပင် တွေ့တတ်သေး၏။

**ဓမ္မသက**. . .

သင်သည် အခြောက်ခံရတုန်းက ဥပေက္ခာ သုံးနိုင်ခဲ့သော်မှလည်း ဤ အမြှောက်ခံဘဝတွင်ကား ထိုဥပေက္ခာလက်နက် အသွားမထက်တော့ပါ။

ထိုအခါ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကတို့ ကသာ အလုပ်ဝင်ကြတော့ရာ . . . အလိုကျ စိတ်ရွှင်၊ ငါ့စကား ငါ့ဟာများဖြင့် ပွဲဝင် နေချေပြီ။ မည်သူကမှ ဝင်လက်မတို့ရ၊ ကိုယ့်စိတ် ကိုယ့်ဆန္ဒဖြင့်ပင် ပွဲခံပြနေပြီ။ သည်နေရာ လက်ဖြောင့်တပ်သားနှင့်မိ ကားခနဲ ကျည်ထိတော့မည်။

အာရုံနှင့်ငြိက ဓနကျည်ဆန်၊ ကာမဂုဏ်နှင့်ငြိက မ-ကျည်ဆန်။
ကိုယ့်ကိုယ်ကို ခင်မင်မှု အားကြီးပါမူကား မာနကျည်ဆန်။

**ဓမ္မသက**. . .

ထိုကျည်ဆန်များသည် မမှန်လျှင် မှန်တတ်၏။ မှန်နေက မမှန်တတ်။
သို့ကြောင့် သင့်၌ အာရုံမှန်၊ ပုံမှန်၊ ဂုဏ်မှန်ဖြစ်ဖို့ အရေးကြီးသည်။

✶

## မာနထန် မာရ်တပ် ပတ်လှည့်ဝိုင်း

**ဓမ္မသက** . . .

သင်၏ တစ်ချက်ဖောက် တစ်တောင့်ထိုး သိက္ခာလက်နက်ကြောင့် တောစိုး အိမ်ရှင် တွင်းပြင် အမှောင့် အားလုံးပင် ရောင့်မလာရဲကြပါ။ သတိ တစ်ချက် တစ်ဖက်အားပျော့ကြောင့် စိတ်ကပ်မာရ်တပ်များပင် မသော့ရဲကြပါ။

ယခုသော် တစ်လုံးထိုး ဇောက်ထိုးလွယ် ပစ်ဖို့ပင်မချိန်ရွယ်တော့သောကြောင့် . . .

မူလရှေ့ထွက်ကာမ တဏှာ တပ်မဟာကြီးမှသည် ဤမာနတိုင်အောင်သော တပ်မကြီး ရှစ်တပ်တို့ကလည်း ရှစ်စပ်မလပ်အောင်ပင် ပိတ်ဆို့ထားလိုက်ကြပြီ။ သို့ကြောင့် ထိုသင့်ထံသို့ နောက်ထပ် မာရ်တပ်မဟာကြီးများ အသစ်ဝိုင်းရံလာကြရာ. . . လာဘ်၊ ကျော်စောမှုကိုမှီ၍ မိစ္ဆာဉာဏ်ဖြန့်ခင်း ပရိသတ်စည်းရုံးသိမ်းသွင်းလာခြင်း၊ လာဘ်၊ ကျော်စောမှု အကြောင်းပြု၍ ကိုယ့်ကိုယ်ကျ မြှောက်၊ တစ်ဖက်ကျ ခေါက်ကိုင်ကိုင်ခြင်း၊ ဤနှစ်တပ် မာနထန်ရာမှ သင့်စိတ်သို့ ကပ်လာကြပေရော့မည်။

ယင်းမှာ ကိုယ့်အတွက် ဆိုးသတင်းထွက်မည်ဆို ဖုံးဖုံးအုပ်အုပ်လုပ်၍ မြှုပ်ထားတတ်ပြီး၊ ကိုယ့်အတွက် ကောင်းသတင်း ထွက်မည်ဆို ကိုယ်ကလည်း တွင်တွင်ဖော်၊ အခြံအရံများကိုလည်း လူတွေ့တိုင်း ကြော်ငြာတတ်လာအောင် လှုံ့ဆော်ပေးနေခြင်းပင်။

တစ်ဖန် အကျင့်မှန်သဖြင့် ဆန်တက်လာကြသော အကျင့်တူ၊ လူကွဲ ထက် အောက်နေများ၊ အကျင့်မြင့်သဖြင့် ပွင့်တက်လာကြသော အကျင့်တူ၊ မူကွဲ ထက် အောက်နေများ။ ထိုသူတော်ချင်းချင်းတို့၏ သီလဂုဏ်သတင်းများက အဆင့်ဆင့်ပွား မိမိနားအထိ ပေါက်ကြားလာသောအခါ. . . သည်လူက အခုမှသည်လို၊ အရင်ကဆို သည်အတိုင်းမဟုတ်ဖြင့် နောက်ပြန်



လှန် ငယ်စာရင်းထုတ်၊ ဤငယ်စာရင်းဖြင့်ပင် လက်ကျန်ပိတ်၍ နှိပ်ပြောပြောသည်လည်းရှိ၏။

အင်း အဝေးသာ သတင်းကြီးတာ၊ အနီးကျ ဟုတ်ချင်မှဟုတ်တာဖြင့်လည်း အဝေးကို အနီးဖြင့် ခုနှိမ်၊ အဝေး, အနီးဖြင့်ချိန်ကာ နှိမ်ပြောလည်းပြောတတ်သေး၏။

ဤသို့ ဤနှယ် မဖွယ်သော ဝေဖန်ပုတ်ခတ်ခြင်း များစွာတို့ဖြင့် မင်းအလာ ယတြာချေနည်းမျိုးပမာ . . . ကိုယ့်အောက်မှဆင့် ပွင့်လာသူများကိုလည်း ဖမ်းနှိမ်တတ်လာသည်။ ကိုယ့်ထက်မှဝင့် ပွင့်နေသူများကိုလည်း လှမ်းနှိမ်တတ်လာသည်။

**ဓမ္မသက**. . .

သင်၏ ကိုယ့်ကိုယ်ဆို မြှောက်တင်၊ တစ်ဖက်ဆို အောက်ချ ဤ (အတ္တုက္ကံသ- ပရဝမ္ဘ) အလုပ်တို့သည် သင့်မူလစိတ်ရင်းများကြောင့် မဟုတ်ကြပါ။

ကိလေသာ သံယောဇဉ် နှစ်ခွင်ဝင် မာန၏ လက်ချက်မျှသာ။

ကိလေသာ သံယောဇဉ် နှစ်ခွင်ချိတ် ဒိဋ္ဌိ၏ ဖိအားများသာ။

ကိလေသာ သံယောဇဉ် နှစ်ခွင်ပါ တဏှာ၏စစ်ချီသံများသာ။

**ဓမ္မသက**. . .

ပညာခန်း ပန်းဝင်လုဆဲဆဲသော ဤနေရာ ဤစခန်းမှာပင် ထို မာရ်တပ်မများက ရုန်းရင်းဆန်ခတ် ဝိုင်းဝန်းပိတ်ညှပ်နေဆဲ လက်ဖြောင့်တပ်သားထံမှ ပစ်လွှတ်လိုက်သော ကျည်တစ်တောင့်ကြောင့် . . .

အချို့ အောင့်မရ၊ ဒဏ်ရာဖြင့် သေပွဲဝင်သွားကြရရှာပြီ။

အချို့ ရုပ်ပြသာ ပွဲထိုင်ခိုင်း၊ အကျင့်ကား သချိုင်းပို့လိုက်ကြရရှာပြီ။

သည်နေရာ သင့်လက်ထဲရှိ ရဲတင်းသော ဝီရိယ ဘယ်သောကာလမှ လက်က မချလေနှင့်။ သင့်လက်ထဲရှိ မှတ်ချက်ယူ သတိ မည်သည့်ကာလမှ

ကင်းမလှည့်ဘဲ မနေစေနှင့်။ သင့်လက်ထဲရှိ ခွဲ၊ ခြမ်း၊ စိတ်၊ ဆိတ် ကြည့်ခြင်း အသိ မည်သည့်ကာလမှ မျက်စိမမှိတ်စေနှင့်။

မကြိုက်သူနှင့်ဆက်ဆံ သာမန်တာဝန်ပေး၊

အကြိုက်နှင့်ကူးလူး အထူးတာဝန်ချ။

အဆွဲရောအစွဲပါ အကြိုက်နှင့်ပူး၍ အတူတူဝင်လာတတ်ကြသော ကြောင့် . . . ။

**မမေ့သက . . .**

ပါရမီသည် နိမ့်ကျသွားသောစိတ်ကို မြှင့်တင်ပေးသော ကိရိယာဖြစ်၏။ စိတ် နိမ့်ကျသွားခြင်းကား ကိလေသာ သံယောဇဉ်များ နင်းချလိုက်ခြင်း ကြောင့်ဖြစ်၏။

သို့ဆိုသော် ပါရမီဖြင့် သင့်စိတ်အဆင့် သင်မြှင့်တင်ပေးနေသည်နှင့် တစ်ပြိုင်နက် ထိုကိလေသာ သံယောဇဉ်တို့ကား သင့်အား ပြိုင်ဘက်အဖြစ် သတ်မှတ်ကြပေတော့မည်။ ပြိုင်ဘက်ဖြစ်နေလျှင် သင့်ကို ရန်ဘက်အသွင် သဘောထားမှာကလည်း ဧကန်ပင်။

ထိုအခါ ပါရမီလမ်းပေါ်သို့ သင်က ဈာန်ယာဉ်ပြင် ဗိုလ်တင်အသွား၊ သူတို့ကလည်း မိစ္ဆာမဂ္ဂင်ယာဉ် စီးနင်း ဗိုလ်ရိုင်းများဖြင့် နင်းလိုက်ကြမည်။ အရိပ်သုံးပါး နားမလည် ဂျီ(ချေ) သူငယ် ကျားစာဖြစ်ဘိသို့ . . . အမြောက် သုံးပါး နားမလည်ပါက သင်လည်းပဲ မာရ်တပ်၏ဝါးဖတ် ဖြစ်မှာသေချာ သည်။

မာရ်တပ်ပရိယာယ် အလွန်ကျယ်၊ ဉာဏ်ခြယ်နိုင်လွန်းမှ။

✶



## ၁၀။ ချေးမည်းတို့အတွက် ခဝါဆိုင်၊ ပညာကသာ ပိုင်ပါသည်

**မမေ့သက. . .**

သစ်ပင်မှ ပုံတုံးအဖြစ် ဒါန၊ သီလ၊ နိက္ခမတို့က လှဲ၍ ဆစ်ချပေးခဲ့ပြီ။ ပုံတုံးမှ ပုံဖော်အဖြစ် ခန္တီ၊ သစ္စာ၊ မေတ္တာ၊ ဥပေက္ခာတို့က ပုံကြမ်းခုတ်ပေး ထားခဲ့ပြီ။ ပုံကြမ်းမှ အချောကိုင်ကိုကား အဓိဋ္ဌာန်နှင့်ဝီရိယတို့က ထုပြပေး လိုက်ပြီးပြီ။

ယခု ပညာဖြင့် ဆေးသုံးမှုန်းခြယ်ဖို့သာ ကျန်တော့သည်။

**မမေ့သက. . .**

သင့်အား ယခု ဖွင့်ပြဆဲသော ပါရမီတက်နည်းများသည် အရင်းခံ တဏှာကို ဖို့သတ်သတ်၍ စိတ်မည်းတူ ဖြူအောင်လုပ်နည်းပင်ဖြစ်ရာ . . . သတိ၊ ဝီရိယ၊ အသိ လက်နက်များက တဏှာမြှုပ်၍ သဒ္ဓါပုံ ပုံထုတ် မပေးနိုင်သေးသမျှ ပါရမီအဟုန် မြုံမြုံမြုံနေဦးမည်သာ။ ပညာအလုပ် မလုပ် သမျှလည်း တဏှာလည်းမမြုပ်၊ သဒ္ဓါလည်း မလှုပ်၊ ပုံမဟုတ် ပတ်မဟုတ်သာ ရှိဦးမည်။

သို့ဖြစ်ရာ သင်သည် ဒါနပြုလည်း သတိရှေ့ပြေးထားသော ပညာ၊ ပညာရှေ့ပြေးရှိသော သတိ ပါရမည်သာ။ သီလထိန်းလည်း သတိအထွတ်

တင်ပညာ၊ ပညာအထွတ်ရှိ သတိ ရှိနေရမည်သာ။

သည့်အတူ တောကိုဝင် အာရုံမျှင် အလာသတ် တဏှာကို ပလပ်ရာ၌ ဖြစ်စေ၊ ခန္တီမှနေ ဝီရိယအထိ အာရုံကိုဖိ၍ တဏှာအငြိကို ရိပြတ် ပြတ်စေရာ၌ ဖြစ်စေ . . .၊ သတိ ပုဗ္ဗင်္ဂမာ ပညာ-သတိရှေ့ သွားရှိ၊ ပညာလည်း နောက်က ဝင်ပေးရမည်သာ။ ပညာ ပုဗ္ဗင်္ဂမာ သတိ-ပညာရှေ့က ရှိ၊ သတိလည်း နောက်က အားဖြည့်ရမည်သာ။

ယင်းသည် ကောက်ပင်ကို ရိတ်ဖြတ်လိုရာ၌ ဘယ်လက်က ကောက်ပင် ကိုင်၊ ညာလက်က တံစဉ်ကိုင်၍ ရိတ်ဖြတ်ပေးပမာ . . . သတိက ရှေ့ကကိုင် ပေးထားက ပညာက နောက်ကနေ ပလပ်ပေးမှသာ။ ပညာက ရှေ့ကနေ ပလပ်နေက သတိက နောက်မှနေ ကိုင်ပေးမှသာ။ ကိုယ်တွက်လိုသော ထို တဏှာ သူတစ်ဖက် ကိုယ်ချင်းစာနာတတ်လာမည်။ ယုတ်ကျင့်ခိုသော ထိုတဏှာ အဖြူအအေးတွေ့၊ ကြည်ညိုတတ်လာမည်။

**ခမ္မေသက. . .**

ပါရမီကို မင်းလမ်းလုပ်၍ မင်းအဖြစ် အားထုတ်နေသော ထိုသည့်သင် ဝီရိယ၊ သတိ သာမန်မျှသော ထိသိ၊ ကြည့်သိဖြင့် သင် မင်းဖြစ်ရန် မလုံ လောက်သေး။

အာရုံပုံ မည်သည့်တံခါးပေါက်မှနေ သင်နှင့်ဆုံဆုံ၊ အာရုံရှင် မည်သည့် နေရာ မည်သည့် အခြေပါဖြင့် တွေ့တွေ့၊ အာရုံပုံမျှဖြစ်သော ဖရဲ၊ ပိန္နဲတို့ပမာ ပုတ်ကြည့်ရုံဖြင့် အတွင်းရှိ၊ ထွင်းသိပြီး ဖြစ်စေရမည်။

အာရုံရှင်ဖြစ်နေက ဘူးသီး၊ ခရမ်းသီးများပမာ ခွဲစိတ်ကြည့်ဖြင့် အတွင်း ရှိ အစဉ်းသိ ဖြစ်စေရမည်။

**ခမ္မေသက. . .**

သို့ကြောင့် မာရ်တပ်ကြီး ဆယ်တပ်တို့၏အလယ် သင် ကလယ်ကလယ်



ဖြစ်နေသော သည်အချိန်ဝယ်. . . သင်သည် သတိကို ထောက်လှမ်းရေး ရာထူးခန့်၍ ရှေ့ပြေးလွှတ်ပေးထားလိုက်ပါ။ ဉာဏ်ပညာကို ကတုတ်အဖြစ် ထား၍ သင့်စိတ် ဉာဏ်အကြား ထားပေးပါ။ သိက္ခာသုံးစုံကို လက်နက်အဖြစ် ပွဲထုတ်၍ အာရုံစဉ် ဝင်လာသမျှ သုတ်သင်ပါ။

ထိုစဉ်. . .

- ✶ သူ တစ်ချက်ဝင်လျှင်
  သင်က သိက္ခာစဉ်တစ်ပတ်ပြည့်အောင် ဝှေ့ယမ်းပစ်ပေးပါ။
- ✶ သူက အကြိုက်ရိုက်သွင်းလျှင်
  သင်က အတွင်းထိ နှိုက်၍ တိုက်ခိုက်ချေမှုန်းပစ်ပါ။
- ✶ သူက အမုန်းထား၍ ကြုံးဝါးနေလျှင်
  သင်က သူ့ကို ကျေအေး၍ သူ့ရှိဒေါသကို ရေပက်ပေးလိုက်ပါ။
- ✶ သူက အမေ့ကောက်၍ သတိဖျောက်ဖျက်ပစ်နေလျှင်
  သင်က သတိကို နာနာဝှေ့၍ အသိကိုရှေ့ ရွှေ့ပေးနေပါ။

**ခမ္မေသက. . .**

သင့်အစွဲ သင့်အတွေးမှီ၍ ဖြစ်သော မာရ်တပ်အတားများ ဘယ် လောက်ပင် များပြားနေစေ သင့်စိတ် မတွေးဖြစ်၊ မပြေးဖြစ် သူတို့ရစ်မ လာနိုင်။ သင့်စိတ် ကြိုက်၊ မုန်း၊ မေ့ လျှော့ပစ်နိုင်ကလည်း သူတို့ရစ်မလာနိုင်။ သင့်စိတ် မတွေးလို၊ မပြေးလိုသော် သတိ၊ ပညာ သိက္ခာစုံ အကုန်စုစည်း ထားပါ။ သင့်စိတ်၌ ကြိုက်၊ မကြိုက်၊ မသိ သုံးပါး မလိုက်စေလိုသော် ထိုသုံးစုံ အကုန် စုစည်းထားပါ။

**ခမ္မေသက. . .**

အာရုံငါးပါးအပေါ် ခင်အားကြီးနေသူ မာရ်အားလုံးက နေရာယူပြီးပြီ။

သူတစ်ပါးအပေါ် ခင်အားကြီးနေသူ မာရ်အားလုံးက အတူတူ။

ကိုယ့်အပေါ်ကိုယ် ခင်အားကြီးနေသူ မာရ်အားလုံးက အတူတူ။

အိပ်စက်ခြင်း၌ ခင်အားကြီးနေသူ မာရ်အားလုံးက နေရာယူ။

ကာမ အတိုးအထပ်ရ နတ်ဘဝ၌ ခင်အားကြီးနေသူ မာရ်အားလုံးက ဝင်ရောက်ကူ။

ထိုအခင် အမျှင်တန်းလာသောအခါ ခင်မင်မှုတဏှာများမှ အထင်ကြီးမှုတဏှာသို့ သင့်စိတ်ကိုလွှဲပို့လိုက်သည်။ အခင်ကြီးမှု၊ အထင်ကြီးမှုက မြတ်နိုးမှုထဲ လွှဲပေးလိုက်သည်။ တစ်ဖန် မြတ်နိုးမှုက အားကိုးလိုမှုထဲ လွှဲပို့လိုက်သောအခါတွင်ကား. . . ထောင်လွှားတက်ကြွမှု မာနလည်း မနေသာတော့ပါ။ ငါပြီး ငါပိုင်ရှိလိုမှု ဒိဋ္ဌိလည်း မနေသာတော့ပါ။

အကယ်တိတိ ပြိုင်ဘက်တွေ့နေခဲ့ပါမူ မကျေချမ်းစိတ်မှနေ ကိုယ့်ထက်သာဆိုမနာလို ဣဿာလည်း ဝင်လာပေရော့မည်။ ကိုယ့်အောက်လူဆိုသဝန်တို မစ္ဆရိယလည်း မဝင်မနေရ ဖြစ်လာမည်။

သည့်အတူ လက်သည်းဆိတ် လက်ထိပ်နာ မူအရ ဘာဖြစ်ဖြစ် မိုက်မောဟ စိတ်မည်းကြီးနှင့်တကွ ရှက်မနေသာတော့ခြင်း၊ ကြောက်မနေသာတော့ခြင်း၊ လား အငှေ့ခံရခြင်း၊ ပူပုံ့လန့်စင် ပြေးနေရခြင်းစသည် စိတ်ရိုင်းများတို့ပါ ဇာတ်ပို့ဝင်လာကြတော့သည်။

**ဓမ္မသက. . .**

ထိုအားလုံးတို့၏ ဇစ်မြစ်မှာ ဗန်းပြကို ဖမ်းဝယ်မိ၍ ရောင်းမှား၊ ဝယ်မှား ဖြစ်သွားခြင်းသာ။

ထိုအားလုံးတို့၏တရားခံမှာ ပညာမဲ့ခြင်းသာ။

**ဓမ္မသက. . .**

သင်၏ရှေ့မတိုး နောက်ယို့ ဖြစ်လာနေသော ဤအချိန်ဝယ် သင်သည် အာရုံပုံကို ဖြစ်စေ၊ အာရုံရှင်ကိုဖြစ်စေ ခွာမြူး ပူးတွေ့ တွေ့လေတိုင်း ထိုးစစ်



ဆင် တပ်မကြီးရှေ့က အသေခံတိုက်ကင်းသည် . . . စစ်လမ်းရှေ့ ဖိုးသူတော်တွေ့လည်း ပစ်ခတ်ချေမှုန်းပစ်လိုက်သည် ပမာ၊ စစ်လမ်းရှေ့ မယ်သီလတွေ့လည်း သုတ်သင်ရှင်းလင်းပစ်လိုက်သည်ပမာ . . . သတိဖြင့် ရှု့သတ်သတ်၊ အသိဖြင့် ဖို့သတ် သတ်ပစ်လေ . . .။

တစ်ဖန် ထိုသည့်သင် အာရုံပုံပြကို ဖြစ်စေ၊ အာရုံရှင်ကို ဖြစ်စေ ညှို့ဆွဲခွဲပစ်ခံရလေတိုင်းလည်း . . . သဘာဝဓာတ်ခွဲခန်းကြီးကို တာဝန်ယူနေရသော ဓာတ်ခွဲမှူးကြီးသည် ခဲမဖြူအကြမ်းတုံးတွေ့လည်း မှန်ဘီလူးအဆင့်ဆင့်အောက် ထိုးသွင်း အတွင်း ထိုးဖောက်ချဉ်းသိပမာ . . . အဖြိုက်နက်အချပ်လိုက်တွေ့လည်း မှန်ဘီလူးအဆင့်ဆင့်ကပ် အတွင်းထိ စမ်းသပ်ကြည့်သည့်ပမာ. . . သတိဖြင့် အတွင်းထိ ဆင်းနှိုက်၊ အသိဖြင့် သရုပ်စုံအကုန်လိုက်သိလေ။

**ဓမ္မသက. . .**

သင်သည် သည်သို့သာ စျာန်ကို ဉာဏ်ဘက်သွင်း ဗိုလ်ကို အရည်အချင်းဖြည့်ပေးနိုင်ပါမူ . . .‘ဇေယျာပုံ’ အော်သံကြားတိုင်း သင် ခုံမင်တော့မည် မဟုတ်ချေ။ ဘာ့ကြောင့်မေး . . .‘ဇေယျာပုံ’ ဆိုတာ နှမ်းဖတ်ချဉ်မှုန်း အတွင်းသိ ဖြစ်လာနေ၍ပင်။

တစ်ဖန် ‘မိုးစိုစီး’အော်သံကြားတိုင်းလည်း သင် ပါးမတောင်တော့ပါ။ ဘာ့ကြောင့်မေး . . .‘မိုးစိုစီး’ ဆိုတာ ခုံဖိနပ်မှန်း အစဉ်းသိ သိလာနေတော့၍ပင်။

**ဓမ္မသက. . .**

တစ္ဆေသည် ကြောက်သူကိုသာ ခြောက်လှန့်တတ်၏။ မကြောက်သူဆို ခြောက်၍မရပမာ . . . ညှို့ဓာတ်ပါသော အာရုံ၏ လာတိုက်ပြီး ဆွဲယူသွားသည်ကို သင် မသိမှသာ၊ ကိုယ့်ရှိဝေဒနာက အသေးအမွှားလေးများကို

အကြီးစားကြီးထင်အောင် ချဲ့ပြနေသည်ကို သင်မသိမှုသာ၊ ဝေဒနာနောက်နေ သညာက ပြီးပျောက် ကောက်ရအဖြစ် လှည့်စားနေသည်ကို သင် မသိမှုသာ၊ သညာနောက်နေ ဝိညာဉ်က သူလိုသလိုဖြည့် အသိလုပ်ပေးနေသည်ကို သင်မသိမှုသာ. . . ကိလေသာ သံယောဇဉ်များကလည်း သင့်စိတ်ကပ် လှည့်ပတ်ခွင့်ရကြပါမည်။ အတားနှင့် မာရ်တပ်များကလည်း သင့်စိတ်ဖိ ကလိနိုင်ခွင့် ရကြပါသည်။

အကယ်တိတိ. . . သင်သည် အထက်ကဆိုခဲ့ပြီးသောအတိုင်း ပါရမီအခံ ဉာဏ်တပ်ဆင်ပေးသောအားဖြင့် သတိနှင့်အသိ ဘယ်တောင်ပံ, ညာတောင်ပံဖြန့်၊ ဝီရိယပင်း သိက္ခာစုံ အရှိန်အဟုန်ဖြင့် အလယ်ကနေ နင်းတက်တက်နေသော် သင် မတွေးဖြစ် သူတို့လည်း မဝင်ဖြစ်ကြတော့ပါ။ သင် လိုက်မပြေး သူတို့လည်း မညစ်ဖြစ်ကြတော့ပါ။

ထိုအခါ ကြားပွဲစားကင်း အရင်းအတိုင်း ဝယ်ခွင့်ရလာပါပြီပမာ . . . ဉာဏ်ဝင် ဈာန်ကလည်း ရှု့စရာရှိရှု့၊ ပို့စရာရှိပို့။ အပြင်မှအတွင်း၊ အတွင်းကနေ အတွင်းထိ ရှင်းလင်းသိ အသိသို့ ဖြည့်ပေးနေပါမည်။ ဉာဏ်တက်ဗိုလ်ကလည်း အယုံကဲ အရဲပြည့်၊ မှတ်, တည်, သိတို့ဖြင့် ပညတ်မြှုပ် ပရမတ်ပွဲထုတ်ပေးကြတော့ကာ. . .

သိစရာလည်း သိပြီးသား၊
ပယ်စရာလည်း ပယ်ပြီးသား၊
ကိုယ့်စိတ်ကိုယ်လည်းပိုင်ပြီးသား။
ဤ သားသုံးသားပါ ဖွားမြင်ပေးကြပါတော့မည်။
ပညာပါ သဒ္ဓါဖြစ်ဖို့ မခဲယဉ်း၊
သဒ္ဓါရှိ ပညာပြည့်ဖို့လည်း မခဲယဉ်း။



**ဓမ္မသက. . .**

ထိုသဒ္ဓါ အခြားကလာသည် မထင်လေနှင့်။

သင့်သွေး၊ သင့်အမြင်အကြား၊ သင့်အတွေးတို့မှ ထဖြစ်နေသော တဏှာသည် သတိ၊ အသိတို့၏ အသင်အပြများဖြင့် သဒ္ဓါအမည် ခံယူလိုက်ခြင်းပင်။

ဤ သဒ္ဓါက ထိုးစစ်ကြီး မစမီ တပ်သားစုဆောင်းရေးတပ်ဖွဲ့၏တပ်မှူးနေရာ ဝင်ယူပေးကာ အားလုံးကို စုစည်းပေးလိမ့်မည်။ ဤသဒ္ဓါက ထိုးစစ်ကြီးဆင်နွှဲချိန်ကာလတွင် ထောက်ပို့တပ်ဖွဲ့၏တပ်မှူးနေရာ ဝင်ယူပေးကာ အားလုံးကို နောက်မှနေ ထောက်ပံ့ပို့ဆောင်ပေးလိမ့်မည်။

**ဓမ္မသက. . .**

သဒ္ဓါနှင့်ပညာ သူရှေ့ကလျှောက် ငါက နောက်ကထောက်ဖြင့် လည်းကောင်း၊ ငါရှေ့ကရှိ သူနောက်ကဖြည့်ဖြင့် လည်းကောင်း အတွဲမိနေကြပါသော် သင့်ပါရမီလမ်း မတန်းမဖြောင့်စရာ မရှိတော့ပါ။ သင့်ပါရမီစခန်းပန်းမဝင်စရာလည်း မရှိတော့ပါ။

အရေးကြီးသည်မှာ သင့်စိတ်ဓာတ် တောင့်တင်းခိုင်မာနေဖို့သာ။ ဘယ်အရာမဆို အဆင့်တက်ပွဲ မှန်သမျှ အခက်အခဲကြားကချည်းသာ။ ဘယ်အရာမဆို ရှေ့တန်းထွက်၊ ဆန့်ကျင်ဘက်နှင့် တွေ့ကြရသည်ချည်းသာ။

သို့ကြောင့် သင်၏စိတ်မည်းတူ အဖြူပြန်ဖြစ်အောင် ပြုကျင့်ပေးနေရသော ဤပါရမီလမ်း၊ နိမ့်ကျ ယုတ်ညံ့နေသော အဆင့်မှ မြင့်မြတ်ရာဘက်တက်နေသော ဤပါရမီလမ်း. . . သင် ဝင်ရောက်ဖြည့်ကျင့်ခန်း၌လည်း ကိုယ်ကိုယ်တိုင် ကုလားဖန်ထိုး၊ ကိုယ်ကိုယ်တိုင် ကိုးဖဲချိုးယူမျိုး မဖြစ်နိုင်သည်ကို အတွေးအခေါ်အမြော်အမြင် ထားပေးကာ . . .

ငါသည် အခက်ပေါ် ကျော်နိုင်ရမည်ဖြင့် စိတ်ဓာတ်ကိုအားဖြည့်ပေးထားပါ။

ငါသည် အခက်အခဲမှန်သမျှ ကစားဖက်အဖြစ် သဘောထားမည်ဖြစ်၍ အားမွေးပါ။

ငါသည် အခက်ကပေးသော အတွေ့အကြုံများကိုရယူကာ ပညာရှိဂုဏ် ရယူမည်ဖြစ်၍ အားမွေးပါ။

အားပြည့်၍ စိတ်တောင့်တင်း၊ အဖြောင့်တွင်း နင်းသလောက် အရာ မြောက်မည်သာ။

✶



## ဘုန်းရှင်ကံရှင်များ၏တက်လမ်း

**ဓမ္မသက. . .**

ဤဆိုတော့မည့် ပါရမီတက်နည်းသည်ကား တဏှာ လက်ရိပ်ပြ မခံရ သဖြင့် သဒ္ဓါ ချည်း စိတ်ချလက်ချ တက်နည်းပင် ဖြစ်၏။

ဤတက်လမ်းကို. . . နောက်နောက် ဖြည့်ကျင့်ခဲ့ဖူးရာမှ ပေါက်ရောက်ခဲ့ ကြသည့် ပါရမီရွက်ခွလေးများကြောင့် ဘုန်းနှင့်သမ္ဘာ ကပ်လျက်ပါနေသူများ တက်နိုင်ကြ၏။

တစ်ဖန် ဓာတ်ကြမ်းအားပေးသော ဓာတ်သွေးများ မလိုက်သဖြင့် စရိုက် နုညက် ပညာရည် အဆီတက်နေသူများလည်း တက်နိုင်ခွင့်ရကြ၏။ ထိုစဉ် တစ်ဦးက နောက်ခံအရှိန်ဖြင့် ဣန္ဒြေရနေခြင်းကြောင့် ဖြစ်၏။ တစ်ဦးက သွေးစိမ်းဆတ်၊ လေစိမ်းဆတ် မဟုတ်၍ မာရ်တပ်များမကပ်နိုင်ခြင်းကြောင့် ဖြစ်၏။

ဤ သဒ္ဓါအရင်းခံ ပါရမီသို့ ဆန်တက်လမ်းသည် ရွှေတိဂုံစေတီတော် ကြီးသို့ ဖူးမြော်လိုရာ၌ ဓာတ်လှေကားဖြင့် တက်ရောက်နေခြင်းပမာ ဆင်၏။

**ဓမ္မေသက. . .**

အတက်မှန်သမျှ အခက်ကား ရှိမြဲ၊ အနည်းနှင့်အများသာ ကွာခြား၏။ အဆန်မှန်သမျှ အလှန်ကား ပေါ်မြဲ၊ အပြင်းနှင့်အပျော့သာ ကွာခြား၏။

သို့ကြောင့် သဒ္ဓါဖြူ အလံထူတတ်သော ဤတက်နည်း၌လည်း မင်းပွဲစိုးပွဲသို့ ဖိတ်ကြားခံရသူ မင်းပွဲစိုးပွဲကြီး၏ တံခါးအဝ အထိန်းအစောင့်တို့ စစ်ဆေးသည်ကို ခံရသေး၏ ပမာ . . . မိမိနောက် လိုက်ပါ ထိန်းကြပ်နေသူများကလည်း ပိန္နဲသီး မှည့်, မမှည့် လက်ဖြင့်ပုတ်၍ ကြည့်နည်းပမာသော စမ်းသပ်နည်းဖြင့် ပါရမီဓာတ် စမ်းသပ်ကြည့်ကြပါဦးမည်။

နယ်ခံ တောစိုးများကလည်း တောဝင်လာသော အိမ်ကြောင်ကို တောမွေးကြောင်က ချောင်၌ဆုံ၊ ဆုံသောနေရာ၌ပင် အနမ်းစုံဖြင့် စမ်းနေပုံပမာ တို့, စ,ကြည့်ကြပါဦးမည်။

သဒ္ဓါမဏ္ဍိုင် ခိုင်ခိုင်စိုက်ဖို့ကား အထူး၏ဘေး အထူးဝင်ပေးရသည်အထိ အရေးကြီးသည်။ ယင်းမှာ . . .

- ✶ ဘုရားရှင် ချီးမြှင့်ပေးထားသော ကျင့်နည်းအပေါ် အယုံကြီးနေဖို့လည်း ပါသည်။
- ✶ မိမိ၏စိတ်တန်ခိုး စိတ်သတ္တိများအပေါ် အယုံကြီးနေဖို့လည်း ပါသည်။
- ✶ သမ္မာနတ်တို့၏ အစွမ်းသတ္တိများအပေါ် အယုံကြီးနေဖို့လည်း ပါသည်။

သို့မှသာ စမ်းလိုရာစမ်း၊ ငါကား ရဟန်းဟူ၍ ဥဒါန်းကျူးခွင့်ရကြပါမည်။

သဒ္ဓါသည် ဆန္ဒ၊ ဝီရိယများသို့လည်း အင်အားမျှတပေးလေ့ ရှိသည်။

သဒ္ဓါသည် သမာဓိ၊ ပညာများသို့လည်း အင်အား ခွဲဝေပို့လေ့ ရှိသည်။

**ဓမ္မေသက. . .**

သင့်၌ ထိုသဒ္ဓါ သုံးခိုင်ကို ပန်းလည်တိုင်အဖြစ် စိုက်ထူထားပြီးပါက စိတ်မည်းတူ အဝတ်တန်း အဖြူအစားထိုး၍ လှန်းရန် ကြိုးစားပေရော့။



ပါရမီငြမ်းဆင့် သင့်စိတ်ကို မြင့်သည်ထက် အမြင့်ဆီသို့ တည်ဆောက်ပေးဖို့ ကြိုးစားပေရော့။

**ဓမ္မေသက. . .**

ပါရမီအဆင့်ဆင့်တို့ဖြင့် စိတ်ကို ထိုးလွှင့်၍ အဆင့်ဆင့် တက်စေရာ၌ သင့်အား လေပြေထိုးစကား ငါတို့ ပြောကြားလိုသည်မှာ ဤငါတို့ဆိုသော တန်းစဉ်အတိုင်း သင် ပိုင်းတက် ပိုင်းတက် အဆင့်တက်ရလိမ့်မည်မထင်။

ဘာ့ကြောင့်မေး . . .

အာရုံတို့၏ အတို့အမြှုက်ကလည်း ဒါပြီးမှဒါဖြင့် တန်းစီဝင်လာလိမ့်မည်မဟုတ်။ ဉာဉ်စရိုက် ဓာတ်သွေးများကလည်း ဒါပြီးမှဒါ ထကြွမည်ဖြင့် ခွဲတမ်းချနေကြမည်မဟုတ်။ မိမိရှိ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယများကလည်း စိတ်ကို ဒါပြီးမှဒါကျင့်ဖြင့် ဆင့်ဆိုကြလိမ့်မည် မဟုတ်။ သို့ကြောင့် ဤပါရမီဖြစ်စကား ငါတို့ပြောကြားပေးနေခြင်းသည် သင့်အတွက် သုတဖြစ်ရုံသာ ရည်ညွှန်းသည်။

တောဝင်စခန်း တစ်ဖက်တို့၏အစမ်း၊ တစ်ဖက်တို့၏ အကြမ်းအရမ်း၊ တစ်ဖက်တို့၏ စိန်ခေါ်အားစမ်းပွဲများကလည်း. . . တစ်ဦးနှင့်တစ်ဦး လာရာလမ်းချင်းက မတူကြသောကြောင့် လည်းကောင်း၊ ဉာဉ် ဝါသနာ စရိုက်အလိုက်ချင်းကလည်း မတူကြသောကြောင့် လည်းကောင်း ဤအတိုင်းချည်း တွေ့ရပါစေ့မည် ဖြစ်ရပါစေ့မည်ဟု ငါတို့ဝန်မခံရဲ။

သို့ကြောင့် သင်သည် ဤပါရမီဖြစ်လမ်းကို လေ့လာ၍ ထိုပါရမီစခန်း တက်လှမ်းသောအခါ. . . စစ်သင်တန်းဆင်း အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများသည် ရှေ့တန်းပြော တောစခန်း သောင်းကျန်းသူများနှင့် ရင်ဆိုင်ကာ အစွမ်းပြကြရာ၌ သင်တန်းပြဆရာ မှာစကား နားမှာသာထား၊ တစ်ဖက်၏အငွေ့ကိုသာ ပွဲတွေ့ကစား၍ ကျင့်သုံးပေးရပါသည်ပမာမျိုး ဖြင့်သာ သင် ပွဲတိုးပါလေတော့ ဓမ္မေသက။

**ဓမ္မသက. . .**

ဤ၌ကား  သင့်အား ပါရမီဖြစ်စခန်း သုတပန်းတံ ပန်ပေးလိုသဖြင့် သမားရိုးကျအစဉ် ပါရမီဖြစ်အစီအရင်ဖြင့်သာ ငါတို့ ပြဆိုပါအံ့။

ပါရမီခန်း တန်းတိုးလိုသူသည်. . . မိမိရှေ့ လက်တွေ့ပြနေသော ပါရမီရှင်ကြီးများအပေါ် အားကျနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ လောကကြား ပွဲကစားရာ၌ ဘဝအခံ ဒဏ်ပေါ် ဒဏ်မကျော်နိုင်သူများလည်း ဖြစ်နိုင်သည်။ အချိန်နှင့်သာသနာက နှိုးဆွ၊ ပါရမီသွေး နိုးထလာသူများလည်း ဖြစ်နိုင်သည်။ ဤသူများ ပါရမီခန်း လှမ်းဝင်လာကြသည်။

ထိုစဉ်. . . ဒါနနှင့် သီလတို့သည် ဗုဒ္ဓဝါဒီများအတွက် ရှေ့ဦးလက်သင်ပင် ဖြစ်နေချေရာ ဒါနဖြင့် ကောင်းကံဆယ်မည်ကြံ၊ သီလဖြင့် ဆိုးကံလှန်ပစ်ထားကြမြဲ။ တစ်ဖန် သီလက ဆိုးကံကို ဘေးအဖယ်၊ ဒါနက ကောင်းကံကို ပြေးဆယ်ယူထားမြဲ။

**ဓမ္မသက. . .**

ဤ ဒါနနှင့် သီလတို့သည် ပါရမီအခြေ၏ မြေခံများလည်း ဖြစ်ကြ၏။ သွားလိုရာခရီး ဘယ်၊ ညာနှစ်ဖက်စီး ဖိနပ်တစ်ရန်နှင့်လည်း တူပါ၏။

ထိုစဉ် သီလက နတ်(လူ) ဘဝကို အရ ယူ၊ ဒါနက ထိုဘဝ ဘောဂဗလ ပိုင်ရှင်အဖြစ် အလံထူပေးသည်။ သို့ကြောင့်  သီလဖြင့် စိတ်ချမ်းသာမှုကို ထူထောင်ပြီး၊ ဒါနဖြင့် ကိုယ်ချမ်းသာမှုကို ထူထောင်ကြရမြဲ။

**ဓမ္မသက. . .**

သင်သည်လည်း သင့်စိတ်ကို ထိုနှစ်ခုဖြင့် ရှေ့ဦးသူနာပြု လုပ်ဦးလော့။

**ဓမ္မသက. . .**

လောကဝယ်. . . ရဟန်းဘောင်က ကျောင်းထောင်ကျ၊ လူဖြစ်ချိန် အိမ်ထောင်ကျ။ ဤထောင်ကျ နှစ်မျိုးဒဏ် လောကသားတိုင်း ခံကြရစမြဲ။ သို့တစေလည်း ရဟန်းထောင်ကျကား စာမဖွဲ့လောက်။



သင်သည် အိမ်မျှောင်ဘဝဖြင့် အိမ်ထောင်ကျဆိုပါတော့။ ထိုသည့်သင် မယားထား၊ မယားစားဖို့ ဘို့တစ်လုံးကျောတင် ရုန်းဖို့ကြိုးစားရတော့ရာ တောနေ တောစီးပွား၊ မြို့နေ မြို့စီးပွား ကံအားထားအလိုက် အပင်စိုက်ပြ ရလိမ့်မည်။

သို့ဖြင့်ပင် အိမ်ထောင်တစ်နှစ်စီး သားတစ်ဆစ်သီးများဖြင့် ဆစ်သီးပွားလည်း များလာခဲ့ပြီ။ မယားဒဏ်၊ သားဒဏ်များမှ စီးဆင်းလာသော လောကခံဒဏ်ခံများကလည်း မနည်းလှ။ သမီးအားပြိုင်၊ သားအားပြိုင် ဖြိုင်ဖြိုင်ထွားမှ ထိုင်စားမည်အကြံကလည်း တယ်မဟန်။

ထိုအခါ အားမှားကိုး အားကိုးမှားပေါ့ဖြင့် မာန်ဝင်စိတ်သော့များ လျော့ကျလာတော့ရာ. . . သားသမီးကံမကူ၊ ဒါနဖြင့်ခံ၍ ကိုယ့်ကံကိုယ် အဖြူလုပ်ထားမည်။ စီးပွားရေး နာလန်မထူ၊ ဒါနဖြင့်ခံ၍ ကိုယ့်ကံကိုယ် အဖြူလုပ်ထားမည်။

**ဓမ္မသက. . .**

သင်သည် အနာပြလာသော ကိုယ့်ဘဝ ဖဲရှုံး ကုန်းမွှေ သဘာဝအတိုင်း ငါရဖို့မှ စွန့်လွှတ်ဖို့ဘက် အထွက်ပြလိုက်သည်။ ယင်းကား. . . စွန့်လွှတ်ခြင်း ပရိကံ(ရှေ့ပြေးစီမံထားသောကံ)ဖြင့် ဒါနပွဲ ခံလိုက်ခြင်းပင်။ မိမိလက်ရှိ အားကိုလိုက်၍ ယုတ်၊ လတ်၊ မြတ် လက်မီရာဖြင့် အပင်စိုက်ခြင်းပင်။

ထိုစဉ်. . .

(က) ပစ္စည်းကလည်း စင်စင်ကြယ်ကြယ်၊

(ခ) အလှူခံများကလည်း သီလခြယ်ပုဂ္ဂိုလ်၊

(ဂ) မိမိကိုယ်တိုင်ကလည်း သီလ, သရဏဂုံ ဝတ်စုံအပြည့်။

သည်သို့သော ပွဲမျိုးအဖြစ် ပွဲထိုးလိုသော သဒ္ဓါ၊ ဆန္ဒအားများက အတွေးဆန် ဉာဏ်ဖြင့်စီမံကြတော့ရာ. . .

အလှူနေ့ကား ဥပုသ်သီတင်းနေ့များ။

အလှူခံရဟန်းက သီလယူချိန် ဆွမ်းခံလမ်း၌ ဖူးတွေ့ခွင့်ရ ရဟန်း။

အလှူခံပရိသတ်က ဥပုသ်တော်သီလ ဆောက်တည်ကြမည့်သူများ။

မိမိကိုယ်တိုင်ကလည်း ဥပုသ်တော်သီလ ဆောက်တည်ခွင့်ရအချိန်။ ထိုအခါ အလုပ်နားချိန်ကာလ သည်နည်းဖြင့် စွန့်လွှတ်ခြင်းဒါန အင်အားပြလိုက်ပြီ။ အလုပ်ပိတ်ရက်ကာလ သည်နည်းဖြင့် တစ်ပွဲပြီးတစ်ပွဲ ဒါနပွဲ နွှဲပြနေပြီ။

ထိုစဉ် ဒါနပွဲကျင်းကာလ တစ်ဝါတွင်းပင် ကြာခွင့်မရ။ မိမိလုပ်မြဲ စီးပွားရေးအလုပ်ကား လှုပ်လှုပ်တက်နည်းဖြင့် အရောင်းသွက်လာနေပြီ။ မိမိလုပ်မြဲ ရုံးအလုပ်ကား လှုပ်လှုပ်တက်နည်းဖြင့် ရာထူးတက်လာနေပြီ။

ထိုအခါ သင့်မှာ သဒ္ဓါတစ်ဆင့်တိုး တစ်မိုးရွာတော့သည်။

"ကြည့်စမ်း. . . ဒါနကတောင် သည်လောက် အစွမ်းထက်၊ သီလဆိုဘယ်အထိ ထက်မလဲ မသိ။ အငှားသီလကတောင် သည်လောက် အင်အားပြ၊ ကိုယ်ပိုင်ဆို ဘယ်လောက်အစွမ်းပြမလဲ မသိ။"

**ဓမ္မေသက. . .**

သင့်ထံမှောက် ရောက်လာသော ဤသဒ္ဓါမိုးက ရေရမြက်တင် မဟုတ်သော်မှ နွှေပိုးထိုး အဖျက်ကိုကား ခါထွက်ပစ်နိုင်စွမ်းရှိ၏။ အညှံ့စားမဟုတ်။

ဤ သမ္မာဝိတက်ကြောင့် မိစ္ဆာဝိတက် ဘယ်လောက် ထိချက်နာမည်ကို စဉ်းစားကြည့်လေ။ ဤ သမ္မာဝိတက်ကြောင့် ဈာန်သွားကွက် ဘယ်လောက် သွက်လာမည်ကိုလည်း စဉ်းစားကြည့်လေ။

**ဓမ္မေသက. . .**

အတွေးသည် 'သွေး'ကိုလည်း အရေးဆို၏၊ 'အတေး' ကိုလည်း တွေးကြို၏၊ အတိုင်း အတွေးသန် ကံမြောက် နှုတ်ထောက်ချ ဖြစ်မည့်အရာ ထိုနှုတ်



မနေသာပြီ။ ကိုယ်ထွက်မှုဖြစ်မည့်အရာ ထိုကိုယ်လည်း ဝင်ပါရချေပြီ။ ထိုအခါ ဒါနကိုလည်း မြှင့်တင်တင်၊ သီလလည်း ဆင့်ဝင်ဝင်လျက် ရှိလာစေပြီ။

**ဓမ္မေသက. . .**

ပါရမီခွင်ဝင် သင်၏ ဤသီလ အပြင်အဆင်သည်ကား ပါဏာတိပါတာဖြင့် လက်ဖက်ပုပ် ထိုးသိပ် သိပ်၍ အာမဘန္ဓေဖြင့် ထိပ်စည်းကနေ ကုပ်နှိပ်ထားပုံမျိုးမဟုတ်။ ယင်းသည်. . . ရာဇဝင်လူဆိုး သူကြီးမင်းက သူ့အိမ် အချိန်ဖြင့်ချိန်း၍ လက်မှတ် အထိုးခိုင်းသောအရာမျှဖြစ်ရာ အာမဘန္ဓေဖြင့် ငုတ်တုတ်ထိုင် ငိုင်နေရုံနှင့် ပြီးစီး၏။

ကြားဖူးသည်မှာ . . . သူကြီးမင်း အုပ်ချုပ်ခွင့်ရသော ရွှေခေတ်တုန်းက သူကြီးတစ်ပိုင်အတွင်းဝယ် ခိုးမှု၊ တိုက်မှုများကလည်း မကြာမကြာ ဖြစ်ပွားလေ့ရှိ၏။ သို့တစေလည်း မည်သူမည်ဝါပါဟူ၍ကား အတပ်မသိ။ ထိုအခါ သူကြီးမင်းသည် ခိုးမှု၊ တိုက်မှုဖြစ်ပွားတတ်ရာ အချိန်ကို မှန်း၍လည်း ရာဇဝင်လူဆိုးများကို သူ့အိမ်သို့လာ၍ လက်မှတ်ထိုးရန် ဆင့်ဆိုထား၏။ ဆင့်ဆိုသည့်အတိုင်းလည်း အချိန်ပေါက် သွားရောက် လက်မှတ်ထိုးကြရ၏။ တစ်ဖန် နေထွက်ပြီးချိန်၊ နေဝင်စ အချိန်မျိုးများ၌လည်း ဆင့်ဆိုထား သေးဆို၏။ သို့ကြောင့် ထိုအချိန်များ၌လည်း သွားရောက် လက်မှတ်ထိုးပေးနေကြရဆို၏ပမာ. . .

ဒုစရိုက်ဘူး ပခုံးလွယ်၍ ကာမနယ် နည်းအမျိုးမျိုးတို့ဖြင့် ခိုးဖလှယ်နေကြသူ အိမ်ထောင်ကျသမားများကိုလည်း လဆန်း ၈-ရက်နေ့ ရောက်တိုင်းလည်းလာကြ၊ သီလဖြင့် စိတ်ကိုရုံ၊ အာမဘန္ဓေ ကတိခံ။ လပြည့်နေ့ရောက်တိုင်းလည်းလာကြ၊ သီလဖြင့် စိတ်ကိုရုံ၊ အာမဘန္ဓေ ကတိခံ။ လဆုတ် ၈-ရက်နေ့ ရောက်တိုင်းလည်းလာကြ၊ သီလဖြင့် စိတ်ကိုရုံ၊ အာမဘန္ဓေ

ကတိခံ။ လက္ခွယ်နေ့ ရောက်တိုင်းလည်းလာကြ၊ သီလဖြင့် စိတ်ကိုရံ၊ အာမဘန္တေ ကတိခံ။ သို့တိုင်လည်း ဉာဉ်၊ စရိုက်၊ ဝါသနာများက မပါး၊ ဒုစရိုက်များလည်း ပွားမြဲ ပွားနေချေရာ နှစ်တစ်ခါကူးတိုင်းလည်း လာခဲ့ကြ၊ လေး, ငါးရက်အထိ သီလဖြင့် စိတ်ကောင်းပန် အာမဘန္တေဖြင့် ကတိခံ။ သည်သို့ပင် သာသနာ့နယ်မြေ တာဝန်ခံများက စီမံပေးထားကြရပါ၏။ အတားဖြင့် ငုတ်တုတ်ထိုင်၊ အငိုင်ဖြင့် ငြိမ်စေသော သီလမျိုး။

ဤ၌ကား ထိုသီလမျိုး ပွဲမတိုး။

**ဓမ္မသက. . .**

ဤ၌ သီလဟေ့ဆိုလျှင် ဈာန်ကျင့်နည်း တစ်မျိုးမျိုးဖြင့် ကျင့်ခန်းဖွင့်၍ အဆင့် ဆင့်၊ အကျင့်မှအတည်၊ အတည်မှအသိ၊ အသိမှအပြည့်သို့ ဖြည့်ကျင့်ပေးနေရသော သိက္ခာတင်သီလ သို့မဟုတ် ဈာန်အကျင့်ကိုရည်ညွှန်း၏။

သီလ၊ သိက္ခာ အမည်ခံထားသော ဤဈာန်အကျင့်က အာရုံတစ်ခုထီးထီး တည်ရန် ဖန်တီးသောဈာန် ဖြစ်ကောင်းဖြစ်မည်။ အတည်တွင် အသိထည့် လက္ခဏာသိအထိ ဖန်တီးသောဈာန် ဖြစ်ကောင်းဖြစ်မည်။ မည်သည့်ဈာန်မဆို အမည်းဖြို အဖြူသို့ချည်း ဆန်တက်ကြချေရာ ဈာန်သီလမှ အဘိညာဉ်သီလ၊ မဂ်သီလ၊ ဖိုလ်သီလအထိ ပြည့်စေနိုင်သည်။

**ဓမ္မသက. . .**

သင်၏ပါရမီခွင် ဝင်ဦးစ ကာလရှိ ဤသင့်သီလသည်ကား သင့်အတွေးမှဖြစ်သော မိစ္ဆာဝိတက်ဆိုး သုံးမျိုး တိုးမဝင်သာရုံမျှသာ။ သူ့အတွေ့မှဖြစ်သော မိစ္ဆာဝိတက်ဆိုး သုံးမျိုး ခေါင်းထိုးမဝင်သာရုံမျှသာ။

ထိုင်ချိန်များ၌ အတွေး၊ အပြေး ဝင်ခွင့်မရှိ၊ သတိက စောင့်ကြည့်ပေးနေလျှင် တော်ပြီ။ နားချိန်များ၌ မြင်၊ ကြားများရှေ့ အမည်တွေ့ခွင့်မရှိ၊ သတိအစောင့်ရှိ တော်ပြီ။ များများမဟုတ်၊ ငါးမိနစ်မျှ အတွေးလုံကြည့်၊ ပီတိအရည်



လှည့်လာမည်။ များများမဟုတ်၊ မိနစ်ပိုင်းမျှ ကိုယ့်စိတ် ကိုယ်ပိုင်ကြည့်၊ ပီတိအရည် လှည့်လာမည်။ ဓမ္မအရသာ တစ်ခါတွေ့၊ သင် ဆွေမေ့၊ မျိုးမေ့ဖြစ်တော့သည်။

ထိုအခါ သင့်မှာ သဒ္ဓါ တစ်ဆင့်တိုး တစ်မိုးရွာလာပြီ။

"ကြည့်စမ်း အာရုံကြားက ဓမ္မပီတိတောင် သည်လောက်အရသာရှိ၊ အာရုံ လွတ်ရာဆို ဘယ်လောက်အထိ အရသာမိလေမလဲ မသိ။ အာရုံနှင့် တုဖက်လုယက်ခံစားခွင့်ရ ဓမ္မပီတိတောင် သည်လောက်အထိ သုခကို ဆောင်နိုင်သေးလျှင် ကာမအာရုံမဲ့ထဲက သုခ အဘယ်မျှအေးချမ်းမှု ရစေမလဲ မသိ။"

**ဓမ္မသက. . .**

သင့်ထံမှောက် ရောက်လာသော ဤသဒ္ဓါမိုးကား ရေရမြက်တင် မဟုတ်သော်မှ နွေအပူရှိန် ဣန္ဒြေပျက်အောင် ထိရောက်၏။ အညံ့စားမဟုတ်။

သည်အချိန် ဓမ္မအရသာ၏ ဈာန်ပီတိကြောင့် လောကီကြီးပွားရေးဘက် စိတ်ကူးမဆက်တော့။ ဓမ္မအရသာ၏ဈာန်ပီတိကြောင့် ပါရမီဘက် တိုးထက်တိုးလိုစိတ် ထွက်လာပြီ။ သို့ဖြင့်ပင် ပထမ ကာမအာရုံ အဖုံဖုံလက်လွှတ်၊ ဘုရားပုထိုးများ၌သာ လှည့်လည်နေတော့သည်။ နောက်သော် ကာမအာရုံထဲ ဘေးပွဲကြည့်အဖြစ်ဖြင့်ပင် မနေလို၊ အာရုံမပြု။ လူမရော ကာမကင်းဆိတ်တောသို့ ထွက်တော့သည်။

**ဓမ္မသက. . .**

လူမရော တောမျိုး သူတို့ကြီးစိုးကြောင်း ပြောခဲ့ပြီးပြီ။

တစ်ဖန် လူမရှိ၊ လူရှိမှရမည့် သပ္ပာယများ မပြည့်စုံသည်ကလည်း ရှိသေးသည်။ ထိုအခါ အဖော်ရှိမှ ပျော်တတ်သည့် စိတ်ကလည်း ဆန္ဒပြလာ၊ ရှိသမျှနှင့် မရောင့်ရဲနိုင်သေးသည့်စိတ်ကလည်း အလိုမကျဖြစ်လာ။ ထိုသည့်

သင်ကား တောအကြား တောကစားသမားဖြစ်ရပြီ။ စိတ်ကူးဖြင့် တောထွက်၊ ချောညက်နေ၏။ ကိုယ်တွေ့အဖြစ် တောဝင်၊ ဘာမှအဆင်မပြေချင်။ ယင်းကား ပြင်ပအနှောင့်အယှက်များကြောင့် မဟုတ်၊ နယ်ကူးစ,ကာလ ဖြစ်လေ့ဖြစ်ထရှိသော စိတ်အထိုင်မကျခြင်းမျှသာ။

ထိုစဉ် နေရာကား ဥတုဘေးရန် ကာကွယ်ရန်မလုံလောက်။ အစား အစာကား ဟင်းမရ၊ ဆွမ်းမျှပင် အနိုင်နိုင်။ ဆေးကား ဝေလာဝေး။ နာလိုနာ၊ ဖျားလိုဖျား လည်စင်းခံပေးရုံသာ။

**ဓမ္မေသက. . .**

ယင်းသည် သင့်အတွက် တောဝင်လက်မှတ်ရရန်၏ စမ်းသပ်ခန်း မှတ်ရသည်။ သင့်လက်က သဒ္ဓါထု အတုလား၊ အစစ်လား ခွဲခြားရာ၏ ဓာတ်ခွဲခန်း မှတ်ရမည်။

အကယ်တိတိ. . . သင်သည် ကောင်းကွက်ကိုမျှော်လျက်က တောထွက်ခဲ့သူမဟုတ်၊ ရှေးသူတော်ကောင်းတို့၏ဓမ္မတာ ကြည်ညိုလှပါသဖြင့် ထွက်ခဲ့သူဖြစ်ပါမူ . . . အလောင်းတော်မှာ နန်းမ သုံးဆောင်ပစ်၊ သစ်တစ်ပင်အရင်း၌ပင် ဝင်ရောက်ကျင့်ခဲ့ရသေး၏။ ငါ့မှာကား သူ့လောက်လည်း မစွန့်ခဲ့ရ၊ သူ့လောက်လည်း သစ်ပင် ဝါးရင်းအထိ မနေရသေး။ သို့ကြောင့် အလောင်းတော်နှင့်စာ ငါ့မှာ တော်တော်နေရာကျသေး၏။ ဤသမ္မာဝိတက်က သင့်သဒ္ဓါလက်နက်ကို ထက်စေပါလိမ့်မည်။

တစ်ဖန် အလောင်းတော်မှာ မင်းသုံးနန်းဖြစ် အကောင်းဆုံး အစားအသောက်များကို စွန့်လွှတ်ခဲ့ပြီး ဆင်းရဲသားသုံး အကြမ်းစား အစားအစာများ စားသုံးခဲ့ရသေး၏။ ငါ့မှာကား မြို့ရွာနေတုန်းကလည်း ကြမ်းအထပ်ထပ် ငတ်အခါခါပါပဲ၊ ယခုလည်း ကြမ်းလိုကြမ်း, ငတ်လိုငတ် ဘာမှအားပြတ်စရာမလို။



**ဓမ္မေသက. . .**

ဤသမ္မာဝိတက်ကလည်း သင့်သဒ္ဓါသွေး ဆေးသားတင်ပေးပါလိမ့်မည်။ သည်အခါ သင့်မှာ အတွေးတစ်မျိုးက တိုးဝင်လာပေလိမ့်ဦးမည်။ ယင်းကား. . . ငါသည် နေရာကောင်းကောင်းနေချင်၍ တောဝင်လာသည် မဟုတ်၊ အာရုံဆိတ်၍ ပီတိရိပ် ခိုရန်လာခြင်း မျှသာ။ ငါသည် အစားကောင်းကောင်း စားချင်၍ တောဝင်လာသည်မဟုတ်၊ ဘုရားအဆုံးအမ နာခံ၍ ဓမ္မရှာဖွေရန် လာခြင်းမျှသာ။

**ဓမ္မေသက. . .**

နယ်ကူး စိတ်ဖင့် မရင့်သေးသော သဒ္ဓါပွင့်က မဝင့်သာချိန် သည်သို့သော အတွေးမျိုးက နောက်ပိုးဖိ၍ အားဖြည့်ပေးလိုက်သောအခါ သင့်မှာ သဒ္ဓါတစ်ဆင့်တိုး တစ်မိုးရွာချပေးတော့သည်။

ကြည့်စမ်း အစွဲကင်းကျောင်း ဘယ်လောက် နေထိုင်ကောင်းသလဲ။ အစွဲမပါသော သဒ္ဓါဆွမ်း၊ ဘယ်လောက် အဆင့်အတန်းမြင့်သလဲ။ သည့်နောက် အင်း. . . ငါသည်ကား အလောင်းတော်များ၏နေရာ ဆက်ခံခွင့်ရလာမှကိုး၊ အလောင်းတော်သုံး အစားအစာ စားသုံးခွင့် ရလာမှကိုး။

ဤသဒ္ဓါမိုးကြီးကပါ သွန်းဖြိုးလာပါတော့သည်။

**ဓမ္မေသက. . .**

သင့်ထံမှောက် ရောက်လာသော ဤသဒ္ဓါမိုးက ရေရမြက်တင် မဟုတ်သော်မှ ရှေ့ထိုင် နွေကာလ ရုပ်သိမ်းစတော့ပြုနေပြီ၊ အညံ့စား မထင်လေနှင့်။ သည်အချိန် နေရာကြောင့်ဖြစ်သော စိတ်အထိုင်မကျမှု၊ ငြိမ်းချမ်းမှု ရသွားစေပြီ။ အစာကြောင့်ဖြစ်သော စိတ်အလိုမကျမှု၊ တည်ငြိမ်မှု ရသွားစေပြီ။ တစ်ဆက်တည်း မိမိနှင့်အတူနေ တောကောင်လေးများ၏ဘဝကို ကြည့်၍လည်း ကိုယ့်လက်ရှိဘဝ ချွေးသိပ်၊ သွေးသိပ်ပေး၍ ရသေးသည်။

ယင်းမှာ. . . တောကောင်လေးများတို့သည် အတိတ်ကံပေး သက်သက်ဖြင့်သာ ဘဝတည်ဆောက်ခွင့်ရကြရာ မိုးရွာ၍ လုံခြုံစွာနားနေရန် မရှိကြပါ။ မိုးပြင်း၊ လေပြင်းတိုက်ခိုက်၍လည်း ကာကွယ်ရန် အကြံမရှိကြပါ။ အစားအစာများ လုံလောက်စွာ ထားသိုခြင်းလည်း အလျှင်းမရှိကြပါ။ သို့တစေလည်း ထို သူတို့ကလေးတွေသည် ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ကြပါ၏။ ကံပေးအသက်၏ကုန်ဆုံးရက်တိုင်အောင်လည်း နေခွင့်ရနေကြ၏။

ထိုအခါ ကြည့်စမ်း၊ ငါ၏တောဝင်ဘဝ ငါနှင့်ဘဝတူတွေက အများသားပဲ။ ငါ၏တောပျော်ကာလ တောအဖော်တွေကလည်း အများသားပဲ။ သည်အခါ သင့်၌ ဘဝတူကပေးသောပီတိ အင်ပြည့်အားပြည့်ရှိလာပြီ။

**ဓမ္မသက. . .**

သူတို့လေးတွေ၌ လူလိုက်မမီသော အကြည်ဓာတ်လေးများ ကိုယ်စီရှိနေကြ၏။ ကံကပစ်ပေးလိုက်သော (ကမ္မဇိဒ္ဓိ) ကံသတ္တိ ထင်၏။

ယင်းမှာ အနံ့ခံကြည့်ရုံမျှဖြင့် ရန်နှင့်မိတ်ကွဲသိစေသော ဉာဏ်ပင်။ ထိုစဉ်သဘာဝဖြစ် ဧရာမကျောက်တုံးကြီးများ တစ်လုံးပေါ်တစ်လုံးဆင့်မိရာမှ ဂူသဏ္ဌာန်ပေါ်နေသောနေရာသို့ သူတို့ဝင်ခိုမည် ကြံ။ ပထမ ဤဂူ လူရှိ၊ လူမရှိ လေအောက်ကနေ အနံ့ခံကြည့်၏။ အကယ်တိတိ ဤဂူ လူဝင်နေကြောင်း ကောင်းကောင်းကြီးသိလျှင် ဒုတိယ ထိုလူကား ရန်သူလား၊ မိတ်ဖြစ်လား ခွဲခြား၍ အနံ့ခံကြည့်ပြန်သည်။ အကယ်တိတိ ဤလူကား အဖျူငါ့ရန်မူမည့်သူမဟုတ်ဟု သိလျှင် နောက်ဆုံးမှာ ခြေသံမကြားအောင်သွားလေ့ရှိ၏။ အဝေးကရှောင်၍လည်း ကွင်းသွားလေ့ရှိ၏။

လူထက် စိတ်ချရသော တောကောင် တိရစ္ဆာန်များပင်။

**ဓမ္မသက. . .**

သင့်၌ သည်မျှအထိ စိတ်အထိုင်ကျမှု လက်ဝယ်ရှိလာပြီဆိုလျှင် ဘုရား



အလိုကျ ဓမ္မကိုလည်းကျင့်၊ ဓုတကိုလည်း ဆင့်ပေရော့။

ဓမ္မကား သမထ၊ ဝိပဿနာ တစ်ခုခု ကျင့်ဖြည့်ပွား။

ဓုတကား ဓုတင် ၁၃-ပါး နိုင်သမျှဆောင်ထား။

ထိုသို့ မဆောင်မီ မေတ္တာသုတ်လာ ဘာဝနာပရိကံ (ကျင့်ပွားမှု မစမီ ရှေ့ပြေးစီမံခြင်း)သို့သော ပလ္လင်ခံ သင်စီမံလေဦး။

ယင်းမှာ လက်ဦး သင်၏ကျင့်ဆဲအကျင့်ကို အာရုံပြုပါ။ ပြီးသော် ဤဝန်းကျင်၌နေထိုင်ကြပေကုန်သော သူအပေါင်းတို့၊ ဤငါ၏တောဝင်အကျင့်သည် ဘုရားအဆုံးအမ နာခံ၍ ဓမ္မဓုတကျင့်ရန်မျှသာ ဖြစ်သည်။ သင်တို့အား ရန်မူရန် လာရောက်ချင်းမဟုတ်။ ငါသည် ဤတောရိပ်ခို၍ ဓမ္မဓုတ ကျင့်ရင်းက ဘုရားအဆုံးအမ လက်မိ လက်ကျရခဲ့ပါမူ သင်တို့ လိုသောဆု ဝေရန်၊ ငှရန်၊ ပေးကမ်းရန် ငါရည်သန်သည်။ သင်တို့ထံက တောင်းခံရန် မဟုတ်။

သို့ကြောင့် သင်တို့ ဤဝန်းကျင်နေ အားလုံးတို့သည် ငါ့အား မိတ်ကောင်းအရာထား ဆက်ဆံကြ၊ မိတ်ကောင်းအဖြစ် အသိအမှတ်ပြုကြ။ ငါကလည်း သင်တို့အပေါ် မိတ်ကောင်းအဖြစ် ဆက်ဆံမည်၊ မိတ်ကောင်းအဖြစ် အသိအမှတ်ပြုသည်။

သည်စကား ထိုအားလုံး သိကြပါစေ၊ ကြားကြပါစေ၊ သက်သေအရာ၌ တည်ကြပါစေ။

**ဓမ္မသက. . .**

သင်၏ ဤပလ္လင်ခံစကားသည် အချင်းချင်း ကတိထားခြင်းအရာ၌လည်းတည်၏။ မိမိ၏ ဝါဒကြေညာချက်လည်း ဖြစ်၏။ သင် သည်စကားမပြောကြားမီ၊ ပြောကြားပြီးနောက် သူအားလုံးကိုခြုံ၍ မပြောမီ အာရုံဖြင့်ဖိတ်ကြား ပြောအပြီး အာရုံဖြင့် မေတ္တာပွားပေး ပါလေ။

ယင်းကား . . .

ဝန်းကျင်နေ မြင်အပ်, မမြင်အပ် သူအားလုံး၊

ဝန်းကျင်နေ အဝေးရှိ, အနီးရှိ သူအားလုံး . . .

ဤနှစ်ခု အမိအရ အာရုံပြုခြင်းပင်။

**ဓမ္မေသက. . .**

သင့်စကားထဲ၌ ဝန်းကျင် ဆိုသဖြင့် အရပ်ဆယ်မျက်နှာစုံ အကုန်ပါသွားပြီ။ မြင်အပ်, မမြင်အပ် ဆိုသဖြင့် ဘူတံကောင်၊ ဥပါဒါန်ကောင်စုံ အကုန်ပါသွားပြီ။ အဝေး၊ အနီး ဆိုသဖြင့် လက်လှမ်းမမီ၊ လက်လှမ်းမီစုံ အကုန်ပါသွားပြီ။ ဘာကျန်နေသေးသည်၊ ဘာကျန်ရစ်ခဲ့သည် ပြောစရာ မကျန်တော့။

သုံးဆယ့်တစ်ဘုံအကုန်လုံး အကျဉ်းချုံးလိုက်လျှင်ပင် ဘူတံအမျိုးအစား၊ ဥပါဒါန်အမျိုးအစား သည်နှစ်ပါးမျှသာ ရှိသည်။ ထိုနှစ်ပါးတို့ကလည်း အဝေးနေ၊ အနီးရှိ သည်နှစ်မျိုးမျှသာ ရှိသည်။ သို့ကြောင့် သင်၏ဆင်ခြင်ဉာဏ်ယူ စားကျက်ကွင်းထဲ၌ လောကသုံးခုရှိ အရာအားလုံး သိမ်းကျုံးဝင်ပါနေသည်ကို သတိပြုလေ။

**ဓမ္မေသက. . .**

နောက်ဆက်ကူး အထူးသိစေလိုသေးသည်မှာ မပြောမီ ဖိတ်ကြားရာ၌လည်း မြင်အပ်ကို ရှေ့ထား၊ မမြင်အပ်ကို နောက်ထား၍ဖိတ်။ ပြောအပြီး မေတ္တာပွားပို့ရာ၌လည်း နည်းတူ။

တစ်ဖန် အဝေး, အနီး ရှိနေကြရာတွင်လည်း အဝေးကို လက်ဦးထား၊ အနီး အိမ်ရှင်အရာထား နောက်မှ ဖိတ်ကြားလေ။

**ဓမ္မေသက. . .**

ထိုသို့ ရှေ့နောက်စဉ် မေတ္တာစိတ် လှပ်ဝင်ရာတွင်. . . မြင်အပ်ရာကို အလျင်သိမ်း၍ မမြင်အပ်ရာ ပိုက်ယူခြင်းမျိုးဖြင့်ဆိုသော်. . . ထို မမြင်အပ်ရာသည် မြင်အပ်ရာကို အာရုံဝင်၍ မိမိသို့ စစ်ပြင်စရာသူ့မှာမရှိတော့။ မြင်အပ်ရာ မပါဘဲနှင့်လည်း သူ့ချည်းသက်သက် နှောင့်ယှက်၍မရ။



တစ်ဖန် အဝေး၊ အနီး သိမ်းဆည်းရာတွင်လည်း. . . အဝေးကို အလျင်နယ်သိမ်းပြီးမှ အနီးကိုပိုက်ခဲ့သော်. . . ထိုအနီးက ရန်မူလည်း သူ့၌ အဝေး၏အကူမရနိုင်၊ အနီးချည်းလည်း အင်အားမရှိ။ သို့ကြောင့် မြင်, မမြင် နှစ်ခွင်တွင် အမြင်အလျင်ဖမ်းလေ။ အနီး၊ အဝေး အာရုံပေး အဝေးကစ၍ စည်းရုံးပေးလေ။

ဤ၌ သင် မြင်, မမြင်၊ အနီး, အဝေး အာရုံတန်းစဉ်ရာတွင် ဓာတ်လေးပါးဖြင့် ဘုတ်ဖွဲ့တည်ဆောက်ထားသည်ကို အမြင်အဖြစ် အာရုံယူက အစွဲဖြင့်သာ ဘဝဖြစ်နေရရှာသူများကို မမြင်အပ်သူအဖြစ် အာရုံယူလေ။ တစ်ဖန် ဘူတံခံ ဘုတ်ဖွဲ့ထားသူချင်း ဖြစ်နေပါမူ အနီးရှိကိုကား မြင်အပ်သူ၊ အဝေးနေကိုကား မမြင်အပ်သူအဖြစ် အာရုံယူလေ။

တစ်ဖန် အနီးဝန်းကျင်နေချင်း ဖြစ်နေပါမူ မိမိနှင့် မြင်ဖူး၊ တွေ့ဖူး၊ ဆက်ဆံဖူးသူများက မြင်အပ်သူ။ မိမိမမြင်ဘူး၊ မတွေ့ဘူး၊ မဆက်ဆံဘူးသူဆိုက မမြင်အပ်သူ သတ်မှတ်လေ။

အဝေး၊ အနီးအာရုံယူရာ၌လည်း မိမိနေထိုင်ရာ တောတစ်တော (တောင်တစ်တောင်)ကို အနီးသတ်မှတ်ပါက ကျန်နေရာဒေသ အားလုံးကား အဝေး ဖြစ်သွားပြီ။

တစ်ဖန် မိမိနေရာ တစ်တောင်တစ်တောင်၌ပင် မိမိ၏ နေမြဲအဝန်းအဝိုင်းကို အနီးအဖြစ် သတ်မှတ်ထားသော် ထိုနေရာမှ ဥပစာလွန် နေရာအားလုံးကား အလိုလိုပင် အဝေးဖြစ်သွားတော့သည်။

ဤသည်မှာ သင် အာရုံပိုင်းတတ်ရန် ပုံတိုင်းပြပေးထားခြင်းပင်။

**ဓမ္မသက. . .**

သင့်မှာ စိတ်အထိုင်ချပေးခြင်း ပြီးစီးသွားသဖြင့် စိတ်အထိုင်ကျသွားပါသော် ကိုယ်အထိုင်ချဖို့ ပြင်ဆင်ပေရော့။

ကိုယ်အထိုင်ချခြင်းကား . . . ကမ္မဋ္ဌာန်းထိုင်ခြင်းပင်။

သို့ဖြစ်ရာ သင့်မှာ ဆရာတို့ သင်ပြပေးထားသည့်နည်း ရှိပြီးသားကြောင့်၊ သင့်မှာ တောမဝင်ခင် မြို့ရွာများမှာပင် သည်အကျင့်လမ်း သွားပြီးသားကြောင့် မြေညီရာ နွားလည်းကောင်း၊ ရေစည်လှည်း ဒုန်းစိုင်းမောင်းဖို့သာ ရှိတော့သည်။

**ဓမ္မသက. . .**

သင်၏ ဧကစာရီ (တစ်ပါးထားအကျင့်) အပြင်အဆင်ဖြင့် ဤတောဝင်လာခြင်းသည် သင့်စိတ် ဓမ္မဖြင့် ဆင်ယဉ်၊ ဓူတဖြင့် ပြုပြင်ရန်ဖြစ်၏။

ထိုစဉ် ဓမ္မကား နေရာဒေသရွေးဖို့မလို၊ ကိုယ့်အရှိ ကိုယ်သတိ လျှိုပေးထားရုံနှင့်ပြီးသည်။ ဓူတကား လူမဖက်၊ သူမဖက် ကိုယ်ချည်း သက်သက်မှ လက်ကျမှန်မည်။ သို့ကြောင့် သင်၏ဤတစ်ပါးထား အကျင့်သည် ဓူတင်အတွက် အဓိက ဆိုသည်ကို သင်မမေ့လေနှင့်။

ဓူတင်သည် စိတ်ကြားကပ် ကိလေသာ ခါထုတ်ပစ်ရာ၏ အကူပစ်လက်နက်။ သိက္ခာယာဉ်, ဈာန်ယာဉ်များ ရှေ့မသွားသာလောက်အောင် အတားက အားကြီးနေချိန်၊ မွေးထားသော ဗိုလ်များကလည်း အရည်အသွေး ညံ့နေချိန်၊ ထိုအချိန်မျိုးများဝယ်. . .

ရန်သူဘက်က ခုခံစစ်ကို အပိုင်ကိုင် အထိုင်ချထားပြီး လာသမျှ ဆီးတားသုတ်သင်ပစ်ချည်း ရှိနေချေရာ အင်အားချင်း ညီမျှနေသော လက်နက်ငယ် အသေးစားလေးများဖြင့် ရှေ့မထိုးဖောက်နိုင်။

ထိုအချိန်ဝယ်. . . မော်တာ, အမြောက် စသည့် အကြီးစား အဝေးပစ်



လက်နက်ကြီး များဖြင့် တစ်ဖက်ရန်သူ ခေါင်းမဖော်သာအောင် အချက်ချင်းလု၍ ထုပေးနေရသည်ပမာ. . . တစ်ဖက်ရန်သူ ကျည်ကတ်လဲခွင့် မရသာ အထိလည်း ဖိ၍ ထုပေးနေရသည်ပမာ . . .

**(က)** အထူးထူးအသွယ်သွယ် ဖွယ်ဖွယ်ရာရာ ခဲဖွယ်ဘောဇဉ် အရသာစွာများကို ခံတပ်လုပ်၍ ရသာကတုတ်ကျင်းထဲကနေ ခုခံနေကြသည့် ရသာ တဏှာများကို ငါးမျိုးသော ဆွမ်းဓုတင်စုဖြင့် ပိတ်ထုပေးနေရခြင်း . . .

ယင်းတို့မှာ . . .

၁။ **ပိဏ္ဍပါတ်ဓူတင်** - ပင့်ဖိတ်ကျွေးသမျှ ဆွမ်းကောင်း လမ်းကြောင်း ပိတ်ဆို့ထားခြင်း။

၂။ **ပတ္တပိဏ်ဓူတင်** - ခွက် ကြီး,ငယ်တို့ဖြင့် ဆွယ်ထားသော ဇိမ်ခြယ်ဟင်း၊ ထမင်းများကို ပိတ်ဆို့ထားခြင်း။

၃။ **သပဒါနဓူတင်** - မကောင်း,မရ အိမ်ချန်၊ ကောင်း,ရ အိမ်ခံလိုစိတ်ကို ပိတ်ဆို့ထားခြင်း။

၄။ **ဧကာသနိက်ဓူတင်** - နာရီနှင့်တုဖက်၍ စားကျက်ကျယ် နေရာများစွာ ထားလိုစိတ်ကို ပိတ်ဆို့ထားခြင်း။

၅။ **ခလုပစ္ဆာဒိဘတ်ဓူတင်** - ပဝါရိတ်စောင်း အတိရိက်လမ်းကြောင်းက မောင်းဝင်လာစိတ် ပိတ်ဆို့ထားခြင်း။

သည်လိုဆို သင့်စိတ်နှင့်မျှောင်အိပ်နေသော ရသတဏှာ အရေခွာပြီး သားဖြစ်တော့သည်။

**ဓမ္မသက. . .**

**( ခ )** နောက်ဓူတင်အုပ်စုတစ်ခုက နေရာထိုင်ခင်း ကျောင်းတဏှာ ရှင်းလင်းခြင်းပင်။

ယင်းတို့မှာ. . .

၁။ **အရညကင်မူတင်** - ကျောင်းကြီးဗိမာန် ခမ်းနားခြင်းမှ ဖြစ်သော တဏှာရန်ကို ပယ်လှန်ခြင်း။

၂။ **ရုက္ခမူမူတင်** - ဂူကျောင်းများကို မှီ၍ဖြစ်သော သောကကို ဖယ်ချခြင်း။

၃။ **အဗ္ဘောဟာသိကမူတင်**-စိတ်မိုက်ကို မှောင်မိုက်ဖြင့် အလိုက်ပေး၍ သွေးလေးစေသည်ကို ဘေးဖယ်ခြင်း။

၄။ **ယထာသန္တတိကမူတင်**-နေရာကိုမှီ၍ဝင်လာသော အကောင်း ကြိုက်၊ အသန့်ကြိုက်တဏှာကို ခါပစ်ခြင်း။

၅။ **သုသာန်မူတင်** - ကိုယ့်ကိုယ်ကိုညှာ သာယာသောနေရာ၌သာ ထားလိုသော တဏှာကို ခါပစ်ခြင်း။

**ဓမ္မသက. . .**

**(ဂ)** နောက်ဓူတင် နှစ်ခုက သက်န်းကြား တွားဝင်လာသော တဏှာ ရှင်းလင်းပစ်ခြင်းပင်။

ယင်းတို့မှာ . . .

၁။ **တိစီဝရိက်မူတင်** - ကိုယ်ကပ်နှင့် အားမရ၊ အပိုထပ်ထားလိုလှ သည့် တဏှာကို ခါထုတ်ခြင်း။

၂။ **ပံ့သကူမူတင်** - သင်္ကန်းမှာတဏှာ၊ ပုဂ္ဂိုလ်မှာဒိဋ္ဌိ ထိုအငြိကို တိခနဲ ဖြတ်ထုတ်ခြင်း။

**ဓမ္မသက. . .**

**(ဃ)** နောက်ဆုံးဓူတင်က ကိုယ်ထားအမျိုးမျိုး မြင်လိုသော တဏှာကို ပိတ်ထုနေခြင်းပင်။

ယင်းမှာ ကိုယ်ခွေလျောင်းပေးသည့် ဣရိယာပုတ် ထိန မိဒ္ဓ အလုပ်ပုတ်ထုတ်ပစ်လိုက်ခြင်း။



၁။ ယင်းကိုကား **နေသဇ္ဇိကမူတင်** အမည်တွင်စေ၏။

**ဓမ္မသက. . .**

ဤ နေသဇ္ဇိကဓူတင်က ကိုယ်ညှာတဏှာကိုလည်း ခါချပေး၏။ အိပ်စက်ခြင်း ထိန မိဒ္ဓ တဏှာကိုလည်း ခါချပေး၏။ မွေးညင်းတံခါးပိတ်သော ညကာလ၏ သွေး၊ လေ အလုပ်မလုပ်။ အပူအပုပ်တို့ကသာ အလုပ်လုပ်နေကြသည်ကိုလည်း သွေးနှိုးပေးသေး၏။

**ဓမ္မသက. . .**

ဤဓူတင်ပေါင်း တစ်ဆယ့်သုံးမျိုးတို့သည် တောခိုကိုးမှသာ ကိုင်တွယ်၍ လွယ်ကူ၏။ လူ့အလိုလိုက် လူ့အရေးအခင်း တစ်ဖက်စိုက်နေကြရသော မြို့ရွာများ၌ကား မလွယ်ကူတတ်။

ယင်း အတွင်းသဘောထားကို စဉ်းစားဝေဖန်၍ သင်၏ ဤတောကပ်၊ တောဝင် အစီအရင်သည် ထိုဓူတင်လက်နက်ကြီးများ တပ်ဆင်ရန်အတွက် ဖြစ်သည် ဆိုသည်ကို တင်ကြို သဘောပေါက်လေ ဓမ္မသက။

**ဓမ္မသက. . .**

ဓူတင်သည် ကိလေသာ ခါထုတ်ပေးသောအကျင့် ဆိုသော်မှလည်း ဓူတင်ကျင့်သဖြင့် ဓမ္မဉာဏ်ပွင့်စေသော ဓူတင်၊ ဓူတင်ကျင့်နေရသဖြင့် ဓမ္မဉာဏ် ဖွင့် ဖင့်စေသော ဓူတင်၊ သည်သို့လျှင် . . . သင့်၌ တည်ဆောက်ပေးထားသော ဓာတ်သွေး၊ ဓာတ်သက်များ၏ လက်ခံခြင်း၊လက်လှန်ခြင်းများကို အရင်းထား ကွဲပြားနေတတ်လှသေးသည်။

ဆိုပါစို့ . . . သင့်မှာ မြေဓာတ်၊ ရေဓာတ် နှစ်ပါး တစ်ပါးပါး ဦးဆောင်၊ ကျန်ဓာတ်များ နောက်လိုက်ဖြင့် ဖွဲ့စည်းပေးထားသော ခန္ဓာပိုင်ဖြစ်နေပါမူ . . . မြေဓာတ်၊ ရေဓာတ် လွန်ကဲနေခြင်းကြောင့် မဖျတ်လတ်တတ်။ လေ၊ မီးတို့ အဝေးစွက် ဖြစ်နေခြင်းကြောင့် အပူမတက် အေးစက်စက်။ သွေး

တောင်းစာများက အဆီအအိမ့်ဖြစ်နေခြင်းကြောင့် အဆီအမြေးထွေးသွေးလေး။ ထိုသည့်သင် မအိပ်ဘူးကွ ဓူတင်နှင့် အံမဝင်ချင်။ ပေတေဆောင် အောင်နိုင်၏။ သို့သော် ဓမ္မဉာဏ်ပွင့်ရေး အခွင့်ကျ ဖင့်နွှေးတော့မည် စိတ်ချ။

ဆိုပါစို့ . . . သင့်မှာ လေ၊ မီး ဓာတ်နှစ်ပါး တစ်ပါးပါးဦးဆောင်၊ ကျန်ဓာတ်များက နောက်ယောင်လိုက်ဖြင့် ဖွဲ့စည်းပေးထားသော ခန္ဓာဖြစ်နေပါမူ လေ၊ မီး ဓာတ်တွဲ လွန်ကဲနေခြင်းကြောင့်ကား ဖျတ်လတ်ပေါ့ပါးနေ၏။ ရေမြေက အဝေးစွက် အအေးမဖက်ခြင်းကြောင့် ဓာတ်မငြိမ်သက်။ သွေးတောင်းစာများကလည်း ပူ၊ ချဉ်၊ စပ်၊ ဖန်၊ ခါး ဖြစ်နေကြခြင်းကြောင့် လေလွန်၊ မီးပြင်း၊ သွေးရောစိတ်ပါ ကမြင်း။

ထိုသည့်သင်က တစ်ထပ်ပဲစား ကျင့်မကွ၊ တစ်ထပ်သော်မှ ပဝါရိတ်သင့်က အတိရိက် ဝိနည်းကံဖြင့်ဖျက်"ဆက်မစားဘူးကွ"ဓူတင်များနှင့် အံမဝင်ချင်တတ်။ ပေတေဆောင် အောင်နိုင်၏။ သို့သော် ဓမ္မကျင့် အခွင့်မသာတတ်။

**ဓမ္မေသက. . .**

ဤသို့သော မသင့်ဓူတင်ကိုရည်၍ ဘုရားရှင်သည် အချို့ ဓူတင်ဆောင်ရဟန်းများကျ ပြစ်တင်ရှုတ်ချတော်မူ ခြင်းပင်။

သင့်သောဓူတင်ကို ရည်၍လည်း ဘုရားရှင်သည် အချို့သော ဓူတင်ဆောင်ရဟန်းများကျ ချီးကျူးမြှင့်တင်တော်မူခြင်းပင်။

သင်သည်လည်း ဤသင့်၊ မသင့်ဓူတင် သင့်ဓာတ်သွေးပြော ခန္ဓာနှင့် တည်းဖြတ် သုတ်သင်၍. . . အသင့်ဆို အထူးအားပြု ပိတ်ဆီးနေသမျှ အတားစု ပိတ်ထုနေလေ။ မသင့်ဆို ကျင့်ဖူးသည်ရှိရုံသာ အသုံးချ၊ တစ်လုံးပြီး တစ်လုံး ကိုယ့်ဆီပြန်မကျစေနှင့်။

**ဓမ္မေသက. . .**

သင်၏အာရုံအဆိတ်ပြ နိက္ခမဖြစ်သော တောအဝင်ပြရာ၌ ရှေ့ပြေး



အစီအမံ ပရိက်ံများလည်း ပြုကျင့်ပြီးပြီ။ အပြင်ပိုး၊ တွင်းထွက်ပိုးများ ချိုးဖျက်ရာ ဓူတင်လက်နက်ကြီးများလည်း တပ်ဆင်ပြီးပြီ။ စိတ်ထိုင်၊ ကိုယ်ထိုင်ချ၊ ဓမ္မ အဝင်လမ်း ကမ္မဋ္ဌာန်းလည်း စီးဖြန်းနေပြီ။ သည်အချိန် လမ်းသာလျှင် ကြိမ်တို့၊ လမ်းမသာ ကြိုးဆွဲ၊ စိတ်ဝယ် ဉာဏ်တွဲ၍ ပွဲဝင်ရုံသာ ရှိတော့သည်။

ထိုစဉ်တွင်လည်း မထိုင်ခင် ဂုဏ်တော် မေတ္တာပွား၊ ခန္ဓာကို ဘုရားလှူထား။ ထိုင်ပြီးလျှင် အမျှနှင့် မေတ္တာပွား။ ဓမ္မကို ဝေငှမျှစား။ ဤအစီအရင်ကို ထိုင်တိုင်းထား၊ နားတိုင်းကျင့်၊ ငါရ ငါစား မလုပ်လေနှင့်။

**ဓမ္မေသက. . .**

သင် သည်ပွဲမျိုး များများတိုးဖို့ မလိုပါ။

ဓမ္မလည်းစဉ်၊ ဓူတင်လည်းရံ၊ စိတ်လည်းပါ၊ ဉာဏ်လည်းခံဖြင့် တစ်ပတ်မျှ ကိုယ့်အလုပ်ကိုယ် (ကိုယ်ရောစိတ်ပါ နှစ်မြှုပ်၍) လုပ်နေပါသော် ဘုန်းနှင့်သမ္ဘာ အတူပါများအဖို့ တစ်ပတ်မျှ ကျော်သည်နှင့် သူ့အလုပ် သူလုပ်နေသူများ ပေါ်လာပေရော့မည်။

တစ်ပတ်မျှ ကိုယ့်စာရင်း ကိုယ်ရှင်းလင်းနေသည်နှင့် တစ်ပတ်ကကျော်လျှင် သူ့စာရင်း သူလာသွင်းပေးပေရော့မည်။ ယင်းကား အချို့က အိပ်မက်ရ၍ဆိုကာ လမ်းမှနေ ဆီးကြို လောင်းလှူလာကြခြင်းပင်။ အချို့ကား ဘယ်သူပြော၍ ဘယ်ဝါပြော၍ဆိုကာ နေရာအထိ လာရောက် လှူကြခြင်းပင်။

**ဓမ္မေသက. . .**

ကိလေသာမည်သည် သီးခြားမရှိ၊ စရိုက်ညှော်က်မှ ထပေါက်လာပြီး အညွန့်တက်၊ အခက်အလက် အသီးအပွင့်တို့ ဆင့်လာခြင်းမျှသာ။ တစ်ဖန် စရိုက်ကလည်း သူ့ချည်းထီးထီး မပွင့်။ တစ်ဖက်အာရုံများ လာရောက် တိုက်ဖွင့်မှ တံခါးထဖွင့်ပေးခြင်းမျှသာ။ သို့ဖြစ်ရာ လူရှုပ်၍ လာဘ်ပေါလာ

လျှင် သတိထား။ သက်စောင့်လက်နက် ချမထားလေနှင့်။ ချီးမွမ်းခြင်းနှင့် ရမ်းဝင်လာလျှင် သတိထား။ ခံတပ် ကတုတ်ကျင်းကနေ ဧည့်ခံ။ သင့်စရိုက် လက်ငုတ် မလှုပ်မချင်း အာရုံလိုက်ဖြင့် တိုက်ဖွင့် ဖွင့်ကြလိမ့်မည်။

သင်ကား လိပ်တစ်ကောင်ပမာ။ ခေါင်းသို၊ ခြေဝှက် လက်များကပါ အပြင်မထွက်စေနှင့်။ ထိုအခါ တစ်ဆင့်ပြီးတစ်ဆင့်တက်၍ မ,ကြည့်နေသော အလေးမ,သမားများပမာ . . . သည်နည်းနှင့်မရ၊ ဟိုနည်းဖြင့် မြှောက်ကြည့်၊ မ,ကြည့်ကြပေလိမ့်မည်။သည်နည်းနှင့်မလှုပ်၊ဟိုနည်းဖြင့် ကုတ်ကြည့်, ခြစ်ကြည့်ကြပေလိမ့်မည်။ မြှောက်၊ ခြစ်၊ မ၊ ကုတ် ဘာလုပ်လုပ် သင့်စရိုက်များ မလှုပ်စေနှင့်။

စရိုက်ကို အနိုင်ထိန်းပေးနိုင်သူမှာ သတိနှင့် အသိသာ။ အာရုံကို ဆီးကြိုခုခံပေးနိုင်သူမှာလည်း သတိနှင့် အသိသာ။ ထိုအခါ မလိုချင်တိုင်းပေါ၊ မရောချင်တိုင်းတိုး။ လာဘ၊ ယသ၊ ပသန္နသုခ မိုးကြီးများ စွေဖြိုး သဝေထိုး လာတော့သည်သာ။

**ဓမ္မေသက. . .**

သင်သည် သဒ္ဓါမှာ ပညာဆောင်းသော ပါရမီရှင်အလောင်းဖြစ်ခဲ့ပါမူ. . . "သြော်. . . ငါ့မှာ. . . တောဝင်စ ကာလများတုန်းက လာဘ်လည်းမဲ့၊ လူလည်း မဲ့ခဲ့သည့်အပြင် နယ်ခံများ၏ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း ခံခဲ့ရသေး၏။ နယ်ခံများ၏ အပိတ်အတားများကြောင့် ဒုက္ခလည်း ရောက်ခဲ့ရသေး၏။ ထိုစဉ် တုန်းက သည်းခံနိုင်ခဲ့သေးလျှင် . . . ယခု အကောင်းမှောင့် ဘာကြောင့် သည်းမခံနိုင်ရမှာလဲ။" . . . ဤသုံးသပ်ဉာဏ်(နောက်တွန်း ပါရမီအခံ ကြောင့်) ဧကန်ဝင်လာပါအံ့။

ထိုနှင့်တစ်ဆက်တည်း . . .

"အင်း . . . ငါ့မှာ အဆိုးဒဏ်နဲ့ တွေ့တုန်းကတောင် အကျင့်မပျက်။



သည်အကောင်းဒဏ်များနဲ့တွေ့၊ အဆင့်တက်ဖို့သာ ရှိတော့သည်။"

ဤသဒ္ဓါမိုးကြီးကပါ သွန်းဖြိုးလာပါတော့အံ့။

**ဓမ္မေသက. . .**

ဤသဒ္ဓါမိုယံကလည်း ရေရမြက်တင်မဟုတ်သော်မှ မိုးဥတု အစပျိုး ခေါ်မိုးကား ဖြစ်လာနေပြီ။ အညံ့စားမထင်လေနှင့်။

**ဓမ္မေသက. . .**

ထိုသည့်နောက်များတွင်ကား သင်သည် ညဘက် ထိုးစစ်တက်၊ နေ့တွင် ခံစစ်ပြင်၊ တိုက်ပွဲဝင်ရပြီ။ ထိုစဉ် အသိထက် ဖြစ်ပျက်မြင် ရုပ်၊ နာမ်ကွဲ လက္ခဏာထင်လာစေခြင်းဖြင့် ထိုးစစ်ကြီးပမာ ခန္ဓာတွင်း ရှင်းလင်းပွဲ ကျင်းနေခြင်းဖြင့် ညကို ဖြိုသည်။

တံခါးဝ သတိအစောင့်ချ၊ ဝင်လာသမျှ အာရုံကိုကား ဝင်ခွင့်ပြု။ မပတ်သက်သော ပညတ်နှင့် ကြိုက်၊ မကြိုက် လိုက်ခွင့် မပေးခြင်းဖြင့် နေ့ကိုဖြို သည်။

**ဓမ္မေသက. . .**

သင်၏ သည်သို့သော လိမ္မာပါးနပ်မှုဖြင့် ခန္ဓီပေါ် အလေးတင်ထား သော်. . . အမှတ်နောက် အရှိန်လိုက်၊ ထိုအမှတ်ကား ဗိုလ်ဖြစ်လာချေပြီ။ အသိ နောက် အရှိန်လိုက်၊ ထိုအသိကလည်း ဗိုလ်ဖြစ်လာချေပြီ။ သူတို့နောက်က သမာဓိ၊ ဝီရိယ၊ သဒ္ဓါများလည်း ဗိုလ်ဖြစ်လာတော့သည်။ သင့်ထံရှိ ထိုဗိုလ်များက အားတက် စစ်ပွဲရှေ့ဆက်ဖို့ မခဲယဉ်းတော့။ လက္ခဏာပီပြင် ဖြစ်၊ပျက်ကား မမြင်ချင်မှအဆုံး။ လက္ခဏာသာပီပြင် တွင်းထွက် အပျက်ကလည်း မမြင်ချင်မှအဆုံး။ လက္ခဏာသာပီပြင် နှလုံး သွေးပြ သဘာဝကလည်း မမြင်ချင်မှအဆုံး။

**ဓမ္မသက. . .**

သင့်ခန္ဓာကိုလှန် သင့်ခန္ဓာ့ဉာဏ် သည်အထိ အမြင်သန်လာသော် သောမန၊ ဒေါမန မရောသော ပီတိ မည်သည့်ကာမပီတိနှင့်မှ မလဲနိုင်။ သုခ၊ ဒုက္ခ ဖြုတ်ချရာမှ ရသောပီတိ မည်သည့်ကာမပီတိနှင့်မှ မလဲနိုင်။ မပြုမပြင်ရဘဲ ကောင်းသောအကောင်း မည်သည့်ကာမနှင့်မျှ မရောင်းနိုင်။ ထိုအခါ သင့်သဒ္ဓါမိုး ငြိမ်ငြိမ်သက်သက်ဖြင့် သွန်းဖြိုးရော့မည်။

"ကြည့်စမ်း. . . ကာမမှ ဥပေက္ခာပြုရုံလေးနှင့် သည်လောက် ငြိမ်းချမ်းနေသေးလျှင် ဘဝကိုပါ ဥပေက္ခာပြု ဘယ်လောက်အထိ ငြိမ်းချမ်းလေမလဲ မသိ။"

ဤမှတ်ချက်ချ သဒ္ဓါဝင်လာပေတော့အံ့။

**ဓမ္မသက. . .**

သည်သဒ္ဓါက ရေရ မြက်တင် ဖြစ်လာသဖြင့် အဆင့်မြင့်လာပြီ။ စိုက်ပြီးပျိုးပြီးလေး ရေအောင်၊ မိုးအောင်ဖြစ်လာပြီ။ ရိတ်သိမ်းရန်သာ ကျန်တော့၏။

ထိုသဒ္ဓါကြောင့်ပင် ထိုသင်သည်. . . "အကယ်တိတိ . . . ငါသည် မဂ္ဂင်စိတ်ကိုလှည့်၍ သစ္စာမြင်အထိ ခရီးပေါက်ပါလျှင် သစ္စာရှိဖြင့် သစ္စာဆို မည်သည့်ရန်မဆို ဖြိုနိုင်စွမ်းရှိလိမ့်မည်။ သစ္စာရှိဖြင့် သစ္စာထား အယူသီးများ၏အတား ဖယ်ရှားနိုင်လိမ့်မည်။ သို့ကြောင့် ငါသည် လက်ရ ဥပေက္ခာကိုပင် ကျော်လွှား၊ ထိုဥပေက္ခာနောက်ရှိ သစ္စာခြေသို့ အရောက်သွားအံ့။"

**ဓမ္မသက. . .**

သင့်၌ ဤသို့သောသမ္မာဝိတက် အညွန့်တက်လာပါအံ့။

ယင်းနှင့်အတူ ဗိုလ်သုံး မဂ္ဂင်စက်လည်း ထက်မြက်စွာလည်ပါအံ့။

ထိုစဉ် အသိက ရှေ့ထွက်၊ သတိ နောက်ကူ ဝင်လျက်က သမာဓိနှင့် ဝီရိယ နှစ်ကောင်က,နွားပမာ ထမ်းပိုးညီလာစေသောအခါ သဒ္ဓါနှင့် ပညာ



နှစ်ဖက်ခွက်တပ် ချိန်ခွင်လျှာပမာ အစွန်းထွက် မပါစေသောအခါ၊ ရှေ့အရှိန် နောက်ရှိန်တွန်း သစ္စာမြင် ဘင်စွန်းက ထွန်းပြလာတော့သည်။

**ဓမ္မသက. . .**

သည်အချိန် သင်သည် ဒိဋ္ဌိဘဝမှ လူးထခွင့်ရလာခြင်းကြောင့် ဒိဋ္ဌိပူပွဲသိမ်း၊ ဒိဋ္ဌိ အငြိမ်းစားဖြစ်သွားပြီ။ ထွန်းသစ္စာ၏ အစွမ်းပြ အငြိမ်းကြီး ငြိမ်းခွင့်ရပြီ။ ထိုမှ နောက်တွင်ကား သင့်၌ သဒ္ဓါအလုပ်က ဗိုလ်ချုပ်နေရာ ရသွား တော့ရာ ရတနာနှင့် သီလပန်း မည်သည့်ဘဝ၊ မည်သည့်ကာလမျှ မညှိုးနွမ်းတော့ပါ။ ယင်းနှင့်အတူ ကိုယ့်လို သိစေချင်၊ တတ်စေချင်သော စေတနာဆန္ဒ ပရိသတ်အားလုံး အပေါ်သို့ ထိုးကျသွားတော့ရာ ငါမရှိ၊ သူမဝင် အားလုံး၌ တန်းတူအဖြစ် မြင်တော့သည်။ အရင်းမထား အဖျားမပေါ် အားလုံးပင် အဖော်တွေချည်း ဖြစ်သွားပြီ။ ရန်၊ မိတ်, ခွေး ၊ လူသည်ာက ဘာပြောပြော အရေးမယူတော့ပြီ။

**ဓမ္မသက. . .**

သည်အခါ သင့်၌ ငါစွဲကြောင့်ဖြစ် ရသောဘေး၊ သူစွဲကြောင့်ဖြစ်ရသောဘေး၊ ရန်မိတ်စွဲကြောင့် ဖြစ်ရသောဘေး၊ လူ, နတ်, တိရစ္ဆာန်စွဲကြောင့် ဖြစ်ရသောဘေး အအေးကြီး အေးသွားတော့ရာ သဒ္ဓါမိုး ရှေ့ဆက်တိုးတော့သည်။

"ကြည့်စမ်း. . . ဒိဋ္ဌိသွေး ဖြုတ်ာလေးနဲ့တောင် သည်လောက် အေးချမ်းနေသေးလျှင် အကယ်တိတိ. . . ကာမသွေး၊ ဗျာပါဒသွေးများ စဲသွားအောင် ဖြည့်ကျင့်နိုင်ခဲ့လျှင် ဘယ်လောက်များ အေးခွင့်ရလေမလဲ မသိ။"

**ဓမ္မသက. . .**

သင့်ထံရောက် သည်သဒ္ဓါမိုး သူ့ရာသီအဖြစ် သွန်းဖြိုးနေချေရာ သဒ္ဓါဖြိုး ဆန္ဒပွဲမတိုးမှာ မပူနှင့်တော့။ ဆန္ဒဖြိုး ဝီရိယလည်း ပွဲမတိုးမှာ မပူနှင့်တော့။

သို့တစေလည်း အမြင့်လိုမ့်သော်လည်း ကိုယ့်ချည်း တစ်ဘီးလိမ့် လိမ့်၍ မရသောကြောင့်လည်းကောင်း၊ အမြတ်ပွဲပြင်သော်လည်း ကိုယ့်ချည်း တစ်ဖက်သတ် အမြင်ဖြင့် ပွဲဝင်မရသောကြောင့်လည်းကောင်း ကိုယ်က ဓမ္မဖြင့် ကြိုဆို ပရိတ်သတ်က ပုဂ္ဂိုလ်၌ မေးတင် လမ်းမတည့်ချင်။ ကိုယ်က ဓမ္မဘက်ကိုဆွဲ ပရိတ်သတ်က ပုဂ္ဂိုလ်ဘက်လွှဲဝင် လမ်းမတည့်ချင်။

**ဓမ္မေသက. . .**

သည်အခါ သင်သည် မေတ္တာအစား ဥပေက္ခာထားဖို့ စဉ်းစားရတော့မည်။

"ဪ. . . ငါ၏ မေတ္တာကား ပရိသတ်ကာမအိုး တုတ်ထိုးအလား ဖြစ်နေပြီကိုး။ ငါ့မေတ္တာစျာန်က ပရိသတ်တို့ ကာမပီတိအခံကြား လမ်းသလား နေမှုကိုး။ ငါသည် . . . အကယ်တိတိ ပရိသတ်အတွင်း ဥပေက္ခာစျာန်ဖြင့် ချဉ်းနင်းရလျှင်ကား သူ့ကာမပီတိ အပိုးကျိုး ကိုယ့်ဓမ္မရတိ ထိုးဝင်နိုင်တန်ကောင်း၏။"

သို့သုံးသပ်ကာ ထိုသည့်သင် အအေးအစိမ့်မျှ ငြိမ့်ဆင်းဆင်းစေသော ဥပေက္ခာစျာန်ဘက် သဒ္ဒါ နားသက်သွားရော့မည်။

**ဓမ္မေသက. . .**

တဏှာ၊ မာန၊ ဒိဋ္ဌိအုပ်စုတွင် သင့်သန္တာန်၊ သင့်အာရုံသို့ နောက်ဆုံးဝင်၍ အရင်ဆုံးသေပေးရသော ဒိဋ္ဌိတစ်လုံးကျေဖြင့် ထိုစျာန်ရိုး ပွဲတိုး၍မရတတ်။ အနည်းဆုံး ဒိဋ္ဌိနောက် တဏှာသေ ဒေါသပါ ကြွေသွားစေသည့် သစ္စာရှင် စခန်းတွင်း ချင်းနင်းမိမှသာ ဥပေက္ခာလည်းရ၊ ပရိသတ်စိတ်ကိုလည်း စိုးမိုးခွင့်ရ ဖြစ်စေလိမ့်မည်။ ထိုအကြောင်း ကောင်းကောင်းသိသော ထိုသည့် သင်. . . ဓမ္မဖြင့်လည်း ကြိုက်ကောင်ကို ပစ်ခွင်းနေသည်။ ဓူတဖြင့်လည်း တစ်ဖက်အင်အားစု ဖြိုထု ထုပေးနေပါသည်။



ထိုအခါ သီလနှင့်လည်း အရောဝင်၊ သမာဓိနှင့်လည်း တစ်ပြင်ထီးတည်း ရှိနေသော ဒုတိယမြောက် သစ္စာမြင်စခန်း တန်းဝင်တော့သည်။ သည့်နောက် ထိုဒုတိယနှင့် တစ်ပြင်ထီးတည်းရှိ တတိယ သစ္စာခွင်ပါ မိလာနေပါပြီ။ သို့သော် ပညာ ဗိုလ်ချုပ်ဖြစ်မှ နောက်ဆုံး အောင်ပွဲခံခွင့်ရမည်။ နောက်ဆုံး အောင်ပွဲ ခံခွင့်ရမှလည်း ဥပေက္ခာစျာန်နှင့် ဉာဏ်က ထပ်ကျလာမည်။

**ဓမ္မေသက. . .**

သင်သည် သစ္စာဆိုနိုင်စွမ်းပြည့်ရှိ သော သစ္စာခွင် သုံးကြိမ်အထိ ဝင်ပြီး သော်လည်း အကြိုက်ကပြောသော အကောင်းလောကခံလေးမျိုးကိုလည်း အပြီးမချိုးပစ်နိုင်သေး။ မကြိုက်ကပြောသော အဆိုးလောကခံလေးမျိုး ကိုလည်း အပြီးမချိုးပစ်နိုင်သေး။ ယင်းကို ဥပေက္ခာမပြုနိုင်သေးခြင်းက သက်သေခံနေချေပြီ။

**ဓမ္မေသက. . .**

သည်မှာတွင် သင့်မှာ သဒ္ဓါတစ်ချိုးပြောင်း မိုးကောင်းကြီး ရွာချပေး ပေရော့မည်။ ယင်းကား . . . ငါသည် ဤဥပေက္ခာကို ဥပေက္ခာပြန်ပြုထား လိုက်ပြီး အဓိဋ္ဌာန်နှင့် ဝီရိယ မြေစိုက်လှံကဲ့သို့ သန်သန်ကြီး စိုက်ချထားနိုင်ခဲ့ ပါလျှင်

(က) ရှေ့ရှိပညာသည်လည်း တိမ်ထွက်လကဲ့သို့ အားလုံးအပေါ် အသာပြ နိုင်ပေလိမ့်မည်။

(ခ) နောက်နေ ဥပေက္ခာသည်လည်း မြိုင်တွင်းစမ်းကဲ့သို့ အားလုံးအပေါ် အအေးဖျန်းနိုင်ပေလိမ့်မည်။

**ဓမ္မေသက. . .**

သင့်ထံရောက် ဤသဒ္ဓါမိုးကား အောင်ရေလွှတ်ချိန်ရှိ နောက်မိုးသိမ်း ပမာ ပရိတ်သတ်ရှိ ကာမပီတိ ပုဂ္ဂိုလ်ငြိကိုလည်း မိမိဓမ္မခေတ်ဖြင့် ဖိပြီးသား၊

မိမိရှိ ဘဝ၊ ရာဂ၊ မာန၊ အဝိဇ္ဇာကြောင့်ဖြစ်သော ကျင်းချိုင့်များကိုလည်း ဖို့ပြီးသား။

သင့်ရှိ ဤအချိန်သည်. . .

**မလိုချင်နှင့်၊ လိုချင်နေသမျှ မလိုချင်တာတွေချည်း ရကြမည်။**

**မလိုချင်ပါမှ လိုချင်ရာမှန်သမျှ အကုန်လုံးရကြမည်။**

**ဘာမှမလိုချင်သောနေ့ လိုလေသေးမရှိ ပြီးပြည့်စုံသောနေ့။**

ဤစကား၏ သရုပ်စုံ အကုန်ဖော်ပြီးသား ဖြစ်သွားချိန်ပင်။

**ဓမ္မသက.** . .

သင့်၏ အဓိဋ္ဌာန် ဝီရိယကို ကြားခံ၍ ဥပေက္ခာနှင့်ပညာ အဝင်အပါ ဖြစ်လာစေရန်ကြံသော ဤသမ္မာ ဝိတက် သဒ္ဓါလက်ရည်တက်သည် အဓိဋ္ဌာန်ကလည်း ခရီးမဆုံး ငါမရပ်ဆိုသော အဓိဋ္ဌာန်၊ ဝီရိယကလည်း သမ္မပဓာန်လေးမျိုးတို့ဖြင့် စီမံထားသော ဝီရိယ၊ ဤတပ်မဟာစစ်ကြောင်း နှစ်ကြောင်းပြိုင် ဆိုင်ပါပါနေခြင်းကြောင့် ထိုနှစ်ပါးတို့သည် သင့်အား အထွတ်အထိပ်သို့ ထမ်းပို့နေသော နန်းတင်ဝန်ကြီးနှစ်ပါးပင် ဖြစ်တော့သည်။

**ဓမ္မသက.** . .

သင့်မဂ္ဂင်ယာဉ် တိုးဝင်လာနေသော ဤစတုတ္ထနေရာသည် အဝိဇ္ဇာကလည်း ကမ္ဘာ့ဖန်ဆင်းရှင် ဘုရင်တစ်ဆူဖြစ်နေခြင်းကြောင့် အလုံးနှင့် အရင်းနှင့်။ဘဝမှီတဏှာကလည်း ဘဝမရခင်ကပင် ရရန်စီစဉ်ပေးရသူ ဖြစ်နေခြင်းကြောင့် ထုနှင့်ထည်နှင့်၊ ဘဝမှီ မာနကလည်း အာရုံနေ ကာမချင်း စေ့စပ်ကြောင်းလမ်းခြင်းဖြင့် လမ်းခင်းပြီးစကတည်းကပင် ဝင်ပေးရသူ ဖြစ်နေခြင်းကြောင့် အသိုင်းနှင့်အဝိုင်းနှင့်။

သို့ကြောင့် သည်နေရာသည် . . .

ဝီရိယကလည်း နေ့နှင့်ည၊ ညနှင့်နေ့ ပတ်လည်ဝေ့တို့ များစွာပင် ကုန်



ဆုံးသွားစေပြီ။ အဓိဋ္ဌာန်ဝင်ကလည်း လက်ကမချ အရဲပြင်း တင်းနေမှသာ ထိုးဖောက် ပေးနိုင်မည်။

အသိကလည်း လှုပ်တိုင်းသိ၊ သိ တိုင်းကွဲတို့ ပြဲပြဲစင် မြင်နေစေပြီ။ သတိ ဝီရိယများလည်း လက်မလွတ်။ အသိလည်းထက်ထက် သွက်သွက်ဖြင့် တာလွှတ်ပေးနေမှသာ ထိုးဝင်နိုင်စွမ်းရှိမည်။

မအိပ်နှင့် အိပ် အနှိပ်ခံရမည် စိတ်ချ။

မတွေ့နှင့် တွေ အခွေခံရမည် စိတ်ချ။

မတွေးနှင့် တွေး အဝေးနှင်ခံရမည် စိတ်ချ။

မိုက်ရူးရဲပွဲမျိုး မဟုတ်။ ဥပဒေပညာရှင်တို့ ဆင်နွှဲနေသော ပညာရည်တိုက်ပွဲမျိုး။ လက်နက်ကိုင်စစ်ပွဲမျိုး မဟုတ်။ နိုင်ငံရေးသုခမိန်တို့ အားပြိုင်နေသော စကားရည်စစ်ပွဲမျိုး။ သင် စိတ်ပါမှ အသာရမည်။ သင် ဉာဏ်ကြီးမှ ထီးရိပ်ခိုခွင့်ရမည်။ သင် သတိ၊ ဝီရိယ ထက်သန်လွန်းမှ ဦးစွန်းဆံပိုင်ကိုင်ခွင့်ရမည်။

**ဓမ္မသက.** . .

ဤနေရာ၌ အတား၅-မျိုးတွင် . . .

၁။ ထိန၊ မိဒ္ဓ အအိပ်ကြိုက်၊ အငိုက်သန် သင်အတားခံရပြီ။

၂။ ဥဒ္ဓစ္စ ကုက္ကုစ္စ - စိတ်ပူလှုန့် စိတ်ပျံ့ထား သင်အတားခံရပြီ။

ဤနှစ်မျိုးသာ နန်းဝမှစောင့် မျှော်နေကြမည်ဖြစ်ရာ အအိပ်ကြောင့် စိတ်မျက်စိ မှိတ်သွားခြင်းမျိုး လုံးဝမရှိစေအပ်။ အပူလှုန့်၍ စိတ်ပျံ့ကြဲ သွားခြင်းမျိုး လုံးဝမရှိစေအပ်။

ထိုသည့်သင် သည်နေရာ၊ သည်အထား၊ သည်အတားကျော်နိုင်မှ ပညာလည်းပေါ်၊ ဥပေက္ခာအငြိမ်းဖြင့်လည်း ပရိသတ်တို့၏အပေါ် ကျော်နိုင်မည်ကို အထူးသတိပြုလေ။

**မမွေသက. . .**

"နွား ကောင်း၊ မကောင်း ချောင်းအတက်ကျမှ သိရမည်"ဆိုစကား၊ "မအိပ်မနေ အသက်ရှည်၊ တမတ်စောက်စောက် ခရီးရောက်"ဆိုစကား သည်နေရာ သင့်နားထဲ အမြဲအစွဲ ဆွဲချိတ်ထားလေ။ သမာဓိ၊ ဝီရိယကား နှစ်ကောင်ပင်း တစ်ရှဉ်းနွား။ သဒ္ဓါ၊ ပညာတို့ကား မောင်ပေါက်ကျိုင်းထုံး နှလုံးထား။ ထိုသို့ သင် ကြိုးစားနေသော်မှလည်း ရာဂ၊ မာန၊ အဝိဇ္ဇာတို့ တိုက်စားခံရခြင်းကြောင့် နိမ့်ကျနေသော သင့်စိတ်၏ ကျင်း၊ ချိုင့်ခွက်ကား အနက်အကျယ် ဘယ်အရွယ် ဘယ်အရွယ်ရှိမှန်း သင်မသိနိုင်ရာ. . . တစ်လကျော်၍မှ အရမပေါ် တော်ပြီ သင်မလုပ်လေနှင့်။ တစ်နှစ်ကျော်၍မှ အရမပေါ် တော်ပြီ သင်မကြံလေနှင့်။ အသက်နှင့်အမျှ ကျော်သော်မှ အရမပေါ်လည်း တော်ပြီကား သင် မစဉ်း စားလေနှင့်။ ကျော်၊ မကျော်ကား ပြည့်မပြည့်၏ ပေတံနှစ်ချောင်း။ ပြည့်၊ မပြည့်ကား သင်၏ ဆန္ဒ၊ ဝီရိယ နောက်ကြောင်း။

သို့ကြောင့် သည်နေရာ သင်ခံယူထားရမည့် သဒ္ဓါမှာ ရ၊ မရကား ငါ့အရာမဟုတ်။ ငါ့တာဝန်ကား ရဟန်းအလုပ်၊ ရဟန်းလုပ်နေဖို့သာ။ ရဟန်းအလုပ်ကား သတိ၊ ဝီရိယ၊ အသိ ဤတာခြင်းတောင်း သုံးလုံးဖြင့် မြေသယ်ဖို့ဖို့ အလုပ်ပင် ဖြစ်တော့သည်။

သတိ၊ ဝီရိယဖြင့် မြေတွင်တွင်တူး။ အသိက ကျင်းဘက် အတွင်ကူး၍ ကျင်းဖို့ပေးနေရုံသာ။

**မမွေသက. . .**

သင်ကသာ သင့်အလုပ် တွင်တွင်လုပ်ပြနေပါသော် သူကလည်း သူ့အလုပ် တွင်တွင်လုပ်၍ ပြလာချေတော့မည်။

ထိုစဉ် သတိကသာ တွင်တွင်ဆက်၊ ဉာဏ်ပညာကား အလိုလိုထက်ပြလာ



ခြင်းပင်။ အသိကသာ အတည်မပျက်၊ ဉာဏ်ပညာကား အလိုလိုသန့်ပြလာခြင်း ပင်။ သဒ္ဓါကသာ အယုံတက်၊ ဉာဏ်ပညာကား အလိုလိုသွက်ပြလာခြင်းပင်။ ဝီရိယကသာ အရဲဖက် ဉာဏ်ပညာကား အလိုလိုက်တက်ပြလာခြင်းပင်။

ထိုအခါ ကား၊ ရထား၊ သင်္ဘောများ၏ အပေါ်မှနေ လိုက်ပါနေသော ခရီးသည်သည် သူ့ဆိုင်ရာ ယာဉ်တာဝန်ခံများ၏ အစွမ်းပြမှုများကြောင့် ကိုယ်ရောက်လိုရာဒေသ (မသွားရဘဲနှင့်) အလိုလို ခြေချမိသည်ပမာ. . . ဘဝရာဂ ကျင်းပို့သလောက် အကြည့်နှင့် အသိလည်း အလိုလို မို့မောက် လာမည်သာ။ ဘဝမာန ကျင်းပို့သလောက် အရှိနှင့်အတည့်လည်း အလိုလို မို့မောက်လာမည်သာ။ မောဟအဝိဇ္ဇာ ကျင်းပို့သလောက်လည်း အပြည့်နှင့် အသိလည်း ပြောခေါက်၍ဝင်လာကြမည်သာ။

**မမွေသက. . .**

သင့်အား ပါရမီနှင့်ပတ်သက်၍. . .

(က) တဏှာကို ပလပ်၍ အမြတ်သို့ ဖို့တက် တက်နည်းလည်း အထက်က ငါတို့ ပြောကြားခဲ့ပြီးပြီ။

(ခ) သဒ္ဓါကို အထွတ်တပ်၍ အမြတ်သို့ ချဉ်းကပ်နည်းလည်း ယခု ငါတို့ ပြောကြားခဲ့ပြီးပြီ။

သင့်ဘက်ကသာ သင့်ရာနည်းရွေး၍ နိမ့်ကျနေသောစိတ် ဖို့သိပ်ပေး ရန် လိုတော့သည်။ မှောင်တွဲလွဲ မည်းတူတူ သင့်စိတ်ဓာတ်ကို အဖြူအဆွတ် အထိ ကြေးချွတ်ပေးရန်သာ လိုတော့သည်။

သင်ဘယ်နည်းဖြင့် ပါရမီစဉ်ခရီးဘက် ဖို့ဖြည့်ရင်းတက်တက် သစ္စာ လေးချက်ဖြင့် လေးဆီတက် တက်ပြီးမှ ရောက်ခွင့်ရသော ဤလမ်းဆုံးနေရာ ရောက်မှသာ ပါရမီပြည့်ပြီ။ စိတ်နိမ့်များလည်း ပကတိဖြစ်လာပြီ။ အမြင့်ကပ် အမြတ်ထွက်လာပြီဟူ၍ ယာယီ မှတ်သားထားလေ။ ခရီးစဉ်၏ လမ်းဆုံး

ဘူတာဆိပ်ကား သည်နေရာ။ သို့သော် နေအိမ်အထိမရောက်သေး။ သို့ကြောင့် ယာယီသာ မှတ်သားထားလေဦး။

တစ်ဖန် ဒုက္ခမျိုးစုံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော သင့်ခန္ဓာကြီး. . . ကံ တာဝန်ခံများကလည်း သူ့သက်တမ်းစေ့သဖြင့် သက်ပြည့် ပင်စင် ယူသွားကြလေပြီ။ စိတ် တာဝန်ခံများကလည်း သွေးရှိန်ပြတ်သဖြင့် အလုပ်က ရပ်နေကြလေပြီ။ ဥတု တာဝန်ခံများတွင်လည်း အပူငွေ့က သက်စေ့သဖြင့် သက်ပြည့် ပင်စင်ယူသွားလေပြီ။ အာဟာရ တာဝန်ခံများက လည်း အပူငွေ့ အလုပ်မဆင်းတော့သဖြင့် ရိက္ခာ သွင်းမပေးကြလေပြီ။ သည်အခါ သင့်ဖြစ်စဉ်ဘဝ သင့်တပ်ပေါင်းစုခန္ဓာ ဒုက္ခစဲ ပွဲသိမ်း အငြိမ်း၏ နောက် အငြိမ်းဖြင့် စည်တီး၍ အငြိမ်းစံ ပွဲခံတော့ချေရာ. . .

မမွေသက . . . သင့်ပါရမီဖြည့်ကာလ သည်ကျမှ ပြည့်ဝပြီ ဟူ၍မှတ်။

မမွေသက. . . သင့်အတောင့်တဆုံးသောအဖြူ သည်ကျမှ ယူရပြီမှတ်။

မမွေသက. . . သင်အမျှော်လင့်ဆုံးသောအမြင့် သည်ကျမှ ပွင့်ပြီမှတ်။

အောက်မည်းတူများ၏ အမျှော်လင့်ဆုံးပန်းတိုင်က တဏှာချင်းဆုံ ထိုမေထုန်။ ထိပ်ဖြူမြင့်များ၏ အမျှော်လင့်ဆုံးပန်းတိုင်က တဏှာပြတ်ကုန် နိဗ္ဗာန်ဘုံ။ မြေနှင့် မိုး၊ ရေအောက်သဲနှင့် သောင်သဲမျိုး။

✶



## ဆယ်,ဆယ်ချင်းချွတ် အမည်းက ဖြူဖြူစွတ်

**မမွေသက . . .**

သင့်စိတ်ကိုအပူကဲ၍ အမှောင်ထဲဆွဲကျင့်သော ကိလေသာဆယ်ပါးနှင့် သင့်စိတ်ကို အအေးဖက်၍ ဘေးမဲ့ရာဘက် တက်ရောက်ပို့ပေးသော ပါရမီဆယ်ပါး . . . ဤဆယ်ပါးချင်းတို့၏ စစ်ပွဲကျင်းပုံများကို ဆက်လက် ပြပါရစေဦး။

**မမွေသက. . .**

ကိလေသာသည် စိတ်ကို ပူပန်စေတတ်၊ နှိပ်စက်တတ်၏။ သို့တစေ လည်း ထိုကိလေသာ အဖော်မပါ ဘယ်နေရာမှာမှ အစွမ်းမပြတတ်ကြပါ။ တစ်ဖန် သံယောဇဉ် စိတ်နှင့်ပူးယှဉ် စိတ်နှင့်အရောတဝင်နေသော ဆယ်ပါး။ သို့ကြောင့် ထိုကိလေသာ သူ့အာဏာအရပ်ရပ် သံယောဇဉ်သို့ လွှဲအပ်ပေး လိုက်ရပါပြီ။ ကိလေသာ တိုက်စားဖို့ ရေလာမြောင်းပေးကား သံယောဇဉ်ဖြစ် သွားပြီ။ ရေတိုက်စားရာ မြေဖို့ ကုန်းမို့မို့သို့ကား ပါရမီ ဖြစ်လာပြီ။

တစ်ဖန် ကိလေသာ သံယောဇဉ်များအတွက် ပွဲဝင်ပေးနေရသည်က ဒုစရိုက် တရားဆယ်ပါး . . .။

စိတ်ကူး ကျူးထိုးက သုံးမျိုး- အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။

နှုတ်ထွက် ဖျက်ထိုးက လေးမျိုး- မုသာ၊ ပိသုဏာ၊ ဖရုသ၊ သမ္ဖပ္ပလာပ။

ကိုယ်ဆက် ဖက်ထိုးက သုံးမျိုး- ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာ . . .၊ ပေါင်း ၁၀ - ပါး။

**ဓမ္မေသက . . .**

ဆယ်ပါးသုံးသွယ် ထိုသုံးဆယ်တို့တွင် အဓိကနေရာမှနေ အုပ်ချုပ်ကြိုးကိုင် ခတ်ခွက်နှင့်အာရုံ ဆုံကိုင်ပေးနေသူမှာ သံယောဇဉ်သာ။ သို့ကြောင့် သင်၏ ဤပါရမီဆယ်စခန်းကို ထိုသံယောဇဉ် ဆယ်တန်းဖြင့် လမ်းဖွင့်ကြည့်ကြစို့။

**ဓမ္မေသက . . .**

သင့်အား မြှောက်ပင့်နေသည်မှာ ဓန။ သူဌေးမင်း၊ လူကြီးမင်း စသည် မြှောက်ပင့်စကား သည်ဓနက မဟုတ်လား။

တစ်ဖန် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ စတည်းချရာဒေသကလည်း သည်ဓန။ ပစ္စည်းရှိက ကာမမျှော်၊ မာနမျှော်၊ ဒိဋ္ဌိမျှော် လျှော်သလောက် အောင်ပြီးသား။ ထိုအခါ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာနှင့် ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်တို့ လှိုင်လှိုင်ကြီး ပြိုင်ဝင်လာကြရာ . . . ငါ့လို သူများကောင်းစားလာကြတော့မည်ဆို မစ္ဆရိယမနာလိုက မှိုတက်လာချေပြီ။ ငါ့ထက်သာဆို ဣဿာ မနာလိုက မှိုထွက်လာချေပြီ။

**ဓမ္မေသက . . .**

ထို မစ္ဆရိယ၊ ဣဿာနှစ်ခုစလုံး ဓန၌ စုရုံးသည်။ ငါ၊ ငါ့ပစ္စည်း၊ ငါပိုင် သုံးခုတို့လည်း ဓန၌သာ စုရုံးသည်။ သင်းကြောင့် ကိလေသာနောက်မှု အလျှိုအလျှိုပေါ်သည်။ သင်းကြောင့် သံယောဇဉ်တရားကိုယ် အလျှိုအလျှိုပေါ်သည်။ သင်းကြောင့် ဒုစရိုက်အဆင့်ဆင့် အိပ်ခန်းဖွင့်၍ အဝင်ခံရသည်။



**ဓမ္မေသက . . .**

သည်လိုဆို သင်ကိုင်ထားသည့်ဓနသည် သူပုန်စခန်းလား၊ စစ်တန်းလျားလား။ သည်လိုဆို သင်ပိုင်ဆိုင်ထားသောဓနသည် ရန်ဘက်လား၊ မိတ်ဆွေလား။ ထိုကိစ္စ သင် ဖြစ်ခဲ့ပြီးများ ပြန်စစ်ကြည့်၊ သင်ကိုယ်တိုင် သိနိုင်လောက်ပါ၏။

**ဓမ္မေသက . . .**

၁။ သင်သည် သင့်ရှေ့က သွားပြနေသော ပါရမီခရီးသွားများကို အားကျ၍ ဖြစ်စေ၊ သင်ကိုယ်တိုင် ဓနက ဓားပြဖြစ်နေပြီကိုသိသဖြင့် တစ်ဖက်လှည့်လို၍ ဖြစ်စေ မစ္ဆရိယသံယောဇဉ်ခြေကုပ်ယူထားသော ထိုဓနထုပ်ကို သဒ္ဓါ တပ်စွဲထားသည့် ဤဒါနအလုပ်ဖြင့် ထုတ်ပစ်အံ့၊ ဆုံးဖြတ်လျက်က ငါကိုင် အရှိကို လက်ကချွတ် လွတ်လွတ်စွန့်လိုက်သည်။ ငါပိုင်အသိကိုလည်း သတိ၊ အသိတို့ဖြင့် စိတ်မှချွတ် ငါစွဲ အမည်းပါ လွှတ်လိုက်ပြီ။

ထိုအခါ သင့်၌ ဓနတစ်ထုပ် လက်ကမဲ့၊ မစ္ဆရိယငုတ်လည်း နဲ့တော့သည်။ ဒါနအလုပ် လက်မှာမြဲ မစ္ဆရိယလည်း အလုပ်စဲတော့မည်။

**ဓမ္မေသက . . .**

အကယ်တိတိ သင့်မှာ တဏှာလျှော်သဖြင့် အပျော်ဖက်၍ ဒါနပွဲတက် ဖြစ်နေ၍ ဖြစ်စေ၊ မာနကိုင်သဖြင့် အပြိုင်ဖက် ဒါနပွဲထွက် ဖြစ်နေ၍ ဖြစ်စေ၊ ဒိဋ္ဌိ ဖော်သဖြင့် အမျှော်ဖက် ဒါနပွဲဆက် ဆက်နေ၍ ဖြစ်စေ၊ ပွဲများကသာ သက်စေ့ကျ မစ္ဆရိယသံယောဇဉ်က ထက်ရှမြဲ ထက်ရှနေပါသော် . . . ထို သင့်ဒါနက ကုသိုလ်ဖြစ်မျှသာ ခရီးတွင်မည်။ ပါရမီသို့ အဆင့် မဝင်။ သင့်ဒါနဖြင့် ပါရမီ ပြည့်၊ မပြည့် သင့်မစ္ဆရိယ ယခုနှင့် ယခင်အရှိ ယှဉ်ကြည့်လေ။

ဒါနနှင့် မစ္ဆရိယ သင့်စိတ်ကို မြှင့်ပွဲနှင့်နှိပ်ပွဲ ထိပ်တိုက်ကျဲသောအတွဲ။

**ဓမ္မသက** . . .

၂။ နောက်တစ်တွဲက သီလပါရမီနှင့် ကုက္ကုစ္စသံယောဇဉ်များဖြစ်ကြရာ ကုက္ကုစ္စကား ငါသာ ချမ်းသာချင်၏။ ငါသာကောင်းစားချင်၏။ ငါနှင့်စာ ဘယ်သူဘာဖြစ်ဖြစ်ဖြင့် စိတ်ကို အညစ်ဆင် ဆင်ပေးနေပါသည်။

သီလကား ကုက္ကုစ္စနှင့် ပြောင်းပြန်။

သို့ကြောင့် ငါ့ကြောင့် အများမဆင်းရဲအောင် ငါ့ထံရှိ ရာဂနှင့် ဒေါသ အပေါင်း ထိန်းကျောင်းထားမည်။ ငါ့ကြောင့် အများချမ်းသာလာအောင် ငါ့ထံရှိ အစွဲအမှောင့် သတိဖြင့်အစောင့်ချထားမည်။ သို့ဖြင့်ပင် သရဏဂုံဖြင့် ထုပ်ပေးလိုက်သောသီလကို ဆရာ့ထံမှ ခံယူလိုက်သည်။ သို့ဖြင့်ပင် သရဏဂုံကို သတိဖြင့်ဖေး၍ စိတ်အတွေး အပြေးကိုထိန်းပေးနေပြီ။

ထိုစဉ် သင့်စိတ် ချစ်တွေး၊ မုန်းတွေးများ ဆိတ်နေလျှင် သီလဖြူစင် သည်ဆိုရပြီ။ သီလဖြူစင်က သူတကာတို့ ချမ်းသာ ပျော်ရွှင်စွာနေပါသည် တို့ကို အကြိုက်ဖြင့် လိုက်လံသိမ်းပိုက်ခြင်းပြုမည် မဟုတ်တော့ပါ။ အမုန်းဖြင့် လိုက်လံ တိုက်ခိုက်ခြင်းလည်း ပြုမည်မဟုတ်တော့ပါ။ ကြိုက် မရွံ့ နှစ်ပါးစုံဖြင့် သူတစ်ဖက် အပျက်ဖျက်တော့မည် မဟုတ်ပါ။

သည်အခါ သင့်စိတ်တွင်း ကုက္ကုစ္စဖျာခင်း အလျှင်းမရစေပါ။ သည် မှာလည်း သီလကသာ အသက်နှင့်အမျှယူ ကုက္ကုစ္စက အလံထူမြဲ ထူပြနေ ပါသော် သင့်သီလ ကုသိုလ်ဖြစ်သီလမျှသာ ပါရမီအရာသို့ ဝင်မလာ သေးပါ။

**ဓမ္မသက** . . .

ပါရမီဆယ်ချက်တွင် ဤဒါန ဤသီလတို့သည် ပွဲဦးထွက် တိုက်ကင်း။

ဘာ့ကြောင့်. . .။ သင်မေးခဲ့သော်. . . ဒါနနှင့် သီလတို့သည် လူနှင့် တိရစ္ဆာန်တို့၏နယ်ခြားမျဉ်း ဖြစ်နေသည်က တစ်ကြောင်း၊ ဆိုးကံဖယ် ကောင်းကံဆယ်ရင်း တက်မှ ဆူလွှယ်နပ်လွှယ်ဖြစ်လာမည်က တစ်ကြောင်း၊



ကိုယ်ကောင်းစားခြင်းနှင့် စိတ်ချမ်းသာခြင်းနှစ်ပါး လက်တွင်းထားရှိမှ ဖြည့်သာမည်က တစ်ကြောင်း၊ မပြည့်သေး အထက်သောင်တင် ပြည့်မီသော် ကမ်းအထိ ဖြည့်ခွင့်သာသည်က တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ယင်းတို့ကို ရှေ့တန်းထားရသည်။

တစ်ဖန် ယင်းတို့သည် အများနှင့် လက်လှမ်းမီဖြစ်နေ၍လည်း ရှေ့တန်း ထားရသည်။

၃။ နောက်တစ်တွဲက နိက္ခမပါရမီနှင့် ကာမရာဂ သံယောဇဉ်အတွဲဖြစ်ရာ ကာမရာဂ သံယောဇဉ်က အမဲကြိုက်သမား နွားမြင် လက်ညှိုးတစ်ထိုးထိုးမျိုး။ နိက္ခမက အာရုံကင်းဆိတ်ရာ စိတ်ကိုသိပ်၍ ချွေးတိတ်စေသည့်အမျိုး။

ထိုစဉ် သင်သည် ကိုယ်ကို လူသူကင်းရာတောသို့သွင်း ပြင်ပအာရုံများ နှင့် ကင်းကင်းထား၊ စိတ်ကိုလည်း ဝီရိယ၊ သတိ၊ အသိတို့ကြားသွင်း အတွေး အပြေးများနှင့် ကင်းကင်းထား၊ မလျှော့နှင့် လျှော့က အတွေး အပြေး ဆော့တတ်သည်။ မပေါ့နှင့် ပေါ့မိက အတွေးကပင် အရေးဖန် ကိုယ်တောင် ရှာပြန်ပေးရလေဦးမည်။

**ဓမ္မသက** . . .

ဤနိက္ခမ၏တာဝန်သည် စိတ်တွင်းပုန်းကာမ လမ်းဆုံးအထိ ဖိချရန် ဖြစ်၏။ အတွေး အတွေ့မကူ၊ ထိုအတွေး ဝီရိယ၊ သတိ၊ အသိတို့နှင့် ဘေးချင်း မယှဉ်နိုင်။ ဝီရိယ၊ သတိ၊ အသိတို့ကသာ နေရာယူ စိတ်လည်းအေး၊ အပြေးရပ်၊ အတွေးလည်း ဝင်မကပ်နိုင်။

သို့တစေလည်း ထိုစိတ် တောဝင်ခါစသာ အားငယ်နေသေးသဖြင့် ဝီရိယ၊ သတိ၊ အသိတို့၏ အနားနေ မှင်သေသေ ရှိနေတတ်သော်လည်း တောအခြေ အနေကြာ နေရာတကာနှင့် သူရင်းနှီးသွားသောအခါ . . . ဝီရိယက ဖိလည်းမအိ ကတောက်ကဆတ်အသိဖြင့် ဘောက်သိ သိပေးလာ

တတ်သည်။ သတိက ဖိလည်းမကြည့် ဘုန့်ဘောက်အသိဖြင့် ဖေါက်သိ သိပေးလာ တတ်သည်။ အသိက ဖိလည်း မဖြည့် မြှောက်ကြွကြွ အသိဖြင့် မထိတထိ ကလိလာတတ်သည်။ သင့်အတွက် အရေးအကြီးဆုံးမှာ မယားနေစ ကြောင် သေမှ စကားအတိုင်း တောဝင်စ သိက္ခာဘက်က စိတ်ကို အပိုးချိုးထားပေးဖို့ပင်။ မလျှော့နှင့် မပေါ့နှင့် စကား စစ်ဦးဘီလူးသို့ တရား မောင်းပြင်း ထားပေးဖို့ပင်။

**ဓမ္မေသက . . .**

သင့်၌ ငါး သေ၊ မသေ ဤနည်းဖြင့် စမ်းသပ်ကြည့်လေဦး။ ယင်းမှာ သင် မြို့၊ ရွာနေစဉ်တုန်းက အထိဆုံးသော အာရုံ အမိဆုံးသော ခံစားကွက် အငြိဆုံးသော အစွဲအမက်များ အရွယ်လိုက်၍လည်း ရှိနိုင်၏။ ညဉ့်၊ စရိုက် လိုက်၍လည်း ရှိနိုင်၏။ ဗီဇနှင့် ပတ်ဝန်းကျင်လိုက်၍လည်း ရှိနိုင်၏။

ထိုအစွဲဆုံး အမက်ဆုံးထဲမှ တစ်စွဲ ဆွဲထုတ်ပြီး စားမြုံ့ပြန်ကြည့်လိုက်ပါ။ ထိုစဉ် ငါးကြီး အမြီးလှုပ်၍ ခေါင်းယမ်းပြလာလျှင် သင့်ငါး မသေသေးပါ။

အမြီးလှုပ်လာခြင်းကား အတိတ်ကာမ 'ဇ'ပြလာခြင်း။

ခေါင်းယမ်းခြင်းကား နောင်ဖို့ဖြင့် လျှိုဝင်လာခြင်း။

**ဓမ္မေသက . . .**

သင်သည် ဤစမ်းသပ်နည်းဖြင့် သည်တစ်စွဲက မလှုပ်၊ နောက်တစ်စွဲ နောက်တစ်စွဲ ပွဲထုတ်၍ အစွဲငုတ် လှုပ်နှံ့ကြည့်ပါလေ။ အကယ်တိတိ သင်သည် အာရုံငါးပါး ပါးဆိတ်ရာ တောသို့ဝင် သိက္ခာယာဉ်ပြင်၍ စိတ်ကို မြှင့်တင်ပေးနေသော်မှ ကာမအာရုံမှစိတ်မထွက် ကလက်မြဲကလက် နေပါသော် သင့်နိက္ခမကား ကုသိုလ်ဖြစ် နိက္ခမမျှသာ ပါရမီဘက်သို့ ခရီး မဆက်လာသေး။ တောလောက်ရသော တောရရှင်ကား ဖြစ်လာ၏။ နိက္ခမပါရမီရှင်ကား မဟုတ်ချေသေး။



၄။ နောက်တစ်တွဲက ခန္တီနှင့်ပဋိဃ သံယောဇဉ်။

ထိုစဉ် ပဋိဃသံယောဇဉ်က စိတ်ကို ငြိုးတေးပြစ်မှား အာဃာတ ထားပေးနေသည်။ ခန္တီပါရမီက ကောင်းကောင်း၊ ဆိုးဆိုး မတုံ့ပြန်။ စိတ်ကို အာမခံပေး၍ အချုပ်လွတ်နေစေသည်။ အလွတ်နှင့် အဖမ်း လမ်းတွေ့က လက်ကမ်းကြိုဆို၍ မရပမာသာ။

**ဓမ္မေသက . . .**

ငရုတ်သီး၏အရသာသည် သူ့ သဘာဝကပင် အစပ်၊ အပူဖြင့် အလံ ထူပြနေ၏။ သင်ကြိုက်၍လည်း ပိုလာလိမ့်မည်မဟုတ်။ သူ့သရုပ်နှင့် သူသာ။ သင်မကြိုက်၍လည်း လျှော့သွားလိမ့်မည်မဟုတ်။ သူ့အလုပ်နှင့်သူသာ။ သည်အကြောင်း ကောင်းကောင်းသိ၊ ငရုတ်သီးစားရင်းက ငရုတ်သီးနှင့် ရည်းစားဖြစ်လာလိမ့်မည် မဟုတ်၊ ငရုတ်သီးစားရင်းက ရန်ငြိုးထားမိမည် လည်း မဟုတ်။ သည့်အတူ ထန်းလျက်မို့ ချိုသည်၊ မြေပဲမို့ ဆိမ့်သည်၊ ကြက်ဟင်းခါးမို့ ခါးသည်များ၌လည်း ဗီဇရှိသဘာဝသတ္တိများ၏ အစွမ်းပြ မျှသာ ဖြစ်နေတော့၍ ချစ်၊ မုန်းနှစ်ပါး ထားခွင့်မရ။ ထားလျှင်လည်း ထားမိသူ အရှုံး ဖြစ်ရုံမျှသာပမာ. . . ။

လူတွင် သူတွင်လည်း မျိုးဗီဇတို့၏သဘာဝသတ္တိအရ လည်းကောင်း၊ နောက်ပါညဉ့်၊ စရိုက်၊ ဝါသနာများ၏ လှုပ်ရှားမှုအရ လည်းကောင်း လက်ရှိ ကံ၊ စိတ် ၊ ဥတု ၊ အာဟာရတို့၏ လက်ပေါ်မှနေ သရုပ်ထွက်၍ ပြနေကြ ရရာ ရာဂကြီးသမား၏ အပို့အကြိုများကလည်း သင့်မို့လို့ မထင်ပါလေနှင့်။ ဘာတွေ့တွေ့ သူ့ရှိ ရာဂငွေ့ ဝေ့ပြနေမည်သာ။ ဒေါသကြီးသမား၏ အတို့ အစများကလည်း သင့်မို့လို့မမှတ်ပါလေနှင့် ဘာတွေ့တွေ့ သူ့အရှိ ဒေါသငွေ့ လျှေ့ပြနေမည်သာ။ မောဟကြီးသမား၏ ပြောတိုင်းရမှုများကလည်း သင့်မို့လို့ မတွေးပါလေနှင့်။ ဘာနင်းနင်း သူ့မောဟက ဖျာခင်းပေးနေမည်ချည်းသာ။

**ဓမ္မေသက** . . .

သင် သည်သို့ သူဖြစ်ရင်း ဆင်းကြည့်နိုင်ရန်မှာ. . . သင့်အတ္တကို အနတ္တနှင့် လဲလှယ်ပြီးမှသာ အတွင်းမြင်နိုင်သည်။ သင့်ပညတ်သိ ပရမတ်နှင့် မြှုပ်သတ်မိမှသာ ထွင်းသိနိုင်သည်။ သို့ကြောင့် နိက္ခမမှနေ ပါရမီအဆင့်သို့ ဝင့်တက်လာသော ဤပဋိဃသံယောဇဉ်ကို ထိုခန္တီက ကျော်တက်လာနိုင်ပေရော့မည်။

ထိုစဉ် အကောင်းတိုက်၌ သင့်ဉာဉ်စက်လည် အဆိုးကျ ခံနိုင်ရည်လိုတော့သည်သာ။ အဆိုးကား အကောင်းမှထဖြစ်သော ရောင်ပြန်မျှသာ။ အကြိုက်လာအပေး သင့်သွေးလည်၊ အတိုက်ကျ ခံနိုင်ရည်လိုတော့သည်သာ။

အကယ်တိတိ သင့်မှာ အဆိုး ခံတော့ခံနိုင်သား။ သို့တစေလည်း သင့်စိတ်၌ အာဃာတအရိပ်က ကျမြဲကျနေချေသော် သင်သည် ခန္တီမှနေ၍ ပါရမီမြေ ခြေမချနိုင်သေး။ ယင်းကို စခန်းမဝင်ခင်က အာဃာတနှင့် ယခုလက်ရှိ အာဃာတ ဇယားချ၍ကြည့်လေ။

၅။ နောက်တစ်တွဲက သစ္စာပါရမီ နှင့် သီလဗ္ဗတပရာမာသ သံယောဇဉ်တို့အတွဲ . . .

**ဓမ္မေသက** . . .

သစ္စာဆို၍ အတားနှင့်အဆီးကို ဖြိုချပစ်ရာ၌ အမှန်ဆိုဖြို၍ရ၏။ သို့တစေလည်း ဤပါရမီဖြစ်လမ်း၌ကား လောကီမှန်ဖြင့် မရနိုင်။ သို့ကြောင့် ဤ၌ မဂ္ဂင်ယာဉ်ဖြင့် လမ်းဝင်ထားသော ပရမတ္ထသစ္စာရှိ ထွန်းသစ္စာနှစ်ပါးကိုသာ အဓိက ညွှန်းဆိုမည်။

ထိုစဉ် သီလဗ္ဗတပရာမာသသံယောဇဉ်က သစ္စာမမြင် မဂ္ဂင်မပါကျင့်နေလျှင် ချမ်းသာသည်ဟု အယူသီး ဒိဋ္ဌိ စိတ်သို့ထည့်ပေးထားလိုက်သည်။



သစ္စာပါရမီက သစ္စာလေးပါး ထွင်းသိသိအထိ စိတ်ကိုအားဖြည့်ပေးထားမည်။

ထိုအခါ ထိုသစ္စာသိစိတ် အယူသီးသောအရိပ်ပြယ် သစ္စာ၏အခြယ်အလှယ်ဖြင့်သာ နေတော့ရာ. . . အယူသီးတို့ကြားဝင် သစ္စာဆို၍ ဖျင်နိုင်စွမ်းရှိလာပြီ။ အယူသီးတို့က ရှေ့ကတား သစ္စာစကားဖြင့် ဖယ်ရှားနိုင်လာပြီ။ အယူသီးတို့က ပိတ်ဆို့ သစ္စာဆို၍ ဖွင့်နိုင်လာပြီ။

**ဓမ္မေသက** . . .

သင့်ထံရှိ ဤသစ္စာလက်နက်သည် သင့်အဓိဋ္ဌာန် အောင်၊ မအောင် စမ်းသပ်ရာ၌လည်း အသုံးဝင်၏။ သင့်ဖြည့်အားများ ပြည့်၊ မပြည့် စမ်းကြည့်ရာ၌လည်း အသုံးဝင်၏။ သင် အရေးတစ်ခုခုပေါ် ကျော်ရာ၌လည်း အသုံးဝင်၏။

အကယ်တိတိ . . . သစ္စာဆို၍မှ အယူသီးများ သင့်စိတ်၌ အမြစ်တွယ်နေသေးသော် ပါရမီမဖြစ်လာသေး။ သစ္စာဆို၍မှ တစ်ဖက်အယူသီးများ သင့်အပါးမှမခွာ ပါရမီမဖြစ်လာသေး။ သစ္စာသည် သင့်၌ အမှန်သိ၊မသိ, ရှိ၊မရှိ စမ်းသပ်ကြည့်ရာ၏ လက်နက်။ သစ္စာသည် သင့်ရှိ သမ္မာသိစိတ်ဓာတ်အင်အားဖြင့် အတားဖယ်ရှားရာလက်နက်။ သို့ကြောင့် ဤသစ္စာပါရမီသည် အလောင်းတော်ကိုင် တန်းမြင့်သစ္စာဟူ၍ မှတ်လေ။

၆။ နောက်အတွဲက မေတ္တာပါရမီ နှင့် ဒိဋ္ဌိသံယောဇဉ်တို့အတွဲ။

**ဓမ္မေသက** . . .

ဒိဋ္ဌိသံယောဇဉ်သည် ငါ့တစ်ကိုယ်ကောင်းဝါဒကို နှလုံးသွေးပင်မမှသည် တစ်ကိုယ်လုံးသို့ စီးပြေးနေကြသောသွေးများ၊ ထိုသွေးများနှင့်ဆက်နွယ်နေကြသည့် သဏ္ဌာန်ပေါ်အဖွဲ့အစုများအထိ သိုသိပ်သွင်းပေးထားပြီး စိတ်ကို ငါ အယူအဆထဲ စွဲနစ်စေ၏။

မေတ္တာပါရမီကား ကိုယ်နှင့်သူ တန်းတူထား တစ်သားတည်းစိတ်မွေး ပေးထားသည်။ ကိုယ်ကျိုးကို စွန့်ချစေပြီး အများကောင်းစားရေးသို့ စိတ်ရှေးရှုစေသည်။ ကိုယ်သာလျှင် အနစ်ခံ၊ အနာခံ အများကျ သာသာစံဖြစ်အောင် ဖန်တီးပေးစေသည်။ သို့ကြောင့် ငါကောင်းစားရေး လုပ်ငန်းရှင် အတ္တဒိဋ္ဌိက မေတ္တာဝါဒသမားရှိရာ လှည့်မလာတတ်။ ငါကျိုးစွန့် မေတ္တာရှင်ကလည်း အတ္တသွေးရှင်ရှိရာဆို မဝင်။ သို့တစေလည်း အောင်ပွဲခံနေရာက ဖျာတစ်ချပ်မျှသာ ခင်းထားရာ . . . အရင်ဝင်သူ အောင်ပွဲခံ နောက်ကျသူ နောက်လှည့်ပြန်ပမာ။

လူတစ်ဦး အကြည့်ကတစ်ကြည့်၊ အထိကလည်းတစ်ထိ၊ အသိကလည်း တစ်သိမျှသာရှိချေရာ မေတ္တာနှင့်ဒိဋ္ဌိ ထိုစိတ်တစ်စိတ် သူချိတ် ကိုယ်ချိတ် လုချိတ်ကြရပေတော့မည်။

ထိုစဉ် ဒိဋ္ဌိသည် သံယောဇဉ်၌လည်းပါ၏။ ကိလေသာ၌လည်း ပါ၏။ ဒုစရိုက်၌လည်း မိစ္ဆာဒိဋ္ဌိ မနောဒုစရိုက်အဖြစ် ပါ၏ချည်းဖြစ်ရာ အစည်းအရုံးအားလည်း ကောင်းသည်။ အကုသိုလ်စေတသိက်အမည်လည်း ခံသည်။ အပေါင်းအသင်းကလည်း များသည်။ သူနှင့်စိတ် ဘဝများစွာလည်း အတူတူ အိပ်ခဲ့ဖူးလှပြီ။

သို့ကြောင့် ထိုဒိဋ္ဌိကား စိတ်၏အတွင်းလူ၊ စိတ်၏မိတ်၊ စိတ်ကိစ္စမှန်သမျှ လိုက်လံဆောင်ရွက်ပေးနေသူဖြစ်နေချေရာ . . . မမြင်လိုက်နှင့် မြင်သည်နှင့် ငါအလျင်ဝင်ပြီးသား။ မကြားလိုက်နှင့် ကြားစဉ်၌ပင် ငါက နေရာရပြီးသား။မေတ္တာကား ယခုမှ လက်သင် သူတော်ကောင်းများနှင့်ပေါင်းမိမှ စိတ်ကပ်ခွင့်ရ၊ အရွယ်ပုံမှန် သွေးပုံမှန်လည်ပတ်နေမှ စိတ်အစဉ် ဝင်ပြင်ပေး၍ရ ဖြစ်နေခြင်းကြောင့် မေတ္တာနေရာမှန်ရဖို့ တော်တော်ကြိုးစား ရဦးမည်။ အပေါင်းအသင်း ကရုဏာ မုဒိတာ ဥပေက္ခာများလည်း စုဆောင်းရဦးမည်။



အားကိုး ဗိုလ်၊ ဣန္ဒြေ၊ မဂ္ဂင်၊ ဗောဇ္ဈင်များကိုလည်း လိုက်လံရှာဖွေရဦးမည်။

သို့တစေလည်း မှားသူနှင့်မှန်သူ ရေရှည်ကျ မှန်သူကသာ နေရာယူအောင်ပွဲခံရရိုး ထုံးစံရှိချေရာ မေတ္တာသည် မေတ္တာအင်အား တောင့်တင်းရန်အတွက် သမထစျာန် ဝင်စားရာ၌လည်း အာရုံ၌တည်၍ ငါကို ဖြေချပေးနေသည်။ ဝိပဿနာစျာန် ဝင်စားရာ၌လည်း သမာဓိကိုမှီ၍ ငါကို ဖြေချပေးနေသည်။ ထိုစဉ် သူ့အထိ သူ့အသိက မိနေလျှင်ပင် ဝိတက်စျာန်၊ ဝိစာရစျာန် အရံဝင်လာပြီ။ သူ့အထိ သူ့အသိကသာမိ ငါသိ သူသိလည်း မရှိတော့ပါ။ ပီတိ၊ သုခ၊ ဧကဂ္ဂတာကျ အထိသာ စျာန်ရည်လှည့် မေတ္တာလည်း မေတ္တာရှိနေရာရတော့သည်။

**မမွေ့သက . . .**

ပါရမီအထုပ်ထမ်း လူပွဲတန်း သင်လမ်းလျှောက်နေရာ၌ မိဘမေတ္တာ၊ ဆရာ့မေတ္တာ စသည်များလောက်နှင့် မလုံလောက်။ ဘာ့ကြောင့်မေး၊ မိဘသည် မိမိတို့သားသမီးများအပေါ်၌သာ ကလနား မသတ်ရှိမည်။ ကိုယ့်သားသမီးနှင့် သူ့သားသမီး ခတ်ဖက်တွေ့လာလျှင်ကား ဘောင်ခတ်စည်းခြား တုတ်စိုက်တမံကြီးများပင် ကာခြားထားလိုက်ကြတော့ရာ ကျဉ်း၏။ ရေစီးသာရုံ မြောင်းသာသာရှိ၏။

သည့်အတူ ဆရာသည်လည်း မိမိတပည့်၌ကား မိမိနှင့်တန်းတူထား၍ မိမိတတ်သလို တတ်စေချင်၏။ မိမိတော်သလို တော်စေ့ချင်၏။ မိမိသိသလို လည်း သိစေချင်၏။ အကယ်တိတိ . . . ကိုယ့်တပည့် သူများတပည့်က ဖိမည် ထိမည်ရှိလာ သောအခါတွင်ကား အဝန်းရေပေါ် အဖျားကော လယ်ကဲ့သို့ ထိုတစ်ဖက်သို့ ပိုရေ မတက်စေတော့ပါ။ သို့ကြောင့် ပါရမီသို့ အဆင့်တက်ရာရှိ မေတ္တာသည် အတ္တဒိဋ္ဌိဝင်ခွင့်မရစေသော အနန္တမေတ္တာ အနန္တသတ္တဝါ အာရုံထားမေတ္တာသာ အဆင့်မီပါတော့မည်။

**မမွှေသက . . .**

သင့်စိတ် ဒိဋ္ဌိသံယောဇဉ် ချည်တိုင်ငုတ်မှ ဖြုတ်လွှတ်ပေးမည့် သင့်မေတ္တာသည် ငါဖြုတ်၍ သူမျှသာ လက်ကျန်ကပ်ထားသော ပထမမင်္ဂ အဆင့်မရောက်မီ ဤဈာန်ရည်သွင်း၍ ကိုယ်ချင်းစာတတ်လာသော မေတ္တာပင်ဖြစ်ရာ. . . အကယ်တိတိ ငါခြင်းတောင်းထဲ စိတ်ထည့် တစ်ဆိတ်ရှိ ငါနှင့် ချည်းမိနေသေးသော် သင့်မေတ္တာ ကုသိုလ်ဖြစ်မေတ္တာမျှသာ။ ဈာန်မလည် ပါရမီ မဖြစ်နိုင်သေး။

ယင်းကို သင်ရှိစိတ် ယခုနှင့်ယခင် ချိန်ခွင်ချိတ်၍ ချိန်ကြည့်လေဦး။

၇။ နောက်အတွဲက ဥပေက္ခာပါရမီနှင့် မာန သံယောဇဉ်တို့အတွဲ။

**မမွှေသက . . .**

ဥပေက္ခာများကလည်း အများသား။ ထိုစဉ် အစဥပေက္ခာက မောဟ အဖော်ခေါ်ထားသည့် မသိကျိုးကျွန်ပင်ဖြစ်ရာ ပါရမီအထုပ်ထမ်း လူတန်းထဲ လှမ်းဝင်ရာ၌ မလုံလောက်သေး။ ဤ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ ထောက်ခံထားသော ဥပေက္ခာသည်သာ ပါရမီသို့လည်း ခရီးဆက်။ အာရုံသုံးချစ်၊ မုန်းတို့နှင့်လည်း မပတ်သက်ရှိချေမည်။ မာနက လာမစနှင့်။ ငါက သည်လို သည်လိုအစားဖြင့် သင့်စိတ်ကို တစ်ဖက်ပြိုင်များရှိ ထောင်ထား ခြားနားခိုင်းနေပြီ။

ဥပေက္ခာကား တစ်ဖက်က အကြိုက်နှင့်တိုက်လည်း သော၊ သုတို့ အလိုက်မခံ၊ သိရုံနှင့် ပြန်လွှတ်လိုက်သည်။ တစ်ဖက်က အကြိုက်နှင့် တိုက်လည်း ဒေါ၊ ဒုတို့ အလိုက်မခံ။ သိရုံနှင့် ပြန်လွှတ်လိုက်သည်။ ကိုယ့်ရှိ အာရုံ၌သာ စိတ်ကိုတည်တခြားဆီ အလိုက်မခံတော့ပါ။ သို့ကြောင့် ကောင်း၊ ကြမ်း၊ အနု ဘာမဆို ဥပေက္ခာပြုလိုက်ပြီ။ ဘယ်အာရုံက ဘာနှင့်လာတုတု အမှုဖော်မပေး။ ထိုအခါ ဥပေက္ခာကြောင့် စိတ်မလှုပ်၊ ငုပ်တုတ်။ မာန



ထောင်က စိတ်ယောင် ငုတ်တုတ်က ထ,မယောင်ယောင်။

**မမွှေသက. . .**

သင့်၌ ဥပေက္ခာ၊ မာန စိတ်ကို သူရကိုယ်ရ အလုခံနေရစဉ်အတွင်း အောင့်တင်း ညှင်းခံဖြစ်နေသော်မှလည်း ဈာန်ရတစ်သင်း နောက်ခံ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ ဥပေက္ခာနောက် ကပ်ချဉ်းလာသောအခါ သင့်စိတ်လည်း ဗိုင်းကောင်းကျောက်ဖိ ပိပိရိရိသာ။သင့်ကိုယ်လည်း ဆီစိမ်လက်ဖက် ပမာ ပျော့ပျော့အိအိသာ။

**မမွှေသက . . .**

သင့်လက်ထဲက သည်အတွဲကျလည်း ဥပေက္ခာထား ကာလက လမှနှစ်များအထိ ကျင့်သားရနေပြီ။ သင့်စိတ်ကား ရာဂလက်ခံ ဒေါသလက်ခံဖြင့် မာန်ဝင်နေသေးပြန် ဆိုလျှင် ပါရမီဘက် ဥပေက္ခာမှနေ၍ သင် ခရီးမဆက်နိုင်သေး။

သို့ကြောင့် သင့်ဥပေက္ခာ ပါရမီလမ်းစပေါ်တက်တက် သင့်မာနဖြင့် ချင့်စက်ကြည့်လေ။

၈။ နောက်အတွဲက အဓိဋ္ဌာန်ပါရမီနှင့် ဘဝရာဂသံယောဇဉ်တို့အတွဲ။

**မမွှေသက . . .**

သင့်ရှိ ဘဝရာဂသံယောဇဉ် (ဘဝအပေါ် အခင်ကြီးသော ဝဋ်နွှယ်) သည်. . . သင် သည်ဘဝ မယူမီ ဟိုဘက်ဘဝ နယ်စပ်မျဉ်းပေါ်နေတုန်းကပင် သည်ဘဝသို့ စိတ်နှင့်အတူယှဉ်၍ အကြင်လင်မယားအဖြစ် ပြင်ဆင်ခဲ့ပြီးဖြစ်ရာ သင်ဥပုသ်ဆောင် ဝင်ခိုနေရုံလေးနှင့်လည်း သူတို့ အခင်မပျက်ကြပါ။ သင် ဂုဏ်တော်ဝင် မေတ္တာသိပ် ပုတီးစိပ်ပေးနေရုံလေးနှင့်လည်း သူတို့ အခင်မပျက်ကြပါ။ သင်၏ကမ္မဋ္ဌာန်း တစ်ချီထိုင် နှစ်ချီထိုင်ကလည်း မှော်တော ခဲပစ်သလောက်ပင် မထိရောက်။

သည်မျှ ဘဝအပေါ် အခင်ကြီးလွန်းလှသော ထိုသည်သင် နာလည်း ပြင်ခွင့်မရသည့် ဤအခိဋ္ဌာန်၊ ပျင်းလည်း နားခွင့်မရသည့် ဤအခိဋ္ဌာန်၊ အန္တရာယ်ကျလည်း ထခွင့်မရသည့် ဤအခိဋ္ဌာန်၊ ကိုယ်နှင့်အခင် ဤ အခိဋ္ဌာန်ဖြင့် ကြားဝင်ပေးလိုက်ပါ။ ထိုစဉ် အခိဋ္ဌာန်မြဲလာချိန် ကိုယ်လည်း ကြွန္ဒြေရ စိတ်လည်း ပီတိသုခနှင့် နေခွင့်ရလာသော် . . . ကုန်းချောကောင်း ပေါင်းလက်စလင်မယားပင် သဘောထားပြောင်းပမာ . . . ဘဝခင် ကလည်း စိတ်လာ မယှဉ်။ စိတ်အစဉ်ကလည်း ဘဝခင် အဝင်မခံ။ သူတို့ချင်း မဆက်ဆံကြတော့ပါ။ ဆက်ဆံရသော်မှ မလွဲသာပင်း မကင်းတရားမျှသာ။

**ဓမ္မေသက . . .**

ဤအတွဲ၌လည်း . . . အခိဋ္ဌာန် ရက်ရှည်၊ ရက်တိုများကသာ အချိန်မှန် အသားကျ အောင်ချက်ပြနေသော်လည်း ဘဝခင် ရာဂ သံယောဇဉ်က စီးမြဲစီး၊ ကြီးမြဲကြီးနေသေးလျှင် သင့်အခိဋ္ဌာန် ကုသိုလ်သို့ကား စာရင်း ဝင်မည်။ အခိဋ္ဌာန်လမ်းစ ခြေချမိသူ ဂေဇက်ကား ဝင်မလာသေးမှတ်လေ။

၉။ နောက်အတွဲက ဝိစိကိစ္ဆာ သံယောဇဉ်နှင့် ဝီရိယပါရမီတို့အတွဲ။

**ဓမ္မေသက . . .**

သည်ပွဲကလည်း လားမွေးသော ဝိစိကိစ္ဆာနှင့် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဖိသာလုပ်ဆိုသော အကြောက်နှင့်အရဲ ဆန္ဒမဲ ခွဲသောပွဲဖြစ်ရာ . . . နေ ထန်းတစ်ဖျား ကာမတောအကြား လားစီး၍ စိတ်ခရီးသွားရာ၌ လားအသွား တုံ့လေ ခရီးကျုံ့လေကြောင့် တိုက်ခိုက်ရန် ဆီးကြိုနေနှင့်ကြသော အာရုံပုံ တို့နှင့် အဆုံ၊ အကြုံနည်းပါးသွားစေရာ ထိုလားက တန်ဖိုးအကြီးသား။ နေမသက် လထွက်ချိန် ဓမ္မတောအကြား လားစီး၍ ခရီးသွားပါမူ ပေးအပ်ရန် ဆီးကြိုနေနှင့်ကြသော ဓမ္မဂုဏ်တို့နှင့် အဆုံ အကြုံနည်းပါးတော့ မည်ဖြစ်ရာ ထိုလားကား အလကားလား။



သို့ကြောင့် သင်သည် လား, ကဆင်း၊ မြင်းပေါ်တက် အာဇာနည်မြင်းနှင့် ခရီးဆက်ရတော့မည်ပမာ . . . ဖြစ်မှဖြစ်ပ့ါမလား၊ တင်းလွန်းများ နေလေ မလား၊ ခံမှ ခံနိုင်ပ့ါမလား စသည်ဖြင့် အခိဋ္ဌာန်စက်ကို ကဖျက်ယဖျက် လုပ်နေသည့် ဝိစိကိစ္ဆာယှဉ်စိတ်ကိုလည်း ရဲတင်းသော ဝီရိယဖြင့် ဖိနှိပ် ကြိတ်ပွတ်ပေးနေရမည်သာ။

ထိုစဉ် စိတ်အတွေး အပြေးကို ကြောင့်ကြထား စိတ်ယှဉ် ဝီရိယက အလစ်မပေးနှင့်။ ကိုယ်ထိုင်မကျရာမှဖြစ်သော စိတ်မချကို ရဲတင်း ဝီရိယက ဖိပေးထား။ ကြာသော် စိတ် လက်အံသေ သူကိုင်ထားသည့် ဝိစိကိစ္ဆာလည်း ပြေကျသွားမည်သာ။ စိတ်ပီတိကျ ကိုယ်ချမ်းသာရာရက ထိုဝိစိကိစ္ဆာ ကွာကျသွားပြီသာ။

**ဓမ္မေသက . . .**

ကိုယ် မရောက်ဘူးသေးသောလမ်း. . . ထိုလမ်းက ဘယ်လောက် တန်းတန်း သင့်လားကြီးက အမြီးတယမ်းယမ်း ယမ်းပြနေသည်သာ။

တစ်ဖန်လည်း ကြိုက်အာရုံနှင့် ချိန်းထားစဉ် ထိုအကြိုက်နှင့် ထိပ်တိုက် မဆုံမချင်း အချိန်၊ ကြိုက်အာရုံနှင့်ဆုံ ငုံထားစဉ် ထိုအာရုံဂုဏ် ကုန်သွားမည် စိုးရိမ်နေချိန် စသည်များ၌လည်း ထိုလားက လမ်းသလားပြနေသည်သာ။ သို့ကြောင့် တောင်ကြား၊ မျှောင်ကြား၊ မှောင်ကြားလမ်း လားမရှိလျှင်လည်း မဖြစ်။ လားချည်းမွေး၊ လားစာချည်း ချကျွေးနေရလျှင်လည်း ခရီးကမတွင်။ သည်သို့သော အခြေအနေတွင် ထိုသည့်သင် လားနေရာ မြင်း အစားထိုးပမာ ဝိစိကိစ္ဆာနေရာ ဝီရိယအစားထိုး၍ ရဲရဲတိုး ရဲရဲဝင် ခရီးတွင်စေရမည်သာ။

**ဓမ္မေသက . . .**

သင်၏ ဤဝီရိယဖြင့် ပါရမီလမ်းစ ခြေယောင်ပြချိန် ကာလတွင်လည်း အကယ်တိတိ . . . သင့်စိတ်ကို ဝီရိယကသာ အတင်းဖိ သတိ၊ အသိတို့

မသွင်းမိချေသော် ကိုယ်ထိုင်၊ စိတ်ထိုင်တို့သာ နေရာကျ ပါရမီလမ်းစသို့ကား ခြေမချသာ။ ဝီရိယအားက တစ်ချက်ပေါ့။ လားကလည်း တစ်ကျော့ဝင်လာ နေဦးမည်သာ။

ဝီရိယကြောင့် ဝိစိကိစ္ဆာ စိတ်သို့ လာရောက် ယှဉ်၊ မယှဉ်ကိုကား သင့်စိတ် သင် တီးခေါက်၊ နောက်နောက်နှင့် ထောက်ကြည့်လေ။

၁၀။ နောက်ဆုံးအတွဲက ပညာပါရမီဖြစ်နှင့် အဝိဇ္ဇာမင်းညစ်တို့အတွဲ။

**ခမ္မေသက . . .**

သည်အတွဲကား လက်သစ်ဗိုလ် နှင့် လက်ဟောင်းမင်းတို့၏ ပွဲသွင်းပင် ဖြစ်ရာ ပွဲကြီးပွဲကောင်း။ ထိုစဉ် အဝိဇ္ဇာသည် မေ့ခင်းနှင့် မက်ခင်း နှစ်ပါးတို့ အကြား စိတ်ကိုပို့လွှတ်ထား၍ ခိုင်းစားလေ့ရှိရာ. . . ရံတစ်ခါ တွေဝေ ငေးမောခြင်းများဖြင့် တော့၍ စိတ်ကိုမေ့စေပါသည်။ ရံတစ်ခါ သညာဝင် ပညတ်သိဖြင့် ဖက်၍ အာရုံကိုမက်စေပါသည်။ ရံတစ်ခါ အာရုံနှင့် မမိတမိ ထား၍ ထိကပါးရိကပါး ကစားစေပါသည်။ ရံတစ်ခါ အာရုံကို ဖြန့်ကျဲ၍ ဟိုပြေးဆွဲ သည်ပြေးဆွဲလည်း ခိုင်းတတ်သေးသည်။

သို့တစေလည်း ယင်းအဝိဇ္ဇာက သင်းစိတ်ကို လောဘ တဏှာတို့ကဲ့သို့ မောပန်းရင်ခုန် နှလုံးတုန်အောင် မညှဉ်းဆဲပါ။ ဒေါသ၊ တဏှာတို့ကဲ့သို့လည်း သရဲဘရဲစီး မီးတောက်အောင် မညှဉ်းဆဲပါ။ ထိုမှအပြန် ထိုအဝိဇ္ဇာမောဟ၏ အတွေ့က မေ့လောက်အောင် စိတ်ကို မွေ့စေတတ်ရာ၊ ထိုအဝိဇ္ဇာမောဟ၏ အပေးက အတွေးဖြင့်ပင် စိတ်ကို အရေးပေးနေပြန်ရာ. . . သင့်စိတ် မောဟ မသိပ် မအိပ်တတ်ပါ။ သင့်စိတ် မောဟကင်း အလျှင်းမနေတတ်တော့ပါ။

သည်မျှအထိ မောဟနှင့်ငြိနေသော သင့်စိတ်ကို ပညာသည် သတိ နှင့်အသိတို့ကို အလုပ်ပုံအပ်၊ ဝီရိယကို အလုပ်ကြပ်အရာအပ်၍ ကျောသပ် ခိုင်းမှ ရတော့မည်။သို့ကြောင့်ပင် ပါရမီတို့တွင် ပညာကား နောက်ဝင်ဖျာသိမ်း



အဖြစ်ထားရသည်။

**ခမ္မေသက . . .**

မောဟက သံယောဇဉ်အဖြစ်ဖြင့် စိတ်နှင့်အရောတဝင်ရှိသည်။

သတိက စေတသိက်အဖြစ်ဖြင့် စိတ်သို့ဝင်၍ ပြင်ဆင်ပေးနိုင်စွမ်း ရှိသည်။ သို့ဖြစ်ရာ စိတ်အပွင့် ကြိုးကိုင်ခွင့်ရှိသော ထိုသင့်သတိသည် ဝင်သည်၊ ထွက်ပြီဆိုသော မှတ်သတိဖြင့် အတွေးနှင့်အပြေးကို ပိတ်ဖို ပေးထားသည်။ ဝင်ဘယ်လို၊ ထွက်ဘယ်သို့ဆိုသော အောက်မေ့သတိဖြင့် လည်း အရှိဘက် အသိဆက်ပေးထားသေးသည်။ နောက်လိုက်အသိကား ဝင်တော့ သည်လို၊ ထွက်တော့ သည်လောက်ဖြင့် ပွင့်စိတ်ကို မြင့်စိတ်ဖြစ်လာ စေသည်အထိ မြေတောင်မြှောက်ပေးနေပြန်သည်။

တစ်ဖန် အလုပ်ကြပ် ဝီရိယကလည်း သတိအား ပါးလာလျှင် ဖြည့်ပေး၊ သတိနားမည်ကြံ ဖိအားပေးဖြင့် နှိုးပေးနေသည်။ အောက်မေ့သတိ အနေမှန် အသိကား ဧကန်သိ ဖြစ်လာပြီသာ။ တစ်ဖန် အလုပ်ကြပ် ထိုဝီရိယက ကိုယ်ထိုင်ပျင်း တင်းပေး၊ စိတ်မှိုင်းမိ ဖိပေးဖြင့်လည်း သွေးထိုးပေးနေ ပြန်သည်။ မောဟနှင့်ငြိ သက်သက်သာသာရှိချင်သော ပွင့်စိတ်ကလေးကား ပျင်းလည်း နေမရ၊ ပျော်လည်း နေမရ၊ သတိပြောတိုင်း သိ သိပေးနေရပြီ။ နာလည်းပေ၊ ကျဉ်လည်းပေ ဝီရိယစေတိုင်းလည်း ပေ ပေးနေရပြီ။

ကောင်းလည်း မမှိတ်ရ၊ ဆိုးလည်း မမှိတ်ရ၊ အသိပေးသမျှ မြင်ပေး နေရပြီ။ မကြာပါ တစ်ထိုင်မှ တစ်ရက်အထိ သတိနောက်ငြိပါနေသော ထိုစိတ်၊ တစ်ရက်မှ တစ်ပတ်အထိ သတိနောက် ကောက်ကောက်လိုက်ပေး နေရသော ထိုစိတ် မောဟပြုတ်ကျန်နေခဲ့သဖြင့် အမှန်ပေါ်ရာတွင် သညာ အလျော်မဝင်ရဲသဖြင့် ပညတ်စဲ ရှိသမျှ ငြိသမျှ ကိလေသာတွဲများလည်း အဖော်ကွဲ သွားတော့ရာ သွေးအေးပြေးမှ ဖြစ်သော စိတ်အေးပီတိနှင့်

ထွေးမိသွားချေပြီ။ အပူနှင့် အပုပ် နောက်ဆုတ်သွားသော ကိုယ်ကာယ သုခရွှေစင်ဘဝ ရသွားပြီ။ ခန္ဓာစဉ်နှင့် စိတ်စဉ် သတိ၊ အသိ၊ ဝီရိယတို့ကို ကျေးဇူးတင်လျက် ရှိချေပြီ။

**ဓမ္မေသက . . .**

ပီတိ၊ သုခတို့ကြောင့် အာရုံတစ်ခုတည်း၌ အတူနေခွင့်ရလာသော ထိုကိုယ်နှင့်စိတ် အာရုံကျကိုလည်း သဘာဝမှုသဘော နောကျေအောင် သိနေကြတော့ရာ၊ မိမိတို့ ဘုံခန္ဓာကိုယ်လည်း သဘာဝမှုသဘော နောကျေအောင် သိနေကြတော့ရာ အရိပ်လောက်ကျလည်း အရိပ်ပြအကောင်ထင် ပြုပြစ်ဖြစ်တော့သည်။ ဗန်းပြခင်းလည်း အတွင်းခင်း ဟင်းလင်းမြင် ပြုပြစ်ဖြစ်တော့သည်။

**ဓမ္မေသက . . .**

ဤအတွဲ၌လည်း ထိ၊ သိပညာ, ဖြစ်၊ ပျက်မြင်ပညာ,ရုပ်၊ နာမ်အကြောင်းကောင်းကောင်း သိပညာ မည်မျှပင် စုံတကာစေ့သော်မှ အမှားသိ (သစ္စာမမြင်အသိ)နှင့် ငြိနေသေးက ပါရမီခွင် မဝင်သေး။ ဘာဝနာကုသိုလ်လောက်သာ ရှိသေးဆိုရမည်။ သည်အထိ ထားလိုက်ဦး။ ငါအသိသူအသိနှင့် သင့်စိတ်ငြိနေသေးလည်း ပါရမီခွင် မဝင်သေး။ သည်အထိလည်း ထားလိုက်ဦး။ သဏ္ဍာန်၊ နိမိတ်၊ ပညတ်မျှသာ သင့်စိတ် ချိတ်မိနေလျှင်လည်း ပါရမီခွင် မဝင်သေး။ သည်အထိလည်းထားလိုက်ဦး။

အာရုံတို့ လာတိုးနေသမျှ အထိ၌ သင့်စိတ် ရှိမနေလျှင်လည်း ပါရမီခွင် မဝင်သေး။ ယင်းကိုကား သင့်စိတ်သင် စစ်ဆေး သိပြီလား မေးကြည့်ပေဦး . . . ဓမ္မေသက။

**ဓမ္မေသက . . .**

သင့်အား ပြောထားပြီးခဲ့သော ဤပါရမီဖြစ်စကားများသည်ကား



တစ်ဘဝစံ တစ်လမ်းသွားတို့ ဖြည့်လေ့ရှိသော ဝါးလုံးထိုးတိုက်ပွဲအတွက် ရည်ညွှန်း၏။ ခရုပေါ်ပက်ကျိတက်၍ အိပက်အိပက်ဖြည့်နည်းနှင့်ကား မဆိုင်။

သို့ကြောင့် ပါရမီ အပြည့်ပြ၊ အတည့်ပြ ပြရာတိုင်းတို့၌ အလွန်ဖြင့်ချည်း ဆိုထားသည်။ အပြင်းစား အတင်းစားချည်းသာ ဆိုထားသည်။

အကယ်တိတိ . . . ခရုပေါ်ပက်ကျိတင်၍ ဝင်တော့မှဝင် မဝင်သောင် တင်ရာသို့ နားမည် ဆိုသူများအဖို့ကား နက်စောက် ပြန့်ကျယ်သော ကျင်းချိုင့်ကြီးကို အပို့ဖို့ရာ၌ ခဲတစ်လုံး၊ မြေတစ်တောင်းလောင်းလည်း မလောင်းသူနှင့်စာကြည့် တစ်လုံးစာ တစ်တောင်းစာဖြင့် ရှိသေးတာပဲ အသိဖြင့် ပါရမီဖြစ်စာရင်းထဲ ထည့်သွင်းရေတွက်ပါလေ။

သံယောဇဉ်ဖြေ၍ ပါရမီတည်ပုံကား ပညာဉာဏ်ထုံ၍ ငုံကြည့်ပါလေ။

သံယောဇဉ်ကင်း ကျင်းကတလင်းဖြစ် ငြင်းစရာပင် မကျန်ရစ်ခဲ့တော့ပါ။

✶

## ပါရမီဝန်ထမ်း ရဟန်းက ပုံသေ

**မမွေ့သက . . .**

ဤပါရမီဖြစ်စကားသည် တောဝင်ရဟန်းတစ်ပါး၏ အတားရင်ဆိုင် မြိုင်အတွင်းကပ် မိမိစိတ် အယုတ်မှအမြတ်သို့ ထုတ်ဆောင်းပေးရပုံများကို အဓိကထား ပြဆိုထားရာ ရဟန်းမှသာ ပါရမီဖြည့်နိုင်သလား မဟုတ်ပါ။

မည်သူမဆို ယုံကြည်ချက် ပြင်းထန်ပြီး လူ့ဘဝနှင့်သာသနာ တစ်ခါ လာကြုံတုန်း ငါသည် ဝဋ္ဋသုံးဝဋ္ဋ အလွတ်ရုန်းထွက်အံ့၊ ဤနေကမ္ဘမ အဇ္ဈာသယဉာဏ် (ခန္ဓာတွင်း၌ ကျွတ်လိုစိတ် လွတ်လိုစိတ် အားခံရှိနေသော ဉာဏ်) အမာခံရှိသူမှာ ရဟန်းလည်း သူဝင်ရောက်ထားရာ အသွင်အပြင်ဖြင့် ဖြည့်ကျင့်နိုင်ခွင့်ရှိ၏။ သီလရှင်လည်း သူ့အသွင်အပြင်ကို အလံအဖြစ်ထူ၍ ဖြူအောင်ဖြည့်ကျင့်ခွင့် ရှိ၏။ လူယောကျ်ားလည်း အတွေးခေါ်ဉာဏ် အလံထူ ပါရမီဝင်အဖြစ် အမည်ခံယူခွင့်ရှိ၏။ လူမိန်းမလည်း ယုံကြည်ချက် အင်အားကို အရင်းခံထားကာ ပါရမီဝင်နေရာ ဝင်ပါနိုင်ခွင့်ရှိ၏။

**မမွေ့သက . . .**

သာသနာ့ခေတ်နှင့်စပ်နေသော ဤပရိသတ် လေးမျိုးတို့သည် ယခင်ကလည်း ပါရမီလမ်း သူနိုင်ရာ နိုင်ရာ ထမ်း အစွမ်းပြခဲ့ပြီးကြပြီ။ ယခုလည်း



ဤပါရမီလမ်း ကိုယ်နိုင်ရာ နိုင်ရာထမ်း၍ အစွမ်းပြနေကြဆဲ။ နောင်လည်း ဤပါရမီလမ်း ရှေ့ရှေ့တို့ ခြေစွမ်းကိုအကဲဖမ်း၍ လှမ်းဝင်ရစ်ကြပေလိမ့်ဦးမည်။

ဤနည်းဖြင့်ပင် ဘုရားရှင်များ၏ သာသနာတိုင်းတို့၌ ထိုပရိသတ် လေးမျိုး၊ လေးဖက် ဇာတဒင်္ဂုဏ်ထူးများ ထွက်ခဲ့ကြပြီ။ နောင်လည်း လေးမျိုး လေးဖက်ထွက်လတ္တံ့။

သာသနာသည် ပြုတ်သွားပြီ မရှိ၊ ငုတ်သွားသည်သာ ရှိ၏။ ထိုအငုတ်က အတက်ထွက် ပေါင်းမြက်အကြားမှ ခေါင်းပြူထွက်လာသောအခါ ရှေ့ရှေ့သည် နောက်နောက်တို့၏ တွဲဘက်စက်ခေါင်း ဖြစ်ရစ်လေဦးမည်။

တစ်ဖန် သာသနာ သဒ္ဓါအစောင့်ရှိနေ၏။ လူမှာကား တဏှာ အစောင့်ရှိစမြဲ။ တစ်နေ့ ထိုလူသားများ တဏှာ ဒီလှိုင်းအကြား ဝန်းကျင်ပျော်ဘက် အဖော်နှင့်ဖက်၍ ထွက်ကစားကြရာမှ ဒီလှိုင်းအပုတ် တစ်ဦးနှင့်တစ်ဦး ကုတ်မိ၊ ခြစ်မိသွားကြလေသောအခါ၊ ဒီလှိုင်းထဲဇက်အမြုပ် တစ်ဦးနှင့်တစ်ဦး မြုပ်သတ် အသတ်ခံရလေသောအခါ အဖော်နှင့်တွဲမှ ဖြစ်သောတဏှာ အဖော်ကြောင့်ပင် အနာရသွားတော့လေရာ. . . ကိုယ့်ဘဝကိုလည်း နာကြည်း၊ ဘဝကို လှေပုံခုတ် ထုတ်မစီးရဲဖြစ်ကြမည်။ အဖော်ကိုလည်း နာကြည်း၊ အဖော်ကိုပမ်းပိုး ကမ်းရိုးလည်းဖျက်လိုလာကြမည်။ ကာမကိုလည်း နာကြည်း၊ အမြည်းအဖြစ်ပင် မစားလို ဖြစ်လာကြမည်။

ထိုစဉ် သာသနာ့လက်ကပ်သီး သမ္မာအမည်ခံ အရိယာနတ်ကြီးများ၏ အကူကြောင့် လည်းကောင်း၊ ပါရမီလက်ကျန်ထားသော လူသူတော်စင်များ၏ အကူကြောင့်လည်းကောင်း၊ မဂ္ဂင်ယာဉ်တစ်ပတ်ရစ်ပွင့်ပြီး အရိယာကြီးများ ချန်ထားရစ်သည်ကြောင့်လည်းကောင်း၊ မိမိလက်ဝယ်ရှိ တဏှာတုံးပုံကြမ်းခုတ်၊ ထိုသဒ္ဓါအငုတ်ကား အတက်ထွက်တော့မည်။

သို့ဖြင့်ပင် သာသနာတစ်ခုနှင့် တစ်ခုတို့အကြား ပရိသတ်လက်ကျန်များ ပွားကြပြီ။ သို့ဖြင့်ပင် ရှေ့သာသနာ၏ နောက်နှောင်းများ . . . နောက်သာသနာအဦးအဖျား၌ ပွင့်ကားလာကြပြီ။

**ဓမ္မသက** . . .

သင်သည် ပရိသတ် လေးမျိုးနှင့် ပါရမီပွဲတိုးတို့ကို ဤဆိုခဲ့ပြီးသော တဏှာကို မဂ္ဂင်ဖြင့်ငှင်၍ သဒ္ဓါဘက်ကိုဝင် ဇောဒဂ်ဖြင့် ပါရမီ ပန်းဝင်လာပုံများကို သင့်မှာရှိသော သတိပညာတို့ဖြင့် သော့ဖွင့်ကြည့်ပြီးပါက . . .

ပါရမီ ရဟန်းမှသာ ဖြည့်နိုင်သလားအမေး၊ သင်ကိုယ်တိုင် အဖြေပေးလေ။ ပါရမီ ရဟန်းဝတ်မှ သီလရှင်ဝတ်မှ ဖြည့်ခွင့်ရသလားလည်း သင်ပင် အဖြေပေးလေ။

ဤ၌ ငါတို့ ရန်ကုန်နေစဉ် ပါရမီလမ်းစ ဝင်ဆဲတုန်းက သတင်းတစ်ပုဒ် ထုတ်ပြဦးမည်။

ထိုစဉ်က ငါတို့ လူသားမျှသာ ရှိသေးသည်။ ထိုစဉ်က အချိန်ကား ၁၃၃၆-ခုနှစ်လောက်က ဖြစ်သည်။ ထိုစဉ် ပါရမီဖြည့်ရန် တောဝင်ကြသော ဘုရားသားတော်၊ သမီးတော်များအား ကူပံ့ရန် နယ်ရှိ တောတောင် အသီးသီးတို့၌ အကြိုစခန်းများ ဖွင့်ထားသည်။ ရန်ကုန်၌ သတင်းထုတ်ပြန်ပေးသည့် ဗဟိုစခန်းလည်း ထားရှိသည်။

တစ်နေ့ ရန်ကုန်မှ ပေးပို့လိုက်သော ပါရမီဖြည့်တောဝင်ခရီးသည်များစာရင်း တောင်တစ်ခုရှိ အကြိုစခန်းသို့ ရောက်လာချေရာ တာဝန်ခံက လက်ခံရယူပြီး စာအိတ်ဖွင့်ဖတ်ကြည့်၏။

"အင်း ၄၂-ဦး တောင်ပါကလား။"

တစ်ဖန် တစ်ပြည်လုံးမှ သူ့နေရာမှနေ သူ့ဘာသာထွက်လာသော ထို ၄၂-ဦးကို စစ်ကြည့်ပြန်ရာ. . .



"အင်း မိန်းမက-၄၀၊ ယောကျ်ားက ၂-ဦးတည်း ပါကလား။"

တစ်ဖန် ယင်းတို့ သိက္ခာစဉ်အလိုက် တန်းစဉ်ထားသည့် စဉ်ဂဏန်းကို ဖမ်းကြည့်ပြန်ရာ . . .

မိန်းမကား အမှတ်စဉ်-၁ မှ အမှတ်စဉ်-၄၀ အထိ အထက်ကပါလား။ ယောကျ်ားက အမှတ်စဉ်-၄၁ မှ အမှတ်စဉ်-၄၂အောက်ကပါ ကလား။"

သည့်နောက် ထိုအကြိုစခန်း တာဝန်ခံသူတော်စင်ကြီးသည် ထိုတောင်နေ ရဟန်းတော်များနှင့် ဆုံမိခိုက် ဤနှစ်ထွက် ထိုစာရင်းကို ထုတ်ပြသည်ဆို၏။ ပါးစပ်မှလည်း လျှောက်ထားသည်ဆို၏။

"ကြည့်ပါဦးဘုရား၊ သည်နှစ် တောဝင်လာသူဦးရေ ၄၂-ဦးမှာ ယောကျ်ားက ၂-ဦးထဲပဲ ဘုရား။ သည် ၂-ဦးကလည်း မပါချင့် ပါချင့် နောက်ဆုံးကဘုရား" လျှောက်သတတ်။

**ဓမ္မသက** . . .

ငါတို့ နားဆတ်ဆတ်ကြားခဲ့ဖူးသော ဤသတင်းဖြင့် သင်၏ ရဟန်းမှ တောဝင်ပါရမီ ဖြည့်နိုင်သလားအမေး သင်ပဲတွေးကြည့်လေ။

တစ်ဖန် ငါတို့ကိုယ်တိုင် နားကြားမျက်မြင် တွေ့ကြုံခဲ့ရသော ရန်ကုန်ရှိ သတင်းတစ်ပုဒ်ကိုလည်း ဤ၌ ထုတ်နုတ်ပြဦးအံ့။

၁၃၄၉ -ခုနှစ်က ဖြစ်သည်။ ငါတို့ စစ်ကိုင်းတောင် အရှေ့ပရက္ကမချောင် ၂-ဝါဆိုအပြီး မိမိမူလနေရာလည်းဖြစ် တောထွက်ခဲ့ရာ၏ခြေစလည်းဖြစ်သော ရန်ကုန်ဌာနသို့ ပြန်ဝင်လာစဉ် ဒေါ်ခင်ခင်ဆိုသော ဟိန္ဒူ သူတော်စင်မကြီးနှင့် သိကျွမ်းခွင့်ရခဲ့သည်။

သူကလည်း တောင်ပုလုဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ လူဆောင်ခွင့်စုတင်များနှင့် ပျော်မွေ့နေသူ။ ငါတို့ကလည်း တောလှော်လှော် တောပျော်ပျော်နေသူ။ သို့ကြောင့် ဓာတ်တူချင်း ရင်းနှီးမိကြ၏။ ရင်းနှီးခြင်း

နှင့်အတူ သူ့အကြောင်း ကိုယ့်အကြောင်းလည်း တောင်းကြည့်ခွင့်ရလာကြတော့ရာ ထိုဒေါ်ခင်ခင်သည် . . .

၁။ ဧကေသနိက်ဓုတင် - တစ်နေ့မှာ တစ်ခါစားအကျင့်ဖြင့် ပါရမီဝင်နေသူ။

၂။ ပတ္တပိုဏ်ဓုတင် - လက်မနား ခွက်မများ,မဖက် တစ်ခွက်ဖြင့်သာ ပြီးပြေသူ။

၃။ သ-ပဒါနဓုတင် -တစ်ခွက်၌ပင် ကိုယ့်ဘက်ကစ၍ စတင်စားနေသူ။

၄။ နေသဇ္ဇိကဓုတင် - မွေ့ရာဗလာ ဖျာမခင်း ကျောမခင်းဘဲ နေလေသူ။

ဤအကျင့်များကို ၈-ပါးသီလ အမာခံဖြင့် နေ့စဉ် ဆောက်တည်ထားသည် ဆို၏။ သူ့၌ သမီးတစ်ယောက်သာ အဖော်ရှိ၏။ ဘုရားဝတ်ကျောင်းကြီးတစ်ကျောင်း၌လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသေး၏။

**ဓမ္မသက . . .**

ငါတို့ကိုယ်တိုင် မျက်မြင်နားသွင်း ဤသတင်းကို သင်ရှုကြည့်ခြင်းဖြင့်လည်း ရဟန်းမှ ပါရမီဖြည့်နိုင်သလား။ ရဟန်းသာ ဓုတင်ဆောင်နိုင်သလား အမေး သင်ပဲတွေးကြည့်ပေရော့။

သို့ကြောင့် ဤပါရမီဖြစ်စကား သင့်သို့ လက်ဆောင်ပါးရာ၌ သာသနာတော်ကို ရဟန်းကစောင့်၏။ ရဟန်းကိုကား သိက္ခာများက စောင့်၏ အတိုင်း သာသနာထိန်းရဟန်းကို အဓိကထား၍ ဤ၌ ဖွင့်ဆိုသည်မှတ်လေ။

ဘုရင်ကြီး နောက်ပါအခြံအရံတို့ဖြင့် တိုင်းခန်းလှည့်လာရာ၌ ဘုရင်ကြီးကြွလာပြီပြောလိုက်လျှင် အားလုံးပါသည်သို့ သင်မှတ်ရမည်။

**ဓမ္မသက . . .**

ပါရမီသည် နိမ့်ကျသွားသော စိတ်ကို မြှင့်တင်ပေးရာဖြစ်၏။ အယုတ်ကြောင့်ဆုတ်၍ မြုပ်သွားသောဘဝကို ကယ်ဆယ်ရာလည်းဖြစ်၏။ အလွင့်ကြောင့် အဆင့်မမီဖြစ်နေသော လူကျင့်ကို မြှင့်တင်ပေးရာလည်း ဖြစ်၏။



သို့ကြောင့် ရှင်ဖြစ်စေ၊ လူဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ကိုယ့်အကြောင်း ကိုယ်သိ၍ ကိုယ့်အရှိ ကိုယ်တည့်ပေးလိုသူတိုင်း ပါရမီဆယ်ချက် ဓမ္မနှင့်တွဲဖက်၍ ပွဲထွက်သင့်ကြသည်သာ။

ပါရမီဆယ်ချက်ဓုတနှင့် တွဲပြင်၍ ပွဲဝင်သင့်ကြသည်သာ။

✶

## သုတသာသနာနှင့် ပါရမီဖြစ်စကား

ဘုရားရှင်၏ အဆုံးအမတော် ဖြစ်သော သိက္ခာသုံးဆင့် အမြတ်မှနေ အမြင့်သို့ လမ်းဖွင့်ရာ၌ အရှင်မြတ်အာနန္ဒာသည် ဘုရားရှင် ဟောကြားခဲ့သမျှ သိက္ခာနှင့်စပ်သော သိမှတ်ဖွယ်ရာများကို တစ်လုံးတစ်ပါဒမျှမကျန် နာခံမှတ်သားခွင့်ရခဲ့ပါ၏။

သို့ကြောင့် သင်္ဂါယနာတင်သွင်းစဉ် အရှင်မဟာကဿပသို့ လျှောက်ရာ၌ 'ဧဝံမေသုတံ' အစချီကာ ဘုရားတပည့်တော် ဤသို့ မှတ်သားခဲ့ရပါ၏ ဟူ၍ အစပျိုးခဲ့ချေရာ ယင်းကား သုတခေတ်ကို ရည်ညွှန်းခဲ့ချေပြီ။

တစ်ဖန် ဘုရားဟောထား ထိုထိုသိက္ခာနှင့်စပ်သော စကားရပ်များအပေါ် မိမိဉာဏ်ဖြင့် လေ့လာစူးစမ်းရာမှ သဘာဝအမှန်ကို လေ့ကျက်မိလေသောအခါ (ဧဝံမေ)ဥပလက္ခိတံ တပည့်တော် ဤသို့လည်း သဘောပေါက်ခဲ့ပါ၏ ဟူ၍ အလယ်ထား စကားဆိုပြန်ခဲ့ရာ ယင်းကား စိန္တခေတ်ကို ရည်ညွှန်းခဲ့ချေပြီ။

နောက်တစ်ဖန် ထိုကြားသိ၊ ဆင်ခြင်သိများကို အခြေခံထားလျက်က မိမိခန္ဓာတွင်းဆီဖို့ သတိရှေ့သွားပြု စိတ်ဝီရိယ ကြောင့်ကြစိုက်မှုက နောက်



တွန်းတွန်း အသိကနောက်ယောင်ခံ အမြင်တို့ဖြင့် အသိပေးစေသော သိက္ခာကျင့်စဉ်များ ကျင့်ပွားလိုက်သောအခါ. . . (ဧဝံမေ) ဥပဓာရိတံ တပည့်တော် ဤသို့လျှင် အရဆောင်ခဲ့ပြီးပါပြီဟူ၍ အဆုံးပိတ်စကား ဆိုပြန်ခဲ့ရာ . . . ယင်းကား . . . ဘာဝနာခေတ်ကို ရည်ညွှန်းခဲ့ချေပြီ။

ဤ၌ ဆိုလိုသည်မှာ သိက္ခာသုံးဆင့်တို့ဖြင့် အမြတ်မှအမြင့်သို့ ပင့်တက်တက်ရာတွင် သုတခေတ် အရေးကြီးကြောင်း ဖော်ပြလိုခြင်းပင်။

သုတခေတ်ကို မိတ်ကောင်းက ကိုင်ထားသည်။ မိတ်ကောင်းကား မိတ်ဖက်သို့လည်း ဆက်လက်ကိုင်ထားသည်။ ထိုမိတ်ကောင်းကပင် ဤမိတ်ဖက်အား သုတဖြင့် ရှေ့သို့ လမ်းပြပေးနေသည်။

သို့ကြောင့် သုတသည် မရှိမဖြစ် မသိမဖြစ်သော ရတနာသိုက်ဖွင့်သော့တည်း။

တစ်ဖန် ထိုသုတသာသနာနှင့် ဤပါရမီဖြစ်စကားသည်လည်း သိက္ခာစဉ်တက်ရာ၌ ပါရမီသည် မပါမဖြစ်ချေ။ ပါရမီစဉ် တက်ရာ၌ ဤစာစဉ်သည်လည်း မပါမဖြစ်ချေ။ သိက္ခာလက်နက်ဖြင့် တဏှာကိုဖျက်၊ ပညာပါရမီဘက်အတက်ပြထားခြင်း။ သဒ္ဓါလက်နက်ဖြင့် တဏှာကိုဖျက်၊ ပညာပါရမီဘက်အထွက်ပြထားခြင်း။ ဤခြင်းနှစ်ခုစလုံး ဤစာစဉ်၌ပင် စုရုံးပါရှိနေခြင်းကြောင့်တည်း။

ထိုသို့ သိက္ခာ၊ သဒ္ဓါ ဤနှစ်ဖြာတို့ဖြင့် တဏှာကိုဖျက် ပါရမီတက်ရာ၌ ဤစာစဉ်၌ ပြသထားသည့်အတိုင်း ဒါနကစ၍ တက်ပါ။ ဒါနပြီးမှ သီလတို့ဆက်ပါ။ ထိုသို့ကား အတိအကျ ညွှန်းဆိုရန် မလွယ်ပါချေ။ မိမိတို့အတွင်းခံသန်ရာလိုက်၍. . .

အချို့ ပညာကို အလျင်တွေ့ပြီးမှ သဒ္ဓါပွင့်လာကာ ဒါန စသည် အဆင့်

သို့ တက်သည်လည်း ရှိကောင်းရှိမည်။

အချို့လည်း ပညာရှိသူတော်ကောင်းတို့စကား နာခံမှတ်သားရင်းကပင် ဒါနက စတင်ကာ အတားအမျိုးမျိုးချိုး ရှေ့တိုးရသည်လည်း ရှိကောင်းရှိမည်။

အချို့လည်း သူတစ်ဖက်တို့အပေါ် ကိုယ်ချင်းစာ တန်းတူထားစိတ်ဝင်ခဲ့မိရာမှ ဒါနသို့ပြောင်း သီလဇောင်း(စောင်း)ပေးကာ အတားလွင့် အဆင့်တက်ရသူလည်း ရှိကောင်းရှိမည်။

သို့ကြောင့် . . .

အို. . . သူတော်ကောင်း. . . ကြပ်တည်းမြေ အညာဒေသ၏ လွင်တီးခေါင်ဝယ် ပေါက်ရောက်ကြီးပွားနေသော လူ့ဆယ်ဖက်စာ ရှားပင်ကြီးမှ ရေသောက်မြစ်နှင့် မြစ်ဆုံအားလုံးကို ပထမ တူးရွင်းငန်းပြားဖြင့် တူး၍ ချွတ်နုတ်ပါ။ ဒုတိယကျမှ ပေါက်ပြားသုံးပါ။ သည့်နောက်, သည့်နောက်များ ကျလေမှ ရဲတင်း၊ ပေါက်ဆိန်၊ ပေါက်တူး စသည့် လက်နက်များကို ထုတ်သုံးပါ ဟူ၍ အစဥ်လိုက် အတန်းလိုက် ညွှန်ကြား၍ မဖြစ်နိုင်ပါ။ ဘာ့ကြောင့်ဆိုသော် ပေါက်ရာမြေအခြေအနေက တစ်ပင်နှင့်တစ်ပင် တူညီကြမည် မဟုတ်ခြင်းကြောင့်ပါ။ ပေါက်ရောက်ပုံ အပင်ကလည်း တစ်ပင်နှင့်တစ်ပင်တူညီကြမည် မဟုတ်ခြင်းကြောင့်ပါ။ ပေါက်ရောက်နေပုံ အမြစ်ကလည်း တစ်ပင်နှင့်တစ်ပင် တူညီကြမည်မဟုတ်ခြင်းကြောင့်ပါ။

သို့ဖြစ်ရာ ဆယ်ဖက်စာသော မြစ်ငုတ်နုတ်ချွတ်သူသည် သူကျွမ်းကျင်သောလက်နက်ဖြင့် သူ့ရှေ့တွေ့နေသော ပင်မြစ်ငုတ်၏ အခြေအနေသို့လိုက်ကာ ကျွတ်မှုသာ လိုရင်းဟူသော စိတ်ကူးဖြင့် လက်ဝယ်ရှိ လက်နက်ကျစ်ကျစ်ပါပါဆုပ် တစ်နေရာ တစ်ကြောင်းတန်းအတိုင်း တွင်တွင် ဖြောင့်



ဖြောင့် ခုတ်နေပိုင်းနေပါသည်။

ထိုအခါ ကြာကောင်း ကြာမည်။ သို့သော် ကျွတ်ဖို့ကားသေချာပါသည်ပမာ . . . ဤဥ္စလည်း ပါရမီစဉ်ဆက် မည်သို့တက်ရပါမည်နည်း မေးလာသော် သင်အားသန်သောနေရာမှနေ၍ စတင်တက်ပါ ဟူ၍ပင် ဖြေကြားရပါတော့မည်။

ဤနည်းဖြင့်ပင် သင့်ရှေ့က ဘုရားဘုရားများစွာနှင့် အရိယာ သာဝကအစားစားတို့သည် ဤမှာကမ်းမှ ဟိုမှာကမ်းဖက်သို့ တန်းတက်သွားကြလေပြီ။

ဤနည်းဖြင့်ပင် သင်နှင့်ယှဉ် တက်နေကြသည့် သူတော်ကောင်း အစားစား အကျွတ်အလွတ်ဖြစ်လိုသူများလည်း ရရာလှော်တက်ဖြင့် လှော်တက်နေကြလေပြီ။

ဤနည်းဖြင့်ပင် ပါရမီမျိုးဆက် လက်ကမ်းယူလျက် တက်လိုကြသည့်နောက်နှောင်းဖွား ဘုရားသားတော်၊ သမီးတော်များလည်း ဤမှာဘက်ကမ်းမှ ဟိုမှာကမ်းဘက်သို့ တန်းတက်နိုင်ကြရန် ပြင်ဆင်နေခဲ့ကြလတ္တံ့။

သို့ကြောင့် . . . အို သူတော်ကောင်း. . . သင့်အား ငါတို့ တိုက်တွန်းလိုသည်မှာ. . . သင်သည်လည်း သင့်၌ရှိသော အခံဓာတ်၊ သင်တွေ့နေရသော အတိုက်ဓာတ်များနှင့် လိုက်ဖက်သောလက်နက်ဖြင့်ပင် ဒါနအစရှိသည့် ထိုးဝါး ထောက်တံများဖြင့် တိုင်း၍တိုင်း၍ ဖြစ်ပျက်တည်း ဟူသော ဘဝရေစီးကြောင်းပေါ်မှာ၊ သင့်အကြည်ခံနှင့် သူ့အာရုံဆိုသော ကမ်းနှစ်ဖက်တို့အကြားမှာ၊ သင့်၌ရှိ စိတ်နှင့် စေတသိက်ဆိုသော လှေဝမ်းဗိုက်ထဲက အစွဲများထိုအစွဲများကို တူရာတူရာထဲ တွဲ၍ခွဲလိုက်သောအခါ ကြိုက်ခြင်း၊ အလိုလိုက်ခြင်း၊ သိမ်းပိုက်ခြင်း၊ ဘာဖြစ်ဖြစ်နှင့် အညစ်မိ မသိခြင်း. . . ဤ

လေးမျိုးတို့သာ အထက်မှအောက် တစ်ဖန် အောက်မှ အောက်သို့ ယိုစီးဆင်း ပြေးနေကြပါသည်။

ယင်း ယိုစီးကြောင်းကြီးများသည် မြင်မိလိုက်လျှင်လည်း ကိုယ်မှဆင်း အတင်းပြေး အတွေးမှ အတွေ့ ဝေ့၍ဝေ့၍လေ့မဆုံးပြီ။ ကြားမိလိုက်လျှင် လည်း ကိုယ်မှဆင်း အတင်းပြေး အတွေးမှ အတွေ့ ဝေ့၍ဝေ့၍လေ့မဆုံးပြီ။ သည့်အတူ အနံ့၊ အရသာ စသည်များမှလည်း ကိုယ်မှဆင်း အာရုံတွင်း အတင်းပြေး၍ပြေး၍ အတွေးမှ အတွေ့၊ အတွေ့မှအတွေး အထွေးလိုက် အုပ်လိုက် စီးဆင်းနေခြင်းများကလည်း မည်သည့်အချိန်၊ မည်သည့် ဘဝ၊ မည်သည့်ဘုံဌာနရောက်ရောက် တစ်ထောက်ကလေးမျှပင် နားခွင့်မရကြပြီ။

ယင်းကို "အင်း. . . သည်နေရာမှာတော့ နက်ယောင်ထင်ရ တိမ်ယောင်ပြနေပါပကော။ အင်း . . . သည်နေရာမှာတော့ နက်ယောင်မပြ ရေအနယ် ကျနေပါပကော။" ဤသို့ ဤနှယ် ဉာဏ်ဖြင့်ခြယ်၍ ကူးပါလေ တော့ ကူးလေတော့။

✶



## ကျမ်းပြီးနိဂုံး

**ဒါနာဒိ ကေနိပါတေန၊ မိနာ မိနာ သိခါ ပတ္တိ၊**
**ယေယေ ပါရံဂဝေသန္တော၊ သဗ္ဗသော တိဏ္ဏာ နိဗ္ဗာယိ၊**
**တွမ္ပိဘော တရ တထေဝ၊ ဘဝ ဘဝေန ယဏ္ဏာဝံ။ ။**

**ယေယေ -** အကြင် အကြင်သူ တို့သည်၊ **ဒါနာဒိ ကေနိပါတေန** - ဒါန အစထားသော ထိုးဝါးထောက်တံကြီးများဖြင့်၊ **မိနာ မိနာ** - တိုင်း၍ တိုင်း၍၊ **ပါရံ**-ကမ်းတစ်ဖက်ကို၊ **ဂဝေသန္တော -** ရှာဖွေလျက်က၊ **သိခါပတ္တိ**- အထွတ်အထိပ်သို့ပေါက် တစ်ဖက်ကမ်းသို့ ရောက်သွားကြလေပြီ။

**တေတေ** - ထိုထိုသူတို့သည်၊ **သဗ္ဗသော** - ဘယ်အခါမဆို၊ **တိဏ္ဏာ**- ကူးခပ်ရန်ကိစ္စမှ၊ **နိဗ္ဗာယိ** - အငြိမ်းစား ရသွားကြလေပြီ။

**ဘော** - အိုသူတော်ကောင်း၊ **တွမ္ပိ** - သင်လည်းပဲ၊ **တထေဝ**-ရှေ့ရှေ့ ကသွား ထိုထို ကမ်းကူးသမားများနည်းတူ၊ **ယဏ္ဏာဝံ (ယံ အဏ္ဏာဝံ)** - ဤ ယိုစီးကြောင်းကြီး လေးကြောင်းကို၊ **ဘဝဘဝေန** - ဘဝအပေါ်ဘဝထပ် ဘဝချင်း အဆက်မပြတ်ဖြင့်၊ **တရ** - ကူးပါလေတော့။ ။

**မဟာဗောဓိမြိုင်ဆရာတော်**
၁၃၆၈- ခုနှစ်၊ ဝါဆိုလပြည့်နေ့။
အသက် ၆၅-နှစ်မြောက်မွေးနေ့။
အကျွတ်အလွတ်၊ ဗုဒ္ဓဝိဟာရ။
မဟာမြိုင်။